www.burmeseclasssic.com

မချစ်မိလို့
သေတဲ့လူဆိုတာ မရှိဘူး
ချစ်မိလို့
ရင်ကွဲရတဲ့ လူပဲရှိတယ်



Cover : Hen Sann

# မင်းလူ

အချစ်ဟု အဓိပ္ပါယ်သက်ရောက်ခြင်း မရှိစေရ

(အသစ်စက်စက်လုံးချင်းဝတ္ထု)



အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclasssic.com



'အစီရင်ခံခြင်း'

ဤဝတ္ထုအုပ်၏ ခေါင်းစဉ်သည် ကျွန်တော် ရေးသားခဲ့သော ဝတ္ထုတိုလေးတစ်ပုဒ်၏ အမည်ကို ပြန်လည် အသုံးပြုထားခြင်း ဖြစ်ပါသည်။ ဇာတ်လမ်းကတော့ လုံးဝမတူပါ။ သီးခြား အသစ် စတ်စက် ရေးသားထားခြင်း ဖြစ်ပါသည်။

ရှိသေလေးစားလျက်
မင်းလူ

www.burmeseclassic.com

www.burmeseclasssic.com



လွန်ခဲ့သော ဆယ့်ကိုးနှစ်ခန့်က ဖြစ်၏။

(ထိုကာလနှင့် ပတ်သက်၍ ဤစာကို ဖတ်နေသောအချိန်က စတင်ရေတွက်ရန် မဟုတ်ပါ။ အကယ်၍ ဤစာအုပ်ကို နောင်ဆယ့်ကိုးနှစ်ကျမှ ဖတ်မိလျှင် 'လွန်ခဲ့သော ဆယ့်ကိုးနှစ်' ဆိုသည်မှာ ယခု ဤစာကို ရေးနေချိန်သို့ ပြန်ရောက်နေပေလိမ့်မည်။ ထို့ကြောင့် ဤစာကို ရေးနေသောအချိန်မှစ၍ ရေတွက်သော် 'လွန်ခဲ့သော ဆယ့်ကိုးနှစ်ခန့်က' ဟု မှတ်ယူဖို့ လိုအပ်ပါသည်။)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclasssic.com



ရန်ကုန် ဗဟိုအမျိုးသမီးဆေးရုံကြီး သားဖွားဆောင်ရှေ့ ကွက်လပ်တွင် မီးဖွားမည့် လူနာများကို လာစောင့်နေသော သက်ဆိုင်ရာ မိသားစုများ ရှိနေသည်။ တချို့က အုပ်စုလိုက်၊ တချို့လည်း နှစ်ယောက် သုံးယောက်၊ တချို့ကျတော့ တစ်ယောက်တည်း ငေါင်စင်းစင်း။ ထိုင်တဲ့လူက ထိုင်၊ မိုးတိုးမတ်တပ် ရပ်တဲ့လူက ရပ်နေကြသည်။ တချို့ကတော့ ပက်လက်ကုလားထိုင် ငှားပြီး ထိုင်ကြသည်။

အမိုးရှိသော စင်္ကြံထောင့်ချိုး တနေရာမှာတော့ မိသားစုတစ်စု ယာယီ စခန်းချနေကြ၏။ ဖျာကြမ်းတွေ ခင်းပြီး လှဲသူလှဲ၊ ထိုင်သူထိုင်၊ စာဖတ်သူကဖတ်၊ စကားပြောသူကပြော၊ ကိုယ့်အိမ် ကိုယ့်ယာလို နေနေကြ၏။

နယ်က လာသူတွေ ဖြစ်ပုံရ၏။ တအိမ်လုံးများ ခေါ်ချလာသလား မသိ။ ကလေးသုံးယောက်လည်း ပါသေးသည်။ တစ်ယောက်က အိပ်နေပြီ။ နှစ်ယောက်က အနီးအနားမှာ ပြေးလွှား ဆော့ကစားနေ



သည်။ ခြင်းတောင်းတွေ၊ ချိုင့်တွေ၊ ရေပုလင်းတွေ၊ အိုးတွေ၊ ပန်းကန်တွေ ပါ တွေ့ရသဖြင့် ထမင်းဟင်းတွေတောင် ကိုယ့်ဘာသာ ချက်စားနေသလား ထင်ရ၏။

အပေါက်စောင့် ဝန်ထမ်းတစ်ဦးသည် ပိတ်ထားသော သံဇကာ တံခါးရှိရာသို့ ရောက်လာပြီး နာမည်တွေ ခေါ်လေ့ရှိသည်။

"အေးအေးချစ် အိမ်က ရှိလား"

လူတယောက်က 'ရှိတယ်'ဟု ပြောပြီး လျှောက်သွားသည်။

"ယောကျ်ားလေး မွေးတယ်"

"အော်. . . ဟုတ်လား"

ထိုသူက ခပ်အေးအေးပင် ရေရွတ်လိုက်၏။ တချို့လူတွေလို ဝမ်းသာအားရ ဖြစ်သွားတာမျိုး မရှိ။ သူနဲ့ မွေးတဲ့ကလေး မဟုတ်တဲ့ အတိုင်းပဲ။ သူ့ပုံစံမှာ နေ့စဉ် လုပ်နေကျ အလုပ်တစ်ခု ပြီးစီးသွားသလို သိပ်ထူးထူးခြားခြား ခံစားရပုံမပေါ်။ အိမ်မှာ ကလေးခုနစ်ယောက် ရှစ်ယောက်လောက် ရှိနှင့်ပြီးသား ဖြစ်နေသောကြောင့် ဒါမျိုး ရိုးနေတာ ဖြစ်နိုင်သည်။ ကားဆယ်စင်းလောက် ရှိတဲ့လူအဖို့ တစ်စင်းလောက် ထပ်တိုးလာတာ အရေးမပါသလိုလည်း ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် အကြွေး ဆယ်သိန်းလောက် တင်နေတဲ့လူအတွက် တစ်သောင်းလောက် ထပ်ပိုလာတာ မထောင်းတာသလိုလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။

"ခင်စောဦး အိမ်က ရှိလား"

နာရီဝက်လောက် အကြာမှာ ထပ်ခေါ်ပြန်သည်။ ဝိန်ညောင် ညောင် လူတစ်ယောက် ဝင်ပေါက် တံခါးနား လျှောက်သွားပြီး. . .

"မွေးပြီတဲ့လား"

"မမွေးသေးဘူး၊ လိုသေးတယ်၊ အဲဒါ ဗိုက်ဆာလို့တဲ့၊ ကော်ဖီနဲ့ မုန့်နဲ့ ပို့ပေးပါလို့ ပြောတယ်"

"အရေးထဲမှာ အစားအသောက်ကို သတိရနိုင်သေးတယ်၊ ဒီမှာ ဖြင့် တနေ့လုံး ဘာမှမစားရလို့ အူလိမ်နေပြီ"

လူတစ်ယောက်ကတော့ ငှားထားသော ပက်လက်ကုလားထိုင်

www.burmeseclasssic.com

www.burmeseclasssic.com



ပေါ်မှာ အိပ်ပျော်နေသည်။ နှစ်ရက်သုံးရက် ဆက်ပြီး စောင့်ခဲ့ရသော ကြောင့် ခြေကုန်လက်ပန်း ကျနေဟန်တူသည်။

"မနန်းကြင် အိမ်က ရှိလား"

ခေါ်သံ ကြားရသည်။ ထူးသူမရှိ။

"မနန်းကြင်၊ မနန်းကြင်၊ မရှိဘူးလား၊ ညနေတုန်းကတော့ လာ လာမေးနေပြီးတော့"

စောစောက ပိန်ညောင်ညောင်လူက ပက်လက်ကုလားထိုင်ပေါ် မှာ အိပ်ပျော်နေသူကို သွားလှုပ်နှိုးပြီး. . .

"ဟေ့လူ၊ ဟေ့လူ၊ ထ, ထ၊ ဟိုမှာ ခေါ်နေတယ်"

အိပ်နေသူမှာ ဟင်ဟယ် လုပ်ရင်း မျက်စိဖွင့်ကြည့်သည်။

"ဘာလဲ၊ ကုလားထိုင်ဖိုး လာကောက်တာလား၊ ပေးပြီးပြီလေ"

ဟု ကြောင်တောင်တောင် ပြောနေသေးသည်။

ပိန်ညောင်က. . .

"ခင်ဗျားမိန်းမ နာမည် ခေါ်နေတယ်၊ မနန်းကြင် မဟုတ်လား"

"ဟာ မဟုတ်ပါဘူး၊ မကုလားမပါ"

"ဟင်. . . စောစောက ပြောတော့. . . အင်း ဆောရီးဗျာ"

"နေပါအုံး. . . ခင်ဗျားပြောတာ ဘယ်သူ၊ ဟာ. . . ဟုတ်တယ်၊ ကျွန်တော်က အိမ်နာမည်ကိုပဲ စိတ်ထဲက စွဲနေလို့"

ဆိုပြီး ထပြေးသည်။ အပေါက်စောင့်က ပြန်လှည့်ထွက်သွားမလို့ တောင် ခြေလှမ်းပြင်နေပြီ။

"ကျွန်တော် ကျွန်တော် မနန်းကြင်"

ဟု မောကြီးပန်းကြီး ပြောတော့မှ အပေါက်စောင့်က. . .

"အကိုကြီးမိန်းမ မွေးပြီတဲ့"

"ဟုတ်လား၊ ဘာလေးလဲ"

"ယောကျ်ားလေးနဲ့ မိန်းကလေး"

"ဗျာ. . . ဘယ်လို"

"အမွှာမွေးတာလေ၊ အိုကိုက ပြောထားတယ် မဟုတ်လား"



"ပြောတော့ ပြောတယ် ထင်တာပဲ၊ ကျွန်တော်လဲ ထူပူနေလို့ သေသေချာချာ မကြားလိုက်ဘူး၊ မွေးရခက်နိုင်တယ် ဆိုတာပဲ သိလိုက် တယ်၊ ကျွန်တော်တို့က နယ်က လာတာဗျ၊ ရောက်ရောက်ချင်း ဆေးရုံ တန်းတင်လိုက်ရတာ၊ ဒါနဲ့ အမွှာမွေးတယ်ဆိုတာ တကယ်နော်"

- "တကယ်ပေါ့"

"ဟာ. . . ပွတာပဲ၊ အဲ. . . ဟုတ်. . . ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ဗျ၊ ကျွန်တော်တို့က နောက်ပဲ့မလား၊ ဒီလိုမင်္ဂလာ သတင်းဆိုရင် သိပ်ပြောချင်နေတာပါ. . . ဟဲဟဲ"

ပုံစံက သိပ်ဖော်ရွေလွန်းနေတာ အကြောင်းရှိသည်။ ဒါကို ဟို ပုဂ္ဂိုလ်ကလည်း ရိပ်မိသည်။ ထို့ကြောင့် ငါးကျပ်တန် တစ်ရွက် ထုတ်ပေး ပြီး. . .

"လက်ဖက်ရည် ဝယ်သောက်ဗျာ"

အပေါက်စောင့်က ရယ်ကြဲကြဲ လုပ်ပြီး. . .

"အမွှာပူး မွေးတာလေ အကိုကြီးရဲ့၊ ဒဘလယ်ချပ် ပေးသင့်တာ ပေါ့"

"ဟင်. . . ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ အဲဒါ ပြန်ပေး"

ငါးကျပ်တန် ပြန်ယူပြီး တစ်ဆယ်တန် ပေးလိုက်သည်။ အ ပေါက်စောင့်က ငွေစက္ကူ အဖျားပိုင်းကို နဖူးမှာ တေ့၍ အလေးပြုသလို လုပ်လိုက်ပြီးမှ ပြန်ထွက်သွားသည်။ အသစ်စက်စက် ကလေးတို့ အဖေ လည်း လူနာစောင့်နေသူတွေဘက် တချက် ဝေ့ကြည့်လိုက်ပြီး ရင်ဘတ်ကို ကော့၍. . .

"ဟားဟား၊ ရမယ့် ရတော့ နှစ်ယောက်တောင်၊ ကဲ. . . ငါ့မိန်းမ ကို မြူသလေးဘာလေး ပြောချင်တဲ့လူတွေ ဘယ့်နှယ် ရှိစ၊ ဟားဟား သန်းဌေးတဲ့ကွ၊ တဌေးထဲ ရှိတယ်"

ဟု လက်သီးလက်မောင်း တန်းပြီး ကြွေးကြော်လိုက်သည်။

◈ ◈ ◈

www.burmeseclasssic.com

www.burmeseclasssic.com



စကြိုလမ်း တစ်နေရာတွင် လူရွယ်နှစ်ယောက် ရပ်နေသည်။ တစ်ယောက်က စကြိုတိုင်ကို မှီထားသည်။ တစ်ယောက်က လက်ပတ်နာရီကို ကြည့်ပြီး. . .

"ကိုးနာရီတောင် ထိုးတော့မယ်၊ မမွေးသေးပါလားကွ"

"စိတ်မပူပါနဲ့ကွာ၊ မွေးတော့မှာပါ"

"မင်းက ဘယ်လိုလုပ် သိလဲ"

"ငါက အတွေ့အကြုံ ရှိပြီးသား ဆိုတာလဲ မမေ့နဲ့ဦးလေ"

"အေးကွာ၊ ဟုတ်သားပဲ"

"တကယ်တော့ မင်းအဘိုးကြီးက အကဲပိုတာပါကွာ၊ ဗိုက်သိပ်မနာသေးဘဲ သရိုးသရီ ဖြစ်ရုံလောက်နဲ့ ဆေးရုံခေါ်ချလာလို့ ကြာနေတာပါ၊ ဘာပြဿနာမှ မရှိပါဘူး"

ဆိုပြီး တစ်နေရာကို လှမ်းကြည့်သည်။

ကားရပ်ရန် နေရာမှာ ထိုးထားသော မာဇဒါ ဆီဒင်ကားလေးပေါ်မှ အသက်ငါးဆယ်ဝန်းကျင်ခန့် ရှိသော လူကြီးတစ်ယောက် ဆင်းလာသည်။ သူတို့ ရှိရာသို့ ခပ်သွက်သွက် လျှောက်လာပြီး. . .

"မမွေးသေးဘူးလားကွ"

ဟု စိတ်စောနေဟန်ဖြင့် မေးသည်။ လူရွယ်တစ်ယောက်က. . .

"ကျွန်တော်လဲ ဘယ်သိပါ့မလဲ ဖေဖေရ"

"ဟာ. . . မင်း မသိမှန်း ငါသိတာပေါ့ကွ၊ စကားအဖြစ် မေးတာကွ၊ တော်တော် အူကြောင်ကြောင်နိုင်တဲ့ကောင်၊ နေအုံး ငါ သွားစုံစမ်းလိုက်အုံးမယ်"

ဆိုပြီး သံဇကာ တံခါးပေါက်ဆီ လျှောက်သွားသည်။

"သူ သွားမေးလိုက်တာနဲ့ပဲ ဟိုက မွေးမှာ ကျနေတာပဲ"

ကျန်တစ်ယောက်က. . .

"မင်းတို့ သားအဖကလဲ"

ဟု ပြောပြီး ရယ်လိုက်သည်။

လူကြီးသည် ပိတ်ထားသော သံဇကာ တံခါးပေါက်ရှေ့မှ ရပ်



ရင်း အတွင်းဘက်ကို မျှော်ကြည့်သည်။ ထို့နောက် တစ်စုံတစ်ယောက်ကို လက်ယပ်ခေါ်လိုက်၏။ အပေါက်စောင့် ရောက်လာသည်။ လူကြီးက တစ်ခုခု ပြောရင်း သံဇကာကြားမှ ငွေစက္ကူ အခေါက်ကလေး ထိုးသွင်းပေးလိုက်သည်။ အပေါက်စောင့်က ခဏစောင့် ဆိုသော သဘော လက်ကာပြပြီး ပြေးထွက်သွားသည်။

မွေးလူနာ၏ ယောကျ်ားဖြစ်သူ လူရွယ်က အဖော်ဖြစ်သူကို ပြောသည်။

"ဟော့ကောင် မွေးပြီးသွားရင် စိတ်မချလို့ စောင့်နေခဲ့အုံးမယ် ဘာညာပြောပြီး အဘိုးကြီးကို ပထုတ်လိုက်မယ်၊ ပြီးရင် မင်းနဲ့ငါနဲ့ အောင်ပွဲခံတဲ့အနေနဲ့ နည်းနည်း ချရအောင်၊ ငါ ရမ်တစ်လုံး ယူလာတယ်"

"ငါ့သား မွေးတုန်းကလို ဖြစ်နေအုံးမယ်"

ထိုစဉ်ကလည်း ရမ်တစ်လုံး ပါလာခဲ့ဖူးသည်။ ဖွင့်သောက်လိုက်တဲ့အခါကျမှ ဘီအီးကို ဆေးဆိုးထားသော ရမ်အတု ဖြစ်နေကြောင်း သိရ၏။ ဒါကို ရည်ညွှန်းပြီး ပြောခြင်းဖြစ်၏။

"ငါ့ဟာကတော့ အစစ်ပါကွ၊ ကုန်သွယ်ရေးဆိုင်က ပါမစ်နဲ့ ထုတ်လာတာပါ"

"ဒါဆိုရင်တော့ သောက်ရချည်သေးရဲ့ပေါ့ကွာ"

အပေါက်စောင့် ပြန်ပြေးလာသည်။ လူကြီးကို တစ်စုံတစ်ခု ပြောနေသည်။ လူကြီးက ခေါင်းတညိတ်ညိတ် လုပ်ရင်း နားထောင်နေ၏။

"ဘာထူးခြားလို့လဲ မသိဘူး၊ သွားမေးရအောင်"

ဆိုပြီး လူကြီးဆီသို့ လျှောက်သွားကြသည်။

"ဘာတဲ့လဲ ဖေဖေ၊ ဘာဖြစ်လို့လဲ"

"မွေးခန်းထဲ ရောက်နေပြီတဲ့၊ မကြာခင် မွေးတော့မှာ"

လူရွယ်နှစ်ယောက်က တံခါးပေါက်နားမှာပင် ရပ်စောင့်နေသည်။ လူကြီးက စင်္ကြံမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ နာရီ

www.burmeseclasssic.com

www.burmeseclasssic.com



ဝက်လောက် အကြာမှာ အပေါက်စောင့် ပြေးလာပြန်သည်၊

"အန်ကယ်ကြီး၊ အန်ကယ်ကြီး မွေးပြီတဲ့ခင်ဗျ"

လူကြီးက သိချင်ဇောနှင့် မေးလိုက်၏။

"ဘာလေးလဲ"

"မိန်းကလေးတဲ့"

"ဘာ. . . မိန်းကလေး၊ ဟာ. . . အောင်ပြီကွ၊ အောင်ပြီ"

ဟု ဝမ်းသာအားရ အော်လိုက်၏။

ကလေးမွေးတာကို 'အောင်ပြီ'လို့ အော်တာမျိုး တစ်ခါမှ မကြားဖူးသဖြင့် အပေါက်စောင့်မှာ ကြောင်တောင်တောင် ဖြစ်သွားသေးသည်။ ယကြာချေတာ ထင်တယ် ဟူ၍လည်း တွေးလိုက်မိ၏။ ဘာပဲဖြစ်ဖြစ် လူကြီးအကြိုက် လိုက်ပြောပေးမှ သူ့အတွက် အကျိုးရှိမယ်မှန်း (အတွေ့အကြုံအရ) သိပြီး ဖြစ်သဖြင့်. . .

"ဟုတ်ကဲ့၊ အခုလို အသက်ကြီးမှ ရင်သွေးလေး ရတဲ့အတွက် ဂုဏ်ယူပါတယ်ခင်ဗျ"

လူကြီးမှာ ဆတ်ကနဲ ဖြစ်သွားပြီး. . .

"ဘာကွ၊ ငါ မဟုတ်ဘူး၊ ကလေးအဖေက ဒီမှာ"

လူရွှယ်ဘက် လက်ညှိုးညွှန်ပြပြီးမှ ကြောင်ငေးငေး ဖြစ်နေသော လူရွယ်၏လက်မောင်းကို ခပ်ဆဆလေး 'ဖြန်းကနဲ' ရိုက်လိုက်ပြီး. . .

"ဟေ့ကောင် ဘာကြောင်နေတာလဲ၊ မင်း ဝမ်းသာရမှာလေကွာ"

လူကြီးက ပိုကဲနေခဲ့သဖြင့် လူရွှယ်မှာ ခုမှ သတိဝင်လာပြီး. . .

"ဟား. . . ဟုတ်တယ်၊ ဝမ်းသာတာပေါ့၊ ဟေ့ကောင်၊ မင်းကော" ဟု ဘေးက လူရွှယ်ကို မေးသဖြင့်. . .

"ကွန်ဂရက် ကျူလေးရှင်း"

ဟု ဝမ်းသာစကား လိုက်ပြောသည်။

လူကြီးက. . .

"ကဲ မင်းလဲ ကလေးအဖေ အသစ်စက်စက် ဖြစ်ပြီ၊ ငါလဲ အဘိုးအသစ်စက်စက် ဖြစ်ပြီ၊ အဲဒီ အထိမ်းအမှတ်အဖြစ်နဲ့ တစ်ခွက်လောက်တော့ ချမှဖြစ်မယ်၊ ဟေ့ကောင်၊ မင်း ယူလာတဲ့ ပုလင်းရော"

"ဗျာ. . . ဘာပုလင်းလဲ"

"ရမ်ပုလင်းလေကွာ"

"ဟင်. . . ဖေဖေ ဘယ်လိုလုပ် သိလဲ"

"ငါက အဖေပါကွ၊ မင်းလောက်မှ မလျှင်ရင် မင်းအဖေ မလုပ်ဘူး၊ ဘယ်မလဲ ရမ်ပုလင်း"

"ကားထိုင်ခုံ အောက်ထဲမှာ"

"သွားယူကွာ၊ အဲ. . . နေအုံး၊ ရေမရှိ အမြည်းမရှိနဲ့ ဆိုတော့ မကောင်းဘူး၊ ဆိုင်တစ်ဆိုင်ဆိုင် ဝင်ထိုင်မှ ဖြစ်မယ်၊ ဒီဝင်းထဲက စားသောက်ဆိုင်ကတော့ သောက်ခွင့်ပေးမှာ မဟုတ်ဘူး၊ အပြင်က ဆိုင်မှာ သွားထိုင်မယ်"

ကားထဲက ရမ်ပုလင်း ဝင်ယူပြီး အပြင်တန်းက ထမင်းဆိုင်တစ်ဆိုင်မှာ သွားထိုင်သည်။ လူကြီးက ရမ်ပုလင်းကို လှုပ်လိုက်ပြီး ဖြစ်ပေါ်လာသော အမြှုပ်ကလေးတွေ ငြိမ်သွားတဲ့အထိ စောင့်ကြည့်လိုက်ပြီးနောက်. . .

"ရမ်အစစ်ပဲကွ၊ ဘယ်က ရလာသလဲ"

"စားဖော့်ဆိုင်က ထုတ်လာတာ"

"ဒါကြောင့်ကိုး၊ ရမ်အတုတွေက သိပ်ပေါတယ်ကွ"

ဟု ပြောပြီး ပုလင်းကို ဖွင့်သည်။ နှစ်ပက်နီးပါး ထည့်ပြီး ရေအမြည့် ရောသည်၊ ကြက်ဥမွှေကြော်တစ်ဇွန်း အရင်စားသည်၊ ဖန်ခွက်တဝက်စာလောက် ကျိုက်ချသည်၊ ကြက်ဥမွှေကြော်တစ်ဇွန်း ထပ်စားသည်၊ ပြီးတော့ ဖန်ခွက်ထဲက လက်ကျန်ကို ရှင်းသည်၊ ကြက်ကြော်တစ်တုံး ယူဝါးလိုက်ပြီးနောက်. . .

"ကဲ. . . မင်းတို့ ဆက်ချလိုက်တော့၊ ငါ မင်းတို့အမေဆီ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်အုံးမယ်"

ထရပ်လိုက်ပြီးမှ. . .



www.burmeseclasssic.com

www.burmeseclasssic.com



"ဟော့ကောင်တွေ သိပ်မလွန်စေနဲ့နော်၊ နှစ်ပက်သုံးပက်ထက် ပိုမသောက်နဲ့"

ဟု သတိပေးပြီး ထွက်သွားသည်။

နှစ်ယောက်ထဲ ကျန်ခဲ့တော့မှ . . .

"ဟော့ကောင် မင်းအဘိုးကြီးက မင်းထက်တောင် ပိုပြီး ဝမ်းသာနေသလိုပဲ၊ အရမ်းတက်ကြွနေတယ်၊ ထူးထူးခြားခြား ငါတို့နဲ့တောင် တူတူ ထိုင်သောက်သွားသေးတယ်"

"မြေးဦးကိုးကွ"

"မင်းအတွက်ကလဲ သမီးဦးပါပဲ၊ ဘာလဲကွ၊ မိန်းကလေး မွေးလို့ သိပ်မပျော်တာလား"

"မဟုတ်ပါဘူးကွာ၊ မိန်းကလေး မွေးတဲ့အတွက် ငါကတောင် မိန်းမကို ကျေးဇူးတင်ရအုံးမယ်"

"ဘယ်လိုကွ"

"တကယ်လို့ ယောကျာ်းလေး မွေးလာရင် မင်းနဲ့ငါနဲ့ အတွေ့ပဲလို့ အဘိုးကြီးက ငါ့ကို ကြိမ်းထားတယ်ကွ"

"ဟင် . . . ဘာဆိုင်လို့လဲ၊ ယောကျာ်းလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် သူမွေးချင်တာ မွေးမှာပေါ့၊ မင်းက ဘာတတ်နိုင်မှာမို့လို့လဲ"

"အေးကွာ ဘယ်လိုကြီးမှန်းလဲ မသိပါဘူး"

◈ ◈ ◈

လူကြီးသည် ဆေးရုံဝင်းထဲသို့ ပြန်ဝင်လာခဲ့သည်။ 'အေဆောင်' ဝင်ပေါက်နားက အများသုံး တယ်လီဖုန်း ရှိရာသို့ သွားသည်။ အိတ်ထဲက ကျပ်ပြားတစ်ပြား ထုတ်ပြီး တယ်လီဖုန်းရှိ အပေါက်ထဲ ထည့်လိုက်သည်။ ဖုန်းခွက်ထဲက အသံရှည် မြည်လာသည်။ နံပါတ်တွေ လှည့်သည်။ တယ်



လီဖုန်းလိုင်း မအားကြောင်း အချက်ပေးသံ 'တတူတူ' ကြားရသည်။

ဖုန်းပုခက်ထဲက ဘုလေးကို နှိပ်လိုက်သည်။ အမှန်အားဖြင့် ဖုန်းဆက်သွယ်လို့ မရလျှင် ထည့်ထားသော ကျပ်ပြားက ပြန်အန်ထွက်လာရမည်။ ခုတော့ တုတ်တုတ်မျှ မလှုပ်။ တယ်လီဖုန်း ကိုယ်ထည်ကို လေးငါးချက် ပုတ်လိုက်၏။ ဘာမှ မထူးခြား။ တစ်ကျပ်တော့ မြည်သူပိုင် သိမ်းခံလိုက်ရပြီ။ အများသုံး ဖုန်းတွေက ဒီအတိုင်းပဲ၊ မကြာခဏ ဆိုသလို ပိုက်ဆံတွေ ဝါးမြိုပစ်တတ်သည်။ တခါတလေ ကျတော့လည်း ဆက်သွယ်လို့ ရပါလျက် ထည့်ထားတဲ့ပိုက်ဆံ ပြန်ထွက်ချင် ထွက်လာတတ်သည်။

အိတ်ထဲက ကျပ်ပြားတစ်ပြား ထပ်ထုတ်ရသည်။ ကျပ်ပြားစေ့က ဒီတစ်ပြားပဲ ကျန်တော့သည်။ တစ်ကြိမ်ပဲ ဆက်လို့ရတော့မည်။ တနေရာကိုပဲ ဆက်လို့ရတော့မည်။ ငါးဂဏန်းကို အရင်လှည့်သည်။ ထို့နောက် တစ်ဂဏန်းကွက်ထဲ လက်ညှိုးကို ထည့်ပြီးမှ စိတ်ပြောင်းသွားဟန်ဖြင့် လက်ပြန်ရုပ်သည်။ ငါးဂဏန်းကိုပဲ တစ်ကြိမ်လှည့်သည်။ ပြီးတော့ ဂဏန်းတွေ ဆက်လှည့်သည်။

ဒီတခါတော့ ဖုန်းလိုင်းဝင်သွား၏။ ခဏပဲ ကြာသည်။ တစ်ဖက်က ဖုန်းကိုင်သည်။

"ဟဲလို ဘယ်သူများပါတုန်း"

ဒီလို ထူးကတည်းက သူပဲ ဆိုတာ သိလိုက်ပြီ။ တခြားစကားလုံးနဲ့ ထူးရင်တောင် အသံကို မှတ်မိနိုင်ပါသည်။

"လှလား"

"ရှင်"

"အော် . . . ဒေါ်လှလှလား"

"ဟုတ်ပါတယ်"

"ကိုယ်ပါ"

"ဘယ်က ကိုယ်လဲ"

"အသံကိုတောင် မမှတ်မိတော့ဘူးလား၊ စိန်မောင်းပါ"

"အော် . . . အင်း . . . ဖုန်းလိုင်းက သိပ်မကြည်တော့ . ."

www.burmeseclasssic.com

www.burmeseclasssic.com



"ဒီမှာ လူ၊ ကိုယ်တို့ အကြံအစည် အောင်မြင်တော့မယ်၊ သိလား"

"ဘာဖြစ်လို့လဲ ပြောပါအုံး"

"ရင်ရင် မွေးပြီလေ၊ မိန်းကလေးတဲ့"

"ဟုတ်လား"

"ဝမ်းမသာဘူးလားဟင်"

တဘက်မှ ပြန်မပြောဘဲ တုံ့ဆိုင်းနေသဖြင့်. . .

"ဝမ်းသာတယ် မဟုတ်လား"

ဟု ထပ်မေးတော့မှ. . .

"အင်း. . . ကောင်းပါတယ်"

အသံက အားတက်သရော မရှိလှဟန် ဆောင်ထားသည်။ သို့ရာတွင် စိတ်လှုပ်ရှားနေကြောင်းကိုတော့ ရိပ်မိလိုက်သည်။ ဖုန်းကို ကိုယ်တိုင် ချက်ချင်း လာကိုင်တာကို ကြည့်ခြင်းအားဖြင့် ဒေါ်လှလှသည်လည်း ဒီသတင်းကို မျှော်လင့်စောင့်စားနေကြောင်း သိသာ၏။ တယ်လီဖုန်းနားမှာ တချိန်လုံး ထိုင်စောင့်နေခဲ့မယ် ဆိုတာလည်း ခန့်မှန်းကြည့်လို့ ရနိုင်သည်။

တကယ်တော့ ဒေါ်လှလှ ဆိုသူမှာ ဦးစိန်မောင်း၏ဇနီး မဟုတ်ချေ။

. . . [illegible] . . .



(တစ်ဖက်စာမျက်နှာမှ နောက်ထပ် ဆယ့်ကိုးနှစ် ကြာသောအခါ)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclasssic.com



"ကျွန်တော်ကတော့ သူ့ကို အမေအဖြစ် မသတ်မှတ်နိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် အမေနေရာ ရောက်နေပြီပဲ"

"ကျွန်တော့် အမေအရင်းမှ မဟုတ်တာ"

"သူက မင်းကို သားတစ်ယောက်လို သဘောထားရှာပါတယ်၊ မင်းကို ကောင်းကောင်းမွန်မွန် ကြင်ကြင်နာနာ ဆက်ဆံတာပဲ မဟုတ်လား"

"ဒါကလဲ ကုမ္ပဏီ သူ့လက်ထဲ မရောက်သေးလို့ ဟန်ဆောင်ပြီး ကောင်းပြနေတာပါ"

"မင်း သံသယတွေ သိပ်များနေပြီ"

"ကျွန်တော် မေးတဲ့မေးခွန်းကို ဖေဖေ မဖြေရသေးဘူးနော်"

"ဘာလဲ"

"ကျွန်တော့်မေမေ ဘယ်မှာလဲ"

"မင်းကို ခဏခဏ ပြောပြီးပြီပဲ သားရယ်"

"ဘာလဲ ကျွန်တော် လူမှန်းသူမှန်း မသိခင်ကတည်းက ဆုံးသွားပြီ ဒါပဲလား"

"မင်းက မယုံဘူးလား"

"ငယ်ငယ်ကတော့ ယုံတာပေါ့၊ ခုတော့ သံသယ ဖြစ်စရာ အချက်အလက်တွေက တဖြည်းဖြည်း များများလာပြီလေ"

"ခက်ပါလားကွာ"

"ကျွန်တော့်ကို အမှန်အတိုင်း ပြောပြလိုက်ပါတော့ ဖေဖေ"

အဖေလုပ်သူက သက်ပြင်းချလိုက်သည်။ ထို့နောက် အဝေး တစ်နေရာကို ငေးကြည့်သကဲ့သို့ တွေတွေကြီး ငိုင်နေသည်။

ထိုစဉ်မှာပင် တယ်လီဖုန်းသံ မြည်လာသည်။

ရုပ်မြင်သံကြား ကြည့်နေသူတွေ တစ်ယောက်မှ မထကြ။ ဖုန်းက နောက်တစ်ကြိမ် မြည်လာပြန်၏။

"ဟဲ့. . . အပုလေး သွားကိုင်လိုက်လေ"

ဟု ဘွားဘွားက ပြောသည်။ ရုပ်မြင်သံကြားက ဇာတ်လမ်းတွဲ



လာတုန်းဆိုလျှင် ဖုန်းကိုင်ဖို့ သူပဲ မဲကျလေ့ ရှိကြောင်း သိပြီးသား ဖြစ်သော်လည်း ဒီမှာက အရေးကြီးတဲ့အခန်း ရောက်နေသဖြင့် တတ်နိုင် သလောက် ပေကပ်ပြီး အချိန်ဆွဲကြည့်ခြင်း ဖြစ်၏။ ဘွားဘွားက ပြောမှ တယ်လီဖုန်းဆီ ထပြေးသည်။

ရုပ်မြင်သံကြားပေါ်မှ အဘိုးကြီးကလည်း ပြောမယ့်တာကို မပြောသေးဘဲ စီးကရက်ကို မီးညှိပြီး ဖွာရှိုက်နေပြန်သည်။

အိမ်ဖော် မိန်းကလေးက. . .

"မမမေတဲ့၊ ဖုန်းလာနေတယ်"

ဟု ခေါ်ရင်း ရုပ်မြင်သံကြားရှေ့ ပြန်လာထိုင်သည်။

"အရေးထဲမှာ"

ရေရွတ်ရင်း မေလ တယ်လီဖုန်းဆီ သွားပြီး နားထောင်သည်။

"ဟဲလို. . ."

"မေလလား၊ ငါပါဟ ဖိုးတန်ပါ"

"ဘာ ငဖိုး၊ နင် သက်သက် ယုတ်မာတာ မဟုတ်လား"

"ဘာလဲဟ၊ ဘာယုတ်မာရမှာလဲ"

"ကိုးရီးယားကားက ကောင်းခန်း ရောက်နေမှန်း သိလို့ တမင် ဖုန်းဆက်ပြီး နှောင့်ယှက်တာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ ငါက"

"အေး သိမယ်၊ ညကျလို့ ဘောလုံးပွဲ လာနေတဲ့အချိန်ကျမှ နင့်ဆီ ဖုန်းဆက်ပြီး လက်စားပြန်ချေမယ်"

"အမယ် ညကျရင် နင်လဲ တီဗီရှေ့က ခွာနိုင်မှာ မဟုတ်ပါဘူး၊ ဒီည လစ်ဗာပူးပွဲလေ၊ နင့်ကောင် ဂျရတ် ပါမှာ မဟုတ်လား"

"ကဲ. . . တော်ပြီ၊ ကိစ္စရှိရင် သတင်းလာတဲ့အချိန်ကျမှပဲ ပြန် ဆက်တော့၊ ငါ ဖုန်းချလိုက်တော့မယ်"

"နေပါအုံးဟ၊ ငါက အရေးကြီးတဲ့စကား ပြော. . ."

ဖိုးတန်၏ စကားမဆုံးခင် မေလက ဖုန်းချလိုက်သည်။

ရုပ်မြင်သံကြားရှေ့ ပြန်ရောက်တော့ ကြော်ငြာတွေက ဝင်နေ

www.burmeseclassic.com

www.burmeseclasssic.com



ပြီ။

"ဘာဖြစ်သွားလဲဟင်၊ သူ့အမေအရင်း မသေသေးဘူး ဆိုတာ ပြောပြလိုက်ပြီလား"

ဟု အမေဖြစ်သူကို မေးလိုက်သည်။ ဒေါ်ရင်ရင်က. . .

"မပြောရသေးဘူး၊ ဖွင့်ပြောကာနီးကျမှ မိထွေး လုပ်တဲ့လူ ရောက်လာလို့ မပြောလိုက်ရဘူး"

"ကိုရီးယားကားတွေဟာ အဲဒီအတိုင်းပဲ၊ တိုက်ဆိုင်ချင်ပြီဆိုရင်လဲ အချိန်ကိုက် ရောက်လာရော၊ လွဲချင်ပြီဆိုတော့လဲ သူတို့ပဲ၊ တံခါးအပြင်က ချောင်းနားထောင်တာလဲ ဝါသနာပါပုံ ရတယ်"

"ခုချိန် ဖွင့်ပြောလိုက်ရင် ဇာတ်လမ်းက ရှေ့ဆက်လို့ ဘယ်ရတော့မလဲ သမီးရဲ့"

"ဒါနဲ့ စောစောက ဖုန်းဆက်တာ ဘယ်သူလဲ"

ဟု ဘွားဘွားက မေးသဖြင့်. . .

"ငဖိုးပါ၊ ငဖိုး ဆက်တာ"

"ဘာတဲ့လဲဟဲ့"

"အလကားပါ၊ ဒီမှာ ကောင်းခန်းရောက်နေလို့ တမင် နှောင့်ယှက်တာ"

အမေက ရယ်လိုက်ပြီး. . .

"မောင်ဖိုးကတော့ လုပ်ရော့မယ်"

ဘွားဘွားက. . .

"အေးဟဲ့၊ မောင်ဖိုး တစ်ယောက်လဲ မလာတာ ကြာပြီ"

"ဟိုတစ်ပတ်ကပဲ လာသေးတယ်လေ၊ ဘွားဘွားကလဲ ဒီငပေါကိုများ သတိရနေသလား"

"မောင်ဖိုး လာရင် အပျင်းပြေတယ်ကွယ့်"

◈ ◈ ◈



ရှစ်နာရီခွဲကာနီးထိ ဖိုးတန်က ဖုန်းပြန်မဆက်သေး။ စောစောက ဖုန်းဆက်တုန်းက အရေးကြီးတဲ့ စကားဆိုတာ တစွန်းတစ ကြားလိုက်ရသည်။ ဘာကိစ္စလဲ၊ ပိုက်ဆံချေးမလို့လား။ အခက်အခဲ တစ်ခုခု များ ဖြစ်နေသလား။ ဒါမှမဟုတ်. . .

ဖုန်းပြန်ဆက်ကြည့်ရ ကောင်းမလား စဉ်းစားသည်။ မဖြစ်သေး။ တော်ကြာ. . .

"ငါ့အသံကို မကြားရရင် မနေနိုင်လို့ ဖုန်းပြန်ဆက်တာ မဟုတ်လား"

ဆိုပြီး ကျောချင် ကျောနေလိမ့်မည်။ ဒီကောင်က ယုံရတာ မဟုတ်။ ဟိုတခါတုန်းကလည်း သူ မရှိတုန်း ဖုန်းဆက်ပြီး 'သိပ်အရေးကြီးလို့ ရောက်ရောက်ချင်း ပြန်ဆက်ပါ' ဟု မှာထားသည်။ ဘာများပါလိမ့် ဆိုပြီး ချက်ချင်း ဖုန်းပြန်ဆက်တော့မှ. . .

"ငါ ဝမ်းချုပ်နေလို့ပါဟာ၊ အဲဒါ ဘာဝမ်းနှုတ်ဆေး စားရင်ကောင်းမလဲ မေးချင်လို့ပါ"

ဟု ဆိုသည်။ ခုလည်း ဒါမျိုး အကြောင်းရိုက်ချင်လို့ ဖြစ်ချင်ဖြစ်မည်။ ဒီတော့ အသာလေး ဒီအတိုင်း နေလိုက်တာ ကောင်းမည်။ တကယ် ကိစ္စရှိတယ်ဆိုရင် ထပ်ဆက်မှာပေါ့။

တကယ် ကိစ္စရှိဟန် တူသည်။ ဖုန်းထပ်ဆက်သည်။ ဖုန်းခေါ်သံမြည်လာတော့ အပုလေးကို သွားကိုင်ခိုင်းဖို့ စဉ်းစားသေးသည်။ အပုလေးက နောက်ဖေးမှာ ပန်းကန်တွေ ဆေးနေပြီ။ ထို့ကြောင့် ကိုယ်တိုင်ပဲ ကိုင်လိုက်ရသည်။

"ဟဲလို"

"ငါ ထင်သားပဲ"

ဆိုသော ဖိုးတန်၏အသံကို ကြားရသည်။

"ဘာထင်တာလဲ"

"ငါ ဖုန်းပြန်ဆက်မှာကို နင်မျှော်နေတာ မဟုတ်လား၊ ဒါကြောင့် ဖုန်းနားမှာ ထိုင်စောင့်နေတာလေ"

www.burmeseclassic.com

www.burmeseclasssic.com



"တော်စမ်းပါ၊ ဖုန်းကိုင်မယ့်လူက ငါတစ်ယောက်ထဲ ရှိလို့"

"နင် ငါ့ကို တော်တော် အလေးထားတာပဲနော်၊ ခုလို သံယောဇဉ် ကြီးတဲ့အတွက် ငါ ဂုဏ်ယူပါတယ်ဟာ"

"လုပ်မနေနဲ့ ကိစ္စရှိရင် ပြော၊ အဲ. . . ငါ့မှာ ပိုက်ဆံတော့ သိပ်မရှိဘူးနော်၊ ဒီလထဲမှာ သူငယ်ချင်း မွေးနေ့နှစ်ခု ဆက်သွားလို့ လက်ဆောင်တွေ ဝယ်ပေးလိုက်ရတာ တော်တော် ထိသွားတယ်"

"ပိုက်ဆံချေးမလို့ မဟုတ်ပါဘူး၊ အဲဒါထက် အဆပေါင်းများစွာ အရေးကြီးတဲ့ကိစ္စ ပြောမလို့ပါ"

"ပိုက်ဆံချေးဖို့ထက် ပိုအရေးကြီးတယ်ဆိုတော့ တော်တော် ကြီးကျယ်တဲ့ ကိစ္စပေါ့နော်"

"ဟုတ်တယ်၊ ဘဝနဲ့ ချီပြီး ကြီးကျယ်တယ်"

"စကားလုံးကတော့ တော်တော် ထွားတာပဲ၊ ပါးစပ်နဲ့ကော ဆန့်ရဲ့လား၊ အော်ပရေးရှင်း လုပ်ပြီး ခွဲထုတ်ရမယ် ထင်တယ်"

"မနောက်ပါနဲ့ဟာ၊ ငါ တကယ် အတည်ပြောမလို့ပါ"

ဖိုးတန်ရဲ့ လေသံက ထူးထူးခြားခြား တည်ငြိမ်နေသည်။ ထို့ကြောင့်. . .

"ကဲ. . . ကဲ. . . ပြောစမ်းပါဦး"

ဟု မေလက ထောက်ပေးလိုက်သည်။ ဖိုးတန်က. . .

"နင်နဲ့ငါနဲ့ဟာ ငယ်ငယ်ကတည်းကနေ ခုလိုပဲ ကြီးပြင်းလာခဲ့ကြတယ်နော်"

"အေးလေ အဲဒါ အားလုံး သိပြီးသားပဲ၊ ဘာဆန်းလို့လဲ"

"ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်လဲ မောင်နှမအရင်းထက်တောင် ပိုပြီး သံယောဇဉ် ရှိခဲ့ကြတယ်ဆိုတာ ပြောနေဖို့တောင် မလိုဘူး"

ခါတိုင်းဆိုလျှင် 'ပြောစရာ မလိုရင် မပြောနဲ့ပေါ့ဟ' ဟု ဆိုမိလိမ့်မည်။ ခုတော့ ဒီကောင်က အတည်ကြီး ပြောနေသဖြင့်. . .

"အေးပါဟာ၊ ဒါနဲ့ နေစမ်းပါအုံး၊ နင်က အဲဒါတွေကို ခုမှ ဘာဖြစ်လို့ အထူးအဆန်း လုပ်ပြီး ပြောနေရတာလဲ"





"ထူးဆန်းတယ်ဟ၊ အရင်ကတော့ ငါလဲ အမှတ်တမဲ့ နေခဲ့တာပဲ၊ နောက်ပိုင်းကျမှ ငါလဲ တွေးမိလာတာ၊ နင် စဉ်းစားကြည့်စမ်း၊ နင်နဲ့ငါနဲ့ဟာ သွေးမတော် သားမစပ်ဘဲနဲ့ ဘာကြောင့် ဒီလောက်တောင် သံယောဇဉ် ကြီးရတာလဲ၊ အဲဒါ မထူးဆန်းဘူးလား"

"ငါတော့ တခါမှ အဲဒီလို မတွေးမိပါဘူး"

"ငါကတော့ တွေးမိနေတယ်၊ ငါတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ပုံမှန်မှ ဟုတ်ရဲ့လားလို့"

"ပုံမှန်မဟုတ်ဘူး ဟုတ်လား၊ ငါမရှင်းဘူး"

"ဒီလိုဟာ. . . ငါတို့နှစ်ယောက်ဟာ သူငယ်ချင်းလို မောင်နှမလို သံယောဇဉ်မျိုးထက် ပိုနေပြီလားလို့ သံသယ ဝင်လာတယ်"

မေလ ထိတ်ကနဲ ဖြစ်သွား၏။ တစုံတခုကို စိုးရိမ်လိုက်မိသလို ခံစားရသည်။ ရုတ်တရက်မို့ တိတိကျကျ မဝေခွဲနိုင်။ ဖိုးတန်က ဆက်ပြောသည်။

"အဲဒီကိစ္စကို အထပ်ထပ်အခါခါ စဉ်းစားနေတာ တစ်ပတ်လောက် ရှိပြီ၊ ဒီနေ့မှ အဖြေရလို့ နင့်ကို ပြောပြမလို့"

မေလ တစ်ခုခု ပြန်ပြောမလားလို့ စောင့်နေဟန် တူသည်။ စကားမပြန်တော့မှ ဖိုးတန်က. . .

"မေလ"

"ဘာလဲ"

"နားထောင်နေလား"

"အေးပါ"

"နင် စိတ်မဆိုးရဘူးနော်၊ အေးလေ ဆိုးချင်ရင်လဲ ဆိုးပေါ့၊ ငါကတော့ ပြောရတော့မှာပဲ၊ မြိုသိပ်မထားနိုင်တော့ဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ စဉ်းစားလို့ရတဲ့ အဖြေကတော့ နင့်ကို ငါ. . . နင့်ကို ငါ လွှဲဝချစ်နိုင်မှာ မဟုတ်ဘူး ဆိုတာပါပဲ"

မေလသည် ခဏမျှ ကြောင်သွားသည်။ ပြီးမှ လှိုက်ဘိုသော အသံမျိုး တမင်လုပ်၍. . .



www.burmeseclassic.com

www.burmeseclasssic.com



"အေးဟာ၊ ငါကလဲ အဲဒီစကားကိုပဲ မျှော်လင့် စောင့်စားနေခဲ့တာပါပဲ၊ ခုလို သိရတာ သိပ်ဝမ်းသာပါတယ်ဟာ"

"နှင် သဘောပေါက်ရင် ပြီးတာပါပဲ၊ ဒါပဲနော်"

ဖိုးတန်က ဖုန်းချသွားသည်။ မေလသည် ဖုန်းကို ခဏ ဆက်ကိုင်ထားရင်း 'ငပေါ' ဟု ခပ်တိုးတိုး ရေရွတ်လိုက်၏။

မေလ ဖုန်းပြောနေသော နေရာ၏ မလှမ်းမကမ်းတွင် အဘိုးဖြစ်သူ ဦးစိန်မောင်းသည် ပက်လက် ကုလားထိုင်ပေါ် ထိုင်ရင်း ရေဒီယို နားထောင်နေသည်။ မေလ ဖုန်းလာကိုင်သောအချိန်မှာ ရေဒီယိုကို အသံတိုးလိုက်၏။ ဖုန်းပြောမှာကို အနှောင့်အယှက် ဖြစ်မှာစိုးလို့တော့ မဟုတ်၊ တစေ့တစောင်း နားစွင့်ချင်သောကြောင့်သာ ဖြစ်၏။ မေလက 'အဲဒီစကားကိုပဲ မျှော်လင့် စောင့်စားနေခဲ့တာပါ' ဟု ပြောလိုက်သံကို ကြားသောအခါ ဦးစိန်မောင်း မျက်ခုံးကို ပင့်လိုက်၏။ 'သိပ်ဝမ်းသာပါတယ်ဟာ' ဟု ကြားလိုက်ရသောအခါမှာတော့ သူ့မျက်နှာသည် ပြုံးယောင် သမ်းလာလေသည်။

... [illegible] ...



သူတို့ မိသားစုနှစ်ခု၏ ဇာတ်လမ်းသည် ဝတ္ထုဆန်လှသည်။ (တကယ်လည်း ဝတ္ထုပဲကိုး၊ ရင်းတို့၏ နောက်ခံ အကြောင်းအရာများကို ပြောပြရာတွင် အသေးစိတ် ရေးသားပါက ပျင်းရိငြီးငွေ့ဖွယ် ဖြစ်မည်စိုးသဖြင့် တတ်နိုင်သမျှ အကျဉ်းချုပ် ဖော်ပြပါအံ့။)

◈ ◈ ◈

www.burmeseclassic.com

www.burmeseclasssic.com



မိဘက်က အဘိုးဖြစ်သူ ဦးစိန်မောင်းနှင့် ဟိုဘက်က အဘွား ဖြစ်သူ ဒေါ်လှလှတို့သည် ငယ်ရည်းစားများ ဖြစ်ကြ၏။

ဦးစိန်မောင်း၏ မိဘများသည် ငွေကြေး အတော်အသင့် ရှိသော်လည်း ဆွေကြီးမျိုးကြီးထဲကတော့ မဟုတ်။ တောမြို့လေး တစ်မြို့မှ ဆန်စပါး ကုန်သည်မျှသာ ဖြစ်၏။

(ဤအပိုင်းတွင် အသက်အရွယ်နှင့် လိုက်ဖက်အောင် ဦးစိန်မောင်းနှင့် ဒေါ်လှလှတို့၏ အမည်များကို 'ဦး' 'ဒေါ်' မပါဘဲ စိန်မောင်းနှင့် လှလှ ဟူ၍သာ သုံးနှုန်းသွားပါရစေ။ လူကြီးတွေကို မရိုသေ မလေးစားလို့ မဟုတ်ပါ။)

စိန်မောင်းက စာတော်သည်။ တစ်ဦးတည်းသောသားလည်း ဖြစ်သဖြင့် မိဘတွေက တက္ကသိုလ် ပို့ခဲ့သည်။ ဒီမှာတွင်ပဲ ပျော်ပျော်ပါးပါး နေတတ်သော စိန်မောင်းအဖို့ အကြိုက်တွေ့သွားလေတော့သည်။

တက္ကသိုလ်မှာ ရန်ကုန်သားတွေ အပါအဝင် နယ်ပေါင်းစုံက သူငယ်ချင်းတွေနှင့် တွဲမိသည်။ 'မ,ကီစွ' နှင့် 'မူးယစ်ဆေး'က လွဲလျှင် မျိုးစုံအောင် ပျော်ကြသည်။ စာမေးပွဲတွေလည်း ကျကြသည်။ စိန်မောင်းက ဆိုလျှင် တက္ကသိုလ်က မြန်မြန် ထွက်ခွာသွားရမှာစိုးလို့ ဆိုပြီး စာမေးပွဲ နီးတဲ့အခါ ကျန်းမာရေး အကြောင်းပြ ခွင့်တင်ပြီး မဖြေဘဲ နေတာတောင် ရှိ၏။ ထို့ကြောင့် တနှစ်တည်း ကျောင်းဝင်သူတွေ ဘွဲ့ရကုန်တဲ့အထိ စိန်မောင်းက ဥပစာတန်း မအောင်သေး။

တစ်ရက်မှာ သူငယ်ချင်းတစ်ယောက်က ပြောသည်။ သူ့နှမဝမ်းကွဲတွေကို ရွှေတိဂုံ တပေါင်းပွဲတော် လိုက်ပို့မလို့ အဖော်လိုက်ခဲ့ပါဟု ခေါ်သည်။ စိန်မောင်းက မလိုက်ချင်။ တခြားသူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး နွှဲဖို့ စိတ်ကူးထားခဲ့သည်။ နောက်တော့မှ အားနာသဖြင့် လိုက်သွားသည်။ ဒီမှာတွင်ပဲ သူငယ်ချင်း၏ နှမဝမ်းကွဲ လှလှနှင့် ဆုံမိကြခြင်း ဖြစ်၏။

လှလှသည် နာမည်နှင့် လိုက်အောင် လှသည်။ ထို့ကြောင့် စိန်မောင်းက မြင်မြင်ချင်း ကြိုက်သွား၏။ လှလှကလည်း ရုပ်ဖြောင့်ပြီး စကားပြောကောင်းသော စိန်မောင်းကို စိတ်ဝင်စားမိ၏။ တက္ကသိုလ်ကျောင်းတော်သား ဖြစ်သောကြောင့် အထင်ကြီးတာလည်း ပါသည်။



သူငယ်ချင်း၏ အောင်သွယ်ပေးမှုကြောင့် သူတို့နှစ်ယောက် ချစ်ကြိုက်သွားကြသည်။ ပုံမှန်အားဖြင့် ဆိုလျှင်တော့ သူတို့၏ ချစ်ခရီးလမ်းမှာ ပြဿနာ ကြီးကြီးမားမား ဖြစ်စရာ အကြောင်းမရှိ။ လှလှအနေဖြင့် စိန်မောင်းက ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေချင်တတ်ပြီး ရွှတ်တွတ်တွတ် နိုင်သောကြောင့် အားမရလှသော်လည်း သူ့အပေါ် တကယ်ချစ်ပြီး တကယ် သစ္စာရှိတာကိုတော့ ကျေနပ်သည်။ သူကိုယ်တိုင်ကလည်း စိန်မောင်းကို စွဲစွဲလမ်းလမ်း ချစ်မိ၏။ ခက်နေတာကတော့ လှလှတို့ မိဘတွေပဲ။ အဖေက ခရိုင်ဝန် ဖြစ်ပြီး အမေဘက်က ချမ်းသာကြွယ်ဝသော ဆွေကြီးမျိုးကြီး ဖြစ်၏။ ရှေးရိုးဆန်သည်။ မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းသည်။ အပျော်အပါး အသောက်အစားနှင့် လောင်းကစားမှုကို မုန်းသည်။

ယေဘုယျအားဖြင့်တော့ စိန်မောင်းလို လူနှင့် လှလှကို သဘောတူလိမ့်မည် မဟုတ်။ သို့ရာတွင် စိန်မောင်းဘက်မှာ အားသာချက်ကလေးတွေတော့ ရှိ၏။ တက္ကသိုလ်ကျောင်းသား ဖြစ်ခြင်းနှင့် ရုပ်ရည် သန့်ပြန့်ခြင်းပင် ဖြစ်၏။ တကယ်လို့သာ လူရိုသေလောက်သော ရာထူးကလေး တစ်ခု ရှိလျှင် မိဘတွေကို စည်းရုံးဖို့ ပြောအားရှိလိမ့်မည်ဟု လှလှက ယူဆသည်။

ထို့ကြောင့် ဘွဲ့မြန်မြန်ရအောင် ကြိုးစားဖို့ စိန်မောင်းကို တိုက်တွန်းသည်။ စိန်မောင်းက ဥာဏ်ကောင်းပြီးသား၊ အတန်း မတက်ချင်လို့သာ နေနေတာဆိုတော့ နည်းနည်း ကြိုးစားလိုက်ရုံဖြင့် ဥပစာတန်း အောင်သွားလေသည်။

လှလှမှာ အတော် ဝမ်းသာ အားတက်သွားသည်။ သို့ရာတွင် သိပ်မကြာလိုက်။ အနှောင့်အယှက်တွေ ပေါ်လာသည်။ လှလှကို မိဘများက ဆွေနီးမျိုးစပ်ထဲက လူတစ်ယောက်နှင့် လက်ထပ်ပေးဖို့ စီစဉ်ပေးကြခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclasssic.com



ထိုအခြေအနေမှာပင် စိန်မောင်းဘက်ကလည်း အခက်အခဲကြုံလာသည်။ သူ့မိဘများ၏ စီးပွားရေး အခြေအနေ မကောင်းသဖြင့် ကျောင်းဆက်မထားနိုင်တော့ခြင်း ဖြစ်၏။ ဘာပဲဖြစ်ဖြစ် အရာရှိငယ်တစ်ယောက် ဖြစ်လာခဲ့လျှင်တော့ မိဘတွေကို ဖွင့်ပြောပြီး သဘောတူလာအောင် စည်းရုံးလို့ ရကောင်း ရနိုင်သည်ဆိုသော မျှော်လင့်ချက်ကလေးတော့ ကျန်နေသေးသည်။

တကယ်တန်း အလုပ်ရှာကြည့်တော့ ထင်သလောက် မလွယ်ကြောင်း တွေ့ရ၏။ စိန်မောင်း၏ ပညာအရည်အချင်းအရ အလုပ်တစ်ခုရဖို့ကတော့ သိပ်မခဲယဉ်းလှ။ သို့ရာတွင် သာမန် စာရေးလောက်သာ ချက်ချင်း ရနိုင်သည်။ အရာရှိ ဖြစ်ဖို့ ဆိုတာကတော့ အချိန်အတိုင်းအတာ တစ်ခုထိ စောင့်ရမည်။ သူတို့အတွက် အချိန်က သိပ်မရှိ။

ခိုးပြေးဖို့ နည်းလမ်းသာ ကျန်တော့သည်။ စိန်မောင်းက သူ့မိဘတွေ ရှိရာ မြို့ကို ခေါ်သွားမည်ဟု ဆိုသည်။ လှလှက မလိုက်နိုင်။ သူတို့ အမျိုးထဲမှာ ခိုးရာလိုက်ပြေးတဲ့ ထုံးစံမရှိဟု ဆိုသည်။ စိန်မောင်းက

"ကိုယ်တို့ အမျိုးထဲမှာလဲ မရှိသေးပါဘူး၊ ဒီတော့ ကိုယ်တို့က စပြီး လမ်းသစ်ထွင်ရရင် မကောင်းဘူးလား"

ဟု ဆွယ်ကြည့်သေးသည်။ မရ။ သူ့မိဘတွေက ဂုဏ်သိက္ခာကို အလွန်တန်ဖိုးထားသည်။ တကယ်လို့သာ ခိုးရာလိုက်ပြေးခဲ့လျှင် ရှက်တာနဲ့ သေလိမ့်မည်။ မိဘ စိတ်ဆင်းရဲအောင်တော့ မလုပ်နိုင် ဆိုပြီး ငြင်းဆန်နေသည်။

စိန်မောင်းသည် စိတ်ပြေလက်ပျောက် လျှောက်သွားရင်း မြင်းပွဲထဲ ရောက်သွားသည်။ ပြိုင်မြင်းထရိန်နာ တစ်ယောက်နှင့် တွေ့ဆုံခဲ့ရာမှ ခင်မင်သွားသည်။ ထရိန်နာက စိန်မောင်း၏ ကိုယ်လုံးကိုယ်ထည် အဆက်အပေါက်ကို သဘောကျသည်။ စိန်မောင်းကလည်း မြင်းနည်းနည်းပါးပါး စီးတတ်သည်။ ဒီလိုနဲ့ စိန်မောင်းသည် ပြိုင်မြင်းစီးသော ဂျော်ကီဖြစ်သွားလေတော့သည်။

ထိုအခါ. . .



လှလှတို့ မိဘတွေက လောင်းကစားကို မုန်းပါတယ် ဆိုကာမှ စိန်မောင်းက ဂျော်ကီဖြစ်သွားတော့ ဘယ်လိုနည်းနဲ့မှ အဆင်ပြေဖို့ မဖြစ်နိုင်တော့။ ထို့ကြောင့် လှလှသည် မိဘ သဘောတူသူနှင့် လက်ထပ်လိုက်ရသည်။

ဒီကြားထဲမှာ သူတို့ နောက်ဆုံးတစ်ကြိမ် တွေ့ကြသေးသည်။ ပုဇွန်တောင်ရှိ ရွှေဘုန်းပွင့်ဘုရားမှာ ဖြစ်၏။ လှလှသည် စကားသိပ်မပြောနိုင်ဘဲ တရှုံ့ရှုံ့သာ ငိုနေသည်။ ပြန်ခါနီးကျတော့ လှလှ၏ ဆန္ဒအရ နှစ်ယောက်အတူ ထိုင်ပြီး ဘုရားရှိခိုးကြသည်။ လှလှသည် အချိန်အတန်ကြာအောင် ရှိခိုးနေ၏။ တစ်စုံတစ်ခု ဆုတောင်းနေပုံ ရသည်။

"လှ ဘာတွေ ဆုတောင်းနေတာလဲ"

ဟု စိန်မောင်းက မေးတော့. . .

"အခုဘဝမှာ မပေါင်းရပေမယ့် နောက်ဘဝကျရင် ပေါင်းရပါစေလို့ ဆုတောင်းတာပေါ့၊ ဘာပဲဖြစ်ဖြစ် နောက်ဘဝကျရင်တော့ စာကြိုးစားပါ ကိုစိန်မောင်းရယ်"

"နောက်ဘဝကျမှ ပေါင်းရမယ်ဆိုတဲ့ စကားကိုတော့ ကိုယ်သိပ်သဘောမကျဘူး"

"ခုဘဝမှာမှ ရေစက်မဆုံနိုင်တာပဲဟာ"

"နောက်ဘဝမှာ လူပြန်ဖြစ်မယ် မဖြစ်ဘူးဆိုတာက သေချာတာမှ မဟုတ်ဘဲ၊ တစ်ယောက်က လူဖြစ်ပြီး တစ်ယောက်က တိရစ္ဆာန်ဖြစ်နေရင် ဘယ့်နှယ် လုပ်မလဲ၊ ကိုယ်က လူရှုပ်ဆိုတော့ မပြောနိုင်ဘူး လှတို့အိမ်မှာ ခွေးကလေး ကြောင်ကလေး လာဖြစ်ရင် ဒုက္ခပဲ"

"ခုဘဝမှာ ကုသိုလ်ကောင်းမှုတွေ လုပ်ပေးပေါ့"

"နောက်တစ်ခု ရှိသေးတယ်၊ နောက်ဘဝ လူပြန်ဖြစ်ဖို့ ဆိုတာက သေပြီးမှ ဖြစ်မှာ၊ သေတဲ့အချိန်ချင်း အံကိုက်ဖို့လဲ လိုသေးတယ်၊ ဒါမှ နောက်ဘဝကျရင် အသက်ချင်း မတိမ်းမယိမ်း ဖြစ်မှာ၊ ကိုယ်က အခုသေလို့ ပြဿနာ မရှိဘူး၊ လှက ကိုယ့်ထက် ဆယ်နှစ်လောက် နေစာပြီး

www.burmeseclasssic.com

www.burmeseclasssic.com



သေသွားရင် ခက်မယ်၊ နောက်ဘဝကျတော့ ကိုယ်က ဆယ်နှစ်လောက် ငယ်နေပြီ၊ ဆုတောင်းကလဲ ရှိနေတော့ ကိုယ့်ထက် ဆယ်နှစ်လောက် ကြီးတဲ့ မိန်းမကို ယူရတော့မလို ဖြစ်နေလိမ့်မယ်"

"ကိုစိန်မောင်းရယ်၊ ခုလို အချိန်မှာတောင် ရွှတ်တွတ်တွတ် လုပ်နိုင်သေးတယ်နော်"

"နောက်တာ မဟုတ်ဘူး၊ ကိုယ်ပြောတာ သဘာဝမကျဘူးလား၊ ဒီမယ် လု၊ ကိုယ်ပြောမယ်၊ နောက်ဘဝအထိ စောင့်စရာ မလိုဘူး၊ ဒီဘဝမှာတင် ဖူးစာဆုံနိုင်မယ့် နည်းလမ်းတစ်ခု ကိုယ် စဉ်းစားထားတယ်"

"ဘာလဲ ခိုးရာလိုက်ဖို့ ဆိုရင်တော့. . ."

"မဟုတ်ပါဘူး၊ ဒီလိုလေ. . ."

◈ ◈ ◈

စိန်မောင်းသည် နာမည်ကြီး ဂျော်ကီ ဖြစ်လာသည်။ ငွေကြေးလည်း အတော်အသင့် ရှိလာသည်။ ဂျစ်ကားလေး တစ်စင်းတောင် ဝယ်စီးနိုင်လာ၏။ သို့ရာတွင် ကြာကြာမခံ၊ အစိုးရက မြင်းပွဲတွေကို ပိတ်ပစ်လိုက်သည်။ စိန်မောင်းလည်း ဂျော်ကီအလုပ်က ရပ်နားလိုက်ရ၏။

ဒီအတောအတွင်းမှာ သူ့အဖေ တော်တော် နေမကောင်းဘူး ကြားရသဖြင့် မြို့သို့ ပြန်ခဲ့သည်၊ သူ ရောက်ပြီး မကြာခင် သူ့အဖေ ဆုံးသည်၊ ထို့ကြောင့် အဖေ၏ လက်ငုတ်ဖြစ်သော ဆန်စပါးကုန်သည် အလုပ်ကို ဝင်လုပ်သည်။ ပညာလည်း တတ်၊ သွက်သွက်လက်လက်လည်း ရှိသဖြင့် အချိန်တိုအတွင်းမှာ အောင်မြင်လာသည်။

ထိုအချိန်တွင် လှလှက သားဦးလေး မွေးကြောင်း သတင်းကြားရ၏။ သူလည်း အိမ်ထောင်ပြုဖို့ အချိန်တန်ပြီဟု စိန်မောင်း တွေးမိ၏၊



ထို့ကြောင့် လုပ်ငန်းချင်း ဆက်စပ်နေသော ဆန်စက်ပိုင်ရှင်၏သမီး မြမေနှင့် လက်ထပ်လိုက်သည်။

ထို့နောက် မကြာခင်မှာ လှလှက သားယောက်ျားလေး တစ်ယောက် ထပ်မွေးပြန်သည်။ မြမေကတော့ ကလေးမရသေး၊ လက်ထပ်ပြီး သုံးနှစ်လောက် ကြာတဲ့အထိ မထူးခြားသောအခါ စိန်မောင်း စိုးရိမ်လာသည်၊ မြမေမှာ ကလေးမရနိုင်တဲ့ ရောဂါများ ရှိနေသလား၊

ထို့ကြောင့် ရန်ကုန်ကို ခေါ်သွားပြီး အထူးကု ဆရာဝန်ကြီးနှင့် ပြကြည့်သည်။ စမ်းသပ် စစ်ဆေးချက်အရ မြမေသည် ကလေးရနိုင်သော အခြေအနေမှာ ရှိသည်ဆိုပြီး သောက်ရမည့်ဆေးတွေ ပေးလိုက်သည်။

ခြောက်လခန့် ကြာသောအခါ မြမေမှာ ကိုယ်ဝန်ရှိသော အရိပ်လက္ခဏာတွေ ပေါ်လာသည်၊ သေသေချာချာ သိရအောင်ဆိုပြီး ရန်ကုန်က အထူးကု ဆရာဝန်ကြီးဆီ သွားပြကြည့်ပြန်သည်၊

အမှန်ပဲ၊ မြမေမှာ ကလေးရှိနေပြီ။

စိန်မောင်းသည် အလွန်ဝမ်းသာသွား၏။ ဒါတွင် မကသေးပဲ နောက်ထပ် ဝမ်းသာစရာတစ်ခု ထပ်တိုးလာသေးသည်။ မြမေ ပြနေသော ဆရာဝန်ကြီးထံသို့ လှလှကလည်း တိုက်တိုက်ဆိုင်ဆိုင် လာပြခဲ့ခြင်းပင် ဖြစ်၏။ လှလှသည်လည်း တတိယ ကိုယ်ဝန်ကို ဆောင်ထားခဲ့ပြီ။

စိန်မောင်းနှင့် လှလှတို့ ရွှေဘုန်းပွင့်ဘုရားမှာ နောက်ဆုံး တွေ့ခဲ့ကြစဉ် ကတိစကားတစ်ခု ထားခဲ့ကြသည်။ ခုဘဝ မပေါင်းရသည့်တိုင် နောင်ဘဝမှာတော့ ဖူးစာဆုံရပါစေကြောင်း ဘုရားမှာ ဆုတောင်းမည်။ ခုဘဝမှာလည်း မိမိတို့ချင်း လွဲခဲ့ရသည်ကို ပြန်လည် ဖြည့်ဆည်းသောအားဖြင့် မိမိတို့မှ မွေးဖွားလာသော သားသမီးများကို လက်ဆက်ပေးကြမည်။ ထိုအခါ မိမိတို့၏ သွေးချင်း တစိတ်တပိုင်းအားဖြင့် ပေါင်းဖက်မိကြသည့် သဘော ဖြစ်သောကြောင့် စိတ်ဖြေသိမ့်မှု ရလိမ့်မည်၊

ထို့ကြောင့် စိန်မောင်းသည် ကလေး အရမ်းလိုချင်နေခြင်း ဖြစ်၏။ ခုတော့ သူ့ဆန္ဒပြည့်ပြီ၊ ဒါတင် မကသေး လှလှကပါ တပြိုင်နက်ထဲမှာ ကိုယ်ဝန် လာရှိနေပြန်သည်၊ ပြီးတော့ အထူးကုဆရာဝန်ကြီး

www.burmeseclassic.com

www.burmeseclasssic.com



တစ်ယောက်ထဲဆီမှာ လာပြဒ်ကြသည်။

ဒါဟာ တိုက်ဆိုင်မှုသက်သက် မဟုတ်နိုင်။ သူတို့နှစ်ဦး ထားရှိခဲ့သော ကတိစကားကို အတည်ပြုနိုင်ဖို့ သမာဓေဝ နတ်ကောင်းနတ်မြတ်တွေက တမင်တကာ ဆုံဆည်းအောင် ဖန်တီးပေးတာဟု ထင်သည်။

ထိုအခါ စိန်မောင်းသည် သူ့စီမံကိန်းကို စတင် အကောင်အထည် ဖော်လေတော့သည်။ အထူးကုဆရာဝန်ကြီးနှင့် ပုံမှန်ပြနိုင်ရန် ဆိုသော အကြောင်းပြချက်ဖြင့် ရန်ကုန်မှာ အိမ်တစ်လုံး ငှားနေလိုက်သည်။ မြို့ကိုတော့ သွားချည်ပြန်ချည် လုပ်သည်။ ဒီကြားထဲမှာ သူ့စီးပွားရေး လုပ်ငန်းကိုပါ ရန်ကုန်ပြောင်းနိုင်ဖို့ စီစဉ်သည်။ ရန်ကုန်မှာ ပွဲရုံ ထောင်မည်။ သူ့ကြံရည်ဖန်ရည်နှင့် ဆိုလျှင် အောင်မြင်မှာ ကြိမ်းသေပဲ။

သူ့စီမံကိန်းကို အထောက်အကူပြုမည့် ကိစ္စကလည်း ဖြစ်လာသေးသည်။ မြမေနှင့် လှလှတို့သည် ဆရာဝန် လာပြရင်း မကြာခဏ ဆုံမိကြရာမှ ရင်းနှီးလာသည်။ ကိုယ်ဝန်ဆောင် 'အချင်းချင်းဆိုတော့ ရိုင်းပင်းမှု ရှိလာသည်။ နောက်တော့ 'လှရေ. . . မြရေ' ဆိုပြီး ညီအစ်မ အရင်းအချာလို တစ်ဦးနှင့်တစ်ဦး ချစ်ခင်သွားကြလေသည်။

လှလှနှင့် ပတ်သက်ပြီး သူ့ယောကျ်ား ကိုထွန်းအောင်နဲ့ပါ ခင်မင်သွားသည်။ ကိုထွန်းအောင်က အသက်နည်းနည်း ကြီးသည်။ သဘောလည်း ကောင်းသည်။ အားလုံးအပေါ်မှာ အစ်ကိုကြီး တစ်ယောက်လို စောင့်ရှောက်သည်။ စိန်မောင်းနှင့် လှလှတို့၏ အရင်က ပတ်သက်မှုကိုလည်း မသိရှိခဲ့။

သူတို့၏ စီမံကိန်းနှင့် ပတ်သက်ပြီး လှလှက. . .

"အကိုကြီး ကိုထွန်းအောင်အပေါ် လှည့်စားသလိုများ ဖြစ်နေမလား"

ဟု စိုးရိမ်နေသေးသည်။ စိန်မောင်းက. . .

"လှကလဲ အတွေးခေါင်လိုက်တာ၊ ကိုယ်တို့နှစ်ယောက် ဖောက်လွဲ ဖောက်ပြန် လုပ်နေတာမှ မဟုတ်ဘဲ၊ တစ်ယောက်အပေါ် တစ်ယောက်လဲ ခုချိန်မှာ မောင်နှမလိုပဲ သဘောထားကြတာပဲ မဟုတ်လား၊



ကလေးချင်း လက်ဆက်နိုင်အောင် စီစဉ်တာ အပြစ်မရှိပါဘူး"

ဟု နှစ်သိမ့်ထားရသည်။

ဘာပဲဖြစ်ဖြစ် မိဘချင်း နှစ်အိမ်တအိမ် ဖြစ်အောင် ခင်မင်နေကြပြီဆိုလျှင် သားသမီးချင်း ရင်းနှီးဖို့ ဆိုတာလည်း မခဲယဉ်းတော့၊ တစ်ဖက်က ယောကျ်ားလေး၊ တစ်ဖက်က မိန်းကလေး မွေးဖို့သာ အရေးကြီးသည်။ မိန်းကလေးတွေချည်း မွေးလာလျှင်လည်း သိပ်ပြဿနာမရှိ။ လှလှတို့မှာက သားအကြီးနှစ်ကောင် ရှိသေးသည်။

လှလှက တစ်လ စောမွေးသည်။ ယောကျ်ားလေးပဲ ဖြစ်၏။ ထိုအခါ မြမေအနေဖြင့် မိန်းကလေး မွေးမှ ဖြစ်တော့မည်။ ဒီကိစ္စမျိုးကလည်း ဖန်တီးယူလို့ ရတာမဟုတ်။ ကံတရားအတိုင်း ဖြစ်လာတာကို စောင့်နေရုံသာ ဖြစ်၏။

အားတက်စရာကောင်းတဲ့ အချက်ကတော့ မြမေ၏ ဝမ်းဗိုက်မှာ ခပ်ပြားပြား ရှိသည်။ အထိုင်အထလည်း လေးသည်။ ချဉ်ချင်းတပ်တာကျတော့လည်း မိန်းကလေးတွေ ကြိုက်တတ်သော ချဉ်ငန်စပ်၊ လက်သုပ်တို့ မရမ်းပြားတို့ ဖြစ်နေသည်။ အလှအပကိုလည်း ကြိုက်လာသည်။ ထူးထူးခြားခြား ရေမွှေးဆွတ်ချင်တယ် ပေါ်လာသည်။ အိပ်မက်မက်တော့လည်း ပန်းပင်တွေပဲ မြင်နေရတယ်တဲ့။ ဒီတော့ မိန်းကလေး ဖြစ်မှာ ကြိမ်းသေပဲဟု စိတ်ကူး ယဉ်နေခဲ့တာ တကယ် မွေးလာတော့ မျောက်လောင်း ယောကျ်ားလေးတဲ့။

အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပြီးကာမှ လွဲချော်သွားရသဖြင့် စိန်မောင်း အတော် စိတ်ဓါတ်ကျသွား၏။ ထိုကိစ္စက အစွဲအလမ်းတစ်ခုလိုတောင် ဖြစ်သွားသလားမသိ။ သူ့သား 'ရွှေမောင်း'ကို စိတ်တိုင်းမကျတာ ရှိလို့ ဆူတဲ့အခါတိုင်း 'မင်းဟာ မိန်းကလေး ဖြစ်လာဖို့ ကောင်းတဲ့ကောင်' ဟု ဆိုလေ့ရှိ၏။ သူက ကိုယ့်အဓိပ္ပါယ်နှင့်ကိုယ် ပြောခြင်း ဖြစ်သော်လည်း 'ရွှေမောင်း'က နားမလည်နိုင်ဘဲ အောင့်သက်သက် ဖြစ်ရ၏။

စိန်မောင်းက အားတော့ မလျှော့သေး။ နောက်ထပ် မွေးလာမယ့် ကလေးတွေ ရှိနိုင်သေးသည်ဟု မျှော်လင့်မိ၏။ သို့ရာတွင် လှလှ

www.burmeseclassic.com

www.burmeseclasssic.com



ရော မြမေပါ နောက်ထပ် မမွေးကြတော့။

ထိုအခါ စိန်မောင်းသည် နှစ်ရှည် စီမံကိန်းကို ချမှတ်ရတော့သည်။ သားတွေအလှည့်မှာ အဆင်မပြေလျှင် မြေးတွေ ရလာတဲ့အခါ ဖြစ်အောင် စီမံမည်ဟု သန္နိဋ္ဌာန် ချလိုက်ပြန်လေသည်။

ပထမအဆင့်အနေဖြင့် သူ့သား ရွှေမောင်းနှင့် လုလု၏သားအငယ်ဆုံး ဇော်အောင်တို့ကို တပူးတွဲတွဲ ဖြစ်အောင် လုပ်ပေးခြင်းဖြစ်၏။ သူတို့ချင်း အရမ်းချစ်ခင်နေလျှင် သားသမီးချင်း ရင်းနှီးဖို့လွယ်ကူသွားပြီ။

ဒါကလည်း သိပ်ပြဿနာမရှိ။ စိန်မောင်းတို့ လင်မယားနှင့်လုလုတို့ ဇနီးမောင်နှံမှာ နှစ်အိမ်တအိမ် ဝင်ထွက်သွားလာနေပြီ ဖြစ်သဖြင့် အလိုအလျောက်တောင် အဆင်ပြေသွားနိုင်သည်။ ပိုပြီး စိတ်ချရအောင် ရွှေမောင်းနှင့် ဇော်အောင်တို့ကို တစ်ကျောင်းထဲ တစ်တန်းထဲဖြစ်အောင် ထားလိုက်သည်။ ထိုအခါ ဇော်အောင်သည် ရွှေမောင်းကိုသူ့အစ်ကို အရင်းတွေထက်တောင် ပိုချစ်ခင်မိ၏။ ရွှေမောင်းကလည်းတစ်ဦးတည်းသောသား ဖြစ်သဖြင့် ဇော်အောင်ကို ညီအစ်ကိုလို သဘောထားမိလေတော့သည်။

သူတို့နှစ်ယောက်မှာ သူငယ်တန်းမှ ဆယ်တန်းအထိ တစ်တန်းထဲ တစ်ခုံထဲ ထိုင်ခဲ့ကြသည်။ ဆယ်တန်းကို တစ်နှစ်ထဲ ပြိုင်တူ အောင်သည်။ တက္ကသိုလ် ရောက်တော့မှပင် အတန်းချင်း ကွဲသွားသည်။ ဒါတောင် ရွှေမောင်းက စီးပွားရေးတက္ကသိုလ် တက်ပြီး ဇော်အောင်ကဝိဇ္ဇာသိပ္ပံတက္ကသိုလ် တက်သောကြောင့် ကျောင်းဝင်းတစ်ခုတည်း ဖြစ်နေပြန်၏။ ထို့ကြောင့် အားလပ်ချိန်တွေမှာ တပူးတွဲတွဲ ရှိနေပြန်သည်။

(သားတွေတောင် အရွယ်ရောက်လာပြီ ဖြစ်သောကြောင့် ဦးစိန်မောင်း၊ ဒေါ်မြမေ၊ ဦးထွန်းအောင်၊ ဒေါ်လုလု စသည်ဖြင့် ခေါ်မှ သင့်တော်မည် ဖြစ်သောကြောင့် 'ဦး' 'ဒေါ်' တပ်ပြီး ဆက်လက် ဖော်ပြပါမည်။)

သူတို့နှစ်ယောက်၏ ထူးခြားချက်ကတော့. . .



အဖေလုပ်တဲ့ ဦးစိန်မောင်းက သွက်သလောက် သားဖြစ်သူရွှေမောင်းက နှည်းနှည်း အူတူတူ နိုင်သည်။ အပေါင်းအသင်းနဲ့ ဆုံတဲ့အခါ တခွက်တဖလားလောက် မော့လိုက်ချင်တာတော့ အဖေနဲ့ တူသည်။ ဦးထွန်းအောင်က လူအေးဖြစ်သော်လည်း ဇော်အောင်က လျင်သည်။

ထို့ကြောင့်လည်း ဇော်အောင်က ရည်းစားအရင် ရခဲ့ခြင်း ဖြစ်၏။ စီးပွားရေး တက္ကသိုလ်ဘက် လိုက်သွားရင်း ရွှေမောင်းတို့ အတန်းထဲက ခင်ဖြူဝင်းနှင့် တွေ့ပြီး ကြိုက်သွားကြခြင်း ဖြစ်၏။ ကျောင်းပြီးလို့ သူတို့နှစ်ယောက် လက်ထပ်တဲ့အထိ ရွှေမောင်းက တစ်ယောက်တည်းငုတ်တုတ်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဦးစိန်မောင်းက မကျေနပ်။

"ငါ့သား ဖြစ်ပြီး ဒီလောက်တောင် ညံ့ရသလား၊ မိန်းကလေးဖြစ်ရင်လဲ ကောင်းသား၊ ဇော်အောင်နဲ့ ပေးစားပါတယ်"

ဟု မချင့်မရဲ ပြော၏၊ ဒေါ်မြမေက အကြောင်းမသိသဖြင့် 'တောက်တီးတောက်တဲ့ ပြောရှောမယ်' ဟု ဆိုသေးသည်။ ဦးစိန်မောင်းမှာ 'တိုင်မင်'တွေ လွဲကုန်မှာ စိုးသဖြင့် သူ့ဘာသာ လိုက်ရှာသည်။ ဟိုကောင်မလေး မကြိုက်ဘူးလား။ ဒီကလေးမ မဆိုးဘူး၊ ရွှေမောင်းကခေါင်းချည်း ခါနေသည်။ အိမ်ထောင်မပြုဘဲ လူပျိုကြီး လုပ်မလိုလိုလည်းပြောနေသည်။

ဦးစိန်မောင်းက ဇော်အောင်ကို အကူအညီ တောင်းသည်။ မင်းသူငယ်ချင်းအတွက် ကူပြီး ရှာပေးပါအုန်းဟု အပူကပ်ရသည်။ သူ့သားကိုလည်း မင်းက မိန်းမလျှာလား၊ ခြောက်နေသလား စသည်ဖြင့်မခံချင်အောင် ပြောရသည်။ နောက်ဆုံးတော့ ဇော်အောင့်မိန်းမ ခင်ဖြူဝင်းကပါ မနေသာတော့ဘဲ ဝင်ကူရသည်။ သူ့သူငယ်ချင်း ရင်ရင်နှင့်အောင်သွယ်ပေးလိုက်တော့မှ အဆင်ပြေသွားသည်။

ဦးစိန်မောင်းက အချိန်ဆွဲမနေဘဲ အမြန်ဆုံး လက်ထပ်ပေးလိုက်သည်။ သို့ရာတွင် တွက်ကိန်းက လွဲချော်နေပြန်သည်။ ဇော်အောင်နှင့်ခင်ဖြူဝင်းတို့၏ သမီးဦးလေး မွေးပြီးသည်အထိ ဒီဘက်က ထူးခြားမှု

www.burmeseclasssic.com

www.burmeseclasssic.com



မရှိသေး။

ဦးစိန်မောင်းသည် ရွှေမောင်းကို ကြိတ်ပြီး ကြိမ်းမောင်းပြန်သည်။ မင်းညံ့လို့၊ မင်းညံ့လို့၊ ပြီးတော့ လင်မယား နှစ်ယောက်စလုံးကို ဆေးသွားစစ်ခိုင်းသည်။ အဖြေက အားလုံး ကောင်းပါတယ်တဲ့။ ဒီလိုနဲ့ ရှိုးရှိုး စောင့်နေလိုက်တာ သုံးနှစ်လောက် ကြာသွားသည်။ သူတို့ဘက်က တိုးတက်မှု မရှိခင်မှာပင် လှလှက ဒုတိယကိုယ်ဝန် ရှိလာခဲ့ပြန်သည်။

ဦးစိန်မောင်း ပြာယာခတ်သွား၏။ ရွှေမောင်းမှာလည်း နေစရာမရှိတော့၊ နေ့စဉ်နှင့်အမျှ အဆူအကြိမ်း ခံနေရသဖြင့် အဖေလုပ်တဲ့လူကို ကြွေးရှင်လို ရှောင်နေရသည်။

ဦးစိန်မောင်းကလည်း အပူတပြင်း လှုပ်ရှားသည်။ ဆရာဝန်ကြီးတွေဆီ သွားတိုင်ပင်သည်။ ဟိုမှန်းဆေးတွေကို ညွှန်ကြားချက်အတိုင်း ထိုးခိုင်း သောက်ခိုင်းသည်။ ဒါနဲ့တောင် အားမရသေးဘဲ သူ့မိတ်ဆွေ တရုတ်တိုင်းရင်းဆေးဆရာကြီး ဦးဝါကြင်ထံမှာ အကူအညီတောင်းသည်။

တရုတ်ဆရာကြီး ပေးလိုက်သော ဖယောင်းလုံးဆေးတွေ ရွှေမောင်းကို တိုက်သည်။ ရွှေမောင်းမှာ သောက်ရတဲ့ဆေးတွေ များသဖြင့် စိတ်ညစ်ပြီး မသောက်ဘဲ နေမိ၏။ ဦးစိန်မောင်းက အလစ်မှာ ဆေးလုံး အရေအတွက်ကို စစ်ဆေးကြည့်သောအခါ မသောက်ဘဲ နေကြောင်း သိသွားသဖြင့် ရွှေမောင်း နာရင်းတချက် အရိုက်ခံရသေးသည်။

နောက်တော့ ဦးစိန်မောင်းကိုယ်တိုင် ကြီးကြပ်ပြီး ဆေးတိုက်သည်။ သူ့ရှေ့မှာတင် ဆေးတွေ ပါးစပ်ထဲ ထည့်၊ ရေသောက်ပြီး မြိုချပြရသည်။ ရင်ရင်ကိုလည်း တန်ကွေးနှင့် ငှက်သိုက်ကို စွပ်ပြုတ်လုပ်ပြီး တိုက်ဖို့ ဒေါ်မြမေအား အထူးတာဝန်ပေးသည်။

ဆေးတွေရဲ့အာနိသင်ကို သိချင်လို့ မေးတော့ ရွှေမောင်းက. . .

"ဟာ. . . သိပ်ကောင်းတယ် အဖေရာ"

ဟု ဆိုသဖြင့် အားတက်ပြီး ထပ်မေးကြည့်တော့မှ. . .

"စားလို့လဲ ကောင်းတယ်၊ အိပ်လို့လည်း ကောင်းတယ်၊ ညဆိုရင် ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ တန်းကနဲ အိပ်ပျော်သွားတာ၊ မနက်



လင်းမှ နိုးတော့တယ်"

"တောက်. . . ဒီဆေးတွေက အိပ်ဖို့ မဟုတ်ဘူးကွ"

မဖြစ်ဘူး ဆိုပြီး နည်းလမ်းရှာရပြန်သည်။ တစ်ရက်မှာတော့ သူ့မိတ်ဆွေ ဦးတင်စံနှင့် ဆုံသည်။ ကလေးဆယ်ယောက် ရှိသော ဦးတင်စံက လမ်းညွှန်သဖြင့် ဆရာကြီး ပွဲတွေ့ ဦးပြည်သာဆီ ရောက်သွားသည်။ ဦးပြည်သာက ကိုယ်တိုင် သုံးနေသောဆေးတွေ ပေးလိုက်သည်။

ပွဲတွေ့ ဦးပြည်သာကပဲ တော်သလား၊ ဆရာဝန်ကြီးတွေ တရုတ်ဆရာကြီးတွေကပဲ စွမ်းသလား၊ ဆေးတွေ ပေါင်းပြီးတော့ပဲ အာနိသင်တွေ ထက်မြက်ကုန်သလားတော့ မသိ၊ မကြာခင်မှာပင် ရင်ရင်မှာ ကိုယ်ဝန်ရှိလာလေတော့သည်။

ထိုအခါကျပြန်တော့လည်း ဦးစိန်မောင်းပဲ အလုပ်ရှုပ်ရပြန်သည်။ ကိုယ်ဝန်မြဲစေရန် အကောင်းဆုံး အိုဂျီဆရာဝန်ကြီးကို ရှာပြီးအပ်သည်။ ရွှေမောင်းက အေးစက်စက်နဲ့မို့ စိတ်မချဘူးဆိုပြီး ရင်ရင်ကို ဆေးခန်းသို့ ကိုယ်တိုင် လိုက်ပို့သည်။ ဒါကို တချို့က အသက်ကြီးမှ မိန်းမငယ်ငယ်လေး ရလို့ ပြနေတာဟု အထင်မှားပြီး ပြုံးစုံစုံ ကြည့်တာ ခံရသေးသည်။

ဦးစိန်မောင်းက ဂရုမစိုက်။ ကိုယ်ဝန်ဆောင် အားဆေး အကောင်းစားတွေ မရရအောင် ရှာဝယ်သည်။ မီးဖွားပြီးလျှင် ဗိုက်ကို လိမ်းဖို့ 'ခီဟုန်ယူ'ဆေးပါ မကျန်စေရ။

ဒါတွင် မကသေးပဲ စိတ်ပူစရာ အချက်တစ်ချက်က ရှိနေပြန်သည်။ တကယ်လို့ ခင်ဖြူဝင်းရော ရင်ရင်ပါ မိန်းကလေးတွေချည်း မွေးလာလျှင် ဘယ်လိုလုပ်မလဲ။ သို့ရာတွင် ခင်ဖြူဝင်းက ယောကျ်ားလေး မွေးသည်။ (ဖိုးတန်)

ထိုအခါကျပြန်တော့လည်း တမျိုး စိတ်ပူရသည်။ အရင်တုန်းကလိုပဲ ဒီဘက်ကပါ ယောကျ်ားလေး လိုက်မွေးမှာ စိုးရသည်။ တစ်ဖက်မှာ သမီးမိန်းကလေးတစ်ယောက် ရှိနေတာတော့ မှန်သည်။ အသက်လေး လေးနှစ်လောက် ကြီးနေလိမ့်မည်။ ဒီလောက် အသက်ကွာနေတာတော့

www.burmeseclasssic.com

www.burmeseclasssic.com



လည်း သိပ်မကောင်းလှ၊ ယောကျ်ားလေးက ကြီးနေတာက ပြဿနာမရှိ၊ ဒီတော့ ရင်ရင်အနေဖြင့် မိန်းကလေး မွေးမှဖြစ်မည်။

ခက်နေတာက ရင်ရင်၏ဗိုက်သည် ယောကျ်ားလေး မွေးမည့် အရိပ်လက္ခဏာတွေ ပြနေခြင်းပင် ဖြစ်၏။ တိရစ္ဆာန် ဥယျာဉ်ကို သွားချင်တယ် ဆိုသဖြင့် လိုက်ပို့ရသည်။ ဟိုရောက်တော့ မျောက်ရှာနားမှာ တချိန်လုံး ထိုင်ကြည့်နေသည်။

အိပ်မက်မက်တော့လည်း ငှက်ပျောသီး စားရတာ၊ နွယ်ပင်ကနေ ခရမ်းသီးတွေ မုန်လာဥတွေ တွဲလောင်းကျနေတာမျိုးတွေချည်းပဲ။ ဘာများ ချဉ်ချင်းတပ်သလဲ ဆိုတော့ ဝွေးသီးတဲ့။

အသွားအလာ အထိုင်အထကလည်း ပေါ့ပါး ဖျတ်လတ်လွန်းသည်။ ဗိုက်နဲ့ ဆတ်ကနဲ ထလိုက်တဲ့အခါ ဦးစိန်မောင်းက. . .

"ဟဲ့. . . ဟဲ့. . . ဖြေးဖြေးထမှပေါ့"

ဟု ပြာပြာသလဲ ပြောသည်။ အနေအထိုင် ဆင်ခြင်လိုက်တာနဲ့ပဲ ဗိုက်ထဲက ကလေးက ပြောင်းလဲသွားမှာ ကျနေတာပဲ။

ဦးစိန်မောင်း စိုးရိမ်နေသော်လည်း သတိမထားမိသော အချက်တစ်ချက်တော့ ရှိ၏။ သူ့သား ရွှေမောင်းကို မမွေးခင်က မိန်းကလေးဟု ထင်ခဲ့သည်။ ခုလည်း ယောကျ်ားလေး ဖြစ်နိုင်သလို ဟန်ပြပြီး မွေးလာတော့ မိန်းကလေး။ (မေလ)

ဦးစိန်မောင်းသည် 'အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ' ဟု သုံးကြိမ်ကြွေးကြော်လေသည်။

◈ ◈ ◈





ဦးစိန်မောင်းနှင့် ဒေါ်လှလှတို့၏ စီမံကိန်းသည် တစ်ဆင့်တော့ အောင်မြင်သွားပြီ။ ရှေ့အလားအလာကလည်း ကောင်းနေသည်။ နှစ်ဖက် အဘိုးအဘွားတွေက အရမ်းခင်မင်ကြတာ၊ အဖေအမေချင်းကလည်း သူငယ်ချင်းတွေ၊ ဒီကလေးနှစ်ယောက်ကို ရင်းနှီးအောင် လုပ်ဖို့ဆိုတာ လွယ်လွယ်လေး၊ သူ့အလိုအလျောက်တောင် ဖြစ်သွားနိုင်သည်။

ပို၍စိတ်ချရအောင် လသားအရွယ်ကတည်းက မျက်မှန်းတန်းမိစေရန် ပြထားသည်။ မကြာခဏဆိုသလို အတူတူ ကစားစေသည်။ ကလေးတွေကလည်း တစ်ယောက်အပေါ် တစ်ယောက် တွယ်တာပုံ ရသည်။ ဖိုးတန်က မေလထက် လပိုင်းလောက်သာ ကြီးသည်။ သူ ဝမ်းလျား မှောက်တတ်သော အရွယ်က ကြမ်းပေါ် ချပေးလိုက်လျှင် ပက်လက်ကလေး ယက်ကန်ယက်ကန် လုပ်နေသော မေလဆီ ဝမ်းလျားထိုးပြီး ရောက်အောင် သွားတာကို လူကြီးတွေက သိပ်သဘောကျသည်။ တခါတလေကျလျှင် ဖိုးတန်သည် ဝမ်းလျားကြီး မှောက်လျက်ကပင် မေလ၏လက်ကို ဆုပ်ကိုင်ရင်း အိပ်ပျော်နေတတ်သည်။

စကားတတ်တဲ့အရွယ် ရောက်လာတော့ ဖိုးတန်က 'မေလတို့အိမ် သွားမယ်' ဟု မကြာခဏ ပူဆာတတ်လာသည်။ မေလကလည်း တစ်စုံတစ်ခုကို အလိုမကျလို့ ငိုနေတဲ့အခါ 'ဖိုးတန်တို့အိမ် လိုက်ပို့မယ်' ဟု ချော့လိုက်လျှင် ချက်ချင်း အငိုတိတ်သွားလေသည်။

ကျောင်းထားရမည့် အရွယ်ရောက်တော့လည်း သူတို့အဖေတွေ တုန်းကလိုပဲ တစ်ကျောင်းတည်း တစ်တန်းတည်း ဖြစ်အောင် စီစဉ်သည်။ ဥာဏ်ရည်ချင်းကလည်း မတိမ်းမယိမ်း၊ တော်လွန်းလှတယ်လည်း မဟုတ်၊ အညံ့စားထဲမှာလည်း မပါ။ အဆင့်ကိုး၊ တစ်ဆယ်လောက်ကို တလှည့်စီ ရကြသည်။

ကျောင်းသွားကျောင်းပြန်လည်း အတူတူ၊ အသွားကို တစ်အိမ်က ပို့ အပြန်ကို တစ်အိမ်က ကြို၊ တခါတလေ ကျောင်းက အပြန် တစ်အိမ်အိမ်မှာ ဝင်နေ၊ အားရအောင် ဆော့ပြီး ညနေစောင်းမှ သွားခေါ်ရသည်။ ဒီလိုပုံစံနဲ့ပဲ အတူတကွ ကြီးပြင်းလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclasssic.com



ထိုအတောအတွင်း ထူးခြားသော အဖြစ်အပျက်တစ်ခုပဲ ရှိ၏၊ ဒေါ်လှလှ၏ခင်ပွန်း ဦးထွန်းအောင် ကွယ်လွန်သွားခြင်းပင် ဖြစ်၏။ ဒေါ်မြမေက 'လှတစ်ယောက်တော့ အားငယ်နေရှာမှာပဲ' ဆိုပြီး အိမ်ကို မကြာခဏ သွား၍ အားပေးစကား ပြောသည်။ ဦးစိန်မောင်းကိုလည်း မကြာခဏ သွားခိုင်းသည်။

ထိုကိစ္စကို အကြောင်းပြုပြီး ဦးစိန်မောင်းက ဒေါ်လှလှတို့နှင့် နီးနီးနားနား နေလျှင် ကောင်းမည်ဟု အကြံပြုသည်။ ဒေါ်မြမေက ဝမ်းသာအားရ သဘောတူသည်၊ ရွှေမောင်းတို့ လင်မယားကလည်း ထောက်ခံကြသည်။

အစကတော့ အိမ်ချင်း ကပ်လျက်၊ ဒါမှမဟုတ် တစ်လမ်းတည်း နေနိုင်ဖို့ ကြိုးစားသေးသည်။ ရောင်းမယ့်အိမ်က မရှိ။ ထို့ကြောင့် အနီးဆုံး နေရာကို ရှာပြီး ပြောင်းရသည်။ ဒေါ်လှလှတို့ အိမ်နှင့် တစ်မိုင်လောက်သာ ကွာသောနေရာမှာ ခြံနှင့်ဝင်းနှင့် နှစ်ထပ်တိုက်တစ်လုံး ဝယ်ဖြစ်သွားသည်။ ဖိုးတန်နှင့် မေလတို့သည်လည်း စက်ဘီးတစ်စီးစီဖြင့် အပြန်အလှန် သွားလာနေကြတော့သည်။

ဆယ်တန်းအောင်လို့ တက္ကသိုလ် တက်တဲ့အခါမှာတော့ ကျောင်းချင်း မတူကြတော့။ ဖိုးတန်က အဝေးသင်တက္ကသိုလ် တက်ရင်း ဂျီစီအီး ဖြေဖို့ စီစဉ်သည်။ မေလက အင်္ဂလိပ်စာ အထူးပြု ယူပြီး တက္ကသိုလ် ဆက်တက်သည်။

ကျောင်းချင်း မတူကြတော့သော်လည်း အဆက်အသွယ်က မပြတ်။ အားလပ်ချိန်တွေမှာ ဆုံဖြစ်ကြသည်၊ ဒီအတောအတွင်း ကွန်ပျူတာ သင်တန်း၊ အင်တာနက်သင်တန်း၊ အင်္ဂလိပ် စကားပြောသင်တန်းတွေ အတူတူ တက်ဖြစ်ကြသေးသည်။

ဦးစိန်မောင်းနှင့် ဒေါ်လှလှတို့၏ စိတ်ကူးစိတ်သန်းများသည် တဖြည်းဖြည်း တဆင့်ချင်း အကောင်အထည် ပေါ်လာနေသည်။ အဆင့်သင့်ချင်တော့ ဖိုးတန်နှင့် မေလတို့၏ ကိစ္စကို ဦးစိန်မောင်းကတောင် စတင်ပြီး အကြံပြုစရာ မလိုတော့။ ဒေါ်မြမေကပင် စတင်ပြောဆိုလာ





သည်။ 'ဒီကလေးနှစ်ယောက်ကို လက်ထပ်ပေးလိုက်ရင် ကောင်းမယ်' ဟု ဒေါ်မြမေက ပြောသောအခါ ဦးစိန်မောင်းက 'အေးကွ၊ ဒီစိတ်ကူး မဆိုးဘူး' ဟု အသာမျှော၍ သံယောင်လိုက်ပေးလိုက်ရုံပင် ဖြစ်၏။

ပြီးတော့မှ ဒေါ်လှလှကို ကြိတ်ပြီး အကြောင်းကြားထားလိုက်သည်။ ဒေါ်မြမေက ထိုအကြောင်း ပြောလာသောအခါ ဒေါ်လှလှက ဝမ်းမြောက်စွာ ကြိုဆိုသည်၊ ချွေးမများကို တိုင်ပင်တော့လည်း ပြောတာတောင် နောက်ကျနေသေးတယ် ဆိုတာမျိုး ဖြစ်၏။

(ဒေါ်)ရင်ရင်က (ဒေါ်)ခင်ဖြူဝင်းကို. . .

"ဒို့က အဲဒီအကြောင်း ပြောချင်နေတာ ကြာပြီ၊ မိန်းကလေးဘက်က စကားစရမှာ ခက်နေလို့ သိလား"

ဟု ဆိုသည်။

သူတို့ယောက်ျားတွေကို အသိပေးပြီး သဘောထား တီးခေါက်ကြည့်သောအခါမှာလည်း. . .

"ဟားဟား မင်းတို့က အထူးအဆန်းလုပ်နေ၊ ငါတို့နှစ်ယောက် အစောကြီးကတည်းက ဒါပဲ ပြောနေကြတာ၊ မေလကို မွေးတဲ့ညကတည်းက ဖန်ခွက်ချင်း တိုက်ပြီး သစ္စာရမ် သောက်ခဲ့ကြပြီးပြီ"

ဟု ပြောလေသည်။

တကယ်တော့ သူတို့အားလုံး၏ စိတ်ထဲမှာ ထိုကိစ္စနှင့် ပတ်သက်ပြီး တကြိတ်တည်း တဉာဏ်တည်း ဖြစ်နေခဲ့ကြတာ၊ ကလေးချင်း အပြန်အလှန် မေတ္တာရှိသွားစေရန် ဝိုင်းဝန်း ကြိုးစားကြဖို့သာ ရှိတော့သည်။

. . . [illegible] . . .



www.burmeseclassic.com

www.burmeseclasssic.com



(ဖိုးတန်က မေလဆီ ဖုန်းဆက်တာကို ဦးစိန်မောင်းက မသိမသာ နားစွင့်နေခဲ့သည် ဆိုသော အခန်းကို ပြန်ဆက်ပါမည်။)

◈ ◈ ◈





တယ်လီဖုန်းထဲမှာ ဖိုးတန်က မေလကို လုံးဝမချစ်နိုင်ပါဘူးဟု ပြောသည်။ ဒါကို ဦးစိန်မောင်းက မကြား။ မေလက 'ငါကလဲ အဲဒီစကားကိုပဲ မျှော်လင့်နေတာပါပဲ၊ ဝမ်းသာပါတယ်ဟာ' လို့ ပြန်ပြောတာကိုတော့ ကြားလိုက်သည်။ ပြီးတော့ မေလက တစ်စုံတစ်ခု ရေရွတ်ပြီး ပြုံးစေ့စေ့ ဖြစ်နေတာကိုလည်း မြင်မိ၏။

တခုခုတော့ ထူးခြားပြီ ထင်တယ်။ ဖိုးတန်က ဖွင့်ပြောလို့ မေလက လက်ခံလိုက်တာလား မသိ။ ထိုအတွေးကြောင့် ဦးစိန်မောင်း ညအိပ်မပျော်ဘဲ ဖြစ်နေရ၏။

ဖိုးတန်ရော မေလပါ ဒီတစ်ကြိမ် စာမေးပွဲ ဖြေပြီးလျှင် ဘွဲ့ရကြတော့မည်။ အသက်တလေးတွေကတော့ ငယ်ကြသေးသည်။ တကယ်လို့ သူတို့နှစ်ယောက် မေတ္တာမျှနေကြပြီ ဆိုလျှင်တော့ စိတ်ချရအောင် လူကြီးချင်း ပြောဆိုပြီး စေ့စပ်ပေးထားရလျှင် ကောင်းမည် စသည်ဖြင့် စိတ်ကူးယဉ်နေမိသောကြောင့် ညဉ့်နက်မှ အိပ်ပျော်သွားသည်။

မနက် ငါးနာရီလောက်မှ ဖြတ်ကနဲ ပြန်နိုးလာ၏။ တစ်စုံတစ်ခုကို သတိရလိုက်မိ၏။ ဒေါ်လှလှသည် မနက်အစောကြီး ထပြီး ဘုရားရှိခိုးတတ်သည်။ ခုချိန် ဖုန်းဆက်လျှင် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် စကားပြောလို့ ရနိုင်သည်။

ထို့ကြောင့် ဧည့်ခန်းဘက် ထွက်လာပြီး ဒေါ်လှလှ၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ တော်တော်နှင့် ဖုန်းလာမကိုင်။ မနိုးသေးတာပဲလား၊ ဘုရားရှိခိုးနေလို့ လာမကိုင်တာလား၊ တခြားတစ်ယောက်ယောက် နိုးပြီးလာကိုင်လျှင် ပြောရခက်မည်။ ဖုန်းပြန်ချတော့မယ် လုပ်စဉ်မှာမှ လာကိုင်သည်။

"ဟဲလို၊ ဘယ်သူများပါတုန်း"

"လှလား၊ ကိုယ်ပါ စိန်မောင်းလေ"

"ဘယ်လိုဖြစ်တာလဲ၊ မနက်အစောကြီး"

"ကိစ္စရှိလို့"

"ဘာကိစ္စ၊ ဟို. . .မြ နေမကောင်းလို့လား ဟင်. . ."



www.burmeseclassic.com

www.burmeseclasssic.com



စိုးရိမ်သံဖြင့် မေးသည်။

"မဟုတ်ပါဘူး၊ မေးစရာရှိလို့"

"အဲဒါများ ဒီအချိန်ကြီး ဆက်ရသလား၊ တယ်လောက်များ အရေးကြီးလို့လဲ၊ ဒီမှာ ဘုရားရှိခိုးကာစပဲ ရှိသေးတယ်"

"ကိုယ့်အတွက်တော့ သိပ်အရေးကြီးတယ်"

"အဲဒီ. . . ကိုယ်. . . ကိုယ်နဲ့ ပြောတာကြီးကို မြင်တော့၊ လူကိုလဲ လှလို့ မခေါ်နဲ့ မလှလို့ပဲ ခေါ်ပါလို့ ပြောတာ ခဏခဏပဲ၊ အသက်ကဖြင့် ခုနစ်ဆယ်နား ကပ်နေပြီ"

"အကျင့်ပါနေလို့ပါကွယ်"

"မြန်မြန် တိုင်ပြောလိုက်မယ်၊ ဘာမှတ်နေသလဲ၊ ကဲ ဆိုစမ်းပါအုံး၊ ဘာမေးမလို့လဲ"

"ဒီလိုပါ၊ ခုတလော မောင်ဖိုးတယောက် မူမမှန်တာမျိုးများ ရှိသလားလို့"

"မူမမှန်ရအောင် ကျွန်မမြေးက ရူးနေတာမှ မဟုတ်ပဲ"

"အဲဒါ ပြောတာ မဟုတ်ဘူး၊ ငိုင်တွေတွေ ဖြစ်နေတာမျိုး"

"ဒီကောင်လေး ငိုင်နေတယ်ရယ်လို့ ဘယ်တုန်းက ရှိဖူးလို့လဲ"

"ဘယ်မှမထွက်ဘဲ အခန်းအောင်းနေတာမျိုး"

"စမ်းလို့တောင် မှမိဘူး၊ လစ်ကနဲဆို ပျောက်သွားပြီ"

"တစ်ယောက်ထဲ ပြုံးစုံစုံ လုပ်နေတာမျိုးကော"

"ပြုံးစုံစုံတော့ မသိဘူး၊ ဟိုတနေ့ကတော့ သူ့အခန်းထဲမှာ ဝတ္ထုတအုပ်တစ်အုပ် ဖတ်ရင်း တဟားဟား ရယ်နေတာတော့ တွေ့တာပဲ၊ စာရေးဆရာနာမည်ကလဲ ခပ်ဆန်းဆန်းပဲ၊ ဘကြီးတော်ဆိုလား"

"ဘကြီးတော်ဆိုတဲ့ ကလောင်နာမည်တော့ တခါမှ မကြားဖူးပါဘူး၊ အော်. . . ဟုတ်ပြီ၊ မေလ ဖတ်နေတာ တွေ့ဖူးတယ်၊ အကြည်တော်ပါ"

"ဟုတ်မယ်၊ ဟုတ်မယ်၊ မျက်စိက သိပ်မကောင်းတော့ သဲသဲကွဲကွဲ မမြင်လိုက်ရဘူး၊ ဒါနဲ့ နေစမ်းပါအုံး၊ ခုန မေးတာတွေက ဘာအတွက်





လဲ၊ စကားပြောရင် ပဟေဠိ ဖွက်သလို လုပ်တတ်တဲ့အကျင့်က ခုထိ မပျောက်သေးဘူး"

"တခြားမဟုတ်ဘူး၊ ညတုန်းက မေလဆီကို မောင်ဖိုး ဖုန်းဆက်တယ်"

ဆိုပြီး ကြားမိသမျှ ပြောပြလိုက်သည်။

"အဲဒါ မောင်ဖိုးက မေလကိုများ ဖွင့်ပြောလိုက်ပြီလားလို့"

"စောစောက မေးတာတွေက အဲဒါနဲ့ ဘယ်လို ပတ်သက်လို့လဲ"

"အော်. . . ယောက်ျားလေးတစ်ယောက်ဟာ မိန်းကလေး တစ်ယောက်ကို စိတ်ဝင်စားနေမိပြီဆိုရင် မူပြောင်းလာတတ်တယ်၊ ထူးထူးခြားခြား ငိုင်သွားတာမျိုး၊ အလကားနေရင်း သဘောကောင်းနေတာမျိုး၊ ရှက်တရက် အူမြူးနေတာမျိုး ဖြစ်လာလေ့ ရှိတယ်၊ အဲဒါကို လှအနေနဲ့ စောင့်ကြည့်ပေးစမ်းပါ၊ ကိုယ်လဲ မေလကို အကဲခတ်လိုက်မယ်၊ အဲအဲ. . . ဒါနဲ့ မေးရအုံးမယ်၊ လှ ငယ်ငယ်တုန်းကတော့ ကိုယ့်ဆီက စကားစလာတဲ့အခါ ဘယ်လို ဖြစ်သွားသလဲ"

"အို. . . ဘယ့်နှယ် အိုကြီးအိုမကျမှ ကလေးကလားတွေ"

"ဟာ. . . မဟုတ်ပါဘူး၊ အဲဒီအကြောင်း သိရရင်. . . မေလကို အကဲခတ်ကြည့်တဲ့အခါ အထောက်အကူ ဖြစ်အောင်လို့ပါ"

ဒေါ်လှလှဘက်က ခဏဆိုင်းသွားပြီးမှ. . .

"ကျွန်မလဲ မမှတ်မိတော့ပါဘူး၊ လူကြီးတွေ ရိပ်မိကုန်မှာကို စိုးရိမ်မိတာပဲ သိတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဘယ်သူကမှ သတ်ာမကင်း မဖြစ်ပဲနဲ့ ကိုယ့်ဟာကိုယ် စိတ်မလုံတာမျိုးပေါ့၊ အဲဒီအချက်က အသုံးဝင်နိုင်တယ်၊ ဒီမှာလှ၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ အကြံအစည်ကတော့ အောင်မြင်တော့မယ် ထင်တယ်. . . အဲ"

ဒေါ်မြမေ ဧည့်ခန်းထဲ ဝင်လာသည်။ ဖုန်းကိုင်ထားသေးသော ဦးစိန်မောင်းကို မြင်ပြီး မျက်မှောင်ကုတ်လိုက်သည်။ ဦးစိန်မောင်ကလည်း. . .

"အဲ. . . အဲ. . . အိုကေ. . . အိုကေ၊ ဒါပဲနော် သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclasssic.com



ဟု စကားဖြတ်ပြီး ဖုန်းချလိုက်သည်။ ဒေါ်လှလှသည် 'သူငယ်ချင်း'ဟု အခေါ်ခံလိုက်ရသဖြင့် အူကြောင်ကြောင် ဖြစ်သွားသည်။ ပြီးမှ 'ကိုစိန်မောင်း တစ်ယောက်ဟာ ခုထိ ရွှတ်တတ်တုန်းပဲ' ဟု တွေးမိပြီး ပြုံးလိုက်၏။

ဒေါ်မြမေကတော့. . . စောစောက 'အကြံအောင်တော့မယ်' ဆိုလား နားစွန်နားဖျား ကြားမိသဖြင့်. . .

"ဘယ့်နှယ်၊ မနက်စောစောစီးစီးကြီး ဘယ်သူ့ဆီ ဖုန်းဆက်နေတာလဲ"

"ကိုယ်က ဆက်တာ မဟုတ်ပါဘူး. . . ဟို. . ."

"အမယ်၊ ထူးထူးဆန်းဆန်း ကိုယ်တွေဘာတွေနဲ့ ပြောလို့ သူငယ်များ ပြန်နေပြီလား"

ဦးစိန်မောင်းသည် မလုံမလဲ ဖြစ်သွားပြီး 'ဟာကွာ'ဟု ရေရွတ်လိုက်မိ၏။

"ဘယ်သူ ဆက်တာလဲ"

ဒေါ်မြမေက ထပ်မေးသည်။

"ဟိုဒင်းပါ၊ ဘထွန်း ဆက်တာ"

ရုတ်တရက် ခေါင်းထဲ ပေါ်လာသော နာမည်ကို ပြောလိုက်၏။

"အလိုတော် ကိုဘထွန်းက ဆုံးသွားတာပဲ သုံးနှစ်လောက် ရှိနေပြီ၊ ဘာလဲ နတ်ပြည်မှာ ဂျီအက်စ်အမ်ဖုန်းတွေ ချပေးလို့ လှမ်းဆက်တာတဲ့လား"

"ပါးစပ်က လွတ်ကနဲ ထွက်သွားတာပါ၊ ဟိုဒင်းလေ၊ ဟို. . . ကိုထွန်းဆိုင် ဆက်တာပါ"

"ဘာတဲ့လဲ၊ ညနေကျရင် ဆုံရအောင် ကိုမြတ်ကျော်ကိုပါ ဝင်ခေါ်ခဲ့ပါ၊ ဒါပဲ မဟုတ်လား"

ဦးစိန်မောင်းမှာ မျှောလိုက်သွားရုံသာ ရှိသဖြင့် ရယ်ကျဲကျဲ လုပ်နေလိုက်သည်။

"အံ့ပါရဲ့တော်၊ သောက်ဖို့စားဖို့ကိုများ မနက်လင်းအားကြီးမှာ



ဖုန်းဆက်ပြီး ချိန်းရတယ်လို့ အသက်တွေကဖြင့် ကြီးလှပြီ၊ ဘုရားတရားလေး ဘာလေး ဖက်မယ် စိတ်မကူးဘူး"

ဦးထွန်းဆိုင်နှင့် ဦးမြတ်ကျော်တို့ခမျာ မဆီမဆိုင် အပြောခံလိုက်ရသဖြင့် ဦးစိန်မောင်း ကြိတ်ပြုံးမိ၏။ နာမည်ဖျက်လက်စနဲ့ မထူးဘူး ဒီညနေ တကယ်ပဲ ဆုံလိုက်ကြရင် ကောင်းမယ်ဟုလည်း စိတ်ကူးရသွားသည်။

ဒေါ်လှလှ ဘုရားဆက်ရှိခိုးသည်။ သို့ရာတွင် စိတ်က မဖြောင့်တော့၊ တချက်တချက် အာရုံလွင့်လွင့်သွားသည်။ နှစ်ဆယ့်လေး ပစ္စည်းကို ရွတ်ရာမှာ 'မေလ ပစ္စယော' ဟု မှားဆိုမိသည်။ ဖိုးတန်ဆီ စိတ်ရောက်သွားသဖြင့် ရွတ်လက်စ ဘုရားစာ ဘယ်နေရာ ရောက်ပြီလဲဆိုတာ မေ့သွားသဖြင့် အစက ပြန်ရွတ်ရသည်။

"ငါ့နှယ်နော်၊ မနက်တိုင်း ဘုရားရှိခိုးနေပေမယ့် သမာဓိအားက မခိုင်သေးပါလား"

ဟု တွေးတော ဆင်ခြင်မိ၏။

ဖိုးတန်ရဲ့ အခြေအနေ ဘယ်လိုရှိသလဲ၊ ပုံမှန်အတိုင်း ဟုတ်မဟုတ် စောင့်ကြည့် အကဲခတ်လိုက်စမ်းပါဟု ဦးစိန်မောင်းက အကြံပြုထားသည်။ ထို့ကြောင့် ဖိုးတန် နိုးလာမည့်အချိန်ကို စောင့်နေလိုက်၏။

ဟိုကောင်က ရှစ်နာရီထိုးကာနီးမှ အိပ်ရာက ထလာသည်။ သူ ကြိုက်တတ်သော ညှပ်ခေါက်ဆွဲနှင့် မန္တလေး ပဲကြော်ကို ထမင်းစားစားပွဲပေါ်မှာ အဆင်သင့် ပြင်ပေးထားလိုက်သည်။

ဖိုးတန်က အိပ်ရေးမဝသေးဟန်ဖြင့် မျက်လုံးကို ပွတ်ရင်း ဝင်လာသည်။ ဦးစိန်မောင်း မှာထားသလို အမူအရာ ထူးခြားမှုများ ရှိနေသ

www.burmeseclassic.com

www.burmeseclasssic.com



လားလို့ အကဲခတ်ကြည့်သည်။ နည်းနည်းတော့ ငိုင်နေသလိုပဲ၊ ညှပ်ခေါက်ဆွဲကို ခါတိုင်းလို အငမ်းမရ မဟုတ်ဘဲ ခပ်မှန်မှန် စားနေသည်။ တစ်ခုခု တွေးနေသလိုလဲ ထင်ရ၏။

"ဖိုးလေး၊ နေလို့မှ ကောင်းရဲ့လား၊ ငိုင်တိုင်တိုင်နဲ့"

ဟု ဒေါ်လှလှက မေးလိုက်သည်။ ဖိုးတန်က ပြန်မဖြေဘဲ. . .

"ဒီကောင့်ကို မသေသေအောင် သတ်မယ်"

ဟု ရေရွတ်လိုက်သည်။

ဒေါ်လှလှ မျက်လုံးပြူးသွား၏။ တပြိုင်နက်ထဲမှာ တစ်စုံတစ်ခုကို ဆက်စပ်တွေးကြည့်မိ၏။ မေလနှင့် ပတ်သက်ပြီး သူ့မှာ ပြိုင်ဘက်တွေ့နေလို့လား၊ တစ်ဖက်လူက အသာစီး ရနေလို့ မကျေမချမ်း ဖြစ်နေတာလား၊ တစ်ခုခုများ စိတ်လိုက်မာန်ပါ လုပ်လိုက်ရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မှာပဲဟု တွက်ပြီး. . .

"သားရယ် စိတ်ကို ထိန်းမှပေါ့၊ ဘာတွေများ မကျေနပ်စရာ ရှိလို့လဲ၊ ဘွားလှကို ပြောပါအုံး"

"ဟာ. . . ဘွားလှကလဲ၊ ညက ကစားတဲ့ ဂိမ်းထဲက ကောင်ကို ပြောတာပါ၊ သုံးညရှိပြီ လွတ်လွတ်သွားတာ၊ ဒီညတော့ ရအောင် သတ်ရမယ်၊ အဲဒါ ပြောတာပါ"

ကော်ဖီ ငုံ့သောက်သည်။ ပြီးတော့ ထထွက်သွားသည်။ ဒေါ်လှလှ ခဏမျှ ထိုင်စဉ်းစားသည်။ ထို့နောက် ဖိုးတန်၏ အခန်းရှိရာသို့ လိုက်သွား၏။

ဖိုးတန်က ဘီရိုဖွင့်ပြီး အဝတ်အစား ရွေးနေသည်။ ဒေါ်လှလှက 'ဖိုးလေး' ဟု ခေါ်လိုက်သည်။ ဖိုးတန်က လှည့်ကြည့်ပြီး. . .

"ဟာ. . . ယောကျ်ားပျိုလေး တစ်ယောက်ထဲ ရှိတဲ့ အခန်းထဲကို မပြောမဆိုဘဲ ဝင်လာရသလား"

"အောင်မယ် ငါ ခေါက်လိုက်ရ၊ ကိုယ့်အဘွားကို ဒီလို ပြောရလား"

ဒေါ်လှလှက ခေါင်းခေါက်မည့်ဟန် လက်နှင့် ရွယ်ရင်း ရယ်



လိုက်သည်။

"မထူးပါဘူး၊ လူလစ်တုန်း ဘွားလှကို မွှေးမွှေးပေးရမယ်"

ဆိုပြီး ဖိုးတန်က ဖက်နမ်းလိုက်သည်။ နံ့သာဖြူနံ့ သင်းကနဲ ရလိုက်၏။ ဒေါ်လှလှက. . .

"အို ဒီကလေးဟာနော်၊ နေစမ်းပါအုံးဟဲ့၊ ဒီမှာ မေးစရာ ရှိလို့"

သူသည် လူကဲခတ် ကောင်းလှသူ မဟုတ်၊ ဦးစိန်မောင်း မေးသလို တစေ့တစောင်းတွေဘာတွေ စောင့်ကြည့်မနေနိုင်တော့။

"ဘာမေးမလို့လဲ"

ဖိုးတန်က ဘောင်းဘီတစ်ထည်ကို ထုတ်ယူပြီးမှ စိတ်တိုင်းမကျဟန်ဖြင့် ပြန်ပစ်ထည့်လိုက်ရင်း မေးသည်။

"ဒီလိုပါကွယ်၊ ဟိုဒင်းလေ၊ ငါ့သားမှာ ရည်းစားတွေဘာတွေများ ရှိနေပြီလား သိချင်လို့ပါ"

"ဟာ. . . ဘာဖြစ်လို့ ရုတ်တရက်ကြီး မေးရတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ခုတလော ငါ့သား ကြည့်ရတာ တမျိုးပဲ၊ တခါတခါ ငိုင်နေသလိုမျိုးပဲ၊ အဲဒါကြောင့် မေးကြည့်တာပါ၊ ရည်းစားပူများ မိနေသလားလို့"

ဖိုးတန်က စိတ်ပျက်အားလျော့နေပုံမျိုးဖြင့် ကုတင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး. . .

"ကျွန်တော်လိုကောင်ကို ဘယ်ကောင်မလေးက ကြိုက်မှာမို့လို့လဲ"

"ဘာလို့ မကြိုက်ရမှာလဲ၊ ငါ့မြေးက လူချောပဲဟာ၊ ကောင်မလေးတွေ ဝိုင်းလိုက်နေမှာကိုတောင် ဘွားလှက စိုးရိမ်နေတာ"

ဟု ပြောပြီး ဖိုးတန်၏ ဆံပင်များကို သပ်ပေးနေသည်။

ဖိုးတန်က. . .

"ခုခေတ်မှာ ရုပ်ရည်က အဓိက မဟုတ်တော့ဘူး ဘွားလှရဲ့၊ စတိုင်ကပဲ အရေးကြီးတာ"

"စတိုင် ဟုတ်လား"

www.burmeseclasssic.com

www.burmeseclasssic.com



"ဟုတ်တယ်၊ အဓိကကတော့ အဝတ်အစားပေါ့"

ပြောရင်းက နည်းနည်းဟနေသော ဘီရိုတံခါးကို ခြေထောက်နှင့် မသိမသာ တွန်းပိတ်လိုက်ပြီး. . .

"သားမှာ ဘောင်းဘီကောင်းကောင်း မရှိဘူး"

ဒေါ်လှလှက 'ဘောင်းဘီ' ဟု ရေရွတ်ရင်း ဘီရိုဆီ တစ်ချက်လှမ်းကြည့်သည်။ ဖိုးတန်က ခေါင်းကုတ်လိုက်ပြီး. . .

"ဘောင်းဘီတွေတော့ ရှိတာပေါ့၊ ဒါပေမယ့် ဟောင်းကုန်တာက များနေတယ်၊ ပုံစံတွေကလဲ အောက်နေပြီ၊ နောက်ဆုံး ဝင်လာတဲ့ တံဆိပ်အသစ် ဒီဇိုင်းအသစ်တွေ ဝတ်နိုင်မှ စတိုင်ကျမှာ၊ သားမှာ မရှိသေးတော့ လူတွေက အထင်သေးချင်တယ်၊ မေလကတောင် သားကို ခပ်နှိမ်နှိမ် ပြောသေးတယ်"

"ဘာ မေလက"

"ဟုတ်တယ်၊ ဟိုတလောက သား ဝတ်ထားတဲ့ ဘောင်းဘီကိုကြည့်ပြီး နင်တို့အဘိုးဆီက အမွေရထားတာလားလို့ ရိလိုက်သေးတယ်"

"အမယ် သူက ဒီလိုပြောသလား"

"အဲဒါနဲ့ သားလဲ ရှက်ပြီး သူတို့အိမ်ဘက်တောင် မသွားဖြစ်ဘူး"

ဒေါ်လှလှ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ကဲကဲ ဘောင်းဘီအသစ်တစ်ထည် ဘွားလှ ဝယ်ပေးမယ်၊ ပြီးရင် အဲဒါကို ကျကျနန ဝတ်ပြီး မေလတို့အိမ်ကို သွားကြွားလိုက်စမ်း၊ ကြားလား"

"ကောင်းတယ် ဘွားလှ၊ ဒါမှ သားကို မနှိမ်ရဲတော့မှာ"

"ဒါနဲ့ ဘောင်းဘီက ဘယ်လောက် ပေးရမှာလဲ"

"တစ်သောင်းကျော်လောက်တော့ ပေးရမယ်"

"ဘာ တစ်သောင်း၊ ဘောင်းဘီတစ်ထည်ကို အဲဒီလောက်တောင် ပေးရသလား"

"ဘွားလှတို့ ငယ်ငယ်က သုံးပြားပဲ ပေးရတယ်ဆိုတဲ့ လက်ဖက်ရည် တစ်ခွက်တောင် ခု တစ်ရာ့ငါးဆယ် နှစ်ရာ ဖြစ်နေပြီလေ၊ တွက်



ကြည့်ပါအုံး၊ ပြီးတော့ သား ဝယ်မယ့် ဘောင်းဘီက ခပ်ညံ့ညံ့ မဟုတ်ဘူး၊ အကောင်းစားနော်၊ 'လေးဘန်း'ဆိုတဲ့ တံဆိပ်နဲ့ ပြင်သစ်က လာတာ"

"ပိုက်ဆံက နည်းနည်း များနေတော့"

"ဘွားလှမှာ ရှိပါတယ်၊ ဘဏ်မှာ ငွေစုစာအုပ် လုပ်ထားတယ် မဟုတ်လား"

"အဲဒါလဲ ငါ့မြေးအတွက်ပါပဲ၊ မင်း မင်္ဂလာဆောင်တဲ့အခါ သုံးဖို့ ထားတာ"

"ဘာထူးလဲ၊ ဒီဘောင်းဘီကို ဝယ်ဝတ်မှ ကောင်မလေးတွေက ကြိုက်မှာလေ၊ အဲဒါမှ မင်္ဂလာဆောင်လို့ ရမှာပေါ့၊ ဒီတော့ ကြိုတင်ရင်းနှီးမြှုပ်နှံထားတယ်လို့ သဘောထားလိုက်ပေါ့"

ပြောရင်း အကဲခတ်ကြည့်သည်။ ဒေါ်လှလှမှာ တွက်ချက်ချိန်ဆနေဟန် တူ၏။ ရသလောက် ကဲ့ယူမှပဲဟု တွေးပြီး. . .

"အားလုံး ပေးရမယ်လို့ မဆိုလိုပါဘူး၊ သားမှာလဲ စုထားတာရှိပါသေးတယ်၊ ဘွားလှ ငါးထောင်ပဲ စိုက်၊ အဲဒီလောက်တော့ ဖြစ်တယ် မဟုတ်လား"

ဒေါ်လှလှ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး. . .

"ဒီအတိုင်းပဲ သတ်မှတ်လိုက်တော့မယ်နော်"

"ကဲ. . . ပြီးရော၊ ပြီးရော"

ဖိုးတန်က ဒေါ်လှလှ၏ ပါးနှစ်ဖက်ကို ဖွဖွလေး ဆွဲလိမ်လိုက်သည်။

"ဒါနဲ့ ဒီအကြောင်း ဖေဖေတို့ မေမေတို့ကို သွားမပြောနဲ့နော်"

"အေးပါဟဲ့၊ ငါသိပါတယ်"

စိတ်ထဲကတော့ ကလေးကို အဝတ်အစားလေးဘာလေး ထပ်ဝယ်ပေးကြအုံးလို့ ပြောအုံးမှဟု တေးမှတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclasssic.com



ဦးစိန်မောင်းသည်လည်း မေလကို စောင့်ကြည့် အကဲခတ်သည်။ မသက်သာစရာရယ်လို့ မတွေ့ရ။ လူကြီးတွေ မသိအောင် တစ်ခုခု ဖုံးကွယ်ထားတာမျိုး၊ လျှို့ဝှက်ချက် ရှိလို့ မလုံမလဲ ဖြစ်နေတာမျိုး လုံးဝမရှိ။

သူ့အခန်းထဲကို အလစ်မှာ ဝင်ပြီး ရှာဖွေ စစ်ဆေးကြည့်သေးသည်။ မေလက အခန်းကို သော့ခတ်ထားလေ့ မရှိ။ တံခါးတောင် ပိတ်ချင်မှ ပိတ်သည်။ ခုလည်း အခန်းတံခါးက တခြမ်းပိတ်ထားသဖြင့် အလွယ်တကူ ဝင်နိုင်သည်။

မေလ၏ အခန်းသည် တခြားမိန်းကလေးတွေ အခန်းလို 'ဘရက်ပစ်' တို့ 'စိုင်းစိုင်းခမ်းလှိုင်' တို့ ပုံမျိုးတွေ ကပ်ထားတာ မတွေ့ရ။ လစ်တာပုံးအသင်းမှ အင်္ဂလန် ဘောလုံးသမား 'စတီဖင် ဂျရတ်'နှင့် ဘရာဇီးမှ 'ရော်နယ်ဒင်ဟို'တို့၏ပုံ ပိုစတာကြီးတွေသာ ကပ်ထားသည်၊ 'ရော်နယ်ဒင်ဟို'ရဲ့ပုံကို ဝယ်လာစဉ်က ဒေါ်မြမေက. . .

"အံ့ပါရဲ့ကွယ်၊ ဒရက်ကူလာပုံကိုများ ပိုက်ဆံအကုန်ခံပြီး ဝယ်



လာရတယ်လို့"

ဟု ပြောခဲ့သေးသည်။

စာရေးစားပွဲအံဆွဲက တဝက်တပြက် ပွင့်နေသည်။ ဦးစိန်မောင်း ဝင်မွှေချင် မွှေလို့ရအောင် တမင်တကာ အဆင်သင့် ဆွဲထုတ်ပေးထားသလားတောင် ထင်ရ၏။

အံဆွဲထဲမှာ စာသုံးလေးစောင် တွေ့သည်။ မိန်းကလေး သူငယ်ချင်းတွေ ရေးသော စာများသာ ဖြစ်၏။ တစ်ယောက်ကတော့ မေလကို 'ယောင်းမရေ'ဟု ခေါ်ဝေါ်သုံးနှုန်းပြီး ရေးထားသည်။ မေလကို သူ့အစ်ကိုတွေ မောင်တွေနဲ့ သဘောတူနေလို့လား၊ ဖိုးတန်ကိုပဲ မေလရဲ့ အစ်ကိုလို သဘောထားပြီး ရည်ညွှန်းသလားဟု တွေးပြီး စိုးရိမ်သလို ဖြစ်ရသေးသည်။

ဓါတ်ပုံအယ်လ်ဘမ်တစ်အုပ် တွေ့သည်။ အများစုက မိန်းကလေး သူငယ်ချင်းတွေနဲ့ စုရိုက်ထားသော ပုံများသာ ဖြစ်၏။ တနေရာမှာတော့ ဖိုးတန်၏ပုံကို တွေ့သဖြင့် ရုတ်တရက် အားတက်သွားမိ၏။ သို့ရာတွင် ချစ်သူကို ပေးသောပုံမျိုး မဟုတ်။

ပုံထဲမှာ ဖိုးတန်က ဘောင်းဘီတိုလေးသာ ဝတ်ထားသည်၊ အပေါ်က အင်္ကျီမပါ။ အာနိုးတို့လို ကာယဗလမောင်တွေ ကိုယ်ဟန်ပြသကဲ့သို့ သိပ်မရှိသော ကြွက်သားတွေကို ဖွစ်ညစ် ထုတ်ပြနေသည်။ မျက်နှာက စပ်ဖြဲဖြဲ။

ဓါတ်ပုံကို ဆွဲထုတ်ပြီး ကျောက စာကို ကြည့်လိုက်တော့. . .

'မောင်စကြာဝဠာ လူသန်ကြီး အာဖိုး'

အောက်ကမှ မေလ လက်ရေးဖြင့် 'အရူး'ဟု ရေးထား၏။

ဒါတွေကို ကြည့်ခြင်းအားဖြင့် အခြေအနေက သိပ်တော့ အားရစရာ မရှိ၊ ဖိုးတန်က ဖွင့်ပြောပြီး မေလက စဉ်းစားဆဲ ဖြစ်ချင်ဖြစ်မှာဟု စိတ်ကို ဖြေရ၏။

◈ ◈ ◈

www.burmeseclasssic.com

www.burmeseclasssic.com



ညည့်ခန်းထဲမှာ လူသုံးယောက် ထိုင်နေကြသည်။ ညည့်သည်တွေတော့ မဟုတ်၊ အိမ်ရှင်တွေချည်းသာ ဖြစ်၏။ သူတို့သည် အတွေးကိုယ်စီနှင့် ငြိမ်သက်စွာ ထိုင်နေကြသည်။ ထူးခြားတာကတော့ သူတို့သုံးယောက်၏ အတွေးတွေက ဖွင့်ဟ တိုင်ပင်ခြင်း မပြုရပါပဲလျက် တူညီနေကြခြင်းပင် ဖြစ်၏။ ဖိုးတန်နှင့် မေလတို့အကြောင်း။

"မောင်ဖိုးတစ်ယောက်လဲ ပေါ်မလာပြန်ဘူး"

ဒေါ်မြမေက အရင်ဆုံး အသံထွက်လာသည်။

"ဟုတ်ပါရဲ့၊ မေလနဲ့များ ရန်ဖြစ်ထားလို့လား မသိဘူး"

ဟု ဒေါ်ရင်ရင် ဝင်ပြောသောအခါ ဦးစိန်မောင်းက. . .

"မဖြစ်နိုင်ပါဘူး၊ ဟိုတစ်ရက်ကတောင် ဖုန်းဆက်သေးတာပဲ"

"နေများ မကောင်းလို့လား မသိဘူး၊ ဟဲ့ ရင်ရင်၊ ခင်မြဝင်းဆီ ဖုန်းဆက်မေးစမ်းပါအုံး"

"ကျွန်မလဲ အဲဒါ စဉ်းစားနေတာ"

"ငါ ဆက်လိုက်မယ်"

ဦးစိန်မောင်းက ပြောရင်း ထိုင်ရာမှ ထမည်ပြုစဉ်. . .

"ဘိုးဘိုး၊ ဘွားဘွား၊ ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို မမများက သားသားလေးကို မျှော်နေကြတယ်လား၊ ဟုတ်လား"

ဟု ဇာတ်မင်းသား လေသံမျိုးဖြင့် ပြောရင်း တံခါးပေါက်ဝမှာ ဖိုးတန် ပေါ်လာသည်။

"ဟော"

"ဟော"

"ဟော"

သုံးယောက်စလုံး ပြိုင်တူ ရေရွတ်သည်။ သူတို့ တ,လိုက်လို့ပဲ ဖိုးတန်က ရုတ်တရက် ရောက်လာသလို အံ့ဩဝမ်းသာကုန်ကြသည်။

"အသက်ရှည်အုံးမယ်"

ဟု ဒေါ်မြမေက ပြောသည်။

ဖိုးတန်က ရုတ်တရက် လေးဘက်ထောက်လိုက်ပြီး ဧည့်ခန်းထဲ



ဝင်လာသည်။

"ဟဲ့ဟဲ့၊ ဘယ်လိုဖြစ်တာလဲ"

ဒေါ်ရင်ရင်က မေးတော့. . .

"ဘိုးဘိုးက ဒီမှာ ထိုင်နေတယ်၊ ဘွားမြက ဟိုမှာ ထိုင်နေတယ်၊ ဒေါ်လေးရင်က ဒီဘက်မှာလေ၊ လူကြီးတွေရှေ့က ဖြတ်လျှောက်တဲ့အခါ တချိန်လုံး ခါးကိုင်းပြီး ခေါင်းငုံ့ထားရမယ့်တူတူ ခုလို သွားလိုက်တော့ တခါတည်း ပြီးရောပေါ့"

"ဒီကလေးကတော့ လုပ်ရော့မယ်"

ဒေါ်မြမေက ပြောရင်း ရယ်နေသည်။ ဖိုးတန်က ဟိုဘက်ရောက်တော့မှ လေးဘက်ထောက် သွားနေရာမှ ကြမ်းပေါ်မှာ တင်ပလ္လင်ခွေ ထိုင်လိုက်၏။ ဦးစိန်မောင်းက. . .

"ကဲ ဘယ်လိုလဲ မြမေ၊ မောင်ဖိုး လာရင် ပျော်ရတယ်ဆို၊ ခုတော့ ကျေနပ်သွားပြီ မဟုတ်လား"

"ဟုတ်ပါရဲ့၊ တစ်မနက်လုံး ငြီးစီစီ ဖြစ်နေတာ၊ ခုမှပဲ စိတ်ထဲပေါ့သွားတော့တယ်"

"မေမေက ဒီလောက်တောင် ဖြစ်နေရင်လဲ မောင်ဖိုးကို အိမ်ကိုသာ ခေါ်ထားလိုက်ပါတော့"

ဟု ဒေါ်ရင်ရင်က အဓိပ္ပါယ်ပါပါ ပြောလိုက်သည်။

"အေးဟဲ့၊ ငါက တခါထဲ အပြီးအပိုင် မွေးစားထားဖို့တောင် စဉ်းစားထားတာ"

"ကောင်းတယ်ကွ၊ ဘယ့်နှယ့်လဲ မောင်ဖိုး"

ဖိုးတန်သည် ကလေးလေးတစ်ယောက်လို မျက်လုံးလေး ကလယ် ကလယ် လုပ်နေရာမှ. . .

"နေတော့ နေချင်ပါတယ် ဘိုးဘိုးရယ်၊ ဒါပေမယ့် ဒီအိမ်မှာ အသက်ငယ်သလောက် လေကျယ်တဲ့သူက ရှိနေတော့"

ဟု ပြောနေစဉ်မှာပင် သူ့ခေါင်းကို လိမ္မော်ခွံတစ်ခုက ဖတ်ကနဲ လာမှန်သည်။ လှည့်ကြည့်တော့ လှေကားထိပ်မှာ ခါးထောက်ပြီး ရပ်နေ

www.burmeseclasssic.com

www.burmeseclasssic.com



သော မေလကို တွေ့ရ၏။

"အမယ်၊ ဟဲ့ ငဖိုး၊ ကြည့်စမ်း၊ ရာရာစစ၊ လူကြီးတွေ စကားဝိုင်းထဲ ဝင်ပြောနေရသလား၊ နင့်ကို ကြမ်းတွေ ပြောင်အောင် တိုက်ဖို့ ငါ မှာထားတယ် မဟုတ်လား၊ ဘာလဲ လခအဖြတ်ခံချင်လို့လား"

ဖိုးတန်သည် တာထွက်ခါနီး အပြေးသမားတွေလို ခြေထောက်ကို စုံကန်ပြီး အားယူဟန် ပြုလိုက်သည်။ မေလကလည်း ရိုပ်မိသဖြင့် အပေါ်ထပ်သို့ တက်ပြေးသည်။ ဖိုးတန်က 'ဂိ' ဟု အော်ပြီး နောက်က ပြေးလိုက်သွားသည်။ လူကြီးသုံးယောက်တို့လည်း ကျေနပ်စွာ ပြုံးပြုံးကြီး ဖြစ်နေကြ၏။

"သိပ်လိုက်ဖက်ညီတယ်၊ ငါတို့လိုပဲ"

ဟု ဦးစိန်မောင်းက ပြောသောအခါ ဒေါ်မြမေက မျက်စောင်းထိုးလိုက်သည်။

◈ ◈ ◈

ဖိုးတန်က 'ငါ နည်းနည်းထောလာတယ်၊ နင် ဘာစားချင်လဲ၊ ငါ ဝယ်ကျွေးမယ်'ဟု ပြောသဖြင့် 'ရွှေပုဇွန်'မှာ သွားထိုင်ကြသည်၊ မေလက ဒိုမိနို မှာသည်။

"သူများပိုက်ဆံကျတော့ ဈေးကြီးတာ မှာတယ်"

ဟု ဖိုးတန်က ပြောတော့ မေလက. . .

"နင်ပဲ ထောလာတယ်ဆို"

"သိပ်အများကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် နင့်ကိုတော့ စေတနာ ရှိပါတယ်၊ နင်သာ စားချင်တယ်ဆိုရင် ငါစားထားတာတွေ ပြန်အန်ပြီး ကျွေးရင်တောင် ကျွေးနိုင်ပါတယ်"



"အေးဟာ ငါလဲ ဒီလိုပါပဲ၊ နင်သာ စားချင်တယ်ဆိုရင်"

"တော်ပြီ၊ တော်ပြီ၊ ဆက်မပြောနဲ့၊ နင့်စေတနာကို ငါ မှတ်ထားလိုက်မယ်"

ဒီဆိုင်မှာ နို့အေးလည်း ကောင်းသည်။ သို့ရာတွင် ဖိုးတန်က မဝဘူးဆိုပြီး နွားနို့ဗူးကြီးတဗူး ဝယ်၍ တကျိုက်ပြီးတကျိုက် မော့သောက်နေသည်၊ မေလက မေးသည်။

"ကဲ ပြောပါအုံး၊ နင် ဘာကြောင့် ထောလာရတာလဲ"

"နင် ဘယ်လိုထင်လဲ"

"ထုံးစံအတိုင်း လူကြီးတွေဆီက လှည့်ပတ်တောင်းလာတာ ဖြစ်မှာပေါ့"

"အေး ဟုတ်တယ်ဟ"

ဆိုပြီး ဒေါ်လှလှဆီက ဘောင်းဘီဖိုး ညာတောင်းတဲ့အကြောင်း ပြောပြသည်။ မေလက ရယ်ပြီး. . .

"နင်ကတော့လေ၊ ပေါက်ပေါက်ရှာရှာ၊ လေးဘမ်း တံဆိပ်ရယ်လို့ ဒါနဲ့ ဘွားလှကတော မရိပ်မိဘူးလား"

"ဘွားလှက နည်းနည်း အ,တယ်လေ၊ နင်သိသားပဲ"

"ကဲ တကယ်လို့ ဘွားလှက သူဝယ်ပေးတဲ့ ဘောင်းဘီ ဘယ်မှာလဲ ပြစမ်းပါအုံး ပြောလာရင် ဘယ်လိုလုပ်မလဲ"

"ဖိုးတန်ပါဟ၊ မပိုင်ဘဲ လုပ်ပါ့မလား၊ ငါ့ဆီမှာ အထည်ချုပ်စက်ရုံက ပယ်ထည်တွေ ပေါပေါလောလောနဲ့ ချရောင်းတုန်းက ဝယ်ထားတဲ့ ဘောင်းဘီတစ်ထည် ရှိတယ်၊ ရုတ်တရက် ကြည့်ရင် အကောင်းစားအတိုင်းပဲ"

"တံဆိပ်ကျတော့ရော"

"အဲဒါ ပညာသားပေါ့ဟ၊ ငါ့သူငယ်ချင်း တစ်ယောက် ရှိတယ်၊ မြတ်သူတဲ့၊ သူက ကွန်ပျူတာ ကျွမ်းတယ်လေ၊ သူ့ကို စတစ်ကာတစ်ခု လုပ်ခိုင်းပြီး ဘောင်းဘီမှာ မီးပူနဲ့ ထိုးပြီး ကပ်လိုက်တာပေါ့၊ နင်တောင် သတိမထားမိဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclasssic.com



"ဘာကို သတိမထားမိတာလဲ"

"အဲဒီဘောင်းဘီက အခု ငါဝတ်ထားတာလေ"

ဟု ပြောပြီး ဖိုးတန်က မတ်တတ်ရပ်ပြီး တစ်ဖက်ကို လှည့်ပြသည်။ ဘောင်းဘီ၏ နောက်ဖက်အိတ်ပေါ်မှာ 'Lay Bun' ဟု အင်္ဂလိပ်စာလုံးဖြင့် ရိုက်နှိပ်ထားသည်။ ဖောင်းကြွ စတစ်ကာ ဖြစ်သောကြောင့် တကယ့်တံဆိပ်လို သပ်သပ်ရပ်ရပ် ဖြစ်နေ၏။

မေလ မရယ်ဘဲ မနေနိုင်။

"နင် တော်တော်ရှုပ်တဲ့ကောင်ပဲ"

ဟု ရယ်ရင်းက ပြောသည်။ ထို့နောက် ဒိုမီနိုကို လက်စသတ်လိုက်ပြီး ဗိုက်ကို ပွတ်ရင်း. . .

"စားလို့ကောင်းလိုက်တာဟာ၊ ကျေးဇူးပဲ"

"အင်း. . . ဂုဏ်ယူပါတယ်"

"တကယ်ပြောတာဟ၊ စားချင်နေတာ ကြာပြီ၊ ဗိုက်ဆံကလဲ ပြတ်နေ၊ အဖော်ကလဲ မရှိလို့ အောင့်ထားရတာ၊ ဟိုတရက်ကဆိုရင် ခုနေခါများ တစ်ယောက်ယောက်က သူ့ကို လက်ထပ်မယ်ဆိုရင် ဒိုမီနို ကျွေးမယ်လို့ ပြောလာရင်တောင် လက်ခံမိမှာပဲလို့ တွေးမိတဲ့အထိပဲ"

"ဟင်. . . နင့်ဟာကလဲ ဈေးပေါလိုက်တာ၊ အော်. . . မေလ၊ မေလ နင် မရိုးတော့ဘူး ထင်တယ်"

"ဘာ မရိုးတာလဲ"

"ငါက ဖွင့်ပြောလာအောင် လမ်းကြောင်းပေးတဲ့ စကား ပြောတာ မဟုတ်လား၊ ဒီအတိုင်းဆိုရင် ငါ ဗိုက်ဆံရှင်းလို့ မဖြစ်တော့ဘူး၊ တော်ကြာ နင့်ကို ယူနေရအုံးမယ်"

"အမယ်၊ ရာရာစစ နင့်လို ငပေါကို ယူမယ့်အစား ဒိုမီနို နှစ်ခွက်ဖိုး ပြန်အမ်းလိုက်မယ်၊ အဲ အခုတော့ ဗိုက်ဆံမရှိသေးဘူး"

"အေး ဟုတ်ပြီ၊ နင့်စကား မှတ်ထားနော်၊ အဲဒီဗိုက်ဆံ ပြန်မအမ်းနိုင်သေးသမျှတော့ နင့်ကို ငါပိုင်တယ်၊ ငါ့ကို ဝတ်ကြီးဝတ်ငယ် ပြုစုရမယ်"



မေလက ဒိုမီနိုခွက်နှင့် လှမ်းပက်လိုက်သည်။ ကုန်သွားပြီ ဖြစ်သော်လည်း အကပ်အသပ် ကျန်နေသော နှစ်စက်သုံးစက်က ဖိုးတန်၏ ပါးပြင်ကို သွားစင်သည်။ ဖိုးတန်က လျှာနှင့် မမှီမကမ်း လှမ်းလျက်သလို လုပ်နေ၏။ မေလက. . .

"နင့်ကို ငါ ပြောပြစရာ တစ်ခု ရှိသေးတယ်"

"ဘာလဲ"

"ခုတလော အိမ်မှာ ငါ့ကို စောင့်ကြည့်နေတယ်လို့ ခံစားရတယ်ဟ"

"ဘာကြောင့်လဲ၊ အိမ်မှာ ဗိုက်ဆံတွေဘာတွေ ပျောက်လို့လား၊ အေးလေ နင်ကလဲ ခြေဆော့လက်ဆော့ ရှိတာကိုး"

"နောက်မနေစမ်းနဲ့၊ ငါ တကယ်ပြောတာ၊ ဟိုတနေ့က ငါ့အခန်းထဲကို ဘိုးဘိုး ဝင်ပြီး မွှေသွားတယ်"

"ဘိုးဘိုးမှန်း နင်က ဘယ်လိုလုပ် သိတာလဲ"

"သိတာပေါ့၊ ငါ ကျောင်းက ပြန်လာတဲ့အချိန်နဲ့ ဘိုးဘိုး ဝင်တဲ့အချိန်နဲ့ သိပ်မကွာလှဘူး ထင်တယ်၊ အခန်းထဲကို ငါဝင်သွားတော့ ဆေးပြင်းလိပ်နံ့တွေ မပြယ်သေးဘူး"

"နင်က ဘယ်ဆိုးလို့လဲဟ၊ စုံရထောက်ဉာဏ် ရှိသားပဲ၊ ငါ့လိုပဲ"

"နင်နဲ့ ဘာဆိုင်လို့လဲ"

"ငါ့အခန်းထဲကိုလဲ မမ ဝင်ပြီး ရှာဖွေရေး လုပ်သွားသေးတယ်လေ"

"မမမှန်း နင်ကတော့ ဘယ်လိုသိလဲ၊ ရေမွှေးနံ့ ကျန်ခဲ့လို့လား"

"မဟုတ်ဘူးဟ၊ ပက်ပင်းကြီး တိုးတာ၊ ငါ အပြင်ထွက်တဲ့အချိန်မှာ မမက အခန်းထဲ ဝင်တာ၊ ငါက ဗိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ ပြန်လာအယူမှာ ငါ့အခန်းထဲ ဝင်ရှာနေတဲ့ မမကို တွေ့တာ"

"ဘာရှာတာတဲ့လဲ"

"အဲဒါ ပြောမလို့၊ ငါ့ကို မြင်တော့ မမက လန့်သွားသလိုပဲ၊ ခိုးကြောင်ခိုးဝှက် လုပ်နေတာ မိသွားလို့ မလုံမလဲ ဖြစ်တဲ့ပုံမျိုးပေါ့၊ အ

www.burmeseclasssic.com

www.burmeseclasssic.com



မယ် သူက သူ့ဘောပင်များ ငါယူသွားသလားလို့ လာရှာတာပါလို့ လိမ့်ချင်သေးတယ်၊ ငါက အစ်အောက် မေးတော့မှ ဘွားလု ခိုင်းလို့ပါလို့ ဝန်ခံတယ်"

"ဘွားလုက ဘာခိုင်းတာလဲ"

"ရည်းစားစာတွေ ဘာတွေများ တွေ့မလားလို့တဲ့ဟာ၊ ငါ့များ အထင်ကြီးလို့"

"နေစမ်းပါအုံး၊ နင့်အခန်းရော ငါ့အခန်းရော တပြိုင်တည်းလိုလို ဝင်အရှာခံရတာ မတိုက်ဆိုင်လွန်းဘူးလား"

"အေး ဟုတ်တယ်၊ အဲဒီမတိုင်ခင်ကလဲ ဘွားလုက ငါ့ကို ရည်းစား ရှိနေပြီလားလို့ မေးသေးတယ်"

"နေအုံး၊ ငါလဲ တစ်ခု သတိရလာပြီ၊ ဟိုတစ်ည နင်နဲ့ငါနဲ့ ဖုန်းပြောနေတုန်းမှာ ဘိုးဘိုးက မသိမသာ နားစွင့်နေတယ်လို့ ထင်တယ်ဟ"

ဖိုးတန်က ခဏ စဉ်းစားနေပြီးမှ. . .

"ဒီနေ့လဲ ဘိုးဘိုးတို့ ဘွားမြတို့ ဒေါ်လေးရင်တို့က ငါ့ကို အိမ်မှာ ခေါ်ထားမယ်တို့၊ မွေးစားရင် ကောင်းမယ်တို့ ပြောပြီး တစ်ယောက်နဲ့ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်နေကြတာ ငါ သတိပြုမိတယ်၊ မဟုတ်မှ လွဲရော၊ လူကြီးတွေက နင်နဲ့ငါနဲ့ကို သဘောတူနေကြလား မသိဘူး"

မေလက တွေသွားပြီးနောက်. . .

"အေးဟ၊ ဖြစ်နိုင်တယ်"

"နင် စဉ်းစားကြည့်၊ လူကြီးချင်းကလဲ အဘိုးအဘွားက အစ အဖေအမေထိ အရမ်းချစ်ခင်ပြီး နှစ်အိမ်တအိမ်လို ဖြစ်နေကြတာ၊ နင်နဲ့ ငါကလဲ အရွယ်ရောက်လာပြီဆိုတော့"

"အဲဒါမှ ပြဿနာပဲ"

"ငါတို့နှစ်ယောက်ကတော့ သတိထားပြီး နေမှ ဖြစ်တော့မယ်"

"ငါ အခုထဲက ပြောထားမယ်နော်၊ နင့်ကိုတော့ ငါ မယူနိုင်ဘူး"

"အံမာ၊ ဒီစကား ငါက ပြောရမှာ၊ နင်တို့ မိန်းကလေးတွေသာ



မိဘစကား နားထောင်ပါတော့မယ် ဘာညာဆိုပြီး စိတ်ပျော့သွားတတ်တာ၊ နင့်ကိုယ်နင် ကြည့်ထိန်း"

◈ ◈ ◈

ဦးရွှေမောင်းသည် တခါတလေ သောက်တတ်စားတတ်သော်လည်း များသောအားဖြင့် သူငယ်ချင်း ဦးဇော်အောင်နှင့်သာ အတူထိုင်လေ့ ရှိ၏။ တခါတလေကျမှ တခြားကုန်သည်ပွဲစား အချို့နှင့် သောက်ဖြစ်သည်၊ ဒါကလည်း အလုပ်သဘောသာ ဖြစ်၏။

ဖခင်ဖြစ်သူ ဦးစိန်မောင်းနဲ့တော့ အတူသောက်လေ့ မရှိ၊ လွတ်လွတ်လပ်လပ် မသောက်ရဘဲ အနေကြံ့သောကြောင့် ဖြစ်၏။ ဦးစိန်မောင်းကလည်း အဖက်လုပ်ပြီး ခေါ်လေ့မရှိ၊ ဒီနေ့ကျမှ အဖေကိုယ်တိုင်က ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်၏။

ပွဲရုံက ပြန်လာသောအခါ ဒေါ်ရင်ရင်က. . .

"ဖေဖေက ပြန်ရောက်ရင် ခဏလာအုံးလို့ မှာထားတယ်၊ အိမ်ဘေးမှာ ရှိတယ်"

ဟု ဆိုသည်။

ရာသီဥတု သာယာသော နေ့များတွင် ဦးစိန်မောင်းသည် အိမ်ဘေးကွက်လပ်ရှိ စွယ်တော်ပင်အောက်မှာ တခွက်တဖလား သောက်လေ့ ရှိ၏။ ဦးရွှေမောင်း ရောက်သွားသောအခါ ကုလားထိုင်အပိုတစ်လုံးနှင့် ဖန်ခွက်အပိုတစ်လုံး ရှိနေကြောင်း သတိပြုမိ၏၊ စားပွဲပုလေးပေါ်မှာတော့ မဖြင်ဖူးသေးသော တံဆိပ်နှင့် ယမကာတစ်လုံး၊ အမြည်းက အာလူးကြော်နှင့် ကြက်အူချောင်းကင်။

"ထိုင်လေကွာ"

ဦးစိန်မောင်းက ပြောသဖြင့် ဦးရွှေမောင်း ဝင်ထိုင်လိုက်သည်။

www.burmeseclasssic.com

www.burmeseclasssic.com



ဦးစိန်မောင်းက ယမကာပုလင်းကို ကိုင်၍ တပတ်လှည့်လိုက်ပြီး. . .

"ကိုမြတ်ကျော် လက်ဆောင်ပေးတာကွ၊ ဆိုဘုရှိချုလို့ ခေါ်တယ်၊ ပန်းရုံနဲ့ ချက်တာလေ၊ စမ်းကြည့်ပါလား"

ပြောရင်း ပုလင်းကို ကမ်းပေးသည်။ ဦးရွှေမောင်းက လှမ်းယူပြီး ဖန်ခွက်ထဲ လက်နှစ်လုံးလောက် ငှဲ့သည်။ ရေခဲတစ်တုံး ထည့်၊ အနည်းငယ် လှုပ်ရမ်း၍ မွှေလိုက်ပြီး တစ်ငုံမြည်းကြည့်သည်။

"ဘယ်လိုနေလဲကွ"

"မဆိုးဘူး ဖေဖေ၊ အနံ့ကလဲ သင်းသင်းလေး"

"အေးကွ၊ အဖြူရောင် ဆိုပေမယ့် ဒရိုင်းဂျင်နဲ့လဲ မတူဘူး၊ ဗော့ဒကာနဲ့လဲ မတူဘူး၊ သူက တမျိုးတဘာသာကွ"

ယမကာ တံဆိပ်အသစ် စမ်းသပ်ခိုင်းရုံသက်သက်တော့ မဟုတ်နိုင်၊ ဖေဖေ့မှာ ပြောစရာ တစ်ခုခု ရှိတယ် ထင်တယ်ဟု ဦးရွှေမောင်း တွေးနေတုန်း. . .

"ဒါနဲ့ ဟိုကိစ္စ ဘယ်အခြေအနေ ရှိလဲ"

ဟု ဦးစိန်မောင်းက မေးလိုက်သည်။

"ကျွန်တော်လဲ အဲဒါပြောမလို့၊ ဒီနေ့ ကျွန်တော် ကျော်ဆင့်ဆီ ဖုန်းဆက်ပြီး မေးကြည့်တယ်"

"ဘာ. . . ကျော်ဆင့်နဲ့. . . အဲ. . . အဲ ပြောပါအုံး"

အမှန်က သူမေးချင်တာက တခြား၊ ဦးရွှေမောင်းက အလုပ်ကိစ္စ မေးတယ် မှတ်ပြီး ပြန်ဖြေခြင်း ဖြစ်၏။ ပွဲရုံကိစ္စကလည်း အရေးကြီးတာပဲလေ ဆိုပြီး အလိုက်သင့် စကားထောက်ပေးလိုက်ရခြင်း ဖြစ်၏။

"ကျော်ဆင့်က ပြောတယ်၊ ဒီနှစ် ဆောင်းရာသီက အအေးပေါ့ လိမ့်မယ်လို့ မိုးလေဝသဌာနက ခန့်မှန်းထားတယ်တဲ့"

သူ့သားသည် ခုလိုပဲ စကားကို အရင်းမရှိ အဖျားမရှိ ကြားဖောက် ပြောတတ်မှန်း သိပြီးသား ဖြစ်သောကြောင့် 'ဆိုပါအုံး' ဟူ၍သာ ပြောလိုက်သည်။

"အဲဒါ မြေပဲဈေး စွာမှာ မဟုတ်ဘူးတဲ့"



"နေစမ်းပါအုံးကွ၊ ဆောင်းတွင်း အအေးပေါ့တာနဲ့ မြေပဲဈေးနဲ့ ဘယ်လို ပတ်သက်လို့လဲ"

"ဒီလိုတဲ့ ဖေဖေ၊ ဆောင်းတွင်းမှာ သိပ်မအေးတော့ စားအုန်းဆီတွေလဲ သိပ်မခဲတော့ဘူးပေါ့၊ ဒီအခါမှာ ပဲဆီကို သိပ်မသုံးကြတော့ အနုတ်အသိမ်း လျော့မယ်၊ ပဲဆီဈေး မမာရင် မြေပဲဈေးလဲ အေးမယ်၊ အဲဒါကို ဆိုလိုတာပါ"

ဦးစိန်မောင်းက ခေါင်းတညိတ်ညိတ် လုပ်ရင်း နားထောင်နေရာမှ. . .

"အေးကွ၊ ဖြစ်နိုင်တယ်၊ ကျော်ဆင့်ကို ငါ သဘောကျတာ အဲဒါကြောင့်ပဲကွ၊ ဘက်စုံထောင့်စုံကနေ စဉ်းစားတွက်ချက်နိုင်တယ်၊ ဆူနာမီ ကိစ္စတုန်းကလဲ ကြက်သွန်ဈေး မြောက်မယ်လို့ ခန့်မှန်းတာ ကွက်တိပဲ မဟုတ်လား၊ ကျော်ဆင့်ဆီကနေ မင်း ပညာယူစရာတွေ အများကြီး ရှိတယ်"

"ဟုတ်ပါတယ် ဖေဖေ၊ ဒါကြောင့် ကျွန်တော်တောင်မှ အလုပ်ပါးတဲ့အခါကျရင် မြည်ဘက် တက်ပြီး သုံးလေးရက်လောက် သွားလေ့လာမလားလို့ စိတ်ကူးထားတယ်"

အမှန်တော့ သူငယ်ချင်း ဦးကျော်ဆင့်နဲ့ မတွေ့တာ ကြာနေပြီ ဖြစ်လို့၊ နောက်တကြောင်းကလည်း ဦးကျော်ဆင့်၏ ပွဲရုံထဲက ပဲအိတ်တွေပေါ်မှာ လှဲပြီး ယမကာလေး ငုံလိုက်၊ ရေပြာဘက်က မှာထားသော တော်ကောင်သားလေး မြည်းလိုက် လုပ်ရင်း တစ်ညလုံး မအိပ်ဘဲ ငယ်ငယ်က အကြောင်းတွေ ပြန်ပြောချင်သောကြောင့် ဖြစ်၏။ ဦးစိန်မောင်းက ဒါကို ရိပ်မိသော်လည်း စကားဆက်စရာ ရှိသေးသဖြင့် 'အေး. . . ကောင်းသားပဲ' ဟူ၍သာ ထောက်ခံလိုက်ရသည်။

"ဒါနဲ့ နေစမ်းပါအုံး၊ မောင်ဖိုးနဲ့ မေလတို့ ကိစ္စက အခြေအနေ ဘယ်လို ရှိလဲကွ"

"ဒီလိုပါပဲ ဖေဖေ၊ ဘာမှ မထူးခြားပါဘူး"

"အေးတိအေးစက် လုပ်နေလို့ မဖြစ်ဘူး၊ သူတို့က မကြာခင်

www.burmeseclassic.com

www.burmeseclasssic.com



ဘွဲ့တောင် ရတော့မယ်"

"ဒါမျိုးဆိုတာလဲ အတင်းအကျပ် လုပ်လို့ရတာ မဟုတ်တော့"

"ဒါ. . . ငါသိတာပေါ့ကွ၊ ကိုယ်က ပါးပါးနပ်နပ်နဲ့ တွန်းပို့ပေးရမှာကို ပြောတာ"

"ကျွန်တော်တို့က မိန်းကလေးရှင် ဖြစ်နေတော့လဲ ခက်သားပဲ"

ဦးစိန်မောင်းသည် ကြက်အူချောင်းတစ်ဖတ်ကို ယူလိုက်ပြီးမှ ပြန်ပစ်ချလိုက်ရင်း. . .

"မင်းအတွက် လွယ်တာ ဘာရှိသလဲ၊ ရင်ရင်နဲ့ ရတာတောင် သူများ စီစဉ်ပေးလို့ မဟုတ်လား၊ အမြဲတမ်း တောင်လိုလို မြောက်လိုလိုနဲ့ အလကား၊ အစကတည်းက မိန်းမဖြစ်လာဖို့ ကောင်းတဲ့ကောင်"

"ဟာ. . . ဖေဖေကလဲ သူတို့စိတ်နဲ့ သူတို့ပဲဟာ၊ ဒါ ကျွန်တော့် အပြစ်လား"

ကိုယ့်ဘာသာ စိတ်လောကြီးပြီး အသားလွတ်ကြီး ဟောက်လိုက်မိမှန်း သတိရသွားသဖြင့် ဦးစိန်မောင်း လေသံကို လျှော့ချလိုက်ရသည်။

"ကဲ. . . ထားပါတော့၊ မင်းနဲ့ကတော့ မဖြစ်သေးပါဘူး၊ ရင်ရင့်ကိုသာ ဒီကိစ္စ နည်းနည်း အာရုံစိုက်ဖို့ ပြောလိုက်ကွာ"

ဟု ပြောပြီး ဆေးပြင်းလိပ်ကို မီးညှိလိုက်သည်။

◈ ◈ ◈

"ညနေက မင်းအဖေ မင်းကို ဘာတွေ ပြောနေတာလဲ"

ဟု ဒေါ်မြမေက ဦးရွှေမောင်းကို မေးသည်။

"မောင်ဖိုးနဲ့ မေလ ကိစ္စပါ မေမေရာ၊ ခုထိ တိုးတက်မှု မရှိသေးလို့ ဆိုပြီး အားမလို အားမရ ဖြစ်နေတာ၊ ကျွန်တော့်ကိုလဲ အသုံးမကျဘူး ဘာညာ ပြောသေးတယ်၊ ကျွန်တော်က ဘာလုပ်ရမလဲ၊ မောင်ဖိုးဆီသွားပြီး ငါ့သမီးကို ယူပါကွာလို့ တောင်းပန်ရမလား၊ ဒါမှမဟုတ် မောင်ဖိုးကို မယူရင် အမွေဖြတ်မယ်လို့ မေလကို ပြောရမလား"

ဒေါ်မြမေက ရယ်သည်။

"မင်းအဖေအကြောင်းလဲ သိသားနဲ့၊ သူလုပ်ချင်တာ ဆိုရင် မဖြစ်ဖြစ်အောင် ဇွတ်လုပ်တတ်တာ မဟုတ်လား၊ အေးလေ သူပြောတာလည်း မှားတော့ မမှားဘူးကွယ့်၊ ဒီကိစ္စကို နည်းနည်း ဝါယမ စိုက်ထုတ်ဖို့ လိုလာပြီ"

"နောက်ဆုံးတော့ မေမေကလဲ သူ့ယောက်ျားကြီးဘက်က လိုက်တာပါပဲလား"

"နို့ နေစမ်းပါအုံး၊ မင်းကကော သဘောမတူလို့လား"

"တူတာပေါ့ မေမေရ၊ ဒါပေမယ့် ကိုယ် သဘောတူတိုင်း ဖြစ်တာမှ မဟုတ်တာ၊ သူတို့ဆန္ဒက ရှိသေးတယ်"

"သူတို့ဆန္ဒပါ ပါလာအောင် ကြိုးစားယူရမှာပေါ့၊ ကဲပါ၊ မင်း စိတ်အေးအေးသာ နေပါ၊ ငါနဲ့ ရင်ရင်နဲ့ ကြည့်လုပ်ပါ့မယ်"

◈ ◈ ◈

ထို့နောက် ဒေါ်မြမေက ဒေါ်လှလှဆီ ဖုန်းဆက် အကြောင်းကြားသည်။

"အိမ်က အဘိုးကြီးကတော့ မောင်ဖိုးနဲ့ မေလတို့ ကိစ္စကို လောနေပြီ လှရေ"

"လောမယ်ဆိုလဲ လောစရာပဲလေ၊ ကလေးတွေက အရွယ်ရောက်လာသလို လှတို့ မြတို့ကလဲ အသက်တွေ ကြီးလို့ အိုလာကြပြီလေ၊ နက်ဖြန်သဘက် မသေဘူး မဆိုနိုင်ဘူး၊ ကိုထွန်းအောင်ဆိုရင် ကြည့်ပါလား၊ ခုလောက် စောစောစီးစီး ဆုံးပါးသွားလိမ့်မယ်လို့ ဘယ်မှာကြိုသိခဲ့







www.burmeseclassic.com

www.burmeseclasssic.com



လို့လဲ ဇာ့ကတော့ ကလေးတွေကိုစွ အဆင်ပြေတဲ့ထိ အသက်ရှည်ပါစေလို့ သာ ဆုတောင်းနေရတာပဲ၊ သူတို့ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့ သေရလဲ ဝမ်းမနည်းဘူး"

"အမယ် မြတော့ အဲဒီလို မသေနိုင်သေးဘူး၊ သူတို့က မွေးလာတဲ့ ဒို့မြေးရဲ့ မြစ်ကလေးကို မြင်ချင်သေးတယ်"

"အလိုတော် မြကတောင် ပိုပြီး စိတ်ကူးယဉ်ချင်နေပါသေးလား၊ အတွေးထဲမှာတော့ မြစ်တောင် ရနေပြီပေါ့လေ၊ ယောကျ်ားလေးလား မိန်းကလေးလား"

"အင်း အိမ်မှာက မြေးမိန်းကလေး ရှိနေတော့ မြစ်အလှည့်မှာတော့ ယောကျ်ားလေး ဖြစ်ရင်ကောင်းမယ်"

"ယောကျ်ားလေးက ထိန်းရခက်တယ် မြရဲ့၊ အိမ်မှာ ဆိုရင်လဲ မောင်ဖိုး တစ်ယောက်ကို မနိုင်ဘူး၊ လှစ်ကနဲဆို ပျောက်သွားပြီ၊ သူများ အပြင်ထွက်နေပြီဆိုရင် တချိန်လုံး စိတ်ပူနေရတော့တာပဲ၊ ရန်ဖြစ်နေမလား ဘာလား စိတ်တထင့်ထင့်နဲ့"

"မိန်းကလေးတော ဘာထူးသလဲ၊ မသင့်တော်တဲ့သူနဲ့ ဖြစ်သွားမှာကို တွေးပြီး စိုးရိမ်ပူပန်နေရတာပဲ မဟုတ်လား"

"မိန်းကလေးက ထိန်းတတ်ရင် ရသေးတယ်၊ ယောကျ်ားလေး ဆိုတာက လုပ်ချင်ရာလုပ်တာ"

"ဒီလိုလဲ ပြောလို့မရဘူး"

စသည်ဖြင့် ယောကျ်ားလေး လိုချင်တယ် မိန်းကလေးမှ ကောင်းတယ်၊ ငြင်းကြခုန်ကြရင်း ကတောက်ကဆ ဖြစ်ကြပြန်သည်။ နောက်တော့ ဒေါ်မြမေက စိတ်ကောက်ပြီး. . .

"ဒါဆိုလဲ ဘာလေးမှ မမွေးနဲ့တော့"

ဟု ပြောပြီး ဖုန်းချပစ်လိုက်သည်။

◈ ◈ ◈



ဦးရွှေမောင်းက သူ့အဖေ ပြောသောကိစ္စ ဒေါ်ရင်ရင်ကို ပြန်ပြောပြသည်။ ဒေါ်ရင်ရင်က. . .

"ဖေဖေ ပြောတာလဲ ဟုတ်တာပဲ၊ ကလေးတွေက ကြီးလာကြပြီ၊ သူတို့ကိစ္စ ခေါင်းထဲ ထည့်ထားမှ ဖြစ်မယ်"

"အဲဒါပြောတာ၊ ငါကတော့ သိပ်မကျွမ်းကျင်ဘူး၊ ဖေဖေကလဲ မင်းတို့ပဲ အားကိုးတာ၊ ငါ့ကိုတော့ လုံးဝအထင်မကြီးဘူး"

"အထင်ကြီးစရာကော ရှိလို့လား၊ အောင်သွယ်ကောင်းလို့ အိမ်ထောင်ကျရတဲ့လူကိုး"

"အေးပါ၊ ဒါကို ဝန်ခံပါတယ်၊ အဲဒီတော့ မင်းပဲ ကြည့်လုပ်ပေတော့၊ ငါနဲ့ ဇော်အောင်ကတော့ ယောကျ်ားတွေဆိုတော့ မျက်နှာပူစရာဖြစ်နေတယ်၊ မင်းတို့ မိန်းမချင်းကျတော့ ပြောရတာ အဆင်ပြေတယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ငါတို့က မိန်းကလေးရှင် ဖြစ်နေတယ်၊ ကိုယ့်ဘက်က သိက္ခာမကျအောင်တော့ သတိထား"

"ကျွန်မ သိပါတယ်၊ ကြည့်ကောင်းအောင် ပြောမှာပေါ့"

◈ ◈ ◈

တောင်သာက နှမ်းကုန်သည် ဦးချစ်ဝင်းက လူကြုံနှင့် သနပ်ခါးတုံးတွေ လက်ဆောင် ပို့လိုက်သည်။ အတုံးကြီးကြီး အမွှေးလှလှ လေးငါးတုံး ယူပြီး ဒေါ်ရင်ရင်က ဒေါ်ခင်ဖြူဝင်းဆီ သွားပေးသည်။

"ခုချိန်မှာ ဒီလို သနပ်ခါးတုံး ကောင်းကောင်း ရဖို့က မလွယ်ဘူး၊ အဲဒါကြောင့် ဖြူ့ကို သတိရတာနဲ့ လာခဲ့တာ"

ဟု အကြောင်းပြလိုက်သည်၊ ဒေါ်ခင်ဖြူဝင်းကလည်း သနပ်ခါးတုံးတွေ ရလို့ ဝမ်းသာတာရော. . .

"ဒို့သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး စကားမပြောရ

www.burmeseclassic.com

www.burmeseclasssic.com



တာ ကြာပြီ၊ ဖြူလဲ ရင်ရင့်ကို သတိရနေတာ၊ ဖုန်းဆက်ပြီးတော့ ချိန်းမလို့
တောင် စဉ်းစားနေတာ၊ ရောက်လာတာနဲ့ အတော်ပဲ"

ဟု ခရီးကြိုစကား ပြောသည်။ ထို့နောက် တို့ဟူးသုပ်၊ ကော်ဖီ
မစ်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ စားကြသောက်ကြရင်း ဒေါ်ခင်ဖြူဝင်း
က သနပ်ခါးတုံးတစ်တုံးကို ယူကြည့်ပြီး. . .

"ဟုတ်ပါရဲ့ ကြည့်ပါအုံး၊ အပွေးက အထူကြီးပဲ၊ တော်တော်
ကောင်းမယ့် သဘောရှိတယ်"

သနပ်ခါးတုံးကို နမ်းကြည့်ပြီး. . .

"မသွေးရသေးဘဲနဲ့တောင် တော်တော် မွှေးနေပြီ"

"ဒို့တွေ ကျောင်းမှာတုန်းက ဘုရားပွဲမှာ သနပ်ခါးတုံး ဝယ်ကြ
တာ မှတ်မိသေးလား"

ဟု ဒေါ်ရင်ရင်က မေးသည်။ ထိုစဉ်က သူငယ်ချင်းတွေ စုပြီး
ရွှေတိဂုံဘုရားပွဲ သွားကြရင်း တနေရာမှာ သနပ်ခါးတုံးတွေ ချရောင်းနေ
တာ တွေ့သည်။ ဈေးသည်မိန်းမကြီးက ရိုးရိုးအအ တောသူမကြီးပုံမျိုး
ခေါင်းမှာ မျက်နှာသုတ်ပုဝါကြီး ပေါင်းထားသေးသည်။ အညာက တိုက်
ရိုက် ဆင်းလာပြီး ရောင်းတာပဲဟု တွက်ပြီး အတော်များများ ဝယ်ဖြစ်
လိုက်ကြသည်။ တကယ် သွေးလိမ်းကြည့်တော့မှ အတုတွေမှန်း သိကြရ
၏။

"မှတ်မိတာပေါ့၊ ဘယ်သူကလဲ မသိဘူး၊ ဈေးအရမ်းဆစ်နေလို့
ရင်ရင်ကတောင် အဒေါ်ကြီး သနားပါတယ်၊ အရမ်းမဆစ်ကြပါနဲ့လို့
ပြောသေးတယ်လေ"

ဒေါ်ရင်ရင်က 'ဟုတ်တယ်၊ ဟုတ်တယ်၊ ပိုက်ဆံ ပြန်တောင်းမယ်
ဆိုပြီး နောက်နေ့ သွားရှာကြတော့ မရှိတော့ဘူး မဟုတ်လား' ဟု
စကားထောက်လိုက်တော့. . .

"နောက်တစ်ဆိုင်ကျတော့ တကယ့်သနပ်ခါးအစစ် ရောင်းတာ
ကို အတုတွေဆိုရင် ဂေါပကရုံး သွားတိုင်မယ် ဘာညာနဲ့ သွားပြောမိလို့
အညာသားကြီးက ဒေါကန်ပြီး သနပ်ခါးတုံးနဲ့ တရွယ်ရွယ် လုပ်နေတာနဲ့





တောင်းပန်ပြီး လစ်ပြေးခဲ့ရတယ်လေ"

ဒေါ်ရင်ရင်က ရယ်လိုက်ပြီး. . .

"ဒီသနပ်ခါးတုံးတွေကတော့ အစစ်တွေပါ၊ စစ်တာမှ ကိုယ်ပိုင်
သနပ်ခါးခင်းထဲက ခုတ်ထားတာ၊ ပွဲကတော်ကြီး ဒေါ်ခင်သန်းမြင့် ကိုယ်
တိုင် အကောင်းဆုံးတွေ ရွေးပေးလိုက်တာလို့ ဦးချစ်ဝင်းက ဖုန်းဆက်ပြီး
ပြောတယ်"

"ဒါကြောင့်လဲ ဒီလောက် ကောင်းတာပေါ့၊ ဒါမျိုးဆို သတိတရ
ရှိတတ်လို့လဲ ရင်ရင့်ကို ချစ်နေရတာပေါ့"

"နေအုံး ဦးချစ်ဝင်း ပြောတာ ရှိသေးတယ်၊ သနပ်ခါးဟာ
ယောကျ်ားတွေအတွက် ဆေးတစ်ပါးပဲတဲ့"

"ဟင် ယောကျ်ားနဲ့ သနပ်ခါး ဘာဆိုင်လို့လဲ"

"ဒီလိုတဲ့၊ ယောကျ်ားတွေအနေနဲ့ သနပ်ခါးနံ့ကို ရှူပေးရင် နှလုံး
သွေးတိုး စတာတွေကို ကာကွယ်နိုင်တယ်၊ ဒါပေမယ့် ဒီအတိုင်း ရှူလို့
တော့ မရဘူး၊ ကိုယ့်မိန်းမရဲ့ ကိုယ်ပေါ်မှာ လိမ်းထားတဲ့ သနပ်ခါးနံ့ကို
ရှူရမှာတဲ့၊ တိုင်းရင်းဆေးဆရာကြီး တစ်ယောက်က ပြောတာ၊ မယုံမရှိနဲ့
ကိုယ်တွေ့လို့ ပြောလိုက်သေးတယ်တဲ့"

"ဒီတော့ ရင်ရင်က သနပ်ခါး နေ့တိုင်း လိမ်းနေပြီပေါ့လေ"

"မဟုတ်ဘူး၊ အိမ်မှာ သနပ်ခါးကို အမြဲတမ်း ခြေဆုံးခေါင်းဆုံး
လိမ်းတာ ဘယ်သူလဲ သိလား၊ မေမေပဲ"

"ဒါကြောင့် လေးလေးမောင်းကြီး ဒီလောက် ကျန်းမာနေတာ
ကိုး"

ထိုစဉ်တွင် ဒေါ်လှလှ ဧည့်ခန်းထဲ ဝင်လာသည်။ ဒေါ်ရင်ရင်က
"အန်တီလှ နေကောင်းတယ်နော်"
ဟု လှမ်းနှုတ်ဆက်သည်။ ဒေါ်လှလှက. . .
"အေး ကောင်းပါတယ်ကွယ်"

ဟုရှိသာ ပြောပြီး အတွင်းခန်းထဲ ပြန်ဝင်သွားသည်။ ခါတိုင်းဆို
လျှင် 'မြ နေကောင်းရဲ့လား၊ သွေးကော တိုးသေးလား၊ ဦးသီးတို့ကလဲ



www.burmeseclassic.com

www.burmeseclasssic.com



ဂရုစိုက်လိုက်အုံး' စသည်ဖြင့် အမြဲသတိတရ မေးတတ်သည်။ ခုတခါတော့ ဟိုတရက်က ဖုန်းထဲမှာ စကားပြော အပေါက်အလမ်း မတည့်လို့ စိတ်ခုနေသဖြင့် ဘာမှ ထပ်မမေးခြင်း ဖြစ်၏။

ဒေါ်ခင်ဖြူဝင်းနှင့် ဒေါ်ရင်ရင်တို့ကတော့ သူတို့ စကားဝိုင်းထဲမှာသာ စိတ်ဝင်စားနေသဖြင့် သတိမပြုမိ။

"ဒါနဲ့ မောင်ဖိုးတစ်ယောက်တော မမြင်ပါလား"

ဟု ဒေါ်ရင်ရင်က မေးသည်။

"မောင်ဖိုးလား၊ ဒီအချိန်မျိုး အိမ်မှာ သူ့ကို မြင်ရမယ်ဆိုရင် အတိတ်ကောက်ပြီးတော့သာ ထီထိုးပေတော့၊ အင်မတန် လမ်းများတဲ့ကောင်၊ လစ်တနဲဆို ပျောက်သွားပြီ"

"ဒီအရွယ်က အပေါင်းအသင်း ခင်တတ်တဲ့အရွယ်ကိုး၊ မောင်ဖိုးက လိမ္မာပါတယ်၊ ပျော်တတ်တာပါ၊ မဟုတ်တာတွေတော့ မလုပ်ဘူး မဟုတ်လား"

"အဲဒါကြောင့် နည်းနည်း စိတ်အေးရတာပေါ့၊ ဒါပေမယ့် စိတ်ချလက်ချ လွှတ်ထားလို့တော့ မဖြစ်ဘူး၊ အမြဲ ဂရုစိုက်ပြီး အကဲခတ်နေရတယ်၊ အပေါင်းအသင်း မှားမှာလဲ ကြောက်ရသေးတာကိုး"

"ဘာပဲဖြစ်ဖြစ် သားယောကျ်ားလေးဆိုတော့ အားကိုးရတာပေါ့၊ တခါတလေတော့ ရင်ရင်တောင်မှ သားတစ်ယောက်လောက် ရှိရင်ကောင်းမှာပဲလို့ တောင့်တမိတယ်"

"ဒီအတွက်တော့ ပူစရာ မရှိပါဘူး၊ သမီးရှိရင် သားရှိလာမှာပေါ့၊ ဟုတ်ဘူးလား"

ဒေါ်ခင်ဖြူဝင်းက ပြောပြီး ပြုံးပြုံးကြီး ကြည့်လိုက်သည်။

ဒီနောက်မှာတော့ ဟိုကိစ္စ ဆက်ပြောဖို့ လွယ်ကူသွားပြီ ဖြစ်၏၊ တကယ်တော့ ဖိုးတန်နှင့် မေလကို လက်ဆက်ပေးဖို့ ရည်ရွယ်ထားကြတယ် ဆိုတာ အားလုံး သိပြီးသား၊ အရင်ကလည်း ပြောခဲ့ဆိုခဲ့ဖူးပြီးသား၊ တွေ့တွေ့ချင်း ရုတ်တရက်ကြီး စကားစဖို့ ခက်နေလို့သာ သနပ်ခါးတုံးအကြောင်း လျှောက်ပြောနေကြခြင်း ဖြစ်၏။



ယမကာသမား နှစ်ယောက် ဆုံကြသလိုပေါ့၊ ဆိုင်ဘက်ကို သွားဖြစ်ကြတော့မယ် ဆိုတာတော့ သိပြီးနေပြီ၊ ဘယ်သူက စပြီး ခေါ်မလဲလို့ သွေးတိုးစမ်းရင်း စောင့်ကြည့်နေကြတဲ့ သဘောမျိုးပေါ့။

ခုတော့ ပွင့်ပွင့်လင်းလင်း ပြောလို့ရသွားပြီ ဖြစ်၏၊

"ကလေးတွေက အရွယ်ရောက်လာကြပြီ၊ တခြားလူတွေနဲ့ ဖြစ်ကုန်ကြရင် ခက်မယ်"

"ဟုတ်တယ်၊ အဲဒါကိုပဲ စိုးရိမ်နေရတာ၊ သူတို့ချင်း အနေနီးလို့ အပြန်အလှန် စိတ်ဝင်စားသွားကြမှာပဲ ဆိုပြီး စိတ်ချလက်ချ နေလို့မဖြစ်ဘူး"

"ဒီကိစ္စကို နည်းနည်း ဝါယမ စိုက်ထုတ်ပြီး ကြိုးစားမှ ဖြစ်မယ်"

စသဖြင့် ပြောကြဆိုကြသည်။ လူကြီးတွေကလည်း တတ်နိုင်သမျှ မသိမသာ ဘေးတီးပေးရမည်။ ပြောဖန်များလျှင် လှုပ်လာမည်။ ပြီးတော့ ပိုပြီးထိရောက်အောင် လူငယ်အချင်းချင်းလည်း စည်းရုံးခိုင်းမည်။ စည်းရုံးရေးမှူးအဖြစ် ရွေးချယ်ခံရသူကတော့ မိုးမိုးစံ ဖြစ်၏။

www.burmeseclasssic.com



မိုးမိုးစံသည် ဦးဇော်အောင် ဒေါ်ခင်ဖြူဝင်းတို့၏ သမီးကြီး (ဖိုးတန်၏အမ) ဖြစ်၏။ အမှန်တော့ သူသည် ဒီလိုကိစ္စမျိုးမှာ သိပ်ပါးပါးနပ်နပ် ရှိလှတာမဟုတ်၊ သူက စာဂျပိုးသာ ဖြစ်၏။ တွဲ့ရပြီးနောက် ဒီပလိုမာသင်တန်းတွေ လျှောက်တက်နေသည်။ ကျောင်းစာကလွဲပြီး ဘာမှ စိတ်မဝင်စား။

ထို့ကြောင့် ဖိုးတန်+မေလ ကိစ္စအတွက် သိပ်အားကိုးလောက်စရာတော့ မရှိ။ သူကိုယ်တိုင်တောင် ချစ်သူရည်းစား ရှိသူမဟုတ်၊ အပျိုကြီးဂိုက် ဖမ်းနေသူ ဖြစ်၏။ တစ်ခုရှိတာက သူသည် ဖိုးတန်ကို တော်တော် ချစ်သည်။ မေလကိုလည်း အရမ်းသဘောကျနေသူ ဖြစ်၏။ ဒီတော့ လောလောဆယ်မှာ အသုံးချဖို့ အသင့်တော်ဆုံး ဖြစ်နေ၏။

သူက ဖိုးတန်ကို ခပ်ပြောင်ပြောင်ပင် မေးသည်။

"မောင်လေး နင့်မှာ ရည်းစားရှိနေပြီလား"

"ဟာ အိမ်မှာ ဘယ်လိုတွေ ဖြစ်နေသလဲ၊ ခုတလော ဒီမေးခွန်း



ကို မေးတာ နှစ်ယောက်ရှိပြီ၊ ဟိုတစ်ပတ်လောက်က ဘွားလှကလဲ မေးသေးတယ်၊ နောက်တစ်ပတ်လောက်ဆိုရင် မေမေကပါ မေးအုံးမလား မသိဘူး"

"စိုးရိမ်လို့ပေါ့ဟဲ့"

"ဘာကို စိုးရိမ်ရတာလဲ"

"မောင်လေးက ရုပ်ဖြောင့်တယ် မဟုတ်လား၊ ဒီတော့ နင့်ကိုကြိုက်နေတဲ့ ကောင်မလေးတွေ အများကြီး ရှိမှာပဲ၊ တချို့ဆို သူတို့ကတောင် စချင် စလာကြမှာ၊ ခပ်လည်လည်ဟာတွေနဲ့ တွေ့သွားမှာစိုးလို့ မေးတာ"

"ဟားဟား၊ သူတို့ လည်တယ်ဆိုတာလောက်ကတော့ ဖိုးတန်တို့က ဖျင်းတောင် ဖျင်းသေးတယ်"

"အေးအေး ဒါဆိုရင်တော့ ပြီးတာပါပဲ၊ သတိတော့ ထားပေါ့ဟာ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်အကြောင်းသိထဲကပဲ စဉ်းစားစေချင်တယ်"

အင်း စကားတော့ စလာပြီဟု ဖိုးတန် တွေးသည်။ မိုးမိုးစံကလည်း စကားအကူးအပြောင်းကို ညင်ညင်သာသာ ဖြစ်အောင် 'တိုင်မင်' လေးတောင် မခုနိုင်တော့ဘဲ. . .

"အော် ဒါနဲ့ ဟိုနေ့က ယုဇနပလာဇာမှာ မေလနဲ့တောင် တွေ့ခဲ့သေးတယ်"

ဟု ပြောလိုက်သည်။ ဟား. . . 'တတ်ချိန်း'တာကလည်း မြန်လှချည်လား၊ ကိုရိုးယားကား ကျနေတာပဲဟု ဖိုးတန်က တွေးရင်း. . .

"ဟုတ်လား"

ဟု စကားထောက်ပေးလိုက်သည်။

"ဟုတ်တယ်၊ အကျီတွေ ဖောက်ပါဆင့် ဒစ်စကောင့် ချပြီး ရောင်းမယ်ဆိုလို့ သွားရင်းနဲ့ တွေ့တာဟ"

"မမတို့ကမတော့ အဲဒီလို အချောင်ရဖို့ပဲ စောင့်နေတာပဲ"

"ပစ္စည်းအသစ် အကောင်းစားတွေပါဟ၊ မေလနဲ့ လိုက်မယ့်ဟာလေးတွေတောင် မမ ရွေးပေးလိုက်သေးတယ်"

www.burmeseclassic.com

www.burmeseclasssic.com



"အော်. . . အော်၊ မမ ရွေးပေးတာဆိုရင်တော့ သူ့ဝတ်ဖို့ မဖြစ်နိုင်ဘူး၊ သူ့အမေအတွက် ဝယ်တာပဲ ဖြစ်မယ်"

မိုးမိုးစံက ဖိုးတန်၏ လက်မောင်းကို တစ်ချက်ထုသည်။

"အရောင်လွင်လွင်လေးတွေ ရွေးပေးလိုက်တာပါဟာ၊ ပြီးတော့ ငါတို့နှစ်ယောက် ကိုးလ်ကော်ဖီ သောက်ရင်း စကား ထိုင်ပြောကြသေးတယ်"

"ငွေရှင်းတဲ့အခါမှာတော့ မမက ပိုက်ဆံအိတ်ဖွင့်လို့ မရသလိုလို ဘာလိုလိုနဲ့ လက်နှေးနေလို့ မေလက ပေးလိုက်ရတယ် မဟုတ်လား၊ မမအကြောင်း ကျွန်တော် သိပါတယ်၊ ကိုယ့်မောင်လေးတောင် ကျွေးရမှာ တွန့်တိုနေတာ"

"နင်က အစားပုတ်တာကိုးဟဲ့၊ မေလကိုတော့ သဒ္ဒါပါတယ်ဟ၊ ငါကပဲ တိုက်မယ်ဆိုပြီး ခေါ်သွားတာပါ"

"အင်း. . . မေလကတော့ ကံဇာတာတွေ အရမ်းတက်နေပါလား"

"ဒီမှာ မောင်လေး၊ နင့်ကို ငါ တစ်ခု မေးအုံးမယ်၊ မေလကို နင် သေသေချာချာ ကြည့်ဖူးလား"

ဖိုးတန်က တမင်တကာ မျက်လုံးမျက်ဆန် ပြူးလိုက်ပြီး. . .

"ဟင်၊ ဘာဖြစ်လို့လဲ၊ မျက်နှာမှာ ပွေးပေါက်နေလို့လား"

"ဟယ် နင်ကလဲ၊ ငါပြောတာက ဒီလိုပါ၊ ငါကလဲ အရင်ကတော့ အမှတ်တမဲ့ပဲ၊ မေလ ဆိုတာကလဲ ကိုယ်ရှေ့မှာတင် အရွယ်ရောက်လာတာ ဆိုတော့ ဂရုမစိုက်မိဘူး၊ အဲဒီနေ့ကမှ သတိထားကြည့်မိတော့ မေလက တော်တော် လှလာတာပဲ"

"မမနဲ့ ယှဉ်ရင်တော့ ဟုတ်ချင်ဟုတ်မှာပေါ့"

"ငါ ခေါက်လိုက်ရ"

မိုးမိုးစံက လက်နှင့် ရွယ်၍ ပြောပြီး. . .

"တကယ်ပြောတာ၊ အသားတလေးက ညက်နေတာပဲ၊ မျက်လုံး၊ မျက်ခုံး၊ နှာတန် ဘာမှ ပြောစရာ မရှိဘူး၊ ရယ်လိုက်တဲ့အခါကျရင်လဲ



နှုတ်ခမ်းလေးက သိပ်ချစ်စရာ ကောင်းတာပဲ၊ နင် စိတ်ကူးမလွဲနဲ့နော်"

"ဘာကို စိတ်ကူးမလွဲရမှာလဲ"

"အော်. . ချစ်သူတွေဘာတွေ ထားမယ်ဆိုရင် မေလကို အဓိက ထား စဉ်းစားဖို့ ပြောတာပါ"

"ဟာ ကျွန်တော် စိတ်မဝင်စားပါဘူး"

"ဝင်စားလာတဲ့အခါပေါ့ဟာ"

"ကျွန်တော်က မေလကို နှမလေးတစ်ယောက်လို ရိုးသား သန့်စင်တဲ့ မေတ္တာနဲ့ပဲ ချစ်ချင်တာပါ မမရယ်"

ဟု ဖိုးတန်က ရုပ်ရှင်ထဲက လေသံမျိုး တမင်ဖြစ်အောင် လုပ်၍ ပြောလိုက်သည်။ မိုးမိုးစံက မလျှော့သေးဘဲ. . .

"အေးလေ မောင်ချစ် နှမချစ်လို ပုံစံမျိုးကနေ တဆင့်တက်တဲ့ မေတ္တာမျိုးက ပိုပြီး ခိုင်မြဲတတ်ပါတယ်"

"မဖြစ်သေးပါဘူး၊ ကျွန်တော်ဟာ အတောင်အလက် မစုံလင်သေးတဲ့ ကျောင်းသားတစ်ယောက်ပဲ ရှိပါသေးတယ်၊ ခုလိုအချိန်မှာ ရည်းစား ထားမယ်ဆိုရင် လူကြီးတွေက ဆူမှာပေါ့"

"ဟာ မဆူပါဘူး၊ မဆူပါဘူး"

ဟု မိုးမိုးစံက လွတ်ကနဲ ပြောလိုက်မိ၏။ ဖိုးတန် ဟပေးလိုက်သော အကွက်ထဲကို တန်းကနဲ ဝင်လာတာပဲ။

"မဆူဘူးလို့ မမက ဘယ်လိုလုပ် သိတာလဲ၊ ဖေဖေတို့ မေမေတို့က မဆူဘူးလို့ ပြောလို့လား"

မိုးမိုးစံ ဘာပြန်ပြောရမှန်း မသိဘဲ ကြောင်အအ ဖြစ်သွားသည်။ အင်း. . . အဲ လုပ်နေပြီးမှ. . .

"ဒီလိုဟာ၊ ဟိုဒင်း တခြားမိန်းကလေး တစ်ယောက်နဲ့ ဖြစ်သွားရင်တော့ ဆူချင်ဆူမှာပေါ့၊ မေလနဲ့ ဆိုရင်တော့ ဆူမှာ မဟုတ်ဘူးလို့ ပြောတာပါ"

ဖိုးတန်က ရယ်လိုက်သည်။

"ဒီမှာ မမ၊ ကိုယ်ပိုင်ကား မရှိဘဲ ဝယ်ရောင်းလုပ်ရင် ပွဲခ

www.burmeseclassic.com

www.burmeseclasssic.com



လောကမှာပဲ ရမယ်၊ ဒါကြောင့် ကိုယ့်ဟာကိုယ်လဲ ကားတစ်စင်း ပိုင်အောင် ကြိုးစားလိုက်အုံး"

ဟု ပြောပြီး ထရပ်လိုက်သည်။ ထိုစဉ်တွင် အတွင်းခန်းကို ကာထားသော ခန်းဆီးက နည်းနည်းလှုပ်သွားသည်။ မေမေ ချောင်းနား ထောင်နေတာ ဖြစ်မယ်ဟု ဖိုးတန် တွက်လိုက်မိ၏။

◈ ◈ ◈

မေလ စာမေးပွဲ ဖြေနေရသဖြင့် ဖိုးတန်နှင့် မတွေ့ဖြစ်၊ စာမေး ပွဲ နောက်ဆုံးနေ့ ဖြေပြီးတော့ မေလက သူငယ်ချင်းတွေနဲ့ လျှောက်လည် ပြီး စားကြသောက်ကြသဖြင့် နေစောင်းမှ အိမ်ပြန်ရောက်သည်။ ဖိုးတန် ကလည်း ဒါကို သိသဖြင့် ညဘက်ရောက်တော့မှ ဖုန်းဆက်သည်။ ဟို တခါလိုပဲ ကိုရီးယားကား ပြနေသောအချိန်ကို ရွေးပြီးခေါ်သည်။

"ဘယ်လိုလဲ၊ ဘေးနားမှာ လူကြီးတွေ ရှိလား"

ဟု ဖိုးတန်က မေးသည်။

"မရှိဘူး၊ အားလုံး တီဗီရှေ့ ရောက်နေပြီ"

"ဘိုးဘိုးရော ရေဒီယို နားထောင်မလိုလိုနဲ့ နားစွင့်နေအုံးမယ်"

"ဘိုးဘိုးက ညနေက နည်းနည်း မူးသွားလို့ ထင်တယ်၊ ဝင် အိပ်နေပြီ"

"ဒီအချိန် တမင်ရွေးပြီးဆက်တာ၊ နင့်ကို ညစ်ချင်လို့ မဟုတ်ဘူး နော်၊ လွတ်လွတ်လပ်လပ် စကားပြောလို့ ရအောင်လို့"

"အေးပါ အရေးမကြီးပါဘူး၊ ဒီဇာတ်လမ်းက အခွေငှားကြည့်ပြီး သားကြီးပါ"

"အေး ပြီးရော၊ ဒီမှာ ငါတို့ တွက်ထားတာ ကြိမ်းသေ မှန်နေပြီ ဟ"



"ဘာလဲ၊ ငါတို့နှစ်ယောက် ကိစ္စလား"

'ဟုတ်တယ်၊ ဟိုတနေ့က မမက စကားစလာပြီလေဟာ၊ နင် စဉ်းစားကြည့်၊ မမလို ဘာသိဘာသာ နေတဲ့လူက ဒီစကားမျိုး ပြောလာ တယ် ဆိုကတည်းက နောက်ကွယ်ကနေ တစ်ယောက်ယောက်က ခိုင်းလို့ ဆိုတာ အသိသာကြီးပဲ"

ဆိုပြီး မိုးမိုးစံ၏ စကားတွေကို ပြန်ပြောပြပြီး. . .

"အမယ် မမက ပြောသေးတယ်၊ နင်က တော်တော် လှတယ် ဆိုပဲ"

"ဒါတော့ ဟုတ်တာ ပြောတာပဲ၊ ပြောပါစေ"

"အရေးထဲမှာ ကြံဖန် အမြှောက်ထုတ်နေသေးတယ်"

မေလက ရယ်သည်။ ဖိုးတန် စကားဆက်၏။

"ဒါပေမယ့် မမလောက်ကတော့ သနားတယ်၊ ခရော့စ်ကွက်ရှင် တစ်ခုနှစ်ခုလောက် ဖြတ်မေးလိုက်တာနဲ့ပဲ လူကြီးတွေ စနက်ပဲဆိုတာ ပေါ်လာတာပဲ၊ ငါတို့ ပြောတာကို မေမေက ချောင်းနားထောင်နေသေး တယ်ဟ၊ ငါလဲ လှည့်ပတ် ရှောင်ထွက်လိုက်ရတယ်၊ နင့်ဘက်ကရော ထူးခြားမှု ရှိလား"

"ရှိတာပေါ့၊ ငါလဲ အဲဒါ ပြောမလို့၊ မေမေက ငါ့ကို မေးတာ"

"ဘာလဲ၊ ငါက သိပ်ချောတာပဲလို့ ပြောလို့လား"

"တော်စမ်းပါ၊ ဒီမျက်နှာရှုးကိုများ၊ မေမေက ငါ့ကို မေးတာက ငါ့မှာ ချစ်သူရှိနေပြီလားတဲ့"

"အဲဒီတော့ နင်က သမီးတော့ ကိုကိုဖိုးကို သိပ်ချစ်နေမိပြီ၊ သိန်းငါးရာနဲ့ တင်တောင်းပေးပါ မေမေရယ်လို့ ပြောလိုက်တယ် မဟုတ် လား" '

"ဟင်း. . . နင့်ကို ယူမယ့်တူတူ ဒန်ပေါက်ဆယ်ပွဲလောက် စား ပြီး စားပိုးနင့် သေပစ်လိုက်မယ်"

"အစားပုတ်မ၊ သေတာတောင် အရသာရှိရှိ သေချင်သေးတယ်"

"ငါတို့ စကားပြောနေတာ ကြာပြီနော်၊ တော်ကြာ ဖုန်းခတွေ

www.burmeseclasssic.com

www.burmeseclasssic.com



တက်နေလို့ နင့်အမေ ဆူနေအုံးမယ်"

"ကိစ္စမရှိဘူး၊ မေမေနဲ့ ဒေါ်လေးရင်တို့ ငါတို့ကိစ္စကို ဖုန်းဆက်ပြီး တိုင်ပင်ကြတာလို့ ထင်မှာပဲ၊ ကဲ. . . ခုနစကား ဆက်ပါအုံး"

"အဲဒီတော့ ငါက မရှိသေးပါဘူး မေမေရယ်၊ ရည်းစားထားဖို့ အိမ်ထောင်ပြုဖို့ဆိုတာ စဉ်းတောင် မစဉ်းစားဖူးဘူး၊ သမီးက အပျိုကြီးဘဝနဲ့ မိဘတွေကို တသက်လုံး ပြုစုလုပ်ကျွေးသွားဖို့ ဆုံးဖြတ်ထားတယ်လို့ ပြန်ပြောလိုက်တယ်"

"ပိုင်တယ်ဟာ၊ ငါက နင့်လောက်တော့ အပြတ်မပြောရဲဘူး၊ ငါက မိန်းမယူချင်ယူမှာ"

"ယူပေါ့၊ ငါ မဟုတ်ရင် ပြီးတာပဲ"

"နေပါအုံး၊ ဒေါ်လေးရင်က ဘာထပ်ပြောသေးလဲ"

"လိမ္မာလိုက်တဲ့ သမီးလေးရယ် ဘာညာနဲ့ ဝတ်ကျေတန်းကျေပြောရတာပေါ့၊ စိတ်ထဲကတော့ အောင့်သက်သက် နေမှာပဲ၊ ပြီးတော့မှ ဘာပဲဖြစ်ဖြစ် လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ရတယ် ဆိုတဲ့ စကားလဲ ရှိသေးတယ် မဟုတ်လား၊ သင့်တော်မယ့်သူ တွေ့ရင်တော့ စဉ်းစားချင် စဉ်းစားပေါ့ သမီးရယ်တဲ့"

"မလျှော့သေးဘူးပေါ့"

"အေး၊ အဲဒါ နောက် ဘာဆက်လုပ်ကြမယ် ထင်သလဲ"

"ငါတို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားလာအောင် ဝိုင်းလော်ကြမှာပေါ့"

"ဒါဆိုရင် နင် လွတ်အောင် ရှောင်ပေတော့နော်"

"နင်လဲ စိတ်ပျော့မသွားစေနဲ့၊ တောင့်ထား ကြားလား"

"အေးပါ၊ ဒါတော့ စိတ်ချ၊ ဒါနဲ့ နင် ငါ့ကို တစ်ခု မမေးရသေးဘူး"

"ဘာမေးရမှာလဲ"

"စာမေးပွဲ ဖြေနိုင်လားလို့ မေးရမှာလေ"

"အဲဒါက မေးစရာ မလိုပါဘူးဟာ၊ နင် ဖြေနိုင်မယ်ဆိုတာ





သိပြီးသားပဲ"

"အေး နင်တို့စာမေးပွဲတွေလဲ နီးနေပြီနော်၊ စာကျက်အုံး၊ လျှောက်လေမနေနဲ့"

"အေးပါဟာ၊ ဒါနဲ့ မေလရေ၊ ငါ နင့်ကို ထူးဆန်းတဲ့အသံတစ်ခု နားထောင်ခိုင်းမလို့၊ သေသေချာချာ ဂရုစိုက်ပြီး နားထောင်နော်"

ဟု ပြောပြီး ဖိုးတန်က တယ်လီဖုန်း စကားပြောခွက်ကို တင်ပါးနား ကပ်လိုက်သည်။ မေလက စိတ်ဝင်စားစွာ နားထောင်နေစဉ် 'ဘူကနဲ' အသံ ကြားလိုက်ရသည်။

"ခွေးစုတ်"

ဟု မေလက ရေရွတ်လိုက်သော်လည်း ဖိုးတန်က ဖုန်းကို ပြန်နားမထောင်တော့ဘဲ ချလိုက်၏။

. . . [illegible] . . .



www.burmeseclassic.com

www.burmeseclasssic.com



ဒေါ်လှလှသည် နေမထိ ထိုင်မသာ ဖြစ်နေ၏။ တလောက ဒေါ်မြမေနှင့် ဖုန်းပြောရာမှာ ဖိုးတန်နှင့် မေလတို့ လက်ထပ်ပြီးလို့ ကလေးမွေးလာရင် ယောက်ျားလေး ကောင်းလား၊ မိန်းကလေး ကောင်းလား ငြင်းကြရင်း ကတောက်ကဆ ဖြစ်ခဲ့သည်။ ထို့နောက် ရက်အတော်ကြာအောင် အဆက်အသွယ် ပြတ်သွားကြသည်။

အစတုန်းကတော့ ဒေါ်လှလှကလည်း ကိုယ့်မာနနဲ့ကိုယ် တင်းခံနေခဲ့တာ၊ နောက်တော့မှ အတွေးတမျိုး ပေါက်လာသည်။ ကိုယ်က ယောက်ျားလေးရှင်ဆိုတော့ အလျှော့ပေး လိုက်လျှော့ဖို့ လိုသည်။ ဟိုက မိန်းကလေးရှင်၊ ခပ်တင်းတင်း နေလို့ရသည်။ တော်ကြာ ဖိုးတန်နဲ့ မေလကို သဘောမတူတော့ဘူး ဘာညာ ဖြစ်လာလျှင် ခက်မည်၊ ဒီတော့ သူက စပြီး ဆက်သွယ်ဖို့ ဆုံးဖြတ်ပြီး ဖုန်းလှမ်းဆက်လိုက်၏။

ဒေါ်ရင်ရင်က ဖုန်းလာကိုင်သည်။

"ရင်ရင်လား"



"ဟုတ်ကဲ့ အန်တီလှလား"

"အေး ဟုတ်တယ်၊ မြ ရှိလား"

"ရှိပါတယ်၊ ခဏလေးနော်"

"မေမေရေ ဖုန်းလာနေတယ်၊ အန်တီလှတဲ့"

ဟု လှမ်းခေါ်သော အသံကို ဖုန်းထဲမှ ကြားရသည်။ တအောင့်လောက် ကြာအောင် စောင့်ရပြီးမှ. . .

"မေမေ နေမကောင်းလို့ အိပ်နေတယ်တဲ့"

"ဟင်. . . ဘာဖြစ်လို့လဲ"

"သွေးနည်းနည်းတိုးလို့ ထင်ပါရဲ့၊ ဘာပြောပေးရမလဲ"

"ရပါတယ် နေပါစေတော့ အရေးမကြီးလှပါဘူး"

စကားမပြောချင်လို့ နေမကောင်းဘူးဟု ပြောခိုင်းခြင်း ဖြစ်နိုင်သည်။ တကယ်ပဲ နေမကောင်းတာလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ဒါကို အကြောင်းပြုပြီး သတင်းသွားမေးရမည်။

ထို့ကြောင့် မိုးမိုးစံကို အဖော်ခေါ်ပြီး ဒေါ်လှလှတို့ အိမ်သို့ သွားသည်။ အိမ်က ကားကို ဦးဇော်အောင် ရုံးသို့ ယူသွားသဖြင့် တက်စီငှားရသည်။ လမ်းမှာ ဂရိတ်ဖရူ အလုံးလှလှကြီးတွေ ဝင်ဝယ်သွားသည်။

သူတို့ ရောက်သွားတော့ ဧည့်ခန်းထဲမှာ ဒေါ်ရင်ရင်ကိုသာ တွေ့ရသည်။

"မြကော"

ဟု ဒေါ်လှလှက မေးတော့. . .

"အခုပဲ. . . အဲ. . . အခန်းထဲမှာ လှဲနေတယ် ထင်တယ်"

"အော်. . . အော်. . . အန်တီဘာသာ သွားလိုက်မယ်"

ဆိုပြီး အပေါ်ထပ် တက်သွား၏။ မိုးမိုးစံက ဒေါ်ရင်ရင်နှင့် နေရစ်ခဲ့သည်။

ဒေါ်မြမေသည် ကုတင်ပေါ်မှာ လှဲနေသည်။ မျက်စိ မှိတ်ထားသည်။ အိပ်နေတာမဟုတ်။ မှိန်းနေခြင်းသာ ဖြစ်ကြောင်း သိသာ၏။ ဆိုဖာပိုင်းကို ယူ၍ ကုတင်ဘေးမှာ ထိုင်လိုက်ပြီး. . .

www.burmeseclasssic.com

www.burmeseclasssic.com



"မြ"

ဟု ခေါ်လိုက်သည်။ ဒေါ်မြမေ မျက်တောင်နည်းနည်း လှုပ်သွားသော်လည်း မျက်လုံးကိုတော့ မဖွင့်၊ ဒေါ်လုလုက လက်ကို ကိုင်၍ သွေးစမ်းသလို လုပ်ရင်း. . .

"မြ"

ဟု ထပ်ခေါ်သည်။ ဒီတော့မှ မျက်လုံးဖွင့်ကြည့်သည်။ ဘာမှတော့ မပြော။

"မြ နေမကောင်းလို့ဆို၊ စိတ်ပူလို့ လာမေးတာ"

ဆိုတော့မှ. . .

"သွေးနည်းနည်း တိုးချင်လို့"

ဟု စိတ်မပါသလို လေသံနှင့် ဖြေသည်။

"ဂရိတ်ဖရုတွေ ဝယ်လာတယ်၊ နည်းနည်းစားလိုက်ပါလား"

ခေါင်းခါသည်။

"ကိုစိန်မောင်းကော မမြင်ပါလား၊ ဘာလဲ ဘိလိယက်ခုံ သွားပြီး လူငယ်လေးတွေနဲ့ လက်ဖက်ရည်ကြေး ထိုးနေပြန်ပြီလား"

"ဟုတ်မှာပေါ့"

"အံ့ပါရဲ့တော်၊ ကိုစိန်မောင်းတယောက်ဟာ မကြီးမငယ်နဲ့ ဒီမှာ မိန်းမက နေမကောင်း ဖြစ်နေတာ၊ အနားမှာ နေဖော်မရဘူး"

"သူ မရှိတာ ပိုကောင်းတယ်၊ နားအေးတယ်"

စကားပြန်ပြောဖော် ရလာပြီဆိုတော့ စိတ်ပြေစ ပြုပြီ ဖြစ်ကြောင်း ရိပ်မိလိုက်၏။

"လုလည်း မြကို ပြောစရာလေး ရှိလို့"

ဒေါ်မြမေက ဘာလဲဆိုသော သဘောဖြင့် မေးဆတ်ပြသည်။

"ဟိုတခါ ဖုန်းထဲမှာ ပြောခဲ့တဲ့ကိစ္စလေး၊ အဲဒါ"

ပြောရင်း အကဲခတ်ကြည့်သည်။ ဒေါ်မြမေ စိတ်ဝင်စားလာပုံရသည်။ သူ့အလိုကျ မဟုတ်လျှင်တော့ ကျေနပ်မှာ မဟုတ်ဆိုသော မျက်နှာထားကိုလည်း မြင်ဆင်လိုက်သည်။



"ဒီလိုလေ မြရဲ့၊ ယောက်ျားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် မွေးနိုင်းမယ်လို့ စိတ်ကူးရတာနဲ့ အဲဒါ ဘယ်လို သဘောရလဲ"

အပြုသဘောဆောင်သော ကမ်းလှမ်းချက် ဖြစ်၏။ လက်မခံလျှင် သေးသိမ်ရာကျမည်။ ထို့ကြောင့် ဒေါ်မြမေက. . .

"အင်း မဆိုးပါဘူး"

ပြောရင်း ခဏစဉ်းစားပြီးမှ. . .

"တစ်ခုတော့ ရှိတယ်၊ သားဦးကတော့ ယောက်ျားလေးပဲ ဖြစ်သင့်တယ်"

ဒေါ်လုလုမှာ စောဒက တက်လိုက်ချင်သော်လည်း လျှော့လက်စနဲ့ လိုက်လျှောလိုက်တာ ကောင်းပါတယ်ဟု တွေးပြီး. . .

"အင်းလေ မြသဘောပါပဲ"

ဒေါ်မြမေ၏မျက်နှာ ကြည်လင်လာသည်။ ထို့နောက်. . .

"လု ကော်ဖီသောက်မလား၊ အိုဗာတင်း သောက်မလား၊ ဖျော်ခိုင်းလိုက်မယ်"

ဟု မေးလိုက်၏။

ဧည့်ခန်းထဲမှာတော့ ဒေါ်ရင်ရင်က မိုးမိုးစံဆီက စကား နှိုက်ထုတ်နေသည်။

"ဘယ်လိုလဲဟေ့၊ မောင်ဖိုး တစ်ကောင် စာမေးပွဲ နီးနေပြီဆို၊ စာကျက်ရဲ့လား"

"ကျက်တော့ ကျက်ပါတယ်၊ ဒါပေမယ့် ဒီကောင်လေးက နည်းနည်း ပေါ့ပေါ့တန်တန် လုပ်ချင်တယ်"

တော်တော် အတဲ့ ကလေးမပဲ၊ ဒီအချိန်မှာ ကိုယ့်မောင်လေးကို ချီးကျူးစကား ပြောရမယ့်ဟာ. . . ဟု တွေးရင်း ဒေါ်ရင်ရင်က. . .

"မောင်ဖိုးက ဉာဏ်ကောင်းပါတယ်၊ စိတ်ပူစရာ မရှိပါဘူး"

ဆိုပြီး ပြန်အကာအကွယ် ပေးရသည်။ မိုးမိုးစံမှာ ဒါကို သဘောမပေါက်ဘဲ ဆက်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclasssic.com



"ကျွန်မက ကွာလီဖိုင်း ဖြစ်အောင် ကြိုးစားပြီး မာစတာ ဆက်တက်စေချင်တာ"

"ဂျိစီအီး ဖြေတဲ့ကိစ္စကကော"

"အဲဒါက သူ့ဘက်က အဆင်သင့် မဖြစ်သေးဘူးဆိုပြီး အီးရော အီးရော လုပ်နေတယ်၊ ခုတစ်ခါ တိုဖယ်ဖြေရင် ကောင်းမယ်ထင်တယ် ပြောပြန်ပြီ၊ မေမေ့ကိုကျတော့ အက်စ်အေအီးတက်ရင် ကောင်းမလားလို့ မေးတယ်တဲ့၊ တလောကတော့ ကျောင်းပြီးရင် သင်္ဘောတက်တာဖြစ်ဖြစ် ရှိုးဂျော့ဖြစ်ဖြစ် လုပ်ချင်တယ်လို့ ဖေဖေ့ကို သွားပြောတယ်လေ"

ဒါဆိုရင်တော့ နိုင်ငံခြားမထွက်ခင် စေ့စပ်ကြောင်းလမ်းနိုင်အောင် ကြိုးစားရမယ်ဟု ဒေါ်ရင်ရင် စဉ်းစားသည်။ မိုးမိုးစံက ဆက်ပြော၏။

"ဒီကောင်က လူကြီးတွေကို တစ်ယောက်တစ်မျိုးစီ လျှောက်ပြောပြီး အူလည်လည်တွေ ဖြစ်ကုန်အောင် လုပ်တာ၊ သိပ်ရှုပ်တဲ့ကောင်"

ဒေါ်ရင်ရင်က ရယ်လိုက်ပြီး. . .

"မောင်ဖိုးကတော့ ဒီလိုပါပဲ၊ သိပ်ပျော်တတ်တယ်၊ အိမ်ကို လာရင်လဲ ဖေဖေတို့ မေမေတို့တောင် မနေရဘူး၊ လျှောက်နောက်နေတာပဲ"

"သိပ်ပစားမပေးနဲ့ ဒေါ်လေးရင်၊ ရောင့်တက်နေမယ်၊ သူ့ကို ခပ်နှိမ်နှိမ်လေး လုပ်ပေးမှ အပိုးကျိုးမှာ"

"အမလေး မလုပ်ပါနဲ့၊ မောင်ဖိုး စတာနောက်တာကို ခံနေရလို့သာ ခုချိန်ထိ အသက်ရှည်နေတာလို့ မေမေက ယူဆထားတာ၊ မောင်ဖိုးက မေမေ့ရဲ့ ဖေးဗရိတ်ပဲလေ"

"ကျွန်မတို့အိမ်မှာလဲ ဒီလိုပါပဲ၊ တစ်အိမ်သားလုံးက မေလမှ မေလပါပဲ"

အမယ် ဒီလိုဆိုပြန်တော့လဲ မိုးမိုးစံက ပါးရည်နပ်ရည် ရှိသားပဲဆိုပြီး ဒေါ်ရင်ရင် ကျေနပ်သွားသည်။ ထို့နောက်. . .

"အေးကွယ်၊ မိုးစံကိုပဲ အားကိုးရမှာပဲ"

"စိတ်ချပါ ဒေါ်လေးရင်"





သူတို့နှစ်ယောက်သည် စကားဝှက် သုံး၍ ပြောကြသလိုပင် ဖြစ်၏။ အဓိပ္ပါယ်ကိုတော့ နှစ်ယောက်စလုံး အပြန်အလှန် နားလည်ကြသည်။

အိမ်ဖော် မိန်းကလေး ရောက်လာပြီး လိမ္မော်ရည်ခွက်တွေ ချပေးသည်။ တစ်ခွက်ကို အပေါ်ထပ်သို့ ယူသွား၏။ ဒါကို ကြည့်ပြီး ဒေါ်လှလှနှင့် ဒေါ်မြမေတို့ ပြေလည်သွားကြပြီ ဖြစ်ကြောင်း သိလိုက်ရ၏။

မနေ့က ဒေါ်လှလှ ဖုန်းဆက်တော့ ဒေါ်မြမေက ခါတိုင်းလို အားရဝမ်းသာ ထမလာဘဲ 'မရှိဘူး၊ အိပ်နေတယ်လို့ ပြောလိုက်' ဟု ခပ်ဆတ်ဆတ် ပြောသည်။ ဒေါ်လှလှတို့ စီးလာသော တက်စီကား အိမ်ရှေ့မှာ ထိုးရပ်လိုက်လို့ 'ဟော. . . အန်တီလှ လာတယ် ထင်တယ်' ဟု ပြောလိုက်စဉ် ငေါက်ကနဲ ထပြီး အပေါ်ထပ်သို့ ဆောင့်ဆောင့်နဲ့ တက်သွားတာ မြင်ကတည်းက အဘွားကြီးနှစ်ယောက် စိတ်ကောက်နေကြပြီ ဖြစ်ကြောင်း ဒေါ်ခင်ဖြူဝင်း သိလိုက်၏။

သူတို့နှစ်ယောက်ကတော့ ကလေးတွေ ကျနေတာပဲ၊ မကြာခဏ ဆိုသလို ဘာမဟုတ်တာလေးနဲ့ အငြင်းအခုန် ဖြစ်ပြီး အဆက်အသွယ် ဖြတ်ထားကြသည်၊ ကြာကြာလည်း တင်းမခံနိုင်၊ မနေနိုင်တဲ့လူက စပြီး ချော့လိုက်တဲ့အခါကျတော့လည်း 'လှရေ' 'မြရေ' ပြန်ဖြစ်သွားကြတာပါပဲ။

ဦးဇော်အောင်နှင့် ဖိုးတန်တို့က လွဲ၍ တစ်အိမ်လုံး မနက် စောစောကြီး ထရသဖြင့် တညည်းညည်း တညူညူ ဖြစ်နေကြ၏။ ဒီနေ့ ဖိုးတန် စာမေးပွဲ စဖြေရမည့်နေ့ ဖြစ်နေလို့ပါပဲ။



www.burmeseclasssic.com

www.burmeseclasssic.com



ဒေါ်လှလှက မနက်ငါးနာရီမှာ ထနေကျအတိုင်း ထသည်၊ ခါတိုင်းလို ဘုရားတော့ မရှိခိုးဖြစ်သေး၊ ဖိုးတန် စာမေးပွဲ ဖြေချိန်ကျမှ ရှိခိုးရမည်။

ဖိုးတန်အတွက် မနက်စောစောစာ ပြင်ဆင်ဖို့ ဒေါ်ခင်မြုဝင်း မိုးမိုးစံနှင့် အိမ်ဖော် မိန်းကလေးတို့ကို နှိုးသည်။

မနေ့ညက မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှာ သတင်းကြ ရှည်သွားသဖြင့် ကိုရီးယား ဇာတ်လမ်းတွဲကို နောက်ကျမှ လွှင့်သည်၊ နည်းနည်း ညဥ့်နက်မှ အိပ်ရာဝင်ရသောကြောင့် အိမ်ဖော် မိန်းကလေး သည် အိပ်ရေးမဝဘဲ တဝါးဝါး သမ်းနေသည်။

ဒေါ်ခင်မြုဝင်းကတော့ ဒေါ်လှလှကို ပြောသည်။

"မမေမေရယ်၊ မောင်ဖိုးက ကလေးလဲ မဟုတ်တော့ပါဘူး၊ ဒီ လောက် အရေးတကြီး လုပ်ပေးဖို့ မလိုဘူး ထင်ပါတယ်"

"ဟဲ့ စာမေးပွဲဖြေတာ အရေးမကြီးဘဲ နေမလား"

"တက္ကသိုလ်တောင် ရောက်နေပြီပဲ"

"တက္ကသိုလ်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ကျောင်းသားက ကျောင်း သားပဲ၊ ညည်းတို့က ဒီရက်ကလေးတောင် နည်းနည်းပါးပါး အပင်ပန်း မခံနိုင်ဘူးလား"

"မေမေက နည်းနည်းပိုလွန်းလို့"

"ဘာပြောတယ်၊ ငါက ပိုတယ်၊ ဒါဆို ညည်းက လိုတာပေါ့ နေစမ်းပါအုံး၊ ဖိုးလေးက ဘာလဲ၊ ညည်းသား မဟုတ်ဘူးလား၊ လမ်းပေါ် က ကောက်ရတာလား"

"ကဲပါ မေမေရယ်၊ ဟုတ်ပါတယ်၊ ကျွန်မလဲ တတ်နိုင်သလောက် ဂရုစိုက်တာပါပဲ၊ ကဲ. . . ဘာလုပ်ရမလဲ ပြော"

"လက်ဖက်ခြောက် နှပ်ထား၊ စာမေးပွဲရက်ဆိုတော့ လက်ဖက် ရည် တိုက်မှ လန်းဆန်းမှာ၊ ဖိုးလေးကလဲ ညည်း ဖျော်ပေးတာမှ ကြိုက် တာ မဟုတ်လား"

"ဟုတ်ကဲ့ပါ"





"ပြီးတော့ ဒီနေ့ ဈေးသွားရင် ဆိတ်ဦးနှောက် ရအောင် ဝယ်ခဲ့၊ ညနေ ချက်ကျွေးရမယ်၊ ဒါမှ ဉာဏ်ကောင်းပြီး စာမေးပွဲ ပိုဖြေနိုင်မှာ၊ နေအုံး၊ ဆိတ်ဦးနှောက်က ရှားတယ်နော်၊ တစ်ဈေး မရရင် နောက်တစ် ဈေးမှာ ထပ်ရှာ၊ တကယ်လို့ တစ်လုံးပဲ ရတယ်ဆိုရင်လဲ သပ်သပ်ဖယ် ထား၊ ညည်းယောက်ျားကို မကျွေးလိုက်နဲ့နော်"

"စိတ်ချပါ မေမေရာ"

ဒေါ်ခင်မြုဝင်းက လက်ဖက်ခြောက် နှပ်ဖို့ ထွက်သွားရင်း. . .

"သူ့မြေးနဲ့ ယှဉ်လိုက်တော့ သားလုပ်တဲ့လူကိုတောင် မသဒ္ဒါ တော့ဘူး"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

မိုးမိုးစံကတော့ ကြိတ်ပြီး ပြုံးနေရာမှ တမင်တကာ စိတ်ကောက် ဟန်လေးဖြင့်. . .

"ဘွားလှက မတရားဘူး၊ သမီးလဲ စာမေးပွဲတွေ ဖြေခဲ့ရတာပဲ၊ သမီးအလှည့်တုန်းကတော့ တခါမှ ခုလို ဂရုမစိုက်ခဲ့ဖူးဘူး"

သူပြောတာ ဟုတ်နေသဖြင့် ဒေါ်လှလှက လေသံကို လျှော့ချ လိုက်ရသည်၊

"သမီးက ကိုယ့်ဘာသာ လုပ်တတ် ကိုင်တတ်လို့ပါကွယ်၊ ဖိုးလေး ကတော့ ယောက်ျားလေးဆိုတော့ ဘာမှ လုပ်တတ်တာ မဟုတ်ဘူး၊ စားဖို့ပဲ သိတာကိုး"

"သမီး သိပါတယ်နော်၊ အမွေတွေကိုလဲ မောင်ဖိုးကိုပဲ အကုန် ပေးခဲ့မှာ မဟုတ်လား"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ဘဏ်က ငွေတွေကလဲ မောင်ဖိုး မင်္ဂလာဆောင် ရင် သုံးဖို့၊ စိန်နားကပ်ကလဲ မောင်ဖိုး ယူမယ့် မိန်းမကို လက်ဖွဲ့ဖို့ ဟုတ်တယ် မဟုတ်လား"

"အိုကွယ် ငါ့မြေးမကြီးကိုလဲ ပေးမှာပါ"

"သမီးအတွက်ကတော့ ကျောက်နီလက်စွပ်လေးတစ်ကွင်း၊ ဒါပဲ



www.burmeseclassic.com

www.burmeseclasssic.com



မဟုတ်ဘူးလား"

ဒေါ်လှလှမှာ မကြားလိုက်သလိုလို အရေးမကြီးသလိုလို ဖ
ယောင် ဒီယောင် လုပ်နေသည်။ ပြီးမှ. . .

"ကဲ. . . ကဲ၊ အချိန်မရှိဘူး၊ လုပ်စရာရှိတာ လုပ်မှ"

ဟု စကားလွှဲလိုက်သည်။

တကယ်တော့ မိုးမိုးစံနှင့် အိမ်ဖော်မိန်းကလေးတို့မှာ ဘာ
သိပ်လုပ်စရာမရှိ၊ တောက်တိုမယ်ရ ဝင်ကူဖို့လောက်ပဲ၊ အစားအသောက
တွေကို ဒေါ်လှလှကိုယ်တိုင် ပြုလုပ်မည် ဖြစ်၏။

ဖိုးတန်က မုန့်ဟင်းခါးတို့ အုန်းနို့ခေါက်ဆွဲတို့ ကြိုက်တတ်သည
သို့ရာတွင် စာမေးပွဲရက်မှာက အစားအသောက် သတိထားဖို့ လိုသည
မုန့်ဟင်းခါးက အခန့်မသင့်လျှင် ဝမ်းပျက်နိုင်သည်။ အုန်းနို့ခေါက်ဆွဲ
တော့လည်း အအီစာ အတက်စာ ဖြစ်၏။ စာမေးပွဲ ဖြေမယ့်လူ
သွေးလေးနေလို့ မဖြစ်။ ပြီးတော့ အပြင်ဆိုင်က အစားအစာတွေ ဝ
ကျွေးရမှာကို စိတ်မချ။

ထို့ကြောင့် အစားအသောက်တွေကို အိမ်မှာပဲ စီစဉ်သည
ကြက်အူချောင်းကို အလျားလိုက်၊ အပြားကလေးတွေ ဖြစ်အောင် လှီး
ကြော်သည်။ လက်ကိုင်ပါသော ဒယ်အိုးပြားထဲသို့ မာဂျရင်း ထည့်သည
ဖျစ်ဖျစ်မြည်လာသောအခါ ကြက်ဥနှစ်လုံး ဖောက်ထည့်သည်၊ ချက်ချ
မွှေပြီး ဒယ်အိုးကို မီးဖိုပေါ်မှ ချသည်။ အချိန်အဆက အလွန်အရေးကြ
သည်။

မီးဖိုပေါ်မှ ချတာ စောသွားလျှင် ကြက်ဥက ပျော့ပြဲပြဲ ဖြစ်
တတ်သည်၊ နောက်ကျပြန်တော့လည်း အကျက်လွန်ပြီး မာခဲခဲ ဖြစ်သွ
ပြန်ရော၊ အနေတော်လောက် ချမှ ဦးနှောက်လို ထွေးထွေးအိအိဖ
ဖြစ်တာ၊ ဒါမျိုးကို ဒေါ်လှလှတစ်ယောက်သာ တိုင်မင်ကိုက်အောင် လု
နိုင်သည်၊ ငရုတ်ကောင်းမှုန့်လေး နည်းနည်း ဖြူးလိုက်သောခါ မွှေးကြ
သွား၏။

ပေါင်မုန့်ကို ထောပတ်သုတ်သည်၊ ကြက်ဥမွှေကြော်ကို ဖြန့်



တင်သည်။ ကြက်အူချောင်းဖတ်ကလေးတွေ ထည့်သည်၊ နောက်ထပ်
ပေါင်မုန့်တစ်ချပ်နှင့် အုပ်လိုက်သည်။ ဒါမျိုး နှစ်စုံလုပ်ရ၏။ ဖိုးတန်က
ဒါမှ ဝမှာ၊ ဖျော်ထားသော လက်ဖက်ရည်ကို စတီးဓါတ်ဗူး အသေးလေး
ထဲမှာ ထည့်ပြီး နှပ်ပေးထားလိုက်သည်။ ဖိုးတန် နိုးလာတဲ့အခါ စားဖို့
သောက်ဖို့ အဆင်သင့်ဖြစ်ပြီ။

ဖိုးတန်က မနက်စောစောထ စာကျက်မလို့ ဆိုပြီး စားပွဲတင်
နာရီကို လေးနာရီမှာ နှိုးစက်ပေးထားသည်။ မနက်လေးနာရီ ထိုးလို့
နှိုးစက်မြည်တော့ အိပ်ရာက ထသည်၊ တကယ် ထတာတော့ မဟုတ်၊
နှိုးစက်လက်တန်ကို ငါးနာရီသို့ ရွှေ့ထားလိုက်ပြီး ပြန်အိပ်သည်၊ ငါးနာရီ
မှာ နှိုးစက်ထမြည်တော့လည်း လက်တန်ကို ခြောက်နာရီထိ လှည့်ထား
ပြီး ပြန်အိပ်သည်။ ခြောက်နာရီမှာ မြည်သောအခါ နိုးတော့ နိုးသည်။
မထသေးဘဲ နှပ်နေသည်။ မိုးမိုးစံက အခန်းတံခါးကို လာပုတ်ပြီး. . .

"မောင်လေး မောင်လေး၊ ခြောက်နာရီ ထိုးပြီးနေပြီ၊ ထတော့
လေ"

ဟု နှစ်ခါသုံးခါ အော်ပြီးမှ ထသည်။

မျက်နှာသစ်၊ သွားတိုက်ပြီးနောက် ထမင်းစား စားပွဲမှာ လာထိုင်
သည်၊ ပေါင်မုန့်လေးချပ်ကို သုံးမိနစ်အတွင်း ကုန်အောင် စားပစ်လိုက်
သည်။ ပြီးမှ လက်ဖက်ရည်ကို ဇိမ်ခံသောက်သည်။ သူ့ လုပ်ပေးထားတာ
ကို အားပါးတရ စားသဖြင့် ကျေနပ်နေသော ဒေါ်လှလှက ပြုံးပြုံးကြီး
လုပ်ရင်း မေးသည်။

"သားလေး စားလို့ကောင်းရဲ့လား"

"ဘွားလှကိုယ်တိုင် လုပ်ထားတာပဲ၊ မကောင်းဘဲ ရှိပါ့မလား. . .
အင်း. . . ဒါပေမယ့် လက်ဖက်ရည်ကတော့ အကျရည် နည်းနည်း ပေါ့သ
လိုပဲ"

"ကဲ. . . ငါမပြောဘူးလား"

ဟု ဒေါ်လှလှက ဒေါ်ခင်ဖြူဝင်းကို အပြစ်တင်သောလေသံဖြင့်
ပြောလိုက်၏။ လက်ဖက်ရည်ကို ဒေါ်ခင်ဖြူဝင်း ဖျော်တာမှန်း သိသဖြင့်

www.burmeseclassic.com

www.burmeseclasssic.com



ဖိုးတန်ကဒ တမင်ချွန်လိုက်ခြင်း ဖြစ်၏။ ဒါကို ဒေါ်ခင်မြူဝင်းကလည်း သဘောပေါက်ပြီး ဖိုးတန်ကို မျက်စောင်းထိုးသည်။ ဖိုးတန်က သူ့အမေကို ပြုံး၍ မျက်စိမှိတ်ပြပြီး ထထွက်သွားသည်။

ထိုအခါကျမှ ထမင်းစားခန်းထဲမှာ တန်းဖြုတ်ခွင့် ရသွားသည်။

"ကဲ. . . ညည်းယောကျ်ားအတွက်တော့ ကိုယ့်ဘာသာ စီစဉ်ပေတော့"

ဒေါ်လှလှက ပြောပြီး ထွက်သွားသည်။ ဒေါ်ခင်မြူဝင်းက. . .

"မေမေ တစ်ယောက်ဟာ တော်တော် တရားတယ်၊ စောစောက တစ်ခါထဲ ပိုလုပ်လိုက်ရင် ရရဲ့သားနဲ့"

ဟု ပြောသည်။ မိုးမိုးစံက ရယ်နေသည်။

ဖိုးတန်နှင့် ပတ်သက်ပြီး ဒေါ်လှလှ သည်းသည်းလှုပ်နေပုံမှာ အမြင်ကတ်စရာ ဖြစ်သော်လည်း ဒေါ်ခင်မြူဝင်းနှင့် မိုးမိုးစံတို့ စိတ်ထဲကတော့ ကြိတ်ပြီး ကျေနပ်နေကြသည်။ ပိုလွန်းလို့သာ ထောကြငေါ်ကြခြင်း ဖြစ်၏။

ဒါတောင် တက္ကသိုလ် ရောက်သွားလို့ နည်းနည်းလျှော့လိုက်တာ၊ ဖိုးတန် ဆယ်တန်းစာမေးပွဲ ဖြေတုန်းကဆိုလျှင် ဒီထက် ပိုသေးသည်။ ဒေါ်လှလှသည် စာမေးပွဲ မတိုင်ခင်ကတည်းက သက်သတ်လွတ် လေးဆယ့်ကိုးရက် စားသည်။ စာမေးပွဲရက်အတွင်းမှာကျတော့ သက်သတ်လွတ် စားရုံမျှမကပဲ ဥပုသ်ပါ စောင့်သည်။ ဖိုးတန် စာမေးပွဲခန်းထဲ ထိုင်ဖြေနေတဲ့ အချိန်အတွင်းမှာလည်း ဒေါ်လှလှက ဘုရားစင်ရှေ့မှာ သုံးနာရီလုံးလုံး ထိုင်ပြီး ဘုရားရှိခိုး၊ တရားစာတွေ ရွတ်၊ မေတ္တာပို့၊ ဆုတောင်းတာတွေ တပြိုင်နက် ပြုလုပ်ပေးသည်။

ဦးဇော်အောင်၊ ဒေါ်ခင်မြူဝင်းနှင့် မိုးမိုးစံတို့ကိုလည်း ဒီအတိုင်း လုပ်ဖို့ ဒေါ်လှလှက တိုက်တွန်းသေးသည်။ သူတို့ကလည်း ယတြာချေပေးတာလောက်တော့ လုပ်ပေးနိုင်သည်။ သက်သတ်လွတ်တော့ မစားနိုင်ဟု ငြင်းဆန်ကြ၏။

ဆယ်တန်းအောင်စာရင်း ထွက်တော့ ဖိုးတန်က ဂုဏ်ထူး တစ်



ဘာသာတည်း ပါသည်။ ဒါကို ဒေါ်လှလှက သူ့ကောင်းမှုကြောင့်သာ တစ်ဘာသာ ပါခြင်းဖြစ်သည်။ တခြားအိမ်သားတွေပါ သူ့လို သက်သတ်လွတ် စား၊ ဥပုသ်စောင့်ခဲ့လျှင် လေးဘာသာ ဂုဏ်ထူး ပါမှာပဲဟု တဖျစ်တောက်တောက် မကျေမချမ်း ပြောခဲ့သေးသည်။

◈ ◈ ◈

စာမေးပွဲ နောက်ဆုံးနေ့ ဖြေပြီးလျှင် ယောကျ်ားလေး အတော်များများသည် သူငယ်ချင်းတွေနဲ့ အားရအောင် လျှောက်လည်ကြလေ့ရှိသည်။ ဖိုးတန်သည်လည်း လည်ဖို့ စိတ်ကူးသေးသည်။ သို့ရာတွင် အဖော်မရှိဘဲ ဖြစ်နေ၏။ အဝေးသင် တက္ကသိုလ်ဆိုတာက နေ့ကျောင်းသားတွေလို တနှစ်ပတ်လုံး တပူးတွဲတွဲ နေပြီး အတူတကွ ကျောင်းတက်ရတာ မဟုတ်။ စာမေးပွဲနား ရောက်လို့ အနီးကပ် သင်တန်းကျမှ ဆုံကြတာ ဆိုတော့ သိပ်ပြီး မတွဲမိကြ။

ဖိုးတန်၏ အရင်းနှီးဆုံး သူငယ်ချင်း မြတ်သူစိုးကလည်း ကွန်ပျူတာ တက္ကသိုလ် တက်နေသူ ဖြစ်သောကြောင့် စာမေးပွဲ ဖြေတဲ့ရက်ချင်း မတူကြ၊ ပြီးတော့ ဒီကောင်ကလည်း အပျော်အပါးကိစ္စမှာ သိပ်အားကိုးရသူ မဟုတ်။

မြတ်သူစိုးက ခပ်ရိုးရိုး၊ ခပ်တုံးတုံး၊ စာဂျပိုးတစ်ယောက်သာ ဖြစ်၏။ ဖိုးတန်လို ငပွေးနဲ့ ဘယ်လိုကဘယ်လို ထူးထူးဆန်းဆန်း တွဲမိနေသလဲ မသိ။ ခုလည်း ဖိုးတန်က ခေါ်တော့. . .

"စာမေးပွဲ နောက်ဆုံးနေ့မှာ လျှောက်လည်တယ်ဆိုတာ ကလေးတွေ လုပ်တဲ့ကိစ္စပါကွာ၊ ပြီးတော့ ငါလဲ မအားဘူး၊ မြန်မာ ယူနီကုတ်နဲ့ ပတ်သက်တဲ့ စာကမ်းဖတ်ပွဲ သွားနားထောင်မလို့"

www.burmeseclasssic.com

www.burmeseclasssic.com



ဟု ဆိုသည်။ ဖိုးတန်ကလည်း. . .

"အေး ကောင်းတယ်၊ မင်းနဲ့ လျှောက်လည်ရင်လဲ အလကားပဲ၊ မင်းရဲ့ ဖလော်ဆော်ဖီတွေ နားထောင်နေရတာနဲ့ ပြီးမှာပဲ"

ဟု ပြန်ပြောလိုက်သည်။

ဖိုးတန်အတွက် အရင်းနှီးဆုံး နောက်သူငယ်ချင်း တစ်ယောက်ကတော့ မေလပဲ ဖြစ်၏။ မေလက မိန်းကလေး ဖြစ်နေလို့သာပေါ့၊ တကယ်ဆို ပိုပြီးတော့တောင် အတွဲညီချင်သေးသည်။ အစားအသောက်ကောင်းကောင်းကို တဝတပြ စားတတ်တဲ့ နေရာမှာလည်း အကြိုက်ချင်းတူသည်။

ထို့ကြောင့် သူ့အဖေဆီက ကားတောင်းပြီး မေလဆီ ထွက်လာခဲ့သည်။ ဖိုးတန်သည် အရွယ်ရောက်လာသော ယောကျ်ားလေးတို့ ထုံးစံအတိုင်း ကားအလွန် မောင်းချင်သူ ဖြစ်၏။ သူ့အဖေက 'မင်းကနမော်နမဲ့နိုင်တယ်၊ စိတ်မချဘူး' ဆိုပြီး ပေးမမောင်းခဲ့၊ ထို့ကြောင့် အကြံအဖန် လုပ်ရသည်။

စာမေးပွဲ နောက်ဆုံးရက် ဖြေပြီးလျှင် မေလနှင့် လျှောက်လည်ဖို့ ချိန်းထားသည်။ ဒါကြောင့် ကားခဏ ယူသွားချင်သည်ဟု အကြောင်းပြလိုက်သည်။ ဒီအခါမှာ ဦးဇော်အောင်အနေဖြင့် မပေးလို့ မဖြစ်တော့၊ ဖိုးတန်နှင့် မေလတို့ ပေါင်းစည်းရေးအတွက် အထောက်အကူ ပြုသောကိစ္စ ဖြစ်နေတာကိုး။ မပေးနိုင်ဘူးဆိုလို့ ဖိုးတန်က အဘွားလုပ်သူကို သွားတိုင်လိုက်လျှင် သူ တရားခံ ဖြစ်သွားနိုင်သည်။ ဖိုးတန်+မေလ စီမံချက်ကို တစ်စုံတစ်ခု အနှောင့်အယှက် ဖြစ်အောင် လုပ်မိလျှင် အမှုကတော်တော် ကြီးသွားနိုင်သည်။

ထို့ကြောင့် 'သတိထားပြီး ဖြေးဖြေးမောင်းနော်၊ ဟော့ကောင်' ဟု ပြောပြီး ဖိုးတန်ကို ကားသော့ ပေးလိုက်ရ၏။

"အော. . . ဒါဆို နင်က ကားမောင်းချင်တာက အဓိကပေါ့၊ ငါ့ကို သတိရလို့ လာတာ မဟုတ်ဘူးပေါ့"

ဟု မေလက ပြောသည်။



"နင့်ကို သတိမရရင် လာမလားဟ၊ တခြားနေရာ လစ်သွားမှာပေါ့"

"အမယ် ဦးဇော်က မသက်ာလို့ ငါ့ဆီ ဖုန်းဆက်မေးရင် ပေါ်သွားမှာစိုးလို့ အရောက်ပြတာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ နင့်ကို တကယ်သတိရတာပါ၊ ကဲ. . . နင်ဘယ်သွားချင်လဲ ပြော၊ ငါလိုက်ပို့မယ်"

"ဘယ်မှ မသွားချင်ဘူး၊ နင်မောင်းတဲ့ကားလဲ ငါ မစီးရဲဘူး"

"ငါက ကားမောင်း ကျွမ်းကျင်ပါတယ်ဟ"

"လိုင်စင်ကော ရှိလို့လား"

"ရှိတာပေါ့၊ မရှိဘဲ ဘယ်မောင်းရဲပါ့မလဲ၊ ဖေဖေကလဲ လိုင်စင်မရှိဘဲ ကားပေးလိုက်ပါ့မလား၊ ဒီလိုလုပ်၊ နင့်ကို ငါ တစ်ခုခု လိုက်ကျွေးမယ်လေဟာ"

"အဲဒါဆိုရင်တော့ စိတ်ဝင်စားစရာပဲ"

"ထင်သားပဲ၊ အစားနဲ့ မျှားရင် ခိုးရာတောင် လိုက်မယ့်မိန်းမ၊ ကဲ. . . ဘာစားချင်လဲ ပြော"

"ဗိုက်ဝတဲ့ဟာ စားချင်တယ်၊ မနက်က ဟင်းသိပ်မကောင်းလို့ ထမင်းစားလို့ မဝဘူး"

"ဒါဆို အတော်ပဲ၊ ငါလဲ ဝက်သား စားချင်နေတာ"

"ဝက်သား"

"အေး စာမေးပွဲရက်တွေတုန်းက ဝမ်းပျက်မှာစိုးလို့ ဆိုပြီး ဘွားလုက ဝက်သားဟင်း မချက်ခိုင်းဘူး၊ ဒါကြောင့် စာမေးပွဲ ပြီးရင်တော့ ဝက်သားကို ဝအောင် ဝိုက်မယ်လို့ အားခဲထားတာ"

"ကောင်းတယ်ဟာ၊ ငါလဲ စားချင်နေတာ၊ ဘာကြောင့်လဲ ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင် ညက အိပ်မက်မက်လို့"

"ဘယ်လို မက်တာလဲ"

"နင့်ကို မက်တာ"

"သိပ်စွဲလန်းနေတယ်ပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclasssic.com



“ရှုရာစစ၊ အိပ်မက်ထဲမှာ နင်က စာမေးပွဲကျလို့ အိမ်က နှင်ထုတ်ခံရတာနဲ့ လမ်းဘေးမှာ ဝက်သားတုတ်ထိုး ရောင်းနေရတယ်တဲ့၊ အခု နင်က ဝက်သား အဝကျွေးမယ်ဆိုပြီး လာခေါ်တော့ တိုက်ဆိုင်တာပေါ့၊ နင်တော့ အသက်ရှည်အုံးမယ်”

“နောက်တစ်ခါ အိပ်မက်မက်ရင်တော့ ငါက မိလ္လာကျုံးတဲ့ အလုပ် လုပ်နေတယ်လို့ မက်ပေါ့ဟာ၊ နောက်နေ့ကျတော့ ငါ နင့်ကို မိလ္လာကျွေးမယ်လေ”

သူတို့နှစ်ယောက်က ဒီလိုပဲ၊ တွေ့တာနဲ့ ဦးတဲ့လူက ဖမ်းနှိပ်ပစ်လိုက်တာ။ နောက်လိုက် ပြောင်လိုက်၊ ငြင်းလိုက် ခုန်လိုက်နဲ့၊ ပျော်စရာလည်း ကောင်းသည်။ ဒါကြောင့်လည်း တစ်ယောက်နဲ့ တစ်ယောက် မတွေ့ပဲ မနေနိုင်ကြတာပေါ့။

သူတို့နှစ်ယောက်မှာ သူငယ်ချင်းတွေ အသီးသီး ရှိကြတာ မှန်သည်။ သို့ရာတွင် ဟိုဟာက သူငယ်ချင်းလိုပဲ ခင်လို့ရသည်။ သူတို့နှစ်ယောက် ကြားမှာတော့ သူငယ်ချင်းလိုရော မောင်နှမလိုပါ သံယောဇဉ်တွယ်တာလို့ ရနေခြင်းက ပိုပြီး တွဲမိဖို့ အားသာချက် ဖြစ်နိုင်သည်။ လူကြီးတွေ လိုလားသော သံယောဇဉ်မျိုး ဖြစ်ပေါ်လာဖို့ကတော့ တစ်ခါမှ တောင် စိတ်မကူးမိကြ။

ဖိုးတန်က မေလကို ကျောက်မြောင်းရှိ ခွေးနီ စားသောက်ဆိုင်သို့ ခေါ်သွားသည်။ ထမင်းကို နည်းနည်းသာ စားပြီး ဟင်းတွေ တစ်ပွဲပြီး တစ်ပွဲ မှာသည်။ အခေါက်၊ အသား၊ အသည်း၊ အူစုံ၊ လျှာ၊ နှလုံး၊ ကြိမဆိုင် ဟင်းချို စသည်ဖြင့် စုံနေသည်။

“မေလ နင် ငါ့ကို စကားတစ်ခွန်း မေးဖို့ မေ့နေတယ်နော်”

ဖိုးတန်က ပြောသဖြင့် မေလက အူချိုတဖတ်ကို ဝါးနေရင်းက “ဘာလဲ”ဟု ဗလုံးဗထွေး မေးသည်။

“စာမေးပွဲ ဖြေနိုင်ရဲ့လားလို့ မေးရမှာလေ”

“မေးစရာ လိုသေးလို့လားဟ”

“စားထားသောက်ထားတာတွေအတွက် အားနာသောအားဖြင့်



ဝတ်ကျေတန်းကျေလောက်တော့ မေးပါဟာ”

“နင့်ကို အားနာရမယ်၊ ဟုတ်လား၊ ကဲပါလေ၊ မေးပါ့မယ်၊ နင် စာမေးပွဲ ဖြေနိုင်ရဲ့လား”

“ဖြေတော့ ဖြေနိုင်ပါတယ်”

“တော့ဆိုတာက ဘာဖြစ်လို့ ပါလာတာလဲ”

“အောင်တာတော့ အောင်ပါတယ်၊ အမှတ်တော့ သိပ်ကောင်းမှာ မဟုတ်ဘူး”

“နင့်ကို ငါပြောသားပဲ၊ တက္ကသိုလ် စာမေးပွဲပဲဆိုပြီး မပေါ့ပါနဲ့လို့”

“ငါညံ့လို့ မဟုတ်ဘူး၊ မေးခွန်းထုတ်တဲ့ ဆရာဆရာမတွေနဲ့ နားလည်မှု လွဲသွားလို့”

“ဘာ ဘယ်လို”

“ငါ ကျက်သွားတာနဲ့ မေးတဲ့မေးခွန်းနဲ့ မတိုက်ဆိုင်လို့လေ”

“ဘာဆိုင်လဲဟ၊ ဘာမေးမေး ဖြေနိုင်အောင် ကျက်သွားရမှာပေါ့”

“တကယ်ဆိုရင် မေးခွန်းထုတ်တဲ့ပုံစံကိုလဲ ပြင်သင့်တယ်”

“လူကြီးမင်းက ဘယ်လို ဖြစ်စေချင်လို့လဲ”

ဟု မေလက ခပ်ငေါ့ငေါ့ လေသံဖြင့် မေးသည်။

“နင် စဉ်းစားကြည့်လေ၊ ဆရာဆရာမတွေက သူတို့ ကြိုက်တာကို ရွေးပြီး မေးခွန်းထုတ်တာဟ၊ အကြိုက်ချင်း သွားတူဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး၊ အဲဒီတော့ ဒီလိုလုပ်သင့်တယ်၊ စာမေးပွဲမှာ မေးခွန်းငါးပုဒ် မေးမယ် ဆိုပါတော့၊ သုံးပုဒ်ကို ဆရာဆရာမတွေ ကြိုက်တာမေး၊ ကျန်တဲ့ နှစ်ပုဒ်ကိုတော့ ကျောင်းသားကျောင်းသူတွေက ကိုယ့်ဘာသာ ကြိုက်တာဖြေ၊ အဲဒါမျိုး လုပ်သင့်တယ်”

“ပညာရေးဌာနမှာ နင် လူကြီးဖြစ်တဲ့အခါကျမှ အဲဒီလို လုပ်တော့”

“ဟာ. . . ငါသာ လူကြီးဖြစ်လို့ကတော့ ဘာပြောကောင်းမလဲ၊

www.burmeseclasssic.com

www.burmeseclasssic.com



ဘောလုံးပွဲတွေမှာ အိမ်ကွင်း၊ အဝေးကွင်း အပြန်အလှန် ကန်ရသလို စားမေးပွဲကိုလည်း အိမ်ဖြေ၊ ကျောင်းဖြေ ဆိုတဲ့စနစ်မျိုး လုပ်ရမယ်"

"နင့်ဦးနှောက်က အဲဒီလို ပေါက်ကရ စိတ်ကူးမျိုးဆို သိပ်ထွက်တတ်တယ်"

ဟု မေလက ပြောပြီး ရယ်နေသည်။

ဆိုင်က လူများသည် သူတို့နှစ်ယောက်ကို ကြည့်ပြီး အံ့ဩနေကြ၏။ တခြားလူငယ်အတွဲတွေဆိုလျှင် တစ်ယောက်နဲ့တစ်ယောက် ရှက်ပြီး တို့ကနန်း၊ ဆိတ်ကနန်းသာ စားကြသဖြင့် ဟင်းနှစ်ပွဲလောက်ကိုတောင် မကုန်နိုင်ကြ။ ဒီနှစ်ယောက်ကတော့ စားလိုက်ကြတာ၊ အနှစ်နှစ်အလလ ငတ်နေကြတဲ့အတိုင်းပဲ၊ ပန်းကန်ထဲမှာ နောက်ဆုံး ကျန်တဲ့ အခေါက်ကင် တစ်ဖတ်ကိုတောင် လုစားနေကြသေးသည်။

"ဒါနဲ့ နေစမ်းပါအုံးဟ၊ နင်က ကားမောင်းချင်စာနဲ့ပဲ ငါ့ကို အကြောင်းပြပြီး ကားယူလာတယ်ဆိုတော့ တကယ်လို့ ငါ့ကို လက်ထပ်ရင် အဲဒီမော်တော်ကား လက်ဖွဲ့မယ်ဆိုရင် နင် စိတ်ပါချင် ပါလာမှာပဲ"

ဟု မေလက ပြောတော့ ဖိုးတန်က. . .

"စိတ်ချ၊ လေယာဉ်ပျံ လက်ဖွဲ့မယ်ဆိုရင်တောင် နင့်လို အစားပုတ်မကို ငါမယူဘူး၊ နင်သာ ဘွားလုရဲ့ စိန်နားကပ်ကြီးကို မက်ပြီး ငါ့ကို ချဉ်းကပ်ဖို့ မကြိုးစားနဲ့"

"အမယ် နင့်ကို ယူမယ့်အစား. . ."

"ဘာလဲ ဒန်ပေါက်ဆယ်ပွဲလောက် စားပြီး စားပိုးနင့် အသေခံလိုက်မယ်၊ ဒါပြောမလို့ မဟုတ်လား"

"အင်း. . . နေအုန်းဟ၊ ဟိုတစ်ခါ ပြောတုန်းက ဒန်ပေါက် စားခဲ့ပြီးပြီ၊ ဒီတစ်ခါ ဘာစားပြီး သေရင် ကောင်းမလဲ၊ နင်လဲ ကူပြီး စဉ်းစားပေးပါအုံး၊ ခုလောလောဆယ်တော့ ဝက်သားလိပ်တစ်ပွဲ မှာလိုက်စမ်းဟာ"

"ဝက်မ ကြည့်လဲ လုပ်အုံး၊ ငါတောင် ဗိုက်အင့်နေပြီ၊ နင်က ငါ့ထက် ပိုသောင်းကျန်းနေပါလား၊ ငယ်ငယ်တုန်းကလို မရှုနိုင်မကယ်နိုင်



ဖြစ်နေလို့ ဆေးခန်းပြေးနေရအုံးမယ်"

"မပူပါနဲ့ဟာ၊ ငါ့မှာ ဆေးပါပါတယ်"

ဆိုပြီး မေလက ပခုံးသိုင်းအိတ်ထဲက ဆေးဗူးလေးတစ်ဗူးကို ထုတ်၍ စားပွဲပေါ် တင်ပြလိုက်သည်။ ဇာတိဝက် အစာဖျက်ဆေး။

. . . ပြီးပါပြီ . . .

www.burmeseclassic.com

www.burmeseclasssic.com



ဦးစိန်မောင်းသည် ဒေါ်လှလှတို့အိမ်သို့ ချိန်ကိုက်ပြီး ရောက်ရှိသွားခြင်း ဖြစ်၏။ ရုံးဖွင့်ရက် ဖြစ်သောကြောင့် အိမ်မှာ ဦးဇော်အောင်မရှိ။ မိုးမိုးစံကလည်း ကျောင်းသွားနေသည်။ ဒီလိုအချိန် ဖိုးတန် အိမ်မှာ မရှိတာတော့ သေချာသည်။ ဒေါ်ခင်ဖြူဝင်းကလည်း ဒေါ်ရင်ရင်နှင့် သိမ်ကြီးဈေးမှာ ဆုံဖို့ ချိန်းထားတာကို သူ သိပြီးသား ဖြစ်၏။

ထို့ကြောင့် ဦးစိန်မောင်း ရောက်ရှိသွားသောအခါ အိမ်မှာ ဒေါ်လှလှ တစ်ယောက်တည်း ရှိနေသည်။ ဒေါ်လှလှက ရုတ်တရက် အံ့ဩသလို ဖြစ်သွားပြီး. . .

"အော်. . .အဲ ကိုစိန်မောင်း၊ ထိုင်အုံးနော် ခဏလေး"

ပြောရင်း အတွင်းခန်းထဲ ခပ်သွက်သွက်ကလေး လှမ်းဝင်သွား၏။ ဦးစိန်မောင်းမှာ ကြောင်တောင်တောင် ဖြစ်သွားပြီး ဆက်တီပေါ် ဝင်ထိုင်လိုက်ရသည်။ ဘယ့်နှယ်လဲ ဘယ့်နှယ်လဲ ငါရောက်လာမှ ဘာကြောင့် သုတ်သီးသုတ်ပြာ လစ်ထွက်သွားရတာလဲဟု နားမလည်သလို



ဖြစ်ကျန်ခဲ့၏။

အမှန်မှာ ဒေါ်လှလှသည် သူ့အခန်းထဲက ပစ္စည်းတစ်ခုကို သွားယူနေခြင်းသာ ဖြစ်၏။ ဦးစိန်မောင်းကို ပေးဖို့ အမှတ်တရ လက်ဆောင်တော့ မဟုတ်၊ သွားတု အံကပ်သာ ဖြစ်၏။ အိမ်မှာ နေရင်းဆိုတော့ အံကပ်ကို ချွတ်ထားပြီး ထမင်းစားချိန်ကျမှ တပ်လေ့ရှိ၏။ ဦးစိန်မောင်းက ရုတ်တရက် ရောက်လာတော့ သွားတွေ မရှိဘဲ ဖြစ်နေတာ မမြင်စေချင်သောကြောင့် အံကပ် သွားတပ်ခြင်း ဖြစ်၏။

အခန်းထဲမှ ပြန်ထွက်ခါနီးမှာ မျက်နှာများ ပြောင်နေမလားဟု စိုးရိမ်ပြီး မှန်ကလေး ယူကြည့်လိုက်သေးသည်။ စောစောကမှ ရေချိုးသနပ်ခါး လိမ်းထားသဖြင့် ပြဿနာမရှိ။ ဆံပင်ကိုတော့ ပိုပြီး သပ်သပ်ရပ်ရပ် ဖြစ်အောင် လိပ်ခွဲဘီးလေးနှင့် ပတ်ပြီး ပြန်ထုံးလိုက်သည်။ ပြီးမှ ဧည့်ခန်းသို့ ပြန်ထွက်လာခဲ့သည်။

တကယ်တော့ ဦးစိန်မောင်း အနေဖြင့် သိပ်သဲသဲကွဲကွဲ မြင်ရတာ မဟုတ်၊ သူသည် ဒေါ်လှလှနှင့် ဆုံတဲ့အခါတိုင်း မျက်မှန်ကို ချွတ်ထားလေ့ ရှိ၏။ ထိုအခါ ခပ်ဝါးဝါးသာ မြင်ရသဖြင့် ဒေါ်လှလှ၏မျက်နှာပေါ်က ဇရာ၏ အမှတ်လက္ခဏာများ ဖြစ်သော အရေးအကြောင်းများကို မတွေ့ရတော့။ ထိုနေရာမှာ ဒေါ်လှလှ၏ ငယ်ငယ်က မျက်နှာလေးကို အစားထိုး မြင်ယောင်ကြည့်နိုင်သည်။ ဒေါ်လှလှ၏ ညာဘက်ပါးပြင်ပေါ်က မှဲ့နီလေးကို ကောင်းကောင်း မမြင်ရတော့တာကတော့ နှမြောစရာပါပဲ။

"ဘယ်ကများ လှည့်လာတာပါလိမ့်"

ဟု ဒေါ်လှလှက မေးသည်။

"ဒီကိုပဲ တမင်လာခဲ့တာပဲ၊ ပြောစရာရှိလို့"

"ဒါနဲ့ ဘာသောက်မလဲ၊ အပူလား အအေးလား၊ ကလေးမလေးတော့ နောက်ဖေးမှာ ရှိတယ်"

"မသောက်တော့ဘူး၊ အိမ်မှာ ခင်ဖြူဝင်းတို့ မရှိကြဘူးလား"

ဟု ဦးစိန်မောင်းက မသိသလို မေးလိုက်သည်။

www.burmeseclasssic.com

www.burmeseclasssic.com



"မရှိကြဘူး၊ ရုံးသွားတဲ့လူနဲ့ ကျောင်းသွားတဲ့လူနဲ့ ခင်ဖြူဝင်းက တော့ သိမ်ကြီးဈေးဆိုလား သွားလေရဲ့"

"ကောင်းတာပေါ့"

"ဘာရယ်"

"အော်. . . ပြောစရာရှိတာ လွတ်လွတ်လပ်လပ် ပြောလို့ရတာပေါ့"

"ဒီကို လာတာ မြကို ပြောခဲ့သေးလား"

"ဟင့်အင်း မပြောခဲ့ဘူး"

"ပြောဖို့ကောင်းတယ်"

"ဟာ ပြောလိုက်ရင် သူပါ လိုက်မယ် လုပ်နေမှာ"

"မြ ပါလာရင် ပိုတောင် ကောင်းသေးတယ်"

ဒေါ်မြမေ ပါလာလျှင် ဒေါ်လှလှနဲ့ နှစ်ယောက်သား သူတို့ချည်း ပြောနေကြတာနဲ့ ကိုယ့်မှာ ပါးစပ်အဟောင်းသား ထိုင်နေရမှာ။ ပြီးတော့ ဒေါ်မြမေနှင့် ဒေါ်လှလှတို့ နှစ်ယောက်ကြားမှာ အနေရခက်တာက လည်း တကြောင်း (ဒေါ်လှလှနဲ့ နှစ်ယောက်တည်း တွေ့ပြီး စကားပြောချင်တဲ့ဆန္ဒ ရှိနေကြောင်းကိုတော့ သူ့ဘာသာလည်း ဝန်မခံချင်)

ဒေါ်လှလှက သက်ပြင်းချလိုက်ပြီး. . .

"တစ်ခါတစ်ခါတော့ စိတ်ထဲက ကြိတ်ပြီး မြကို အားနာနေမိတယ်"

"ဘာကို အားနာတာလဲ"

ဒေါ်လှလှက ပြောဖို့ခက်နေသလို ခဏဆိုင်းပြီးမှ. . .

"ဟို. . . ဟိုကိစ္စလေ၊ ကျွန်မတို့ ငယ်ငယ်က အကြောင်းတွေကို မြက မသိရှာဘူး မဟုတ်လား၊ အဲဒါ"

"ဘာလဲ သိစေချင်လို့လား"

"အို. . . မဟုတ်တာ၊ မြသာ သိသွားလို့ကတော့ မျက်နှာချင်းတောင် ဆိုင်ရဲမှာ မဟုတ်တော့ဘူး၊ အဲဒီကိစ္စက မြအပေါ် မတရားသလို များ ဖြစ်နေသလား မသိဘူး"



"ဟာ. . . မဆိုင်ပါဘူး၊ မြမေနဲ့ မတွေ့ခင်တုန်းက ဖြစ်ခဲ့တဲ့ကိစ္စပဲ၊ ကိုယ့်အနေနဲ့လဲ မြမေနဲ့ လက်ထပ်ပြီးကတည်းက သူ့အပေါ် သစ္စာရှိရှိ နေခဲ့တာပဲ၊ လှအပေါ်မှာလဲ နှမအရင်း တစ်ယောက်လိုပဲ သဘောထားခဲ့တာ မဟုတ်လား၊ ဘာလဲ လှက ကိုယ့်အပေါ် သံယောဇဉ် မကုန်ချင်သေးဘူးလား"

ဦးစိန်မောင်းက သူ့ဝသီအတိုင်း နောက်ပြောင်လိုက်၏။ ဒေါ်လှလှမှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားပြီး. . .

"အလို ကိုစိန်မောင်းရယ်၊ နားရှက်စရာ မပြောပါနဲ့၊ အသက်အရွယ်တွေကိုလဲ ထောက်ထားပါအုံး၊ ပြီးတော့ ကျွန်မက ဘုရားနဲ့ တရားနဲ့ နေတာပါ"

ဦးစိန်မောင်းက ရယ်လိုက်သည်။

"မြမေကို အားနာလို့ ဆိုပြီး မောင်ဖိုးနဲ့ မေလကို လက်ဆက်ပေးမယ်ဆိုတဲ့ ကတိကိုတော့ မဖျက်လိုက်နဲ့အုံးနော်၊ အင်းလေ လှက ဖျက်ချင်ရင်တောင် မြမေက အဖျက်ခံမှာ မဟုတ်ဘူး၊ သူက ကိုယ်တို့ထက်တောင် ပိုကဲနေသေးတယ်၊ မောင်ဖိုးကိုသာ မြေးသမက် မတော်ရရင် ကိုယ့်ကိုတောင် ကွာပစ်မယ့် သဘော ရှိတယ်၊ အဲဒါမှ ကိုယ့်မှာ မျောက်သစ်ကိုင်းလွတ် ဖြစ်နေမယ်"

"ဟုတ်တယ်နော်၊ မြက မောင်ဖိုးကို သိပ်ချစ်တာ၊ မြေးအရင်း ကျနေတာပဲ"

"ဒါကြောင့် မောင်ဖိုးနဲ့ မေလတို့ ကိစ္စကို မဖြစ်ဖြစ်အောင် စီစဉ်မှ ဖြစ်မယ်၊ ကိုယ်တို့နှစ်ယောက်ရဲ့ ဆန္ဒလဲ ပြည့်ဝ၊ မြမေလဲ စိတ်ချမ်းသာ၊ ဘယ်လောက် အဆင်ပြေသလဲ"

"ကလေးတွေကကော ဘယ်လို သဘောထား ရှိကြလဲ"

"ခုထိတော့ ဘာမှမထူးခြားဘူး၊ တသက်လုံး မောင်နှမလို နေလာကြတာ၊ ရုတ်တရက် စိတ်ထားပြောင်းဖို့ ခက်နေကြတယ် ထင်ပါရဲ့ ကိုယ်တို့က နည်းလမ်းမျိုးစုံ သုံးပြီး ဝိုင်းတွန်းပေးကြဖို့ လိုတယ်၊ ဟိုလဲ အကြံအစည်လေးဘာလေး ထုတ်စမ်းပါအုံး၊ အဲဒါ ပြောချင်လို့ လာခဲ့တာ

www.burmeseclassic.com

www.burmeseclasssic.com



ပဲ"

"အင်း ကျွန်မလဲ အဲဒါပဲ အမြဲစဉ်းစားနေတာပါပဲ"

ဦးစိန်မောင်းက ဆေးပြင်းလိပ်ကို ထုတ်ပြီး မီးညှိလိုက်သည်။ ဒေါ်လှလှက. . .

"အဲဒီ ဆေးပြင်းလိပ်က သောက်တုန်းပဲလား၊ ရောဂါရမှာ မကြောက်ဘူးလား"

"အမယ် ခုမှ ဒါကို ရန်ရှာနေတယ်၊ ဟိုတုန်းကတော့ ဆေးပြင်းလိပ်နံ့ကို အော်ဒီကလုန်း ရေမွှေးနံ့နဲ့ မလဲနိုင်ပါဘူးဆို"

"အို. . . ကိုစိန်မောင်းဟာလေ၊ ခုချိန်ထိ အရွတ်အနောက်က သန်တုန်းပဲ"

ဒေါ်လှလှ၏လေသံမှာ ရှက်စနိုးဟန် ဖြစ်နေသည်။ ငယ်ငယ်က ဆိုလျှင် သူ ရှက်သွားတဲ့အခါ မျက်နှာက ပန်းရောင်သမ်းပြီး ခေါင်းငုံ့သွားတတ်တာ၊ သိပ်ကြည့်လို့လှသည်။ ခုတော့ ဦးစိန်မောင်းမှာ မျက်မှန်ချွတ်ထားသဖြင့် မြင်ကွင်းက ဝါးတားတား ဖြစ်နေသည်။ ဘယ်လိုနေသလဲ မမြင်သာတော့။

ထိုအခိုက်တွင် မော်တော်ကားစက်သံ ကြားရသည်။ ဦးဇော်အောင် ပြန်လာခြင်းဖြစ်၏။ ဦးစိန်မောင်းသည် ဆက်တီ လက်တန်းကို ဖိကိုင်ပြီး ရုတ်တရက် ထလိုက်တော့မလို ဖြစ်သွား၏။ သူ့ပုံစံမှာ လူမိသွားမှာစိုးလို့ လစ်ပြေးမယ့်ဟန်မျိုး။ ပြီးမှ 'ဟာ၊ ဘာဆိုင်လို့လဲ၊ ဒီကောင် ဘာမှ သိခဲ့တာမှ မဟုတ်ပဲ' ဟု တွေးမိပြီး နေသားတကျ ပြန်ထိုင်သည်။

ဦးဇော်အောင် အိမ်ထဲ ဝင်လာပြီး ဦးစိန်မောင်းကို မြင်တော့. .

"ဟာ. . . လေးလေးမောင်း ဘယ်တုန်းက ရောက်လဲ"

"သိပ်မကြာသေးပါဘူး၊ မင်း ရုံးက ပြန်တာ စောသားပဲ"

"ဟုတ်တယ် လေးလေးမောင်း၊ ရုံးချုပ်မှာ အစည်းအဝေး သွားတက်တာ၊ အဲဒီက ပြီးတော့ ရုံးဆင်းချိန် နီးနေပြီ၊ ကျွန်တော့်ဌာနကို ပြန်သွားလို့လဲ မထူးတော့တာနဲ့ အိမ်ကိုပဲ တန်းပြန်လာတာ၊ ဒါနဲ့ လေးလေးမောင်းက ကိစ္စရှိလို့လား"



"ကိစ္စက. . . အဲ. . . ဒီဘက် ရောက်တာနဲ့ လှည့်ဝင်လာတာ၊ ပြီးတော့ ကလေးတွေကိစ္စလဲ တိုင်ပင်ချင်လို့ မြမေကလဲ သွားလိုက်ပါဆိုတာနဲ့"

ဒေါ်မြမေက တိုက်တွန်းလို့ လာခဲ့သယောင်ယောင် ပြောသည်။ တကယ်တော့ ဘာမှ အကြောင်းပြနေစရာမလို၊ သူ့အနေဖြင့် ဒီအိမ်ကို လာချင်တဲ့အချိန် လာလို့ ရနေတာပဲ၊ ဦးဇော်အောင်ကလည်း ထွေထွေထူးထူး လျှောက်တွေးနေမှာ မဟုတ်။

"လေးလေးမောင်း ကားမပါဘူးလား"

ဟု ဦးဇော်အောင်က မေးသဖြင့်. . .

"မပါဘူးကွ၊ အသက်ကြီးတော့ ကားမောင်းရတာ သိပ်မကောင်းဘူး"

"ရွှေမောင်းကို လိုက်ပို့ခိုင်းပေါ့၊ ကျွန်တော်နဲ့လဲ တွေ့ရတာပေါ့"

"မင်းကောင် မရှိဘူးကွ၊ ပြည်ဘက် သွားတယ်"

"ဟာ ကျွန်တော့်တောင် မပြောဘူး"

ဦးဇော်အောင် စိတ်ထဲက မနာလို ဖြစ်သွား၏။ ဦးရွှေမောင်းနှင့် ပြည်က ဦးကျော်ဆင့်တို့ တွေ့ကြပြီဆိုလျှင် စိုစိုပြေပြေနဲ့ အတော် ပျော်စရာ ကောင်းမှာပဲဟု တွေးမိသောကြောင့် ဖြစ်၏။

"လေးလေးမောင်း အေးအေးဆေးဆေး နေအုံးပေါ့၊ ကျွန်တော် ကားနဲ့ လိုက်ပို့ပေးပါ့မယ်"

"ဟုတ်သားပဲ၊ အဲ. . . အတော်ပဲ၊ ရင်ရင်ကလဲ သိမ်ကြီးဈေးက ပြန်ရင် ဒီကို လိုက်လာမယ် ပြောတယ်၊ အတူတူ ပြန်လို့ ရတာပေါ့"

ဒေါ်လှလှက ဝင်ပြောသည်။ ဦးစိန်မောင်း အနေဖြင့် ဒီအိမ်ကို တစ်ယောက်ထဲ လာတာ သူ့အိမ်က မသိစေချင်။ ဒေါ်ရင်ရင်နှင့် တွေ့လို့ မဖြစ်။ တစ်ခု ရှိပြန်တာက ဒေါ်ရင်ရင် ရောက်လာလျှင် ဦးဇော်အောင်က 'စောစောကတောင် လေးလေးမောင်း လာသွားသေးတယ်' လို့ ပြောမှာပဲ၊ ထို့ကြောင့်. . .

"မဖြစ်ဘူးကွ၊ ငါက ကိစ္စရှိသေးတယ်၊ အဲ. . . ငါ ဒီကိုလာသွား

www.burmeseclasssic.com



တယ်ဆိုတာ ရင်ရင်ကို မပြောနဲ့နော်၊ ငါက ပွဲရုံသွားမယ်လို့ မြမေကို ပြောခဲ့တာ၊ ရင်ရင်က အဘွားကြီးကို ပြန်ပြောလို့ အလုပ်ကိစ္စ သွားမယ် ဆိုပြီး လျှောက်လည်နေရသလားလို့ ဆူပူနေအုံးမယ်၊ ငါက မိန်းမ ကြောက်ရတယ်ကွ၊ ဟဲ ဟဲ"

ဟု နောက်သလို ပြောင်သလိုနှင့် နှုတ်ပိတ်ရသည်။ တကယ် တော့ ပြောပြော မပြောပြော၊ ဘာပြဿနာမှ မရှိ။ ဒေါ်မြမေကလည်း သက်ဒမကင်း ဖြစ်မှာမဟုတ်၊ သူ့ဘာသာ စိတ်မလုံဘဲ ဖြစ်နေတာ။

ဦးစိန်မောင်းက လက်ပတ်နာရီကို ကြည့်လိုက်ပြီး. . .

"အချိန်တောင် လင့်သွားပြီ၊ ငါသွားအုံးမှ"

ဟု ပြောလိုက်သည်။ တကယ်တော့ မျက်မှန်ချွတ်ထားသဖြင့် ဝါးတားတားသာ မြင်ရသည်။ ဘယ်နှစ်နာရီ ရှိပြီလဲဆိုတာ မသိရ။

◈ ◈ ◈

ထို့နောက်ပိုင်းတွင် လူကြီးတွေရဲ့ လှုပ်ရှားမှုက တဆင့် တက်လာ သည်။ တစ်အိမ်နှင့်တစ်အိမ် အဝင်အထွက် အသွားအလာ စိပ်လာ သည်။ အဆက်အသွယ် ပိုလုပ်လာသည်။ ဖိုးတန်+မေလ စီမံကိန်း အ တွက် အထူးကိုယ်စားလှယ်တာဝန် ပေးအပ်ထားခြင်း ခံရသော မိုးမိုးစံ သည် မေလဆီ အရောက်အပေါက် များလာသည်။ ပြောတဲ့စကားတွေက လည်း အတော် ပွင့်ပွင့်လင်းလင်းကြီး ဖြစ်လာသည်။

ဖိုးတန်က အတော်ဆိုးကြောင်း၊ အိမ်မှာဆို ဘယ်သူမှ မနိုင် ကြောင်း ပြောပြီး. . .

"ဒီကောင်လေးနဲ့တော့ ခက်သေးတယ်၊ မိန်းမရမှပဲ ငြိမ်မယ်နဲ့ တူပါရဲ့၊ အင်း. . . ဒါလဲ ပြောရခက်တယ်၊ တော်ရုံတန်ရုံ မိန်းကလေးဆို ထိန်းနိုင်မှာ မဟုတ်ဘူး၊ ဒါနဲ့ မေလစကား ဆိုရင်တော့ ဒီကောင် နား



ထောင်တယ် မဟုတ်လား"

ဟု နိမိတ်ပြ မေးခွန်းကို မေးသည်။ မေလကလည်း ဒီအရည် တွေကို မြင်ပြီးသားလေ။

"ပိုတောင် ဆိုးသေးတယ်၊ ကျွန်မက ဒီလိုပြောရင် သူက တမင် တကာ ခွဲပြီး ဟိုလိုလုပ်တာ၊ အကြောကို မတည့်ဘူး"

ထိုအခါ ကျပြန်တော့လည်း တမျိုး လှည့်လာသည်။ မေလနှင့် တွေ့တဲ့အခါ လက်ကလေး ကိုင်ကြည့်လိုက်၊ ဆံပင်လေး သပ်ပေးလိုက်၊ ပါးလေး ပွတ်ကြည့်လိုက် လုပ်ရင်း. . .

"ညီမလေးက သိပ်လှတာပဲ၊ အသားလေးက ညက်နေတာပဲ၊ ဆံပင်ကလည်း ပိုးသားလေး ကျနေတာပဲ၊ မမဖြင့် ယောင်းမတောင် တော်ချင်လာပြီ"

ဟု ပြောလာသည်။ နောက်ပိုင်းကျတော့ မေလကို တွေ့လျှင် နောက်သလို ပြောင်သလိုနဲ့ 'ယောင်းမလေး၊ ယောင်းမလေး' ဟု ခေါ် တတ်လာသည်။

လူကြီးတွေကလည်း မကြာခဏ ဆိုသလို အပြန်အလှန် ထမင်း ဖိတ်ကျွေးတာမျိုး လုပ်လာသည်။ တကယ်တော့ ဒီအိမ်နဲ့ ဒီအိမ်ဆိုတာ တကူးတကန့် ဖိတ်ကျွေးနေစရာတောင် မလို၊ စားချင်လျှင် အချိန်မရွေး ဝင်စားလို့ရသည်။ ဖိုးတန်ဆိုလျှင် မေလတို့အိမ်မှာ စိတ်ကြိုက် မွှေနှောက် ပြီး စားလို့ရသည်။ ဘာမှ ခွင့်တောင်းနေစရာမလို။

လူကြီးတွေအတွက် သပ်သပ်ဖယ်ထားသော ဟင်းတွေ နှိုက်စား လျှင်လည်း ပြဿနာမရှိ။ ဒေါ်မြမေက လက်ဖက်ကြိုက်တတ်သည်။ လက်ဖက်အညွန့်ကလေးတွေကို ပဲဆီစစ်စစ် မွှေးမွှေးနှင့် အိနေအောင် နှပ်ထားပြီး တမြုံ့မြုံ့ စားတတ်သည်၊ သူ့လက်ဖက်အစ်ကို ဘယ်သူမှ မထိရ၊ ဦးစိန်မောင်း ယူစားမိလျှင်တောင် မကြိုက်ချင်။ တခါတလေ ဖိုးတန်က လက်ဖက်အစ်ကို ယူပြီး အားရပါးရ နှိုက်စားနေတာကျတော့ ကျေနပ်ပြီး ပြုံးပြုံးကြီး ကြည့်နေတတ်သည်။

မေလကလည်း ဒီလိုပဲ၊ ဖိုးတန်တို့အိမ်ကို ရောက်တာနဲ့ ကြောင်

www.burmeseclassic.com

www.burmeseclasssic.com



အိမ်ကို တန်းဖွင့်တော့သည်။ တခါတလေကျတော့. . .

"ခုတလော အိမ်မှာ ဟင်းသိပ်မကောင်းတော့ စားလို့မဝင်ဘူး၊ ကြည့်ပါလား၊ နည်းနည်းတောင် ပိန်သွားတယ်"

ဟု တစ်ချက်လောက် ချွဲလိုက်လျှင် ဒေါ်လှလှ ပျာယာခတ်သွားသည်။

"ဟင်. . . ဟုတ်လား၊ ငါ့မြေးလေး ဘာဟင်း စားချင်လဲ ပြော၊ ဘွားလှကိုယ်တိုင် ချက်ပေးမယ်၊ ဟဲ့ အတော်ပဲ၊ အိမ်မှာ ငါးရံ့ခြောက်ရှိတယ်၊ အချဉ်ဆီပြန်လေး လုပ်ပေးမယ်လေ"

ဆိုပြီး ချက်ချင်း ထချက်ပေးတတ်သည်။ ဒါတင်မက မေလ ကြိုက်တတ်သောဟင်းမျိုး ချက်လျှင် ဖုန်းဆက်ပြီး လှမ်းခေါ်သည်။ ဒါမှ မဟုတ် ဖိုးတန်ကို သွားပို့ခိုင်းသည်။

"အဲဒါ နင့်ကို စည်းရုံးနေတာ၊ နင်ကလဲ အစားနဲ့ မျှားရင် နားယောင်သွားမယ့် သဘောရှိတယ်၊ ကြည့်လုပ်အုံး"

ဟု ဖိုးတန်က သတိပေးထားရ၏။

ဒီလို အခြေအနေမျိုး ရှိတဲ့လူတွေက တစ်အိမ်နဲ့တစ်အိမ် အထူးအဆန်း လုပ်ပြီး ထမင်းဖိတ်ကျွေးနေကြတာ အတော် ကြောင်တောင်တောင် နိုင်တယ်ပဲ ဆိုရတော့မည်။

ပြီးတော့ ဖိုးတန် ကားမောင်းချင်တဲ့ရောဂါ ထနေတာကိုလည်း လူကြီးတွေက အခွင့်ကောင်းယူပြီး အသုံးချကြသည်။ ဒေါ်လှလှတို့ ဒေါ်ခင်ဖြူဝင်းတို့က. . .

"မောင်ဖိုးရေ ကားအားတုန်း ဟိုဘက်အိမ်ကို လိုက်ပို့ပေးစမ်းပါကွယ်"

ဆိုတာမျိုး လုပ်တတ်သည်။ ဖိုးတန်နှင့် မေလတို့လည်း ဆုံတွေ့ကြရအောင် ကြံစည်တဲ့သဘောပေါ့၊ လူကြီးတွေ ဆုံကြတဲ့အခါကျလျှင်လည်း ဖိုးတန်နှင့် မေလတို့ကို ရှေ့မှာ ထားပြီး အနှောင့်အသွား မလွတ်သော စကားမျိုးတွေကို တမင်ပြောတတ်သည်။

"ဟိုအိမ်ကလူက ဒီလာ၊ ဒီအိမ်ကလူက ဟိုသွားနဲ့ ပင်ပန်းလိုက်



တာ၊ ခြံကျယ်ကျယ် တစ်ကွက်ဝယ်ပြီး တိုက်နှစ်လုံး ယှဉ်ရက် ဆောက်လိုက်ရင် ကောင်းမယ် ထင်တယ်"

"အိမ်ကြီးကြီး ဆောက်ပြီး တအိမ်တည်း ပေါင်းနေလိုက်လဲ ပြီးတာပဲ"

"နောက်ကျတော့လဲ အဲဒီလို ဖြစ်ချင် ဖြစ်လာမှာပေါ့"

ဟု ပြောပြီး ရယ်ကြသည်။

တခါတလေ ကျတော့လည်း ပေါ်တင်ကြီး။ ဖိုးတန်နှင့် မေလတို့ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင် ကြည်စယ်နေကြတာကို ကြည့်ပြီး. . .

"လိုက်လဲ လိုက်ဖက်ပါရဲ့၊ နှစ်ယောက်စလုံးက ပျော်တတ် ပါးတတ်တယ်၊ သူတို့ ကြည့်ရတာ စိတ်ချမ်းသာစရာ ကောင်းလိုက်တာနော်"

"အင်း. . . အဲဒီလို တသက်လုံး အဆင်ပြေသွားကြရင် လူကြီးတွေ စိတ်ချမ်းသာရတာပေါ့"

"ဟဲ့. . . မောင်ဖိုး၊ မင်း မှတ်မိသေးလား၊ ငယ်ငယ်တုန်းကလေ၊ ညီမလေးကို အာဝါး ပေးလိုက်ပါအုံးလို့ ခိုင်းရင် ပြေးပြီး ရွတ်ကနဲ နမ်းတော့တာပဲ၊ မေလကလဲ နှပ်ချေးတွေ ပေသွားလို့ ပါးကို ပွတ်ပွတ်ပြီး အော်တော့တာပဲ"

ထိုအခါ ဖိုးတန်က. . .

"အဲဒါတော့ မမှတ်မိဘူး၊ ငယ်ငယ်တုန်းက သား အိပ်ပျော်သွားပြီ မှတ်လို့ ဖေဖေနဲ့ မေမေ အလစ်ခိုးပြီး အာဝါးပေးကြတာတော့ မှတ်မိတယ်"

ဟု ပြန်ပြောလိုက်ရာ လူကြီးများမှာ ရယ်ရခက်၊ ရှက်ရခက်၊ စိတ်ဆိုးရခက် ဖြစ်သွားကြသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclasssic.com



ဖိုးဆန်က စက်ဘီးနှင့် လာခြင်းဖြစ်၏။

အိမ်က ကားကို သူ့အဖေ ရုံးပိတ်ရက်လည်း ဖြစ်မှ၊ လူကြီးတွေလည်း သွားစရာကိစ္စ မရှိမှ ယူသုံးခွင့်ရခြင်း ဖြစ်၏။ ဒါတောင် တခြားသူငယ်ချင်းတွေနဲ့ သွားမှာဆိုလျှင် ဓါတ်ဆီနည်းနေတယ် ဘာညာ အပြောခံရသေးသည်။ မေလနဲ့ ဆိုလျှင်တော့ အပြင်က ဆီဝယ်ထည့်ဖို့ ငွေတောင် ထုတ်ပေးတတ်သည်။

ထို့ကြောင့် ဖိုးတန်သည် တခါတလေ သူငယ်ချင်းတွေနဲ့ သွားချင်တဲ့အခါ မေလကို တပ်ရသည်။ မေလကို ဝင်ပြီး အခေါ်ပြ၊ မေလ သွားချင်တဲ့ သူငယ်ချင်း တစ်ယောက်ယောက်အိမ်ကို လိုက်ပို့ပြီး ထားခဲ့၊ သူ သွားချင်ရာသွား၊ ပြီးမှ မေလကို ပြန်ဝင်ခေါ်၊ ဒီလို ကူညီပေးခအဖြစ် မေလ စားချင်တာ ဝယ်ကျွေးရသေးသည်။

ဒီနေ့တော့ ကားသုံးခွင့် မရသဖြင့် စက်ဘီးနှင့်ပဲ လာခဲ့ရသည်။ မေလတို့အိမ် ရောက်တဲ့အခါမှာတော့ ဒေါ်ရင်ရင်က ဆီး၍ပြောလေသည်။

"ငါ့သား လာတာနဲ့ အတော်ပဲ၊ အိမ်က ကားလဲ အားနေတယ်၊ အဲဒါ မေလက ဖိနပ်သွားဝယ်ချင်လို့တဲ့၊ ငါ့သားပဲ ကားနဲ့ လိုက်ပို့ပေးလိုက်ပါနော်"

"မေမေကလဲ ဖိနပ်ဝယ်တာ ဘာအရေးကြီးလို့လဲ၊ နောက် ကြုံမှ ဝယ်လဲ ရတာပဲဟာ၊ အလကား ဓါတ်ဆီကုန်တယ်"

ဟု မေလက ငြင်းသေးသည်။ သို့ရာတွင် ဖိုးတန်ကပါ လိုက်ပို့ပါမည်ဟု ဆိုသဖြင့် မေလကလည်း လက်ခံလိုက်ရသည်။ အမှန်မှာ ဖိုးတန်က မေလကို လိုက်ပို့ချင်လွန်းလို့တော့ မဟုတ်၊ မေလတို့ အိမ်က ကားကို မောင်းကြည့်ချင်သောကြောင့်သာ ဖြစ်၏။ သူတို့အိမ်က အရင်ကားအဟောင်းကို ရောင်းပြီး ဆူဇူကီးဝက်ဝွန်း အသစ်ကလေး ဝယ်ထားသည်။

"တဲ့...ဒါဆိုလဲ သွားမယ်"

မေလက ပြောသည်။ ဖိုးတန်က...





"အဝတ်အစား မလဲတော့ဘူးလား"

"စောစောက ရေချိုးပြီးတော့ လဲထားတာပဲ၊ ထပ်မလဲချင်တော့ဘူး၊ အလုပ်ရှုပ်တယ်"

"အေး...ကောင်းပါတယ်၊ အဝတ်အစား လဲလိုက်လို့လဲ နင့်ရုပ်က ထူးပြီး လှလာမှာ မဟုတ်ပါဘူး"

မေလက ဖိုးတန်၏ လက်မောင်းကို ထုလိုက်သည်။ ဒေါ်ရင်ရင်က ပြုံးကြည့်နေသည်။ စိတ်ထဲကတော့ 'သိပ်လိုက်ဖက်ညီတဲ့အတွဲပဲ' ဟု တွေးနေပေလိမ့်မည်။

ကားနှင့် ထွက်လာကြပြီး လမ်းမကြီးပေါ် ချိုးကွေ့တက်လိုက်ပြီးနောက် ဖိုးတန်က တဟားဟား ရယ်လိုက်သည်။

"ဘယ်လိုဖြစ်လို့ ရုတ်တရက် ထပေါက်ရပြန်တာလဲ"

ဟု မေလက မေးတော့...

"တွေးတွေးပြီး ရယ်ချင်လို့ပါဟာ၊ လူကြီးတွေဟာ ကိုရီးယားရုပ်သံဇာတ်လမ်းတွေ ကြည့်တာ များသွားလို့ အူကြောင်ကြောင် အတွေးတွေ ဝင်ကုန်ပြီ ထင်တယ်"

"ဘာကို ပြောတာလဲ၊ နင်က"

"အဲဒီဇာတ်လမ်းတွေထဲမှာ ပါတယ်လေ၊ သားမက်လောင်းကို လေ့လာချင်လို့ ချွေးမလောင်းကို အကဲခတ်ချင်လို့ ထမင်းဖိတ်ကျွေးကြတာလေ၊ ပြီးတော့ ခေတ်ဟောင်း ဇာတ်ကားတွေထဲက အတိုင်းပဲ၊ လူငယ်ချင်း ရင်းနှီးသွားအောင်ဆိုပြီး ကားနဲ့ အိမ်ပြန်ပို့ခိုင်းတာတို့ ဘုရားလိုက်ပို့ခိုင်းတာတို့၊ အခုလဲ ဒီလိုပဲ ဖြစ်နေတာ မဟုတ်လား"

"အေး...ဟုတ်တယ်ဟ၊ စဉ်းစားကြည့်ရင် အတော် ကြောင်တောင်တောင် နိုင်တာပဲ၊ အနေနီးရာကနေ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားသွားကြလိမ့်မယ်လို့ တွက်နေကြတာကတော့ ရယ်စရာကောင်းတယ်၊ နင်နဲ့ငါနဲ့ဟာ ငယ်ငယ်လေးကထဲက လုံးထွေးနေလာခဲ့ကြတာ၊ ဒီထက်ပဲ ရင်းနှီးရအုံးမလား"

"လူကြီးတွေအနေနဲ့ ဒီ့ထက်ပိုပြီး ဆန်းသစ်တဲ့ နည်းလမ်းတွေ



www.burmeseclassic.com

www.burmeseclasssic.com



ရှာကြပြီး ကြီးစားသင့်တယ်လို့ ငါတို့ကပဲ မြန်ပြီး အကြံဉာဏ်ပေးရမလို ဖြစ်နေပြီ"

ဖိုးတန်က ဂီယာချိန်းလိုက်ပြီး ရှေ့က ကားတစ်စင်းကို ကျော်တက်သည်။ ထို့နောက် ပုံမှန်ယာဉ်ကြောထဲသို့ ပြန်ဝင်ရင်း. . .

"ကောင်းလိုက်တဲ့ ကားလေးကွာ၊ မောင်းရတာ ပေါ့ပေါ့လေး၊ ဟော့ မေလရေ၊ ငါတို့နှစ်ယောက် လက်ထပ်လိုက်ကြရင် ကောင်းမယ်ထင်တယ်"

ဟု ပြောသည် မေလက. . .

"ဘာပြောတယ်၊ ဖောက်လာပြန်ပြီ"

"ငါ့စကားလဲ ဆုံးအောင် နားထောင်အုံး၊ ငါပြောတာက ဟန်ဆောင်ပြီး လက်ထပ်ဖို့ ပြောတာ"

"ဟန်ဆောင်ပြီးတော့"

"အေး ဟုတ်တယ်၊ ငါတို့နှစ်ယောက်သာ ယူကြမယ်ဆိုရင် လူကြီးတွေက ဘာမဆို လိုက်လျောမှာပဲ၊ ဒီကားလေးကို လက်ဖွဲ့ခိုင်းရမယ်၊ လက်ထပ်ပြီးတော့ ရတဲ့ငွေတွေကို အားရအောင် သုံးမယ်၊ နေ့တိုင်းနာမည်ကြီးတဲ့ ဆိုင်တွေမှာ လျှောက်စားမယ်ဟာ၊ ငွေကုန်သွားတဲ့အခါကျရင် ကွာရှင်းကြမယ်၊ အဲဒီအခါ နင်က ဘွားလှ လက်ဖွဲ့တဲ့ စိန်နားကပ်ယူလိုက်၊ ငါက ဒီကားယူမယ်"

"အေး. . . တော်တော် တရားတယ်၊ ဒီကားက နှစ်ရာကျော်တန်ကား၊ စိန်နားကပ်က အဲဒီလောက်မှ မတန်ဘဲ"

"ဖေဖေတို့ မေမေတို့ကလဲ လက်ဝတ်လက်စားတွေ ဝယ်ပေးအုံးမှာပါဟ"

"တော်စမ်းပါဟာ"

လမ်းပေါ်မှာ ကားရှုပ်လာသဖြင့် သတိထား မောင်းရသည်။ ထို့ကြောင့် စကားစ ပြတ်သွား၏။ ကားရှင်းသွားတော့မှ ဖိုးတန်က စကားပြန်စသည်။

"ငါ အကြံတစ်ခု ရတယ်"



"တော်ပြီ၊ နင့်အကြံဉာဏ်တွေက နင့်အတွက် ကောင်းဖို့ချည်းပဲ"

ဖိုးတန်က ရယ်လိုက်ပြီး. . .

"ဒီတစ်ခါတော့ နင့်အတွက်ပါ ပါပါတယ်ဟ"

"ဒါဆိုလဲ ပြော"

"နင်ဖြစ်ဖြစ် ငါဖြစ်ဖြစ် တခြားတစ်ယောက်ယောက်နဲ့ ကြိုက်သွားရင်၊ အဲ. . . ရည်းစားရသွားပြီဆိုရင် ဒီအန္တရာယ်က လွတ်သွားနိုင်တယ်ဟ၊ အဲဒါ တွေးမိလို့"

"အဲဒါကတော့ နင့်ကိုပဲ တာဝန်ယူခိုင်းရမှာပဲ၊ နင်က ယောကျ်ားလေး ဆိုတော့ အခွင့်အရေး ပိုများတယ်၊ ငါတို့ မိန်းကလေး ဆိုတာက ကိုယ့်ကို လာကြိုက်တဲ့လူမှ စဉ်းစားလို့ရတာ၊ ကိုယ်က သွားစလို့ ကောင်းတာ မဟုတ်ဘူး"

"ငါကလဲ ဘယ်ကောင်မလေးကိုမှ စိတ်မဝင်စားတာ ခက်တယ်"

"ငါ့သူငယ်ချင်းတွေထဲက စဉ်းစားကြည့်ပါလား၊ နင့်ကို ဆိုရင်တော့ ကြိုက်ကြမှာပဲ၊ နင့်ကို ချောတယ်လို့ ပြောကြတယ်ဟ"

"ဟင်. . . နင့်သူငယ်ချင်းတွေ ဆိုရင်တော့ ငါလန့်တယ်၊ နင့်လို အစားပုပ်မတွေချည်း ဖြစ်မှာပဲ၊ သူတို့ကို ကြိုက်ရရင် မုန့်ဝယ်ကျွေးရတာနဲ့ မွဲလိမ့်မယ်"

"ရေနွေးကတော့ မဆိုးပါဘူးဟယ်၊ ငါတို့ထဲမှာ အလှဆုံးပဲ"

ရေနွေးဆိုတာက ယဉ်ယဉ်နွေးကို ပြောခြင်းဖြစ်၏။ သူငယ်ချင်းတွေက 'ယဉ်နွေး၊ ယဉ်နွေး' ဟု အတိုကောက် ခေါ်ရင်းက 'ရေနွေး'ဟု တွင်သွားခြင်း ဖြစ်၏။

"အေး၊ အဲဒီကောင်မလေးက တော်တော်လှတယ် ဆိုတာတော့ အမှန်ပဲ၊ ဒါပေမယ့် စကားသိပ်များလွန်းတယ်၊ သူ့အသံကိုလည်း ငါ သဘောမကျဘူး"

"သူ့အသံက ဘာဖြစ်လို့လဲ"

"အရမ်းစူးရှလွန်းတယ်၊ သူနဲ့ ကြိုက်ရရင် နားငြီးတာနဲ့ သေလိမ့်မယ်၊ ပြီးတော့ သူက လှသာ လှတာ၊ နင့်လောက် ဆွဲဆောင်မှု မရှိဘူး"

www.burmeseclassic.com

www.burmeseclasssic.com



"နင့်စကားကလဲ"

"ဟုတ်တယ်၊ နင်က အရမ်းကြီး လှတာ မဟုတ်ပေမယ့် ဆွဲဆောင်မှု ရှိတယ်၊ လူကြီးတွေ ပြောသလို အကြည့်ခံတယ် ဆိုပါတော့ဟာ၊ ကဲ. . . ဒီတော့ နင့်ကိုတောင် မကြိုက်နိုင်ဘဲနဲ့ သူ့ကို ဘယ်လိုလုပ်ကြိုက်မလဲ"

"နေစမ်းပါဦး၊ ငါက အထရက်ရှင် ရှိတယ်လို့ နင်ပြောတာက တကယ်ပြောတာလား၊ အရွှးလုပ်ချင်လို့ မြှောက်ပြောတာလား"

"တကယ်ပြောတာက တဝက်ပါတယ်"

"ကျန်တဲ့ တဝက်ကတော့"

"နင် ငါ့ကို ကျွေးချင်မွေးချင်စိတ် ပေါ်လာအောင် ပင့်လိုက်တာ၊ ခု ငါက နင့်ကို ကားမောင်းပို့ပေးရတဲ့အတွက် တစ်ခုခု ကျွေးသင့်တာပေါ့"

"ငါ့မှာ ပိုက်ဆံသိပ်ပါတာ မဟုတ်ဘူး၊ ဖိနပ်ဝယ်ပြီးရင် နည်းနည်းပဲ ကျန်တော့မှာ"

"ဒိုးနတ်နဲ့ ကော်ဖီအေးလောက်ဆို ရပါပြီလေ"

. . . ❦ . . .





ခုကာလမှာ ဒေါ်ခင်မြူ့ဝင်းတို့လို အမျိုးသမီးကြီးများမှာ ကံကောင်းသည်ဟု ဆိုနိုင်၏။ တချို့မိန်းမကြီးတွေဆိုလျှင် ဒီအရွယ်မှာ အေးအေးချမ်းချမ်း မနေရသေး။ ယောကျ်ားလုပ်စာနဲ့ မလောက်လို့ တစ်ဖက်တစ်လမ်းက ဝင်ငွေရှာရသည်။ အိမ်မှုကိစ္စကိုလည်း ပင်ပင်ပန်းပန်း လုပ်ရသေးသည်။ တချို့က သားဆိုး သမီးဆိုးကြောင့် စိတ်ဆင်းရဲရသည်။ ယောကျ်ားလုပ်တဲ့လူက အသောက်အစား လောင်းကစားသမားဆိုလျှင် 'တဖားဖား' ဖြစ်ရသည်။ ခြေများတတ်တဲ့ ယောကျ်ားမျိုးနဲ့ တွေ့လျှင် အစဉ်အမြဲ စိုးရိမ် ပူပန်နေရတတ်သည်။

ဒေါ်ခင်မြူ့ဝင်းကတော့ ဒီဒုက္ခတွေနဲ့ ကင်းသည်။ သူ့မိဘတွေက အတော်အသင့် ချောင်လည်သလို ယောက္ခမတွေဘက်က ကြွယ်ဝသည်။ သူ့အနေနှင့် အလုပ်ထွက်လုပ်စရာမလို၊ အိမ်မှာ အေးအေးဆေးဆေး နေရုံပဲ၊ အိမ်မှုကိစ္စ လုပ်ဖို့ အိမ်ဖော်ရှိသည်။ ယောက္ခမဖြစ်သူ ဒေါ်လှလှကလည်း ခုချိန်ထိ မီးဖိုချောင် ဝင်ပြီး၊ ချက်ရေးပြုတ်ရေး



www.burmeseclassic.com

www.burmeseclasssic.com



တာဝန်ယူထားတုန်း။ သူက ဝိုင်းကူရုံလောက်သာ ဖြစ်၏။

ခင်ပွန်းဖြစ်သူ ဦးဇော်အောင်က ရာထူးရာခံနှဲ့။ ဒေါ်ခင်ဖြူဝင်း အပေါ်မှာလည်း ကြင်ကြင်နာနာ ရှိသည်။ မိမိကလည်း အသက်ငါးဆယ်နား နီးလာတဲ့တိုင် နုပျိုလှပနေတုန်းပဲကိုး(ဟု ဒေါ်ခင်ဖြူဝင်းက သူ့ဘာသာ သတ်မှတ်ထား၏။)

ဒီတော့ သူ့မှာ ပူစရာဆိုလို့ သားရေးသမီးရေးသာ ရှိသည်။ ဒါ‌ေလည်း တချို့မိဘတွေလို သမီး လင်နောက်လိုက်သွားမှာ၊ သားက ဆေးသမား ဖြစ်မှာကို စိုးရိမ်ရတာမျိုး မဟုတ်။

သမီးကြီး မိုးမိုးစံက လိမ္မာသည်။ စာကြိုးစားသည်။ ခုချိန်အထိ အချစ်ရေးကိစ္စကို မစဉ်းစားသေး။ အပျိုကြီး လုပ်ချင်လုပ်၊ ဒါမှမဟုတ် တစ်ချိန်ချိန်မှာ သူ့လိုပဲ ရိုးရိုးသားသား ပညာတတ် လူငယ်တစ်ယောက်နှင့် လက်ထပ်ဖြစ်လိမ့်မည်။ စိတ်ပူစရာ မလို။

ဖိုးတန်ကျတော့ တမျိုး၊ မဟုတ်တာတော့ မလုပ်၊ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေတတ်သည်။ တစ်ခုရှိတာက သူ့အကဲကို ဖမ်းဖို့ ခက်သည်။ ရှူးသလိုလို ပေါသလိုလိုနဲ့ပေမယ့် ခေါင်းကြော မာချင်သည်။ သူ ဘာလုပ်တော့မယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့မရ၊ ဒီဘက် အယောင်ပြပြီး ဟိုဘက်က ထွက်ချင်ထွက်သည်။ တစ်ခု ရှိတာက လူကြီးတွေကို လိမ်ညာပြီး မကောင်းတဲ့ ကိစ္စတွေ လျှောက်လုပ်နေတာတော့လည်း မဟုတ်ပြန်။

တချို့ ယောက်ျားလေးတွေက အိပ်တော့မယ် ပြောပြီး အိပ်ရာထဲ ဝင်၊ ည လူခြေတိတ်တော့မှ ပြတင်းပေါက်ကနေ ခိုးထွက်ပြီး အပြင်မှာ အလေလိုက်တတ်သည်။ ဖိုးတန်ကျတော့ တမျိုး။

"သား အပြင်ခဏ သွားအုံးမယ်"

ဟု ပြောပြီး တကယ်မသွားဘဲ အခန်းထဲမှာ တိတ်တိတ်လေး ဝင်အိပ်နေသည်။ အဘွားလုပ်တဲ့လူက ထုံးစံအတိုင်း သူ ပြန်မလာမချင်း ဧည့်ခန်းမှာ ထိုင်စောင့်နေသည်။ နည်းနည်း ညဥ့်နက်လာတော့ စိတ်ပူပြီး တစ်အိမ်လုံးကို နှိုးသည်။ ရဲစခန်းကိုပဲ တိုင်ချက်ဖွင့်ရတော့မလိုလို၊ ပြူးပြူး



ပြာပြာ ဖြစ်ကုန်ကြသည်။ မေလတို့အိမ်ကို ဖုန်းဆက်မေးသည်။ မြတ်သူစိုးတို့အိမ် ဖုန်းဆက် စုံစမ်းသည်။ နောက်တော့မှ မိုးမိုးစံက. . .

"နေပါအုံး ဘွားဘွားရဲ့၊ မောင်ဖိုးက အပြင်သွားအုံးမယ် ပြောတာ ဘယ်အချိန်ကလဲ"

"ခုနစ်နာရီခွဲလောက် ဖြစ်မှာပေါ့၊ နင်တို့ တီဗီကြည့်နေတုန်း ငါ့အခန်းထဲ ဝင်လာပြီး ပြောသွားတာ"

"မဟုတ်သေးပါဘူး၊ အိမ်ရှေ့မှာ မေမေ ရှိရက်သားနဲ့ ဘွားလှကိုမှ တကူးတက သွားပြောရသလား၊ ပြီးတော့ သမီး အိပ်ရာထဲ မဝင်ခင်က သူ့အခန်းထဲက အသံကြားမိသလိုပဲ"

ဆိုပြီး သွားကြည့်တော့မှ ကုတင်ပေါ်မှ ကျကျနန ဇိမ်နဲ့ အိပ်မောကျနေသော ဖိုးတန်ကို တွေ့ကြရသည်။

ဆယ်တန်းအောင်စာရင်းတွေ ထွက်တဲ့နေ့တုန်းကလည်း ဒီလိုပဲ၊ အောင်စာရင်း သွားကြည့်ပြီး ပြန်အလာမှာ အိမ်ထဲကို ခေါင်းငိုက်စိုက်ချပြီး ဝင်လာသည်။ မျက်နှာက သုန်သုန်မှုန်မှုန်။

"ဘယ်လိုလဲ အောင်တယ် မဟုတ်လား"

ဟု ဝိုင်းမေးကြတာကို ပြန်မဖြေဘဲ သူ့အခန်းထဲ တန်းဝင်သွားသည်။ အိမ်က လူတွေ စိုးရိမ်ပြီး နောက်က တပြုံလုံး လိုက်သွားကြသည်။ ဖိုးတန်က တံခါးကို အတွင်းက ချက်ချပြီး ပိတ်ထားသည်။ စိုးရိမ်ပြီး တံခါးကို ထုတော့မှ. . .

"ဟာ ခက်တာပဲ၊ မနက်က အစောကြီး ထရလို့ ဒီမှာ အရမ်း အိပ်ချင်နေပြီ၊ အိပ်ရာက နိုးမှပဲ စာမေးပွဲ ဝမ်းဒီနဲ့ အောင်တဲ့အကြောင်း ပြောပြတော့မယ်"

ဟု အထဲကနေ လှမ်းအော်ပြောသည်။

ဖိုးတန်ဆိုတဲ့ကောင်က အဲဒီလိုမျိုး။

တချို့ ကောင်လေးတွေလို ဆေးစွဲမှာ ရန်ဖြစ်မှာကို မပူရ၊ သူများကို အကြောင်ရိုက်ပြီး ကြည်စားတာ လွန်သွားလို့ ပြဿနာ ဖြစ်မှာသာ စိုးရသည်။

www.burmeseclassic.com

www.burmeseclasssic.com



တော်ရုံတန်ရုံ မိန်းကလေးဆိုလျှင် သိပ်မလွယ်၊ ဒီကောင် လုပ်ပုံနဲ့ ချာလပတ် လည်သွားနိုင်သည်။ မေလကတော့ ဖိုးတန်ရဲ့ အကြောင်းကို ကောင်းကောင်း သိနေသည်။ ဒီကောင်ကလည်း မေလကိုတော့ နည်းနည်း ဖြုသည်။ သူ့ကို ထိန်းချုပ်နိုင်တာ မေလပဲ ရှိ၏။ မိသားစုချင်းကလည်း အဘိုးအဘွားက စပြီး မြေးတွေအထိ အဆင်ပြေနေကြတော့ ဖိုးတန်အတွက် ဖူးစာရှင်သည် မေလကလွဲ၍ တခြားဘယ်သူမှ မဖြစ်နိုင်။

ထိုကိစ္စအတွက် သူတို့ဘက်ခြမ်းမှာ တာဝန်ယူထားရသူက ဒေါ်ခင်ဖြူဝင်း ဖြစ်၏။ ဦးဇော်အောင်အနေဖြင့် အဓိက ဦးဆောင် လှုပ်ရှားသင့်သော်လည်း အိမ်ထောင်ဦးစီး ယောကျ်ားတို့၏ထုံးစံအတိုင်း (တနည်းအားဖြင့် အရာရှိတို့၏ ထုံးစံအတိုင်း) 'ကြည့်လုပ်လိုက်' ဟူ၍သာ ညွှန်ကြားခဲ့သည်။ အောင်မြင်လျှင် သူ အမှတ်ယူမည်။ မအောင်မြင်လျှင် 'အသုံးမကျဘူး' ဟု အပြစ်တင်မည်။

ဒေါ်ခင်ဖြူဝင်းမှာ အချိန်ရှိသမျှ အကြံထုတ်နေရသည်။ ဒေါ်လှလှနှင့် တိုင်ပင်ရသည်။ လိုအပ်လျှင် ဒေါ်ရင်ရင်နှင့် လှမ်းပြီး ညှိနှိုင်းရသည်။ အခြေအနေ တိုးတက်မှုကို ဦးဇော်အောင်ထံ အစီရင်ခံရသည်။

သမီးကြီး မိုးမိုးစံကို တာဝန် ခွဲဝေ အပ်နှင်းထားသော်လည်း သိပ်အားမရလှ။ မိုးမိုးစံက နည်းနည်း အ,သည်။ အတွေ့အကြုံလည်း သိပ်မရှိသဖြင့် အားနည်းချက်တွေ ရှိနိုင်သည်။ သူ တစ်ယောက်တည်းနဲ့တော့ ဖိုးတန်တို့ မေလတို့ကို စည်းရုံးနိုင်ဖို့ သိပ်မလွယ်၊ ခုချိန်ထိ ထူးခြားမှု ဖြစ်မလာသေး။

လူငယ်တွေဆိုတာက မိဘညီအစ်ကို မောင်နှမထက် အပေါင်းအသင်းကို ပိုခင်တတ်သည်။ သူငယ်ချင်းစကားဆိုလျှင် ပိုပြီး နားဝင်တတ်သည်။ သူငယ်ချင်းတွေကပါ ဝိုင်းပြီး ဘေးတီးပေးနိုင်လျှင် ပိုပြီး ထိရောက်နိုင်သည်။ ထိုစိတ်ကူးကို တွေးမိပြီး အားတက်သွားရ၏။

ထိုစဉ်မှာပင် စက်ဘီးဘဲလ်တီးသံ ကြားလိုက်ရသည်။ လှမ်းကြည့်တော့ စာပို့လုလင်ကလေးသည် စက်ဘီးပေါ်မှ ဆင်းပြီး အပေါက်ဝမှာ လာရပ်တာ တွေ့ရသည်။





"စာပါတယ် ခင်ဗျ"

ဒေါ်ခင်ဖြူဝင်းက ဘာဂျာ သံတံခါးဆီ ထလျှောက်သွားသည်။ စာပို့လုလင်က စာတစောင်ကို တံခါးကြားမှ ထိုးပေးရင်း. . .

"အန်တီ့စာ ထင်ပါရဲ့"

ဟု ပြောသည်။ ဒေါ်ခင်ဖြူဝင်းက. . .

"ကျေးဇူးပဲ"

ဆိုပြီး စာအိတ်ကို လှမ်းယူ၍ လှည့်ထွက်မည် ပြုပြီးမှ. . .

"အော်. . . ရေသောက်အုံးမလားကွယ့်"

ဟု မေးလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျ၊ တစ်ခွက်လောက်"

အိမ်ဖော်မိန်းကလေးကို ခေါ်ပြီး ရေခဲရေပုလင်းနှင့် ဖန်ခွက်ယူခိုင်းလိုက်သည်။ စာပို့လုလင်ကလေး သူတို့အိမ် စာလာပို့တဲ့အခါ ရေခဲရေ တိုက်လေ့ ရှိ၏။

ဒေါ်ခင်ဖြူဝင်းသည် ဆက်တီပေါ် ပြန်ထိုင်ပြီး စာအိတ်ကို ကြည့်လိုက်သည်၊ ရုံးသုံး စာအိတ်အရွယ် လေယာဉ်စာအိတ် ဖြစ်၏။ လိပ်စာရှင် နေရာမှာ ဒေါ်ခင်ဖြူဝင်းဟု ရေးထားသည်၊ လိပ်စာကို ကွန်ပျူတာစာလုံးဖြင့် သပ်ရပ်စွာ ရိုက်နှိပ်ထားသည်။

စာအိတ်ကို ဖောက်ကြည့်လိုက်တော့ စာတစ်စောင်နှင့် ပို့စကတ်ထည့်ထားဟန်တူသော စာအိတ်အသေးတစ်အိတ် ထွက်လာသည်။ ကွန်ပျူတာ စီထားသောစာကို ဖြန့်ပြီး ဖတ်ကြည့်ရင်း မျက်မှောင်ကုတ်သွား၏။

အမကြီးရှင့်

အမကြီးသည် ရိုးသားပြီး သစ္စာရှိသော အိမ်ရှင်မကောင်းတစ်ဦး ဖြစ်ကြောင်း ကျွန်မတို့ သိရှိထားခဲ့ပါသည်၊ သို့ရာတွင် အမကြီး၏ခင်ပွန်းဖြစ်သူမှာ အမကြီး၏ ကွယ်ရာတွင် မည်သို့မည်ပုံ ဖြစ်ပျက်နေကြောင်းကို သိလိမ့်မည် မထင်ပါ။ အကယ်၍ သိရှိလိုပါက ပူးတွဲပါ စာအိတ်ကို ဖွင့်ကြည့်စေလိုပါသည်။

အကျိုးလိုလားသူတစ်စု



www.burmeseclassic.com

www.burmeseclasssic.com



ဒေါ်ခင်ဖြူဝင်းသည် စာအိတ်ကလေးကို ဖွင့်လိုက်သည်။ အထဲက ကတ်ပြားလေးကို ဆွဲထုတ်သည်။ ဓါတ်ပုံတစ်ပုံ ဖြစ်၏။ ကြည့်လိုက်တော့. . .

မျက်လုံးတွေ ပြာသွားသည်။ ဓါတ်ပုံထဲမှာ ဦးဇော်အောင်က ငယ်ငယ်ချောချော မိန်းကလေးတစ်ယောက်နှင့် တွဲရပ်နေသည်။ ရိုးရိုးမဟုတ်၊ လက်တစ်ဖက်က ကောင်မလေး၏ ပခုံးပေါ် ရောက်နေ၏။

"ဘုရား ဘုရား၊ ကိုယ်ကျိုးတော့ နည်းပါပြီ"

ဟု ရေရွတ်သည်။ ချက်ချင်းပင် မူးသလို မောသလို ဖြစ်လာ၏။ ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ ဆောက်တည်ရာမရ၊ ထလိုက် ထိုင်လိုက် ဖြစ်နေပြီးမှ ဒေါ်လှလှကို သတိရလိုက်သည်။

"မမေ မမေ၊ ကောင်းကြသေးရဲ့လား"

ဟု မြည်တမ်းရင်း ဒေါ်လှလှ၏ အခန်းထဲသို့ ဝင်သွားသည်။

"ဟဲ့. . . ဘာဖြစ်လို့လဲ၊ ဖိုးလေး ဘာဖြစ်လို့လဲဟင်"

ဒေါ်လှလှက သူ့မြေးကိုသာ အရင်ဆုံး သတိရသည်။

"မောင်ဖိုး မဟုတ်ဘူး၊ မမေ့သား"

"ဘာ ငါ့သား၊ အဲ. . . ဇော်အောင်၊ ဘာဖြစ်လို့လဲဟဲ့ မထိတ်သာ မလန့်သာ"

"မမေ့သား ကျွန်မ ကွယ်ရာမှာ ဘယ်အခြေ ဆိုက်နေသလဲ ဆိုတာ ကြည့်ပါအုံး မမေရဲ့"

ဟု ငိုသံပါကြီးနှင့် ပြောရင်း ဓါတ်ပုံကို ထိုးပေးလိုက်သည်။ ဒေါ်လှလှသည် သွားတွေ မကောင်းတော့သော်လည်း မျက်စိကတော့ အရမ်းကြီး မမှုန်လှသေး။ စာဖတ်ဖို့ အခက်အခဲ ရှိသည့်တိုင် ဓါတ်ပုံလောက်ကိုတော့ မျက်မှန်မကူပဲ ကောင်းကောင်း မြင်နိုင်သေးသည်။

"ဘုရား ဘုရား၊ ယုံဖို့တောင် ခပ်ခက်ခက်ပဲ၊ ဟဲ့ မင်္ဂလာဆောင်တို့ ဘာတို့မှာ ဆုံမိတဲ့ တပည့်မလေးနဲ့ ရိုးရိုးသားသား တွဲရိုက်ထားတာများလား"

"ရိုးရိုးသားသားဆိုရင် ပခုံးဖက်ထားပါ့မလား၊ မတွေ့ဘူးလား"





"သေသေချာချာလည်း မေးကြည့်ပါအုံးကွယ်၊ မှုမမှန်ဘူး ဆိုရင်တော့ ငါကိုယ်တိုင် ဆုံးမမယ်"

ဒေါ်လှလှတောင်မှ ထိန်းထိန်းသိမ်းသိမ်း ပြောနေရင်းက ဒေါသသံ ပါလာသည်။

ဦးဇော်အောင် ပြန်အလာကို စောင့်ရတာကိုက တော်တော်စိတ်မရှည်စရာ ကောင်းသည်ဟု ဒေါ်ခင်ဖြူဝင်း ထင်သည်။ ကိုယ်ရောစိတ်ပါ ဂဏှာမငြိမ်နိုင်၊ မကြာခဏ ဆိုသလို နှုတ်က တဟင်းဟင်း ဖြစ်နေ၏။

"မိန်းမကောင်းဆို ဒါမျိုး မလုပ်ဘူး"

ဟုလည်း ရေရွတ်သည်။ ဒေါ်လှလှက. . .

"ဇော်အောင်ဟာ ဒီလောက် မိုက်လုံးကြီးမယ် မထင်ပါဘူးကွယ်၊ တစ်ဖက်က အတင်းလိုက်ကပ်နေတာပဲ ဖြစ်မှာပါ၊ ကိုယ်က ထိန်းနိုင်ရင် တစ်စခန်း ရပ်သွားမှာပါ"

ဟု ဖျောင်းဖျရသည်။

ဦးဇော်အောင်က ပုံမှန်အချိန်အတိုင်း ပြန်ရောက်လာသည်။ ဘာမှ ထူးထူးခြားခြား မှုပျက်နေတာမျိုး မရှိ၊ ခပ်အေးအေးပဲ အိမ်ထဲ ဝင်လာရင်း. . .

"ကော်ဖီတစ်ခွက် ဖျော်ထားကွာ"

ဟု ပြောပြီး အတွင်းခန်းဘက် လျှောက်သွားသည်။ ဒေါ်ခင်ဖြူဝင်းက. . .

"ဒီမှာ နေစမ်းပါအုံး"

လေသံမာမာဖြင့် ပြောသည်။ ဦးဇော်အောင်က လှည့်ကြည့်သည်။ ဒေါ်ခင်ဖြူဝင်း၏ မျက်နှာထား တင်းမာနေတာ တွေ့သည်။ ဒီရတော့မှ ဓါတိုင်းလို သူ့လက်ဆွဲအိတ်ကို လာကူဆွဲပေးခြင်း မရှိကြောင်း သတိပြုမိ၏။ ပြဿနာ' တစ်ခုခုတော့ ရှိပြီ။

"ဘာဖြစ်နေကြတာလဲ"

ပြောရင်း ဒေါ်လှလှ မျက်နှာမကောင်းတာကိုပါ အကဲခတ်မိ



www.burmeseclasssic.com

www.burmeseclasssic.com



သည်။ ဒေါ်ခင်ဖြူဝင်းက ဓါတ်ပုံကို မျက်နှာနား ထိုးပြပြီး. . .

"ဒီကိစ္စ ရှင် ဘယ်လိုရှင်းမလဲ"

ဦးဇော်အောင် ဓါတ်ပုံကို ကြည့်ပြီး မျက်လုံးပြူးသွားသည်။

"ဒါ. . . ဒါ. . . ငါ မဟုတ်ဘူး"

"ဘာ. . . ရှင် မဟုတ်လို့ ရှင့်ရဲ့ အမွှာညီအစ်ကိုလား၊ ဒါမှ မဟုတ် တစ်ယောက်ယောက်က မျက်နှာဖုံးစွပ်ပြီး ရှင့်အယောင် ဆောင်တာလို့ ပြောချင်တာလား"

"မဟုတ်ဘူး၊ သူ့ကို ငါမသိဘူး"

ကောင်မလေးပုံကို လက်ညှိုးထိုးပြသည်။

"ဘာလဲ၊ များလွန်းလို့ မှတ်တောင် မမှတ်မိတော့ဘူးလား"

"ဟာ မဟုတ်တာ၊ ဒါမျိုး ငါ မလုပ်တတ်ဘူး၊ ဒီပုံကလဲ ဘယ်လို အဲ. . . ဒီပုံ ဘယ်က ရတာလဲ"

"အမြင်မတော်တဲ့လူက ပို့လိုက်တာပေါ့"

"ဒီမှာ ဇော်အောင်၊ ဒီကိစ္စကို မင်း ရေလည်အောင် ရှင်းပါ၊ ဒါမှမဟုတ်ရင်တော့"

ဒေါ်လှလှက ဝင်ပြောသည်။

"မဟုတ်ဘူး မေမေ၊ ဒါ တစ်ယောက်ယောက်က သက်သက်မဲ့ သိက္ခာချတာပဲ"

"ဒီလောက် သဲကွဲ သဏ္ဍာန်နဲ့ မြင်နေတာတောင် ငြင်းချင်သေးလား"

ဒေါ်ခင်ဖြူဝင်းက ဓါတ်ပုံကို လက်ညှိုးနှင့် တထိုးထိုး လုပ်ရင်း ပြောသည်။ ပြောရင်း အသံက တုန်လာသည်။

"ပြစမ်းပါအုံး"

ဦးဇော်အောင်က ဓါတ်ပုံကို ဆွဲယူမည် ပြုသည်။ ဒေါ်ခင်ဖြူဝင်းက မပေးဘဲ လက်ကို ရုပ်လိုက်သည်။ ဦးဇော်အောင်၏ လက်နှင့် ထိ၍ ဓါတ်ပုံက ကြမ်းပေါ် ကျပြီး တံခါးဝဘက် လျှောသွားသည်။ အိမ်ထဲ ဝင်လာသော မိုးမိုးစံ၏ ရှေ့မှောက်သို့ အချိန်ကိုက် ရောက်ရှိသွားသည်။



"ဘာဖြစ်ကြတာလဲ"

မိုးမိုးစံက ပြောရင်း ဓါတ်ပုံကို ကောက်ယူလိုက်သည်။

ဒေါ်ခင်ဖြူဝင်းက. . .

"ကဲ ခုမှတော့ မထူးတော့ဘူး၊ အဲဒီဓါတ်ပုံကိုသာ ကြည့်ပေတော့၊ နင်တို့အဖေ ဇာတ်လမ်းရှုပ်သမျှ"

"ငါ မဟုတ်ဘူးလို့ ပြောထားတယ်နော်"

ဟု ဦးဇော်အောင်က ဝင်ပြောသည်။

မိုးမိုးစံက ဓါတ်ပုံကို သေသေချာချာ ကြည့်သည်၊ ထို့နောက်. .

"အမယ်၊ ဖေဖေက တယ်စွံပါလား"

"ဘာပြောတယ်၊ နင်က မိထွေးလိုချင်နေလို့လား"

ဒေါ်ခင်ဖြူဝင်းက ငေါက်လိုက်သည်။ မိုးမိုးစံက. . .

"လိုချင်လို့လဲ မရပါဘူး၊ သူကလဲ ဖေဖေ့လို အဘိုးကြီးကို ကြိုက်မှာ မဟုတ်ပါဘူး"

"မကြိုက်ဘဲနဲ့ အဖက်ခံပါ့မလား"

"မေမေကာ ဒါ ဘယ်သူထင်လို့လဲ"

"နင့်မိထွေးလောင်းပေါ့"

ရင့်သီးလိုက်တာကွာဟု ဦးဇော်အောင် ရေရွတ်သည်။ မိုးမိုးစံက ရယ်လိုက်ပြီး. . .

"ဒါ အွန်စောရဲ့ပုံပါ မေမေရဲ့"

"ဘာ. . . အွန်စော"

"ကိုရီးယားမင်းသမီး အွန်စောလေ၊ မေမေက သေသေချာချာမှ မကြည့်ဘဲ"

ဒေါ်ခင်ဖြူဝင်းက ဓါတ်ပုံကို ယူကြည့်သည်။ စောစောက ရုတ်တရက် ထူပူပြီး စေ့စေ့စပ်စပ် မကြည့်မိခြင်း ဖြစ်၏။

"ဒါဆို နင့်အဖေက ဘယ်လိုဖြစ်လို့"

"အဲဒါ ကွန်ပျူတာနဲ့ လုပ်ထားတာ ဂျွန်စောနဲ့ အွန်စောရဲ့ပုံ ထဲက ဂျွန်စောရဲ့ ခေါင်းနေရာမှာ ဖေဖေ့ခေါင်းကို ကွန်ပျူတာနဲ့ နည်း

www.burmeseclasssic.com



ပညာနဲ့ ပြောင်းထည့်ထားတာ"

ဒေါ်ခင်ဖြူဝင်းမှာ ရယ်ရမလို ငိုရမလို ဖြစ်နေ၏။ ဦးဇော်အောင်က. . .

"မင်းက မစူးစမ်း မဆင်ခြင်ဘဲ ရမ်းသမ်း စွပ်စွဲနေတာကိုး၊ ငါ ဒါမျိုး မလုပ်တတ်ဘူးဆိုတာ သိဖို့ကောင်းတယ်"

ဟု အထက်စီး ရသွားသော လေသံဖြင့် ပြောသည်။

"အေးကွယ့်၊ ဒါကြောင့် ဒီကောင်မလေး မြင်ဖူးပါတယ်လို့ အောက်မေ့နေတာ"

ဟု ဒေါ်လှလှကလည်း စိတ်အေးသွားဟန်ဖြင့် ဝင်ပြောသည်။

"ဒါ ဘယ်သူ့လက်ချက်လဲ"

ဟု ဒေါ်ခင်ဖြူဝင်းက ရေရွတ်လိုက်ရာ ဦးဇော်အောင်က. . .

"ဘယ်သူ ရှိရမှာလဲ၊ ဒါမျိုး ပေါက်ကရ လုပ်တတ်တာ မင့်သား ဖိုးပဲ ရှိတာပဲ၊ ဒီကောင်တော့လားကွာ၊ ငါနဲ့ တွေ့မယ်"

ဖိုးတန် ပြန်လာသောအခါ ဦးဇော်အောင်က ဖိဟောက်တော့သည်။ ဖိုးတန်က မှင်သေသေနှင့် ငြင်းသည်။

"မြတ်သူစိုး ဖြစ်နိုင်တယ် ဖေဖေ၊ ဒီကောင်က ဗိုတိုရှော့ သိပ်ကျွမ်းတာ"

"ဟော့ကောင် သူများကို ဆွဲမထည့်နဲ့၊ မြတ်သူစိုးက တည်တည်တန့်တန့် နေတဲ့ကောင်၊ မင်းလို ရှေပ်မဟုတ်ဘူး"

"ကဲပါကွယ်၊ ပြီးတာလဲ ပြီးပါစေတော့၊ ပျော်စေ ပျက်စေပဲဟာ"

ဟု ဒေါ်လှလှက ဝင်ပြီး လေပြေထိုးလိုက်သည်။ ဖိုးတန်ကိုလည်း မျက်ရိပ်ပြပြီး ထွက်သွားခိုင်းလိုက်၏။ ပြီးမှ. . .

"ဖိုးလေးက ကြည်စားတာပါကွယ်၊ သိပ်မဆူပါနဲ့၊ ခုချိန်မှာ သူ့ကို ချော့ပေါင်းမှ ဖြစ်မှာ၊ ဟိုကိစ္စက ရှိသေးတယ် မဟုတ်လား"

သက်သေကလည်း မပြနိုင်သဖြင့် ဦးဇော်အောင် မခံချိ မခံသာဖြင့် ငြိမ်နေလိုက်ရသည်။ 'ဟိုကိစ္စ' ဆိုတာကလည်း သူ့ဒေါသကို တုံ့ဆိုင်းသွားစေသည်။



နောက်တစ်ပတ်ခန့် ကြာသောအခါ ဦးဇော်အောင် နာမည်နှင့် စာအိတ်တစ်အိတ် စာတိုက်မှတဆင့် ရောက်လာပြန်သည်။ အထဲမှာ ဓါတ်ပုံတစ်ပုံသာ ပါသည်။ ပုံထဲတွင် ဒေါ်ခင်ဖြူဝင်းသည် 'မစ္စတာဘီးန်'၏ ပခုံးပေါ် ခေါင်းမှီထားလေသည်။

. . . . . .

www.burmeseclassic.com

www.burmeseclasssic.com



ဆယ်တန်းအောင်ပြီး တက္ကသိုလ် ရောက်တဲ့အခါ အထက်တန်းကျောင်းတုန်းက ငယ်သူငယ်ချင်းတွေနဲ့ ကွဲကွာသွားတတ်သည်။ တက္ကသိုလ် အတူတူ တက်ဖြစ်ကြလျှင်တော့ ကိစ္စမရှိ၊ ကျောင်းချင်း ကွဲသွားလို့ကတော့ အလွန်ခင်မင်ခဲ့သူတွေတောင် အနေစိမ်းသွားလေ့ ရှိ၏။ တက္ကသိုလ် ရောက်မှ တွေ့သော သူငယ်ချင်းနှင့် ပိုပြီး တွဲမိသွားတာ များသည်။

မေလကတော့ ငယ်ငယ်က သူငယ်ချင်း ဆိတ်မနှင့် တက္ကသိုလ်တစ်ခုတည်း တက်ဖြစ်သည်။ အထူးပြု ဘာသာချင်းတော့ မတူကြ။ မေလက အတန်းချင်း တူသော ရေနွေးနှင့် ခင်သွားသည်။ ဆိတ်မကလည်း သူတို့အတန်းထဲက လုံးတုံးနှင့် တွဲမိသည်။ အားလုံးက အစားအသောက် ခုံမင်တဲ့လူတွေချည်း ဖြစ်၏။ ထို့ကြောင့် တစ်အုပ်စုထဲ ဖြစ်သွားကြသည်။

မေလတို့အိမ်က ကျယ်ဝန်းသည်။ အစ်ကိုတွေမောင်တွေ မရှိသဖြင့် အနေကျဉ်းကြပ်စရာလည်း မလို၊ လူကြီးတွေကလဲ လွတ်လွတ်လပ်လပ် နေချင်သလို နေကြဟု ခွင့်ပြုထားသည်။ ထို့ကြောင့် တစ်လ တစ်ခါနှစ်ခါ



လောက် လူစုမိကြ၏။

သီချင်းခွေ ဖွင့်ကြ၊ ကာရာအိုကေ ဆိုကြ၊ စကားထိုင်ပြောကြ ငြင်းကြခုန်ကြ၊ ခါတိုင်း တိတ်ဆိတ်နေသောအိမ်မှာ ကြွက်ကြွက်ညံနေတော့သည်။ ပြီးတော့ အစားသမားတွေ ဖြစ်တဲ့အတိုင်း တစ်ခုခု လုပ်စားကြသည်။ ဒေါ်ရင်ရင်က စားချင်တာပြော လုပ်ကျွေးမယ်ဆိုတာကို လက်မခံ။

ချက်နည်းပြုတ်နည်း၊ မုန့်လုပ်နည်း စာအုပ်တွေ၊ မဂ္ဂဇင်းထဲမှာပါသော နည်းလမ်းတွေ ကြည့်ပြီး သူတို့ဘာသာ ဝိုင်းလုပ်ကြသည်။ အဆင်ပြေပြေ အချိုးကျကျ ဖြစ်သွားတာက နည်းသည်။ ရေထည့်တာများလို့ ပျော့ပြဲသွားတာ၊ မာသွားတာ၊ တူးသွားတာ၊ ကြွမ်းသွားတာတွေသာ များသည်။

ဒီနေ့လည်း ကော်ပြန့်စိမ်း လုပ်စားကြဖို့ စီစဉ်သည်။ ကော်ပြန့်လိပ်ကြရာမှာ ကျွမ်းကျင်မှု မရှိသဖြင့် အစပိုင်း သုံးလေးလိပ်က ဖက်တွေ ပေါက်ထွက်ကုန်သည်။ နောက် လေးငါးလိပ်ကတော့ ပုံမကျ ပန်းမကျ ဖြစ်သွား၏။ နောက်တော့မှ အဆင်ပြေသွားသည်။

ဟင်းသီးဟင်းရွက်တွေ ကြော်တဲ့ချက်တဲ့နေရာမှာ သတိထားရသည်။ ကြည့်လိုက်လျှင် အများကြီးဟု ထင်ရ၏။ ကြော်လိုက် ချက်လိုက်တဲ့အခါကျတော့ ကျုံ့သွားတတ်သည်။ သူတို့က ဒါကို မသိဘဲ ဆားတွေ ပိုထည့်မိသဖြင့် ငန်သွားသည်။

"ဆားတွေ များပါတယ်လို့ ငါပြောသားပဲ"

"ဖက်က အငန်ဓါတ် ပါနေလို့ပါ၊ အဆာက အတော်ပါပဲ"

"ဟိုတစ်ခါ ရှမ်းခေါက်ဆွဲ လုပ်စားတုန်းကလဲ ဒီလိုပဲ၊ ခေါက်ဆွဲဖတ်တွေကို ပြုတ်ပစ်လိုက်လို့ ကော်ဖြစ်သွားတယ် မဟုတ်လား"

"နင်လဲ ဆီထမင်း ထိုးရင်းက ထမနဲ ဖြစ်သွားဖူးတာပဲ"

စသည်ဖြင့် ငြင်းကြခုန်ကြသည်။ နောက်တော့လည်း အကုန်ရပါးရ စားကြတာပါပဲ။ ထိုနောက် ဆိတ်မ၊ လုံးတုံးနှင့် ရေနွေးတို့က သူတို့ ရည်းစားတွေအကြောင်း တလှည့်စီ ပြောကြသည်။ နောက်တော့ တစ်

www.burmeseclassic.com

www.burmeseclasssic.com



ယောက် ပြောနေတုန်း တစ်ယောက်က ဝင်လုပြောသည်။ ဘယ်သူ့ကောင်လေးက ပိုချောတယ်ဆိုတာ ငြင်းကြသည်။

ဆိတ်မနှင့် လုံးတုံးတို့သည် ရည်းစားရကာစ ဖြစ်သောကြောင့် ကြွားလို့ကောင်းနေသည်။ ရေနွေးကတော့ ရည်းစားနဲ့ ကွဲသွားတာ လပိုင်းလောက် ရှိပြီ။ သူကလည်း လမ်းခွဲရတဲ့အကြောင်း မြိန်ရည်ယှက်ရည် ပြောပြနေသည်။

"သူက သိပ်သဝန်တိုတတ်တာဟ၊ ငါ့ကို စိတ်မချဘူးဆိုတာပဲ အမြဲပြောနေတယ်၊ ငါကလဲ တော်တော် ချောတာကိုးဟ၊ အဟိ"

"အရေးထဲမှာ အမှတ်က ယူချင်သေးတယ်"

ဆိုပြီး တစ်ချက်စီ ဝိုင်းထုကြသည်။ ရေနွေးက. . .

"နေကြပါအုံး၊ ဆက်ပြောပါရစေအုံး"

"မပြောနဲ့တော့၊ ဒီအကြောင်း ပြောပြောနေတာ၊ ဆယ်ခါလောက် ရှိပြီ"

"ပြောပါရစေဟာ၊ ငါ့မှာ ဒါပဲ ပြောစရာရှိတာ"

"ကဲ ဒါဆို လိုရင်းတိုရှင်းပဲ ပြော၊ စိုးရိမ်နေရတာ စိတ်ပူတာတွေ များလွန်းလို့ အဲဒီဒဏ်ကို ဆက်မခံနိုင်တော့ဘူး၊ ဒါကြောင့် လမ်းခွဲကြတာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ သူက ပြောတယ် ဆိုတာလောက်ပဲ အကျဉ်းချုံးပြီး ပြောဟာ"

"ဟင် နင်က အဲဒါတွေ ကြိုပြောထားတော့ ငါက ဘာပြောစရာကျန်တော့မှာလဲ"

ဝိုင်းရယ်ကြသည်။ မေလက. . .

"ကဲ. . . တော်ကြပါတော့ဟာ၊ ငါ့ကိုလဲ အားနာစမ်းပါအုံး၊ နင်တို့လို ငါ့မှာက ပြောစရာ ရှိတာမဟုတ်ဘူး၊ ပါးစပ်အဟောင်းသားနဲ့ သူများ ပြောတာချည်း နားထောင်နေရတာ ငြီးငွေ့လာပြီ"

"ဒါဆို နင်လဲ ပြောစရာရှိအောင် လုပ်ပေါ့ဟဲ့ ဝက်ပုတ်မရဲ့"

"နေပါစေ၊ သူငယ်ချင်းတွေကို ကြွားဖို့လောက်နဲ့တော့ ငါ့ရဲ့ လွတ်လပ်တဲ့ဘဝကို မစွန့်လွှတ်နိုင်ဘူး"



"နင်က အရသာ မသိသေးလို့ပါ"

လုံးတုံးက ပြောသည်။ မေလက ရှုံ့မဲ့လိုက်ပြီး. . .

"ရည်းစားထားရတာ အရသာရှိတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး၊ ရေခဲမုန့် စားရတာမှ မဟုတ်တာ"

"ဟ. . . တခုခု စားရသောက်ရမှ အရသာရှိတာ မဟုတ်ဘူး၊ ကဗျာတစ်ပုဒ် ဖတ်ရတဲ့အခါ၊ သီချင်းတစ်ပုဒ် နားထောင်ရတဲ့အခါလဲ အရသာ ရှိတာပဲ မဟုတ်လား၊ အဲဒီသဘောပေါ့"

"မှန်တယ် မှန်တယ်၊ ချစ်သူရဲ့ မျက်ဝန်းဟာ အလှဆုံး ပန်းချီကား တစ်ချပ်ပဲ၊ ချစ်သူရဲ့ စကားသံလေးတွေဟာ အကောင်းဆုံး သီချင်းတစ်ပုဒ်ပဲ"

ဟု ဆိတ်မက ထောက်ခံလိုက်သည်။ ရေနွေးကလည်း အားကျမခံ ပြောပြန်သည်။

"လွမ်းရတာလဲ အရသာ တမျိုးပဲဟ"

"ဘာ. . . ဘာ. . . ဘာ၊ လွမ်းရတာ အရသာရှိတယ်၊ ထူးဆန်းလှချည်လား"

"ဟုတ်တယ်ဟ၊ ရည်းစားနဲ့ ကွဲလို့ လွမ်းရတာလဲ အရသာတစ်မျိုးပဲ၊ သူနဲ့ ချစ်ခဲ့ကြတုန်းက အကြောင်းတွေကို တရေးရေး ပြန်တွေးရင်းက ရင်ထဲက တလှိုက်လှိုက် ဖြစ်ပြီး ငိုချင်လာရော၊ နင်လဲ ဖြစ်ဖူးမှာပေါ့ဟာ၊ ငယ်ငယ်က လူကြီးတွေက ဆူလို့ဖြစ်စေ၊ တစ်ခုခု အလိုမကျလို့ဖြစ်စေ၊ ငိုရတာကို မှတ်မိတယ် မဟုတ်လား၊ ငိုရင်းငိုရင်းနဲ့ မောပြီး အိပ်ပျော်သွားရတာ ဘယ်လောက် ဇိမ်ရှိသလဲ၊ အဲသလိုမျိုးပေါ့"

"အော်. . . လက်စသတ်တော့ ရည်းစားထားတယ်ဆိုတာ အိပ်လို့ ကောင်းချင်လို့ကိုး"

ဟု မေလက ငေါ့သည်။

"ဒါတွင် ဘယ်ကမလဲ၊ သူငယ်ချင်းတွေကလည်း ရည်းစားပစ်မလေး ဆိုပြီး သနားလို့ ဝိုင်းအလိုလိုက်ကြတယ်လေ၊ မှတ်မိတယ် မဟုတ်လား၊ နင်တောင် အဲဒီတုန်းက ငါ့ကို သနားလွန်းလို့ ဆိုပြီး [illegible]ပါ

www.burmeseclasssic.com

www.burmeseclasssic.com



ဇာတ်ကား လိုက်ပြတယ်လေ"

"ဟုတ်တယ်၊ ရင်ပူသက်သာအောင် ဆိုပြီး အအေးလဲ ဝယ်တိုက်ရတယ်၊ ပြီးတော့ ဘေးထိုး ကလစ်တစ်စုံ ဝယ်ပေးပြီးတော့လဲ ချော့ခဲ့သေးတယ်လေ"

ဟု ဆိတ်မက ဝင်ထောက်ပေးသည်။

"ဟင်း ငါကတော့ ရေနွေးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေတော့မလားလို့ စိုးရိမ်ပြီး ဝယ်ပေးခဲ့ရတာ၊ နင်တို့နှစ်ကောင်ကော ကလစ်လိုချင်သေးလား"

မေလက ကျန်နှစ်ယောက်ကိုပါ လှမ်းပြီး ရိလိုက်သည်။

လုံးတုံးက. . .

"နင့်ရဲ့ ကလစ်လောက်ကတော့ သနားတယ်၊ ဟိုတစ်နေ့ကပဲ ငါ တစ်ချက် စိတ်ကောက်ပြလိုက်တာနဲ့ မိုးလ်အွန် တစ်တောင့် ချက်ချင်း ရောက်လာတာပဲ"

"နင်က ချိုင်းချေးစော်နံလို့ ဖြစ်မှာပေါ့"

ဟု မေလက ခွပ်လိုက်သည်။ ဆိတ်မက လုံးတုံးတို့ဘက်က စစ်ကူဝင်လာသည်။

"ဘာပဲဖြစ်ဖြစ် ဒါလဲ အားသာချက်တစ်ခုပဲ၊ ရည်းစားရှိပြီ ဆိုတာနဲ့ ငွေကုန်ကြေးကျ အများကြီး သက်သာသွားတာ အမှန်ပဲ၊ စားကြသောက်ကြပြီဆိုရင် ယောကျ်ားလေးကပဲ ငွေရှင်းရတာကိုး၊ အသုံးအဆောင် ပစ္စည်းတွေလဲ လက်ဆောင်ရသေးတာဆိုတော့ ပိုထွက်လာတဲ့ ကိုယ့်ပိုက်ဆံကို စုဆောင်းထားလို့တောင် ရတယ်၊ ငါဆို တစ်သောင်းကျော်လောက် ရနေပြီ"

"နင်တို့ကလဲ ရည်းစားထားတာတောင် စီးပွားတွက် တွက်နေသေးတယ်"

"ကောင်းတဲ့ အချက်တစ်ချက်အနေနဲ့ ထည့်စဉ်းစားရတာပေါ့ဟ"

"မိမေလရယ် နင် စိတ်ကူးမလွဲနဲ့နော်၊ နင့်မှာက ငါတို့လို စိတ်





တိုင်းကျ ဖြစ်အောင် လိုက်ရှာနေစရာတောင် မလိုဘူး၊ လက်တကမ်းမှာတင် အဆင်သင့် ရှိနေတာ"

"ဟုတ်တယ်၊ ရုပ်ကလဲ ချောတယ်၊ မိဘချင်းလဲ အဆင်ပြေတယ်၊ နင် ခေါင်းတချက် ညိတ်လိုက်တာနဲ့ ကိစ္စပြတ်ပြီ၊ နင့်လောက်ကံကောင်းတဲ့လူ မရှိဘူး"

"တော်စမ်းပါဟာ၊ ဒီငပေါကို စိတ်ကူးထဲတောင် မထည့်ဘူး"

"နင်နဲ့ငါနဲ့ နေရာချင်းသာ လဲလိုက်ချင်တော့တာပဲ"

ဟု ရေနွေးက ပြောသည်။

"ဘာဖြစ်လို့လဲ၊ နင့်ထိုင်ခုံက ပေါက်နေလို့လား၊ ဒါဆို ဒီဘက်လာထိုင်လေဟာ"

ဟု မေလက နောက်လိုက်သည်။ ရေနွေးက. . .

"နင် စကားလွှဲမပစ်နဲ့"

"နင် တကယ်ပြောနေတာလား ရေနွေး"

"ဖိုးတန်လိုလူမျိုးကို စိတ်မဝင်စားတဲ့ မိန်းကလေးဟာ မျက်စိမပါလို့ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင်တော့ အသည်းနှလုံး မရှိလို့ပဲ ဖြစ်ရမယ်"

"ဒါဆို နင်က ငဖိုးကို သဘောကျနေတယ်ပေါ့"

"နင့်မုန့်ကို လုစားသလို ဖြစ်မှာစိုးလို့ မြိုသိပ်နေခဲ့တာ"

"ငါ မကြိုက်တဲ့မုန့်ကို လုစားနေစရာ လိုလို့လား၊ ဝမ်းမြောက်ဝမ်းသာနဲ့တောင် ပေးလိုက်အုံးမယ်၊ နင်နဲ့ဆိုရင် သဘောတူပါတယ်၊ ဒါပေမယ့်"

"ဘာဖြစ်လို့လဲ ငါက ရည်းစားပျက်ဖူးလို့လား"

"မဟုတ်ပါဘူး၊ နင် ရည်းစားနဲ့ ကွဲပြီး ဆွေးနေတုန်းက ငဖိုးနဲ့အောင်သွယ်ပေးမယ်လို့တောင် စိတ်ကူးမိသေးတယ်၊ စကားတောက်ကြည့်တော့ သူက နင့်ကို စိတ်မဝင်စားဘူးတဲ့"

"ဆွေးတာပဲ"

"ဖိုးတန်က ရေနွေးကို စိတ်မဝင်စားဘူးလို့ ပြောတာဟာ အခြားသူ စိတ်ဝင်စားတဲ့ လူတစ်ယောက် ရှိနေတယ်လို့ သွယ်ဝိုက်ပြီး ပြောချင်



www.burmeseclassic.com

www.burmeseclasssic.com



တာကော မဖြစ်နိုင်ဘူးလား"

ဟု လုံးတုံးက ပြောလိုက်သည်။ မေလက . . .

"အဲဒီလူက ငါ့ပဲလို့ ပြောချင်တာလား၊ ငဖိုးအကြောင်းကို ငါ ကောင်းကောင်း သိပါတယ်၊ သူ့ဟာ ငါ့ကို ကြိုက်ရင် လှည့်ပတ်နေမှာ မဟုတ်ဘူး၊ တစ်ခါထဲ တည့်တည့် ပြောလိုက်မှာ၊ ပြီးတော့ သူကိုယ်တိုင်က ငါ့ကို လုံးဝ စိတ်ကူးထဲ ထည့်မထားဘူးလို့ ပြောထားပြီးသား"

"စိတ်ထဲကတော့ တစ်မျိုး ဖြစ်ချင်ဖြစ်နေမှာပေါ့"

"နေစမ်းပါအုံး၊ နင်တို့က ဒီနေ့ကျမှ ထူးထူးဆန်းဆန်း ငါ့ကို ရည်းစားထားဖို့ ဆွယ်တရား လာဟောနေကြပါလား၊ ဘယ်လိုဖြစ်ကြတာ လဲ"

မေလက မေးလိုက်တော့ ဆိတ်မက. . .

"နင်တစ်ယောက်ထဲ အထီးကျန် ဖြစ်နေတာကို မကြည့်ရက်လို့ ပေါ့ဟယ်"

"လုပ်မနေနဲ့၊ မေလကို ဒါမျိုး လာပတ်လို့မရဘူး၊ နင်တို့ ပါးစပ် ဟလိုက်တာနဲ့ ဗိုက်ထဲမှာ သန်ကောင် ဘယ်နှစ်ကောင် ရှိတယ်ဆိုတာက အစ သိတယ်၊ နင်တို့ရဲ့နောက်ကွယ် ကြိုးကိုင်နေတာ ဘယ်သူလဲ"

ကျန်သုံးယောက်သည် ပြန်မဖြေဘဲ ဟိုယောင်ဒီယောင် လုပ်နေ ကြ၏။ ပြောလေဟာဟု မေလက ခပ်ငေါက်ငေါက် မေးတော့မှ ရေနွေး က. . .

"ငါတို့မှာလဲ အကျပ်အတည်း ဖြစ်နေလို့ပါဟာ"

ဟု မျက်နှာငယ်လေးနှင့် ပြောသည်။

"ဘာအကျပ်အတည်းလဲ"

"ဒီလိုဟာ၊ နင်ပြောလိုက်"

ဟု ဆိတ်မဘက် လွှဲချသည်။ ဆိတ်မက လုံးတုံး ပြောပြလိုက်ဟု ဆိုပြန်သည်။ လုံးတုံးက. . .

"ဟိုတစ်ရက်တုန်းက ငါတို့ ရောက်လာတော့ နင် အပြင်သွား နေတယ်လေ၊ အဲဒါ နင်တို့အမေ အန်တီရင်က ငါတို့ကို မိုးရာဆင်ထမိန်





တစ်ထည်စီ လက်ဆောင်ပေးတယ်ဟ၊ ငါတို့ကလဲ အလကားရတာ ဆို တော့ ဝမ်းမြောက်ဝမ်းသာ ယူလိုက်ကြတာပေါ့၊ ပြီးတော့. . . အဲ. . . ဆိတ်မ၊ ထမိန်ယူတဲ့ထဲမှာ နင်လဲ ပါတယ်၊ နင် ဆက်ပြီး ဖြောင့်ချက်ပေး လိုက်"

ဟု ဆိုသဖြင့် ဆိတ်မက ဆက်ပြောသည်။

"အန်တီရင်က ငါတို့ကို ထမိန် လက်ဆောင်ပေးတာ အကြံအ စည် ရှိလို့ပဲဟ၊ ဖိုးတန်အပေါ်မှာ နင် စိတ်ညွတ်လာအောင် ဝိုင်းပြီး တိုက်တွန်းပေးဖို့ အကူအညီ တောင်းလာတယ်လေ၊ ငါတို့မှာလဲ သူပေး တာ ယူထားမိတော့ မငြင်းသာတော့ဘဲ လက်ခံလိုက်ရတာပေါ့ဟာ"

"တော်တော် သစ္စာရှိတဲ့ မိန်းမတွေပါလား၊ သူငယ်ချင်းကို ထမိန်တစ်ထည်နဲ့ လဲစားတဲ့ဟာတွေ"

"ငါတို့ကိုယ်တိုင်က နင်နဲ့ဖိုးတန်ကို သဘောတူနေတာကြောင့်လဲ ပါပါတယ်ဟ"

"သဘောတူတယ်လည်း ဆိုသေးတယ်၊ ရေနွေးစုတ်က ငဖိုးကို စိတ်ဝင်စားတယ် ဘာညာနဲ့၊ အဲဒါကကော ဘာသဘောလဲ"

"ကျွန်မမျိုးကြီး သေသင့်ပါတယ်"

"ဘယ့်နှယ် ကျွန်မမျိုးကြီးလဲ၊ ကျွန်တော်မျိုးမလို့ ပြောရတယ်ဟ"

"အေးပါဟ၊ ဒီလိုပါ မေလရယ်၊ အဲဒီကိစ္စကလဲ အန်တီရင်က အကြံပေးတာပါပဲ၊ ဖိုးတန်တို့အစ်မ မမိုးမိုးစံရဲ့ စိတ်ကူးလို့ ပြောတယ်"

"အော်. . . အော်၊ နင်က ငဖိုးကို စိတ်ဝင်စားနေတယ်လို့ ပြော လိုက်တဲ့အခါကျတော့မှ ငါ့ရဲ့ မသိစိတ်ထဲမှာ ငုတ်လျှိုးနေတဲ့ အချစ်တွေ သံယောဇဉ်တွေက မနာလိုစိတ်နဲ့အတူ ဘွားကနဲ ပေါ်လာမယ်၊ အဲဒီလို ဖြစ်အောင် နင်က ဗီလိန်နေရာကနေ အနစ်နာခံပြီး ဝင်ကပြပေးရမယ် ပေါ့၊ ဒီလို မဟုတ်လား"

ဟု မေလက ပြောလိုက်ရာ ရေနွေးမှာ အံ့သြသွားပြီး. . .

"နင်က ဘယ်လိုလုပ် သိလဲ"

"မမမိုးစံက သူကိုယ်တိုင်တောင် မစွံတဲ့လူပဲ၊ သူ့အိုင်ဒီယာဆိုရင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclasssic.com



စိတ်ကူးယဉ် ဇာတ်လမ်းမျိုးပဲ ဖြစ်ရမှာပေါ့"

"ငါတို့လဲ တာဝန်အရ လုပ်ရတာပါဟယ်၊ နင့်ကို ပတ်ဖို့ မလွယ်ဘူး ဆိုတာလဲ သိပါတယ်"

မေလက ခဏစဉ်းစားနေပြီးနောက်. . .

"ဒီလိုလုပ်ဟာ၊ ရေနွေးက ငဖိုးကို စိတ်ဝင်စားနေတယ် ဆိုတဲ့ သတင်းလဲ ကြားရော ငါက မခံမရပ်နိုင် ဖြစ်ပြီး လုံးဝ သဘောမတူနိုင်ဘူး ဘာညာနဲ့ အတော် ဒေါသဖြစ်သွားတယ်လို့ မေမေ့ကို ပြောလိုက်"

"ဘာဖြစ်လို့ အဲဒီလို ပြောရမှာလဲ"

"အဲဒါဆိုရင် မေမေက ကျေနပ်သွားလိမ့်မယ်၊ နင်တို့ကလဲ အခြေအနေ ကောင်းတယ်၊ ဆက်ကြိုးစားပေးမယ် ပြော၊ မေမေက သဘောတွေ ကျပြီး မုန့်ဖိုးတွေဘာတွေ ပေးလိမ့်မယ်၊ အဲဒီထဲက ငါ့ကို တဝက်ပေးပေါ့"

"မိမေလရယ် နင်ကတော့ဟယ်၊ တကယ်ပါပဲ"

"ငါတော့ အဲဒါမျိုး မလုပ်ရဲဘူးနော်၊ တော်ကြာ အလိမ်ပေါ်သွားရင် အန်တီရင်က အိမ်ကိုတောင် အလာခံမှာ မဟုတ်တော့ဘူး"

ဆိတ်မက ဝင်ပြောသည်။ လုံးတုံးက မေးသည်။

"မေလ နင် ဖိုးတန်ကို နည်းနည်းလေးမှ စိတ်မဝင်စားဘူးလား"

"ဟင့်အင်း၊ သူကလေ ငါ့အပေါ်မှာ ဒီအတိုင်းပဲ"

"နင်က တသက်လုံး အချစ်ကို မရှာတော့ဘူးလို့ ဆုံးဖြတ်ထားလို့လား"

"အချစ်ဆိုတာ ပစ္စည်းတစ်ခု ကျပျောက်တာမျိုးမှ မဟုတ်ပဲ၊ လိုက်ရှာနေစရာ မလိုပါဘူး၊ သူ့အလိုလို ရောက်လာရင်တော့ မတတ်နိုင်ဘူးပေါ့၊ ငါကတော့ ခုလို တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ ဒီမှာ သူငယ်ချင်းတို့ လောကကြီးမှာ မချစ်မိလို့ သေတဲ့လူဆိုတာ မရှိဘူး၊ ချစ်မိလို့ ရင်ကွဲရတဲ့လူပဲ ရှိတယ်၊ အဲဒါ ငါ့အယူအဆပဲ"

◈ ◈ ◈





ဒေါ်လှလှသည် ဖိုးတန်၏ အခန်းရှေ့မှ ဖြတ်လျှောက်သွားရင်း ခြေလှမ်း တုံ့ကနဲ ရပ်သွားသည်။ အခန်းတံခါးကို နားရွက်ကပ်ပြီး နားစွင့်သည်။ ထို့နောက် တံခါးကို ပုတ်ပြီး. . .

"ဖိုးလေး၊ ဖိုးလေး"

ဟု ခေါ်လိုက်၏။ ဖိုးတန်က တံခါးကို ဟရုံဖွင့်၍ ခေါင်းပြူလိုက်ပြီး. . .

"ဘာလဲ ဘွားလှ၊ ဘာကျွေးမလို့လဲ"

"မဟုတ်ပါဘူး၊ မင်းတို့ ငြင်းခုန်နေကြသလားလို့၊ ငြင်းတာလဲ ငြင်းပေါ့ကွယ်၊ ရန်တော့ မဖြစ်ကြနဲ့နော်"

"ဘွားလှကလဲ ဘယ်မှာ ငြင်းလို့လဲ"

"စောစောက. . . အဲ. . . အဲဒီအသံပဲ"

"ဟာ. . . အဲဒါ သီချင်းဖွင့်နေတာပါ"

"မင်းတို့ သီချင်းကလဲကွယ်၊ ရန်တွေ့တာ ကျနေတာပဲ"

"အဲဒါ ပေါက်ကွဲသံစဉ်ပေါ့၊ ဘွားလှရဲ့"

"အော်. . . အေးအေး၊ ဒါဆိုလဲ ကောင်းကောင်း ပေါက်ကွဲကြနော်"

ဟု ပြောပြီး ထွက်သွားသည်။ ဖိုးတန်က ရယ်လိုက်သည်။ စီဒီဖွင့်စက်ဆီ လျှောက်သွားပြီး ခလုတ်ကို ပိတ်လိုက်၏။ ထိုအခါ ကုလားထိုင်မှာ ထိုင်ပြီး စာဖတ်နေသော မြတ်သူစိုးကလည်း ဖတ်လက်စ စာအုပ်ကို ပိတ်ပြီး စားပွဲပေါ် တင်လိုက်၏။ ထို့နောက် အခန်းပေါက်ဝဆီ ထလျှောက်သွားသည်။ တံခါးလက်ကိုင်ကို ကိုင်ပြီးမှ မဖွင့်ဘဲ ပြန်လှည့်လာသည်။ ကုလားထိုင်မှာ ပြန်ထိုင်သည်။ စာအုပ်ကို ယူပြီး ဖွင့်သည်။ ပြန်ပိတ်သည်။ ထရပ်ပြန်သည်။

သူ့လှုပ်ရှားမှုကို စောင့်ကြည့် အကဲခတ်နေသော ဖိုးတန်က. . .

"ဟေ့ကောင် မြတ်သူ၊ မင်း ငါ့ကို ပြောစရာရှိတယ် မဟုတ်လား"

ဟု မေးလိုက်သည်။ မြတ်သူက. . .



www.burmeseclassic.com

www.burmeseclasssic.com



"ဝါင်. . . မင်း ဘယ်လိုလုပ် သိလဲ"

"မင်းပုံစံကို ကြည့်ရင် သိတာပေါ့၊ တစ်ခုခုလဲ ပြောချင်နေတယ်၊ ပြောရမှာလဲ ခက်နေတယ်၊ ပြောသင့် မပြောသင့် ချီတုံချတုံ ဖြစ်နေတယ်၊ ဟုတ်တယ် မဟုတ်လား"

မြတ်သူက ကုလားထိုင်ပေါ် ပြန်ထိုင်ချလိုက်ပြီး. . .

"မင်း တော်တော် လျှင်တဲ့ကောင်ပဲ၊ ညာလို့လဲ ရမှာမဟုတ်ပါဘူး"

"ကဲ ဘာကိစ္စလဲ၊ ပြောကွာ၊ အားမနာနဲ့"

မြတ်သူစိုးက ချက်ချင်းမပြောသေး၊ စောစောက စားပွဲပေါ် ချထားသော စာအုပ်ကို ဆွဲယူဖို့ လက်လှမ်းလိုက်ပြန်သည်။ ဖိုးတန်က စာအုပ်ကို လက်နှင့် ဖိထားလိုက်သဖြင့် ယူလို့မရ။ ဘောပင်ကိုပါ အရင် ဦးအောင် ယူပြီး ကိုင်ထားလိုက်သည်။ နို့မို့ဆို စကားစရမှာ ခက်နေတာနဲ့ တောင်ခြစ်မြောက်ခြစ် လုပ်နေဦးမည်။ ဒါတောင် ပုဂ္ဂိုလ်က ဟိုကြည့် ဒီကြည့်နဲ့ လုပ်နေသေးသည်။

"ကဲ. . ပြောလေကွာ၊ ငွေ လေးငါးထောင်လောက် ဆိုရင်တော့ ပြဿနာ မရှိဘူး"

"ဟာ. . . အဲဒါ မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

မြတ်သူစိုးက စကားစ ရှာသလို စဉ်းစားနေပြီးမှ. . .

"ကိုယ် အမြတ်တနိုး စိုက်ထားတဲ့ အပင်က ပန်းပွင့်လေးကို ကိုယ်တိုင်ခူးပြီး သူများကို ပေးလိုက်ရမယ်ဆိုရင် ဘယ်လိုခံစားရမလဲ"

"ပန်းရောင်းတဲ့လူဆိုရင်တော့ ဝမ်းသာမှာပေါ့၊ ပိုက်ဆံရမှာကိုး"

"ငါပြောတာ အဲဒီသဘော မဟုတ်ဘူးကွ"

"ဟော့ကောင် အလကားတွေ လုပ်မနေနဲ့ကွာ၊ တည့်တည့်ပြော" ဆိုတော့မှ. . .

"ငါ မနေ့က မင်းတို့အဖေနဲ့ တွေ့တယ်"

"ဘာဆိုင်လို့လဲ၊ အော် ဖေဖေက မင်းကို ပန်းရောင်းဖို့ ငွေထုတ်

BURMESE CLASSIC .com



ပေးမလို့တဲ့လား"

"မဟုတ်ပါဘူး၊ ဟိုဟာကွာ"

မြတ်သူစိုးက ခေါင်းကုတ်နေပြန်သည်။ ဖိုးတန်က. . .

"ဗောက်ထတာကတော့ တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ရင် အကောင်းဆုံးပဲကွ"

"မင်းကွာ၊ စကားဖြတ်မပြောပါနဲ့ဆိုမှ"

"အေးပါ၊ ဆက်ပြော ဆက်ပြော"

"ဒီလိုကွာ၊ ဦးဦးဇော်က ငါ့ကို ပြောတယ်၊ မင်းအနေနဲ့ မမေလကို စိတ်ဝင်စားလာအောင် တိုက်တွန်း စည်းရုံးပေးပါတဲ့"

"အော. . . မင်းလဲ ပုဆိုးတစ်ထည် ရလိုက်ပြီပေါ့၊ ဟုတ်လား"

"ဟာ ဘယ်က ပုဆိုးလဲ၊ ငါ နားမလည်ဘူး"

"မေလရဲ့ သူငယ်ချင်းတွေတော့ ဒီကိစ္စအတွက် ထမိန်တစ်ထည်စီ ဆုကြေးရသွားတယ်လေ၊ မင်းက ဘာမှမရဘူးဆိုတော့ နာတာပေါ့၊ အေးကွာ၊ ဖေဖေက နည်းနည်းတော့ ကပ်စေးနဲတယ်၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဘွားလှတို့ မေမေတို့က ပေးမှာပါ၊ သူတို့ မေ့နေရင်လဲ တစ်ဖက်လှည့်နဲ့ ငါပြောပေးပါ့မယ်"

"အဲဒါတွေ ငါ မမက်မောပါဘူး. . ."

"ဒါဆိုရင် ဘာမက်မောတာလဲ. . . အဲ. . . ဟော့ကောင် ခုန မင်း ပြောတာ ဘာတဲ့၊ သူများကို ပန်းခူးပေးရတာ ဟုတ်လား၊ ဒီမှာ ငါသဘောပေါက်ပြီ၊ မင်း မေလကို ကြိုက်နေတယ် မဟုတ်လား"

"ဟာကွာ မင်းက အကုန်သိနေတာပါပဲလား"

ဟု လွှတ်ကနဲ ပြောမိပြီးမှ ရှက်သွားပြီး 'ဆောရီးပဲ'ဟု ပြောသည်။ ဖိုးတန်က. . .

"လူကြီးတွေဟာ တော်တော်ခက်တာပဲ၊ နည်းမျိုးဟာ အသစ်အဆန်းလေးဘာလေး ထွင်ဖို့ စိတ်မကူးဘူး၊ တဆင်ထဲကြီး လာလုပ်နေတယ်"

"မင်း ဘာကို ဆိုလိုတာလဲ"

www.burmeseclasssic.com

www.burmeseclasssic.com



"လူဆိုတာ အပြိုင်အဆိုင်ရှိမှ ကြိုးစားချင်တာ မဟုတ်လား၊ ဒါကြောင့် မင်းက မေလကို ကြိုက်ချင်ယောင် ဆောင်ပြီး ငါ့စိတ်ကို ဆွပေးဖို့ ဖေဖေက ညွှန်ကြားထားတယ် မဟုတ်လား"

"ဦးဦးဇော် ပြောတဲ့ထဲမှာ အဲဒီလောက်ထိတော့ မပါပါဘူး"

"ဒါဆို မင်းဘာသာမင်း၊ အမယ် ဟော့ကောင် မှန်မှန်ပြောစမ်း၊ မေလကို မင်း တကယ်ကြိုက်နေတာ မဟုတ်လား"

မြတ်သူစိုး ခေါင်းငုံ့သွားပြီး. . .

"မင်းကိုတော့ ငါ မယှဉ်ရဲပါဘူးကွာ၊ မင်းသာ ဟိုဒင်း ဖြစ်မယ်ဆိုရင်တော့ ငါ နောက်ဆုတ်ပေးဖို့ အဆင်သင့်ပါ"

ဟု အသံတိမ်တိမ်ဖြင့် ပြောသည်။ ဖိုးတန်က မြတ်သူစိုး၏ပခုံးကို လှမ်းပုတ်လိုက်ပြီး. . .

"စိတ်ချ၊ ငါက မင်းကို ဝမ်းမြောက်ဝမ်းသာစွာနဲ့တောင် ကူညီလိုက်အုံးမယ်၊ ဒါမှ ငါလဲ တစ်ရန် အေးသွားမှာ"

ဟု ပြောလိုက်သည်။

◈ ◈ ◈

ငါ မှားသွားပြီလား မသိဘူး၊ မင်းတို့အဖေက ယုံကြည်စိတ်ချလို့ တာဝန်ပေးတာကို ကျေပြွန်အောင် မလုပ်ဘဲ ကြားထဲက ဝင်ပြီး အမြတ်ထုတ်သလို ဖြစ်နေပြီ ထင်တယ်ဟု မြတ်သူစိုးက ပြောသေးသည်။

"ဒါမျိုးက ပြောပြီးသား စကားကို ပြန်ရုပ်သိမ်းလို့ ရတာမျိုး မဟုတ်ဘူးကွ၊ အချစ်ဆိုတာ သွားတိုက်ဆေးလိုပဲ ညှစ်ထုတ်ပြီးရင် ဗူးထဲ ပြန်သွတ်ထည့်လို့ မဖြစ်နိုင်တော့ဘူး"

ဟု ဖိုးတန်က ပြောပြီး မေလနှင့် တွေ့ပေးဖို့ စီစဉ်သည်။ မြတ်သူစိုးနှင့် မေလတို့သည် ဖိုးတန်နှင့် ဆက်နွယ်ပြီး မြင်ဖူးနေကြသော်





လည်း သိတယ်ဆိုရုံသာ ရှိသည်။ အေးအေးဆေးဆေး စကားပြောကြည့်ပြီး ရင်းနှီးမှု ရယူသင့်သည်။ တစ်ယောက်ကို တစ်ယောက်လည်း အကဲခတ်လို့ ရတာပေါ့ဟု ဖိုးတန်က ပြောသည်။ မြတ်သူစိုးအနေနှင့် စကားကျွံပြီးမှ နောက်ပြန်ဆုတ်ဖို့ ခက်နေသဖြင့် မင်းပဲ ကြည့်လုပ်ပါတော့ဟု သဘောတူလိုက်ရ၏။

မေလကို ခေါ်ထုတ်ဖို့ကတော့ လွယ်လွယ်လေး၊ ဒင်ဆမ်ကောင်းကောင်း ရတဲ့ ဆိုင်တစ်ဆိုင် တွေ့ထားတယ် ဆိုပြီး မျှားလိုက်တာနဲ့ ငေါက်ကနဲ ထလိုက်လာတာပဲ။

စားသောက်သမျှကို မြတ်သူစိုးက ရှင်းရမည်ဖြစ်၏။ သူ့ကိစ္စဖြစ်နေတာကိုး၊ ဒါကို အခွင့်ကောင်း ယူပြီး ဖိုးတန်က သုံးပွဲကုန်အောင် အလျှင်အမြန် စားပစ်လိုက်သည်။ မေလကလည်း ဒါမျိုးမှာ သိပ်လက်နှေးတတ်တာ မဟုတ်၊ နှစ်ပွဲအထိ အမှီ လိုက်နိုင်သည်။ မြတ်သူစိုး တစ်ယောက်သာ စိတ်လှုပ်ရှားနေသဖြင့် ကောင်းကောင်း မစားနိုင်။ ပေါက်စီသေးသေးလေးတလုံးကို တူနဲ့ ညှပ်ပြီး ယူလိုက်ရာမှာ လက်တုန်နေသဖြင့် မမြဲဘဲ အောက်ပြုတ်ကျသွားသည်။ ရှက်ကိုးရှက်ကန်း ဖြစ်ပြီး ပြန်ကောက်ယူနေသဖြင့် ဖိုးတန်က ခြေထောက်နှင့် ဆတ်ပြီး သတိပေးလိုက်ရသေးသည်။

မှာထားသော အအေးပုလင်းတွေ ရောက်လာတော့ ဖိုးတန်က အလျှင်အမြန် ကုန်အောင် သောက်လိုက်သည်။ ထို့နောက် ဗိုက်ကိုပွတ်၊ လေချဉ်တွေဘာတွေ ထုတ်လိုက်ပြီး. . .

"ကဲ. . . ဗိုက်လဲ တင်းသွားပြီ၊ ငါ သန့်စင်ခန်း ခဏသွားလိုက်အုံးမယ်၊ အဲ. . . မဟုတ်သေးဘူး၊ အဲဒါက ကိုရီးယား ဇာတ်လမ်းတွေမှာ ခဏခဏ ပါပြီးသားပဲ၊ အင်း ဒီလိုလုပ်၊ အရေးကြီးတဲ့ ကိစ္စတစ်ခု ချိန်းထားတာ ခုမှ သတိရလာတယ် ဆိုပါတော့၊ ငါ သွားလိုက်အုံးမယ်၊ အေးအေးဆေးဆေး ပြောကြ"

ဆိုပြီး ထထွက်သွားသည်။

"ဟဲ့. . . ဟဲ့ ပိုက်ဆံရှင်းရမယ်လေ"



www.burmeseclassic.com

www.burmeseclasssic.com



ဟု မေလက လှမ်းပြောတော့. . .

"မြတ်သူ ရှင်းလိမ့်မယ်"

ဟု ပြန်အော်သွားသည်။

မေလသည် မြတ်သူစိုးကို အားနာသွား၏။ ဖိုးတန် ရှင်းမှာ မှတ်လို့ သွားဖြန်းဖြန်း စားခဲ့တာ၊ အအေး မှာတော့လည်း ဈေးကြီးတဲ့ ကုတ်သံဗူးကို မှာခဲ့တာ၊ ခုမှတော့ မတတ်နိုင်၊ တဝက်လောက်လည်း သောက်ပြီးနေပြီ။

နှစ်ယောက်ထဲ ကျန်ခဲ့သောအခါ မြတ်သူစိုးမှာ တော်တော် အနေရခက်နေသည်၊ ဘာစကား စပြောရမှန်းလည်း မသိ၊ ငါတော့ မှားပြီ၊ ဒီလိုကိစ္စမျိုးနဲ့ ငါနဲ့ မဖြစ်ဘူး ထင်တယ်ဟု အားငယ်စိတ် ဝင်ပြီး ချွေးစေးတွေတောင် ပျံလာ၏။ သူ့ဘာသာ ဘာလုပ်လို့ လုပ်မိမှန်း မသိ၊ အအေးစုပ်တဲ့ပိုက်ကို အဖျားဘက်က လိမ်၍ချည်လိုက်ပြီး လက်နဲ့ ဆွဲညှစ်လိုက်သောအခါ ဖြန်းကနဲ မြည်သွားသည်၊ ဒီတော့မှ သူ့ဟာသူ လန့်ပြီး တုန်သွားသည်။ တခြားစားပွဲက လူတွေကလည်း လှမ်းကြည့်ကြ သည်၊ မြတ်သူစိုးလည်း ရှက်ကိုးရှက်ကန်း ဖြစ်ပြီး. . .

"ဆောရီးနော် ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျ"

ဟု ပြောသည်၊ ထို့နောက် ခေါင်းကြီး ငုံ့နေတော့သည်။

မေလသည် ဖိုးတန် ထထွက်သွားတော့ ရုတ်တရက် သဘော မပေါက်မိ၊ ဒီကောင် ဘာကြောင်တာလဲဟု တွေးသည်၊ နောက်တော့မှ မြတ်သူစိုးနှင့် နှစ်ယောက်တည်း လွှတ်ပေးခဲ့တာကို ရိပ်မိပြီး 'ခွေးစုတ် ပေါက်ကရ လုပ်ပြန်ပြီ' ဟု စိတ်ထဲက ကျိန်ဆဲသည်။

မြတ်သူစိုးသည် စကားတခွန်းမှ စမပြောရဲသေး၊ ဒူးနှစ်ဖက်ပေါ် လက်တွေကို ဆန့်တင်ထားရင်း တောင့်တောင့်ကြီး ထိုင်နေသည်၊ ဒီအ တိုင်း ဆက်နေလျှင် သူ့ကို ဒဏ်ပေးထားသလို ဖြစ်တော့မည်၊ ကိုယ်က စကားစပြောမှပဲ သက်တောင့်သက်သာ ရှိတော့မည်ဟု မေလ တွေးလိုက် သည်၊ ဘာပြောရ ကောင်းမလဲ စဉ်းစားသည်။

ခုကာလမှာ လူချင်း တစ်ခါမှ မသိကျွမ်းဖူးလျှင်တောင်မှ ဝင်





ရောလို့ အကောင်းဆုံး စကားနှစ်ခွန်း ရှိ၏။ 'မနက်က ဘာထွက်သွားသ လဲ'၊ ဒါမှမဟုတ် 'ညနေ ဘာကောင်းသလဲ'။ သို့ရာတွင် မေလက ဒါ မျိုးတွေ ဝါသနာမပါ။ ဒါဆို. . . အဲ. . . ဟုတ်ပြီ။

"ဒီညတော့ ပွဲကြီးပွဲကောင်းပဲနော်"

ဟု မေလက ပြောလိုက်သောအခါ မြတ်သူစိုးမှာ ကြောင်သွားပြီး 'ခင်ဗျာ' ဟု ရေရွတ်သည်။

"အာကြီးနဲ့ ဘာဘူနဲ့ ထိပ်တိုက် တွေ့ကြပြီလေ၊ အဲဒါ ဘယ်လို သဘောရသလဲ"

"အဲ. . . သူတို့ကို ကျွန်တော် သိပ်မသိဘူး ခင်ဗျ၊ ဘာဘူ ဆိုတာ ကတော့ သီအိုရီအဖွဲ့ကလို့ ကြားဖူးပါတယ်၊ အာကြီးကိုတော့ မသိဘူး၊ အဆိုတော် အသစ်ထင်တယ်"

မေလမှာ ဟက်ဟက်ပက်ပက် ဟားလိုက်ချင်သည်။ သို့ရာတွင် ခုအတိုင်းတောင် အယောင်ယောင်အမှားမှား ဖြစ်နေတာ၊ ဟားသာ ဟားလိုက်လို့ကတော့ ထိုင်ပဲ ငိုမလား၊ ထွက်ပဲ ပြေးမလား မသိ။ ထို့ ကြောင့် မေလက ပြုံးရုံသာ ပြုံးလိုက်ပြီး. . .

"အဲဒါ လူနာမည်တွေ မဟုတ်ပါဘူး၊ ပရီးမီးယားလိဂ် ဘောလုံး အသင်းတွေပါ၊ အာကြီးဆိုတာ အာဆင်နယ်၊ ဘာဘူဆိုတာက လစ်ဗာပူး ကို ပြောတာလေ"

"အော် ကျွန်တော်က ဘောလုံးပွဲတွေ ကြည့်လေ့ မရှိတော့ သိပ်မသိဘူး"

ခုကျမှ တခြား အကြောင်းအရာကို မပြောင်းချင်တော့၊ ထို့ ကြောင့် အရှိန်မပျက် ဆက်ပြောရတော့သည်။

"အာကြီးက ခုတလော ခြေစွမ်းထက်လာတယ်၊ ဖက်ဘရေး အင်္ဂ ဂက်စ်တို့ ဗင်ပါဗီတို့က အသင်းနဲ့ ပိုပြီး အံဝင်ခွင်ကျ ဖြစ်လာပြီ၊ ဘာကို ပို ကလဲ ပုံမှန်ခြေကို ပြန်ရနေပြီ၊ ဒါပေမယ့် ကျွန်မကတော့ ဘာကို ပို ကြိုက်တယ်၊ ဂျရတ်သာ ခြေပေါ်မယ်ဆိုရင် သူတို့ပဲ နိုင်မှာ၊ လိုင်းအပ် ထုတ်တာ မှန်ဖို့တော့ လိုတယ်၊ ကျွန်မသဘော ပြောရရင် အာကြီးလို



www.burmeseclassic.com

www.burmeseclasssic.com



အသင်းမျိုးနဲ့ ကစားတဲ့အခါ ရော်ဘီဖောင်လာကို ပွဲစကတည်းက ထုတ်သုံးသင့်တယ်လို့ ထင်တယ်"

မြတ်သူစိုးမှာ ပါးစပ်အဟောင်းသား နားထောင်နေရာမှ 'ဟုတ်ကဲ့ ခင်ဗျ' 'ဟုတ်ကဲ့ခင်ဗျ'ဟု စကားထောက်ပေးရုံသာ ပြောနိုင်ရှာသည်။ ခုလို မေလက ဘောလုံးပွဲအကြောင်းကို အာဘောင်အာရင်း သန်သန် ပြောနေသဖြင့် မြတ်သူစိုးအနေဖြင့် ခရှေ့ရှေး နှစ်ချောင်းထိုးတို့၊ အီကေဘားနား ပန်းအလှ ပြုပြင်နည်းတို့ ပြန်ပြောဖို့သာ ရှိလေတော့သည်။

◈ ◈ ◈

BURMESE CLASSIC .com

"ဖိုးရယ် နင် တော်တော် ပေါက်ကရ ကြံစည်တတ်တယ်" ဟု မေလက ပြောသည်။

"ပေါက်ကရ မဟုတ်ပါဘူး၊ မြတ်သူစိုးက နင့်ကို တကယ် စိတ်ဝင်စားတာပါ၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် လေ့လာလို့ ရအောင် စီစဉ်ပေးတာပါ။ အဆင်ပြေသွားတော့လဲ ကောင်းတာပေါ့၊ နို့မို့ဆို နင် ငါ့ကို ယူနေရမှာစိုးလို့ စေတနာနဲ့ လုပ်ပေးတာ"

"နင့်စေတနာကိုတော့ လေးစားပါတယ်၊ ဒါပေမယ့် သူ့ကို ငါမှ စိတ်မဝင်စားတာ၊ ဒီလောက် သဘောကောင်းပြီး ဒီလောက် ယဉ်ကျေးသိမ်မွေ့တဲ့ လူမျိုးနဲ့ ငါနဲ့ ဘယ်လိုလုပ် သဟဇာတ ဖြစ်နိုင်ပါ့မလဲဟ၊ တစ်ချိန်လုံး ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျနဲ့ ပြီးနေတာပဲ၊ ပြီးတော့လဲ ယောကျ်ားလေး ဖြစ်ပြီး အာကြီးဆိုတာတောင် မသိဘူး၊ ငါက ကင်းဘဲကို သိလားလို့ မေးတော့ အင်္ဂလိပ်မြန်မာ စစ်သမိုင်းမှာ အရေးပါတဲ့ လူတစ်ယောက်ပေါ့၊ အင်္ဂလိပ်အစိုးရက သူ့ကို ဂုဏ်ပြုပြီး ကင်းဘဲလမ်းလို့တောင် နာမည်ပေးခဲ့သေးတယ်၊ ခုနောက်ပိုင်းကျမှ ငါးထပ်ကြီးဘုရားလမ်းလို့ ပြောင်းလိုက်တာတဲ့၊ ငါက အာဆင်နယ်အသင်းက ဆိုးလ်ကင်းဘဲကို





ပြောတာ၊ သူက ဆာအာချီဘောကင်းဘဲကို မေးတာ မှတ်လို့တဲ့"

ဖိုးတန်က တဟားဟား ရယ်သည်။

"ဖြစ်ရမယ်၊ ဖြစ်ရမယ်"

"မရယ်နဲ့ဟ၊ တော်တော် စိတ်လေဖို့ကောင်းတယ်"

"သူ့ကို ယူရင် နင် စိတ်တော့ ချမ်းသာရမှာပါ"

"စိတ်ချမ်းသာတာက နောက်၊ ပျင်းလို့သေမှာက အရင်၊ ရယ်စရာ ပြောလို့လဲ ရယ်ရကောင်းမှန်းမသိ၊ နောက်လို့ နောက်မှန်းလဲ မသိ၊ ငိုင်တွေတွေကြီး ထိုင်နေတော့တာပဲ၊ သူလို အေးတိအေးစက်လူမျိုးနဲ့ နင့်လို ငပွေးနဲ့ ဘယ်လိုများ ပေါင်းမိကြတာလဲ"

"ဒီကောင်က နည်းနည်းကြောင်ပေမယ့် စိတ်ရင်းတော့ အရမ်းကောင်းတယ်ဟ၊ ကွန်ပျူတာလဲ တော်တော်ကျွမ်းတယ်၊ သူ့ကို နင် ထည့်စဉ်းစားသင့်တယ်"

"တော်ပါတော့ဟယ်၊ သူ့ကို မြင်ရင် ကြိုက်ချင်စိတ် ဖြစ်မလာဘဲ သနားတဲ့စိတ်ပဲ ပေါ်ပေါ်လာတယ်၊ ကြည့်ရင်းကြည့်ရင်းနဲ့ ရှင်းဒလားလစ်စ် ဇာတ်ကားထဲက နာဇီတွေ ဖမ်းထားတဲ့ ဂျူးအကျဉ်းသားတွေကို သွားသတိရမိတယ်"

"နင်ကလဲဟာ၊ နှိုင်းစရာ ရှားလို့၊ လစ်ဗာပူးအသင်း ရှေ့တန်းက ပီတာခရောချ်နဲ့ တူတယ်ဆိုရင် တော်သေးတယ်"

"ပီတာခရောချ်က အသားဖြူပါသေးတယ်ဟဲ့"

◈ ◈ ◈

မေလ ပြောသောစကားများကို ဖိုးတန်က ပြန်ပြောပြသောအခါ မြတ်သူစိုးမှာ တော်တော် ဆွေးသွားရှာလေသည်။



www.burmeseclassic.com

www.burmeseclasssic.com



"ဟုတ်ပါတယ်ကွာ၊ ဟုတ်ပါတယ်၊ မင်းလိုလူမျိုးကိုတောင်မှ မကြိုက်နိုင်တာ၊ ငါ့ဆိုရင် ဝေးရောပေါ့၊ ဒါကို ကြံပြီး စဉ်းစားမိဖို့ ကောင်းတယ်၊ တကယ်တော့ ငါဟာ မမှီတဲ့ပန်းကို တုံးခုပြီး လှမ်းချင်တဲ့ ကောင်မျိုးပဲ"

"မင်းအရပ် ကလန်ကလားကြီးနဲ့ တုံးခုချင်သေးလို့လား"

"စကားအဖြစ် ပြောတာပါကွ၊ အခြေအနေချင်း အလှမ်းကွာ တာကို ပြောတာ၊ ငါကိုက မသိသား ဆိုးဝါးလှပါတယ်၊ သူပြောတာ သိပ်မှန်တာပဲ၊ ငါ့ပုံကိုက ကြိုက်ချင်စရာမှ မရှိတာ၊ အသားကလည်း မည်းသေးတယ်"

"အသားမည်းတာနဲ့တော့ မဆိုင်ပါဘူးကွာ၊ ဘရာဇီး ဘောလုံး သမား ရော်နယ်ဒင်ဟိုလဲ မည်းတာပဲ၊ နံပါတ်တစ် ဂေါက်သီးသမား တိုက်ဂါးဝုဒ်လဲ မည်းတာပဲ၊ ငါတို့ဆီမှာဆိုရင်လဲ ကြည့်ပါလား၊ လူရွှင် တော် ငှက်ပျောကြော်ဆိုရင် အသားမည်းတာပဲလေ၊ ဒါပေမယ့် သူရတဲ့ မိန်းမကျတော့ ဘယ်လောက် ချောသလဲ၊ မင်းသမီး လုပ်လို့တောင် ရ တယ်"

"ငှက်ပျောကြော်က အသားမည်းပေမယ့် ရုပ်မဆိုးဘူးကွ၊ ရယ် လိုက်ရင် ကိုးရီးယားမင်းသား လီဖြောင်ဟွန်းနဲ့ တူတယ်"

"အေးကွာ၊ သွားတွေကတော့ တော်တော် တူပါတယ်၊ မင်းလဲ မဆိုးပါဘူးကွာ၊ ကမ္ဘာကျော် ဘောလုံးသမား ကနူးနဲ့ ခပ်ဆင်ဆင်ပါပဲ"

ဟိုကောင်က ကနူးတွေဘာတွေ မသိ၊ သူ စိတ်ဓါတ်မကျအောင် တမင် မြှောက်ပင့် အားပေးတာပဲ ထင်သည်။

"တော်ပါပြီကွာ၊ မဖြစ်နိုင်တာကို စိတ်ကူးမယဉ်တာပဲ ကောင်းပါ တယ်၊ ငါ နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ဖိုးတန်က နှစ်သိမ့်တဲ့အနေနဲ့ မြတ်သူစိုး ပခုံးပေါ် လက်တင် လိုက်သည်။ သနားလည်း သနားသွားသဖြင့်. . .

"ဒီမှာ သူငယ်ချင်း၊ လောကကြီးမှာ မိန်းမဆိုလို့ မေလ တစ် ယောက်တည်း ရှိတာမဟုတ်ပါဘူးကွ၊ မင်းလို ပညာလဲ တော်၊ ရိုးသားမှု



လဲ ရှိတဲ့ လူတစ်ယောက်ကို ယောက်ဖ တော်ချင်တဲ့လူ မရှားပါဘူးကွာ"

မြတ်သူစိုး ကြောင်တောင်တောင် ဖြစ်သွားပြီး. . .

"ဘာ ယောက်ဖ၊ ဘယ်သူက ငါ့ကို ယောက်ဖ တော်မှာလဲ"

ဒီကောင် ပိန်းမှန်း သိသဖြင့် ဖိုးတန်က ပို့ရှင်းအောင်. . .

"မင်းအနီးအနား ပတ်ဝန်းကျင်မှာ ရှိတဲ့လူပေါ့"

"ဘယ်သူလဲ"

"ခက်တော့တာပဲ၊ မင်းရှေ့မှာ ထိုင်နေတဲ့လူကွာ၊ ရှင်းပြီလား"

ဒါတောင်မှ မြတ်သူစိုးက. . .

"ဟာကွာ၊ ငါ့နှမက ငယ်ငယ်လေး ရှိပါသေးတယ်"

ဟု လုပ်နေသေးသဖြင့်. . .

"ထူမလိုလိုနဲ့ တထပ်ကြီးပဲ ဆိုတာ မင်းလိုကောင်မျိုးပဲ၊ ဒီမှာ ငါက ပေးမှာကွ၊ ငါ့အစ်မကို ပေးမှာ"

မြတ်သူစိုး မျက်လုံးပြူးသွားပြီး ပြာပြာသလဲ ပြောသည်။

"ဟာ. . . မင်း. . . မင်း. . . ငါ့ကို ငရဲကြီးအောင် လုပ်နေတာ လား"

"ဘာဖြစ်လို့ ငရဲကြီးရမှာလဲ"

"မမက ငါ့ထက် အသက်ကြီးတယ်ကွ၊ ငါ့အစ်မအရင်းလို သ ဘောထားခဲ့တာ"

"မင်းက ငါ့ထက် တစ်နှစ်ကြီးတာပဲဟာ၊ မမနဲ့မင်းနဲ့ အသက် ချင်း သိပ်မကွာပါဘူး၊ ပြီးတော့ မင်းက လူကြီးဆန်ဆန် နေတတ်တော့ ရွယ်တူလောက်ပဲလို့ ထင်ကြမှာပါ၊ ပြီးတော့ နှစ်ယောက်စလုံးက စာဂျပိုး တွေချည်းပဲ ဆိုတော့ သိပ်လိုက်ဖက်မှာပဲ"

"ဟေ့ကောင်၊ တော်ကွာ၊ တော်တော့ကွာ"

မြတ်သူစိုးက ထူးထူးခြားခြား ဒေါသသံဖြင့် ပြောပြီး ထထွက် သွားသည်။ တိုက်ဆိုင်ချင်တော့ အပြင်မှ ပြန်လာသော မိုးမိုးနှင့် တံခါးပေါက်ဝမှာ သွားဆုံသည်။ မြတ်သူစိုးသည် ခြေလှမ်း ရပ်သွား၏။ ထို့နောက် လက်အုပ်ချီလိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclasssic.com



"ကန်တော့ဗျာ၊ ကန်တော့"

ဟု ပြောပြီး ခပ်သုတ်သုတ် ထွက်သွားလေသည်။ မိုးမိုးစံမှာ ကြောင်စီစီ ဖြစ်ပြီး ကျန်ခဲ့သည်။ ဖိုးတန်က ကျိတ်ပြီး ရယ်နေ၏။

. . . ❀ . . .





မေလသည် သူ့ရှေ့က ဖြတ်ပြေးသွားသော ဖိုးတန်ကို. . .

"ဟဲ့. . . အရူး ဘာဖြစ်လာတာလဲ"

ဟု လှမ်းမေးသည်။ ဖိုးတန်က. . .

"သိချင်ရင် လိုက်ခဲ့"

အော်ပြောရင်း အိမ်ပေါ်ထပ် ပြေးတက်သွား၏။ မေလလည်း နောက်က တက်လိုက်သွားသည်။

ဖိုးတန်က ဦးစိန်မောင်းတို့ အခန်းထဲသို့ တန်းဝင်သွား၏။ ဦးစိန်မောင်းသည် ဒေါ်မြမေ အကြောတက်တယ် ဆိုသဖြင့် ပခုံးကို နှိပ်နယ်ပေးနေခိုက် ဖိုးတန် ဝင်လာသဖြင့်. . .

"ဟာ. . . ဟော့ကောင် ဘယ်လို ဖြစ်လာတာလဲ"

"ဘိုးဘိုးကကော ဘယ်လို ဖြစ်နေတာလဲ"

ဟု ဖိုးတန်က စပ်ဖြဲဖြဲ မျက်နှာဖြင့် ပြန်မေးသည်။

"ဟဲဟဲ. . . မိန်းမဆိုတာ ဒီလိုပဲ၊ ဂရုစိုက်ရတယ်ကွ၊ မင်းလဲ



www.burmeseclassic.com

www.burmeseclasssic.com



နမူနာ ကြည့်ထား"

ဟု အရှက်ပြေ ပြောသည်။ စိတ်ထဲကတော့ ဖိုးတန်က ဒီအကြောင်းကို သူ့အဘွား ဒေါ်လုလုကို ပြန်ပြောချင် ပြောမှာပဲဟု မဆီမဆိုင် တွေးလိုက်မိသေးသည်။ ဒေါ်မြမေက ဦးစိန်မောင်း၏ လက်ကို ဖယ်လိုက်ပြီး. . .

"ကဲ၊ ပေါက်ကရတွေ ပြောမနေနဲ့၊ မောင်ဖိုးက ဘာပြောစရာရှိလို့ လာတာလဲ"

ဟု မေးသည်။ ထိုစဉ် မေလ အခန်းထဲ ဝင်လာသည်။

"သူပြောတာ မယုံနဲ့ ဘွားလှ"

"ဟင်၊ ငါကဖြင့် ဘာမှတောင် မပြောရသေးဘူး"

"အဲဒီ မပြောရသေးတာကိုလဲ မယုံနဲ့"

"ကဲပါ ကဲပါ၊ ပြောပါအုံး"

ဒေါ်မြမေက မေးလိုက်သဖြင့် ဖိုးတန်က. . .

"သားလေ တိုက်ကွမ်ဒိုပြိုင်ပွဲမှာ ဒုတိယ ငွေတံဆိပ်ဆု ရတယ်၊ ဒီမှာ တွေ့လား"

ဆိုပြီး ဘောင်းဘီအိတ်ထဲက ငွေတံဆိပ်ကို ထုတ်ပြီး ဒေါ်မြမေလက်ထဲ ထည့်ပေးလိုက်သည်။ 'အတုကြီး' ဟု မေလက လမ်းပြောတာကို ဂရုမစိုက်ဘဲ ဒေါ်မြမေက. . .

"ဟယ် ဟုတ်လား၊ ငါ့မြေးက သိပ်တော်တာပဲ"

"ယောကျ်ားဆိုတာ ဒီလိုမှပေါ့ကွ"

ဦးစိန်မောင်းကလည်း သံယောင်လိုက်သည်။

"ကဲ. . . သားကို ဘာဆုချမလဲ"

ဖိုးတန်၏ စကားမဆုံးခင် ဦးစိန်မောင်းက ချိတ်ထားသော ရှပ်အင်္ကျီ ရှိရာသို့ ထသွားပြီး အိတ်ကို နှိုက်နေပြီဖြစ်၏။ ထို့နောက် ပြန်လှည့်လာပြီး ဖိုးတန်ကို တစ်ထောင်တန် တစ်ရွက် ပေးသည်။

ဒေါ်မြမေက. . .

"အလို၊ ပွဲရုံပိုင်ရှင်သူဌေး ပွဲစားကြီး ဦးစိန်မောင်းရဲ့ ကလေးက





သက်စွန့်ဆံဖျား ကြိုးစားပြီး ဆုရလာတာကိုမှ အားမနာ၊ ဒါပဲလား"

ဦးစိန်မောင်းက ရယ်လိုက်ပြီး. . .

"ကျုပ်က ခင်ဗျားလောက် မချမ်းသာဘူးဗျ ပွဲကတော်ကြီးရဲ့"

ပြောရင်း ဖိုးတန်ကို မသိမသာ မျက်စိမှိတ်ပြသည်။ ဒေါ်မြမေက ဦးစိန်မောင်းကို မျက်စောင်းတချက် ခဲလိုက်ပြီးမှ မွေ့ရာအောက်ကို လက်နှိုက်ပြီး ပြန်ထုတ်လိုက်သောအခါ အသစ်စက်စက် နှစ်ရာတန်တွေ အခေါက်လိုက် ပါလာသည်။ လေးငါးထောင်လောက်တော့ ရှိမယ်ဟု ခန့်မှန်းလိုက်သည်။

"ရော့ သားလေး၊ သုံးချင်တာသုံးဖို့ ဘွားမြက ဆုချတာ"

ဖိုးတန်က ငွေစက္ကူများကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လက်ခံယူရင်း. . .

"ကျေးဇူးပဲ၊ ဘိုးဘိုးနဲ့ ဘွားမြတို့ နှစ်တစ်ရာတိုင် ပေါင်းရပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေတော်"

"ကဲ. . မေလရေ၊ ငါတို့ ဆိုင်တစ်ဆိုင် သွားပြီး အောင်ပွဲခံရအောင်"

မေလသည် တစ်စုံတစ်ခု ဝင်ပြောဖို့ စိတ်ကူးသေးသော်လည်း အချောင် စားသောက်ရမယ် ဆိုသဖြင့် အသာငြိမ်နေလိုက်သည်။

အောက်ထပ်သို့ ပြန်ဆင်းလာကြသောအခါ ဒေါ်ရင်ရင်နှင့် ဆုံရပြန်သည်။

"ဟဲ့. . . ငါ့သား ဘယ်တုန်းက ရောက်လဲ"

ခုတလောမှာ ဒေါ်ရင်ရင်က 'ငါ့သား' ဆိုသော စကားလုံးကို တွင်တွင်သုံးနေတာကို ဖိုးတန် သတိပြုမိ၏။

"ခုပဲ ဒေါ်လေးရင်၊ တိုက်ကွမ်ဒို ပြိုင်ပွဲမှာ သား ငွေတံဆိပ်ရလို့ ဘိုးဘိုးတို့ ဘွားမြတို့ကို သွားကြွားနေတာ"

"ဟယ်. . . ဟုတ်လား၊ ဘိုးဘိုးတို့က ငါ့သားကို မုန့်ဖိုးတော ပေးလိုက်သလား"

"ပေးတော့ ပေးလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclasssic.com



ဟု ဖိုးတန်က မရေမရာ ပြောလိုက်သည်။ ဒေါ်ရင်ရင် စဉ်းစားသည်။ အဘိုးကြီး အဘွားကြီးတွေက ငွေလေး တစ်ထောင် နှစ်ထောင်ဆိုရင် ကောင်းကောင်း စားလောက်သောက်လောက် ရှိမှာပဲဆိုပြီး မစို့မပို့ လောက်သာ ပေးချင်ပေးမှာ၊ ထို့ကြောင့်. . .

"ခဏနေအုံးနော် ငါ့သား"

ဟု ပြောပြီး မှန်ရှိုးကော့စ်ပေါ်မှာ အဆင်သင့် ရှိနေသော ပိုက်ဆံအိတ်ကလေးထဲက ငါးရာတန်တချို့ကို ထုတ်ပေးသည်။

"ရော့ရော့၊ ငါ့သားတို့ သမီးတို့ အပြင်မှာ မုန့်သွားစားကြမလို့ မဟုတ်လား၊ တော်ကြာ မလောက်ပဲ နေအုံးမယ်"

ဖိုးတန်ကလည်း. . .

"ဦးဦးနဲ့ ဒေါ်လေးရင်တို့ အနှစ်တရာတိုင် သစ္စာပြိုင်နိုင်ကြပါစေ"

ဟု ဆုတောင်းပေးခဲ့ပြန်သည်။

ဒေါ်ရင်ရင်သည် ဖိုးတန်နှင့် မေလတို့ ထွက်သွားကြတာကို (ဗီဒီယို၊ ရုပ်ရှင်တွေထဲကလို) ပြုံးပြုံးကြီး ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်ရင်း ကျန်ရစ်ခဲ့လေသည်။

◈ ◈ ◈

"ငဖိုး နင် မှန်မှန် ပြောစမ်း၊ စောစောက ငွေတံဆိပ်ကို ဘယ်က ငှားလာတာလဲ"

မေလက ကားပေါ် ရောက်ရောက်ချင်း မေးသည်။ ဖိုးတန်က ကားကို လမ်းမပေါ် ကွေ့တက်လိုက်ပြီးမှ. . .

"ဘယ်က ငှားရမှာလဲ၊ ငါ့ဘာသာ ရလာတာပေါ့"





"လူကြီးတွေကိုပဲ နင် ပတ်လို့ရမယ်"

"နင်က ငါ့ကို တော်တော် အထင်သေးတာကိုး"

"အပေါ်ပြိုင်ပွဲမှာ ရွှေတံဆိပ် ရတယ်ဆိုရင်တော့ ယုံလိုက်မယ်"

"အော်. . . ခက်ပါလား၊ ကဲ. . . ငါပြောပြမယ်၊ နားထောင်၊ ဆယ်တန်းဖြေပြီးတုန်းက နွေရာသီ တိုက်ကွမ်ဒို သင်တန်း ငါ တက်ခဲ့ဖူးတာတော့ နင်သိတယ်နော်"

"အဲဒါလဲ ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် အခြေခံလောက်တော့ တတ်ခဲ့တာပဲ၊ ပြီးတော့ ငါက ဟိတ်ဟန်ကောင်းတာတော့ အမှန်ပဲ မဟုတ်လား"

"ထားပါတော့ ဘာဖြစ်သလဲ"

"ဝင်းနား အားကစားရှာနယ်က တိုက်ကွမ်ဒိုပြိုင်ပွဲ လုပ်မယ်လို့ ကြေညာတော့ ငါလဲ အပျော်သဘောနဲ့ စာရင်းပေးလိုက်တယ်၊ တကယ် ပြိုင်ကြတဲ့အခါကျတော့ ငါတို့ အပျော်တမ်းအဆင့်အတွက် ပြိုင်ပွဲဝင်တဲ့လူက ငါပါနဲ့မှ သုံးယောက်ပဲ ရှိတယ်"

"ဒါတောင် နင်က ဒုတိယ ရသေးတယ် ဟုတ်လား"

"ဒီလိုဟ၊ ငါတို့ ပြိုင်ပွဲဝင် သုံးယောက်ကို မဲနှိုက်ပြီး ခွဲတော့ ငါက ဘိုင်ရပြီး အလိုအလျောက် ဖိုင်နယ် တက်သွားတယ်၊ ကျန်တဲ့ နှစ်ကောင် ဆီမီးဖိုင်နယ် ကစားကြ၊ နိုင်တဲ့ကောင်နဲ့ ငါနဲ့ ဗိုလ်လုပွဲ ချကြတော့ ငါရှုံးသွားရော၊ ဒါနဲ့ ဒုတိယ ရလာတာ"

စကားမဆုံးခင်မှာပင် မေလက ရယ်နေပြီ။

"တော်လိုက်တာဟယ်၊ တစ်ပွဲတည်း ကစားရပြီး ရှုံးလဲ ရှုံးသေးတယ်၊ ငွေတံဆိပ်လဲ ရသေးတယ်၊ ဟားဟား"

"အမယ် နာယကကြီး ဦးစိန်မျိုးမြင့်ကိုယ်တိုင် ဆုတက်ပေးတာနော်၊ ပေါ့သေးသေး မဟုတ်ဘူး"

မေလမှာ ရယ်နေရသဖြင့် ရုတ်တရက် စကားပြန်မပြောနိုင်သေး။ ခဏကြာမှ. . .

"ဘိုးဘိုးတို့ ဘွားမြတို့ မေမေတို့ကတော့ ဘာမှမသိဘဲ အရင်



www.burmeseclassic.com

www.burmeseclasssic.com



ဂုဏ်ယူနေကြမှာပဲ"

"အိမ်မှာလဲ ဒီလိုပဲဟ၊ ငါ့ကို သိပ်အထင်ကြီးလှေ မရှိတဲ့ ဖေဖေ ကတောင် ယောကျ်ားဆိုရင် ဒါမျိုးမှ ကြိုက်တာလို့ ဘိုးဘိုးဦးစိန်မောင်း ပြောသလို ပြောသေးတယ်"

"နင်ကတော့ တကယ် ငရှုပ်ပဲ၊ ကဲဟာ ရယ်လိုက်ရတာ၊ ဗိုက် တောင် ဆာလာပြီ၊ ငါ့ကို ဘာကျွေးမှာလဲ"

"အခု မစ္စတာဂစ်တာဆိုင်ကို ဦးတည်သွားနေတာပဲ"

"ဟယ် ကြည့်စမ်း၊ ငါ့ရဲ့အတွင်းစိတ်ကို နင်က သိနေသလိုပဲ၊ ကော်ဖီကောင်းကောင်း သောက်ချင်နေတာနဲ့ အတော်ပဲ၊ ပြီးတော့ တင်ပူ ရာကြော်၊ ကော်ပြန့်. . ."

"နင်ကတော့ ချစ်တီးထမင်းဆိုင် သွားမယ်ဆိုရင်လဲ ငါးရံ့ခေါင်း မစားရတာ ကြာပြီလို့ ပြောအုံးမှာပါပဲ"

"နင်ပြောလိုက်မှ မဆလာနံ့လေးတောင် ရလာသလိုပဲ"

"အဲဒါတော့ ငါ ကာယဗလမောင်ဘွဲ့ ရမှပဲ စားပေတော့၊ အ ခုဟာက နင့်ကို ကျွေးရုံသက်သက် မဟုတ်ဘူး၊ လူတစ်ယောက်နဲ့လဲ မိတ်ဆက်ပေးချင်လို့"

"ဟင် လုပ်ပြန်ပြီ၊ အဲဒါတွေ ငါ စိတ်မဝင်စားဘူးလို့ ပြောခဲ့ပြီးပြီ ပဲ"

"ကိုယ့်ဟာကိုယ် အထင်ကြီးမနေနဲ့၊ ဒီတခါက နင့်အတွက် မဟုတ်ဘူး၊ ငါ့အတွက်"

"ဘယ်လို"

"စားသောက်ဆိုင်မှာ ကောင်မလေးတစ်ယောက်နဲ့ ချိန်းထား တယ်၊ နင်နဲ့ မိတ်ဆက်ပေးမယ်၊ အဲဒါ နင် အကဲခတ်ကြည့်ပေးစမ်းပါ၊ မိန်းကလေးချင်းဆိုတော့ ပိုပြီးသိနိုင်တာပေါ့"



ကောင်မလေးက ရောက်နှင့်နေပြီ ဖြစ်၏။ ဆိုင်၏ထောင့်ကျကျ စားပွဲတစ်လုံးမှာ ထိုင်နေသည်။

"ရောက်နေတာ ကြာပြီလား"

ဖိုးတန်က မေးသည်။

"ဆယ့်ငါးမိနစ်လောက် ရှိပြီ"

ဟု ပြောရင်း မေလကို ဖြတ်ကနဲ တချက်ကြည့်သည်၊ မေလက ပြုံးပြလိုက်၏။

"သူ့ကို ဝင်ခေါ်နေတာနဲ့ နည်းနည်းနောက်ကျသွားတာ၊ ထိုင် လေ"

ဖိုးတန်က ကောင်မလေးကို ပြောပြီး မေလဘက်ကိုပါ လှည့် ပြောသည်။ မေလက ကောင်မလေးနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက် သည်။ ဖိုးတန်က ကောင်မလေးဘေးမှာ မထိုင်ဘဲ မေလဘေး ကပ်လျက် ခုံမှာ ဝင်ထိုင်လိုက်၏။ ကောင်မလေးက ဒါကို မှတ်မှတ်သားသား သတိ ပြုမိပုံ ပေါ်သည်။ ဖိုးတန်က. . .

"ကဲ. . . မိတ်ဆက်ပေးမယ်၊ သူက မေလတဲ့၊ ကိုယ့်ရဲ့ အချစ်ဆုံး သူငယ်ချင်းပေါ့၊ ဒါကတော့ သဉ္ဇာအေးချစ်တဲ့"

နှစ်ယောက် အပြန်ပြန်အလှန်လှန် အသိအမှတ်ပြု ပြုံးလိုက်ကြ သည်။ သဉ္ဇာအေးချစ်သည် ဖိုးတန်နှင့် မေလ၏ ပတ်သက် ဆက်ဆံမှုကို စူးစမ်း အကဲခတ်နေပုံရသည်။ မေလက ဒါကို ရိပ်မိသဖြင့်. . .

"ခုလို အရမ်းချောတဲ့ ညီမလေးတစ်ယောက် တိုးလာတာကို ဝမ်းသာ ဂုဏ်ယူပါတယ်"

ဟု ပြောလိုက်သည်။ ဒီစကားကိုတော့ သဉ္ဇာအေးချစ်က ကျေ နပ်ပုံ ရသည်။ သူကလည်း. . .

"မေလအကြောင်း ကိုဖိုးက မကြာခဏ ပြောဖူးပါတယ်၊ အခု တွေ့လိုက်ရတော့ ပိုပြီးတော့တောင် ခင်မင်စရာ ကောင်းတယ်လို့ ထင်မိ တယ်" ဟု တုံ့ပြန်သည်။

"ကဲ ကဲ၊ အဆွေတော်တို့ အပြန်အလှန် နှုတ်ခွန်းဆက်သပြီးရင်

www.burmeseclassic.com

www.burmeseclasssic.com



စားသောက်ဖွယ်ရာများနဲ့ ဧည့်ခံကျွေးမွေးဖို့ မှာကြားလိုက်ပါတော့မယ် ခင်ဗျား"

ဟု ဖိုးတန်က ဝင်ပြောရင်း ခပ်လှမ်းလှမ်းမှ အဆင်သင့် ရပ်စောင့်နေသော စားပွဲထိုးကလေးကို လှမ်းခေါ်လိုက်သည်။

သဠာအေးချစ်သည် အမှန်တကယ်ပင် ချောမောလှပပါသည်။ ကိုယ်လုံးနှင့် မျက်နှာက ခပ်သွယ်သွယ် ဖြစ်၏။ အသား ဝါညက်ညက်၊ နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှုတ်ခမ်းပါးပါး၊ ချစ်စရာကလေး ဖြစ်၏။ ဖိုးတန် စိတ်ဝင်စားတယ် ဆိုကတည်းက တော်ရုံတန်ရုံ ဆွဲဆောင်မှု ရှိလို့ မဟုတ်ကြောင်း မေလ ကြိုတင် ခန့်မှန်းခဲ့ပြီးသား။

◈ ◈ ◈

မစ္စတာဂစ်တာဆိုင်မှ ပြန်ထွက်လာကြသောအခါ မေလက ရှေ့က အရင်လျှောက်သည်။ ကားနားရောက်တော့ ရှေ့ခန်းတံခါးကို ဆွဲဖွင့်သည်။ တံခါးချက်များကို ဖိုးတန်က အဝေးထိန်း သော့နှင့် လှမ်းဖွင့်ထားပြီးသား ဖြစ်၏။ မေလက ဖိုးတန်ဘေးမှာ ထိုင်ခွင့်ရမည့် ကားရှေ့ခန်းတံခါးကို ဦးအောင် ဖွင့်လိုက်တာကို ကြည့်ပြီး သဠာအေးချစ်၏ မျက်နှာထား တမျိုးဖြစ်သွား၏။ သို့ရာတွင် မေလက. . .

"သဠာ ရှေ့မှာထိုင်၊ လာ"

ဆိုပြီး လက်ကို ဆွဲခေါ်သည်။ သဠာအေးချစ် ရှေ့ခန်းမှာ ဝင်ထိုင်ပြီးတော့ မေလက ကားတံခါးကို သေသေချာချာ ပိတ်ပေးပြီးမှ နောက်ခန်းမှာ ဝင်ထိုင်လိုက်၏။

သဠာအေးချစ်ကို အရင်လိုက်ပို့သည်။ သူ ဆင်းသွားပြီးနောက် ဖိုးတန်က. . .

"ရှေ့ကို လာထိုင်လေဟာ မေလ"



"တော်ပြီဟာ၊ ဗိုက်တင်းနေလို့ နေရာမရွှေ့ချင်တော့ဘူး၊ ဒီမှာပဲ ထိုင်တော့မယ်"

"လာပါဟာ၊ ကားမောင်းရင်းနဲ့ နောက်ခုံက လူကို စကား လှမ်းပြောရတာ အာရုံနောက်တယ်၊ ကားမောင်းလို့ မကောင်းဘူး"

ဟု ဆိုသဖြင့် ရှေ့ခန်းက ခုံသို့ ရွှေ့ထိုင်ရသည်။ မလှမ်းမကမ်းလောက်မှာ ရှိနေသေးသော သဠာအေးချစ်က ဒါကို မြင်သွားသည်။ ဇဝေဇဝါ ဖြစ်သွားပုံရ၏။

လမ်းရောက်တော့ ဖိုးတန်က မေးသည်။

"သဠာကို နင် ဘယ်လိုသဘောရလဲ"

မေလက ဖြေသည်။

"ငါ့ထက် ပိုလှတာတော့ အမှန်ပဲ"

"ဒါတော့ ငါလဲ သိတာပေါ့၊ ငါမေးတာက စိတ်ထား ကောင်း မကောင်း နင် ဘယ်လိုထင်သလဲ"

"ဒါတော့ တစ်ခါထဲ မြင်ဖူးရုံနဲ့ ဘယ်ပြောလို့ရမလဲ"

"နင့်ရဲ့ လျှပ်တပြက် မှတ်ချက်ကကော"

"အင်း. . . သဘောကောင်းပုံတော့ ရပါတယ်"

"ငါနဲ့ လိုက်ဖက်မယ် ထင်သလား"

"ဖြစ်နိုင်ပါတယ်၊ သူ့ပုံစံ ကြည့်ရတာ နင့်အပေါ် တော်တော် သံယောဇဉ် ရှိနေပုံပဲ"

နည်းနည်းတော့ သဝန်တိုတတ်မယ် ထင်တယ်ဆိုသော ကောက်ချက်ကိုတော့ ထည့်မပြောဖြစ်၊ မိန်းကလေး တော်တော်များများဟာ သဝန်တိုတတ်ကြတာပဲ မဟုတ်လား။

"ဒါဆို ငါ အဖြေပေးလိုက်တော့မယ်"

"ဘာ. . . အဖြေပေးမယ်၊ ဒါဆို သူက စပြီး ဖွင့်ပြောတာပေါ့"

"မဟုတ်ပါဘူး၊ သူက ငါ့ကို စပြီး စိတ်ဝင်စားတာ၊ ငါ့ကို အခွင့်အရေးတွေ အမျိုးမျိုး လမ်းကြောင်းပေးနေတယ်၊ ငါက ဖွင့်ပြောလိုက်ဖို့ လိုတော့တယ်၊ အဲဒါကို ပြောတာ"

www.burmeseclasssic.com

www.burmeseclasssic.com



"နင်ကလဲ ဖွင့်ပြောချင်နေပြီ မဟုတ်လား"

"အေး ဟုတ်တယ်၊ ဒါပေမယ့် နင်က ကန့်ကွက်မယ်ဆိုရင်တော့ ငါ နောက်ပြန်ဆုတ်လိုက်မယ်"

"ဟင်. . . ဘာဆိုင်လို့လဲ၊ ငါက နင့်အမေမှ မဟုတ်တာ"

"အမေဆို ဘာအရေးလဲ၊ အမေ ခွင့်မပြုရင်လဲ ငါလုပ်ချင်တာ လုပ်မှာပဲ၊ ခုဟာကတော့ ဘယ်လိုလဲဆိုတာ ငါလဲ မစဉ်းစားတတ်ဘူး၊ ငါ့စိတ်ထဲမှာ နင် သဘောတူတဲ့လူကိုမှ ကြိုက်ချင်တဲ့ ဆန္ဒမျိုး ဖြစ်နေတယ်"

"နင့်ဟာက တမျိုးကြီးပဲ"

"အဲဒီအတိုင်း ဖြစ်နေတာတော့ ငါလဲ မတတ်နိုင်ဘူး၊ ဘာပဲဖြစ်ဖြစ်ဟာ ငါနဲ့ သဥ္ဇာနဲ့ကို နင် သဘောတူတယ် မဟုတ်လား"

မေလက ချက်ချင်း ပြန်မဖြေသေးဘဲ ခဏဆိုင်းနေပြီးမှ 'အေး' ဟု ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဟုတ်ပြီ၊ ငါကတော့ ရည်းစားရတော့မယ်၊ နင်လဲ မြန်မြန်စွဲအောင် ကြိုးစား၊ တစ်ခုတော့ ရှိတယ်၊ နင်ကြိုက်မယ့်လူ ဆိုရင် ငါ့ကို အရင်ပြအုံး၊ ငါ သဘောတူမှ နင်လဲ ကြိုက်ရမယ်နော်"

"ငါကတော့ ဒါမျိုး ဝေးပါသေးတယ်ဟာ"

မေလတို့ အိမ်ရှေ့မှာ ကားရပ်ပြီးနောက် ဖိုးတန်က အိတ်ထဲက ငွေတံဆိပ်ကလေးကို ထုတ်ယူပြီး မေလ လက်ထဲသို့ ထည့်ပေးရင်း. . .

"နင့်ကို ဒီဟာလေး လက်ဆောင်ပေးခဲ့မယ်၊ ငါ ရည်းစားရသွားတဲ့ အထိမ်းအမှတ် အနေနဲ့ပေါ့ဟာ"

မေလသည် ငွေတံဆိပ်ကလေးကို ကြည့်လိုက်သည်။ တိုက်ကွမ်ဒိုသမား တစ်ယောက်က တခြားတစ်ယောက်၏ ရင်ဘတ်နေရာလောက်ကို ခြေထောက်နှင့် လှမ်းကန်နေပုံကို ဖောင်းကြွ သွန်းလုပ်ထားသည်။ မေလသည် နှမြောသလိုလို ဝမ်းနည်းသလိုလို ဖြစ်လာလေသည်။





ဦးရွှေမောင်းသည် ဖန်ခွက်နှစ်လုံးထဲသို့ ဝီစကီ တစ်ပက်စီလောက် ငှဲ့လိုက်သည်။ ရေခဲတုံးကို ညှပ်နှင့် ယူပြီး ထည့်သည်။ ဆိုဒါ ထည့်ပေးမည်အပြုတွင် ဦးဇော်အောင်က. . .

"မထည့်နဲ့ကွ၊ ငါ ရေနဲ့ပဲ ရောသောက်မယ်၊ ဝီစကီက ရေနဲ့ သောက်တာ အကောင်းဆုံးပဲ၊ ဆိုဒါ ထည့်လိုက်ရင် ဝီစကီရဲ့ အနံ့ကို အနှောင့်အယှက် ဖြစ်တယ်"

ဟု ပြောပြီး ရေသန့်ပုလင်းကို လှမ်းယူသည်။

သူတို့ သူငယ်ချင်းနှစ်ယောက် မဆုံဖြစ်တာ ကြာသွားပြီ။ ဦးဇော်အောင် ရုံးကိစ္စနဲ့ ခရီးထွက်ထွက်နေရတာက တကြောင်း၊ ဦးရွှေမောင်းမှာလည်း ငွေဈေး အပြောင်းအလဲကြောင့် ကုန်စည်ဈေးတွေ အတက်အကျ ရှိသဖြင့် အလုပ်များနေတာ တကြောင်းတို့ကြောင့် ဖြစ်၏။

"အေးကွာ၊ ဒါတွေ မြင်တော့ ပြည်မှာ ကျော်ဆင့်နဲ့ သောက်ခဲ့ရတာကို သွားသတိရမိတယ်၊ ထုံးထူးဆန်းဆန်းကလေးတွေ စားရသောက်ရတာ တယ်အရသာ ရှိသကိုး"



www.burmeseclassic.com

www.burmeseclasssic.com



ဦးရွှေမောင်းက စားပွဲပေါ်ရှိ သမရိုးကျ စားစရာ အမြည်းများကို ကြည့်ရင်း ပြောလိုက်သည်။ မြည်ပွဲရုံမှ ဦးကျော်ဆင့်သည် လူချစ်လူခင် ပေါသူဖြစ်၏။ တောမှ တက်လာသူတွေက လက်ဆောင်ကောင်းတွေ ယူလာပေးတတ်သည်။ ဦးရွှေမောင်း ရောက်သွားစဉ်က မျောက်သွေး စိမ်ထားသော အရက်ကို ယုန်သားကင်အမြည်းနှင့် သောက်ခဲ့ရသည်။ ထိုအကြောင်းကို အစဖော်ပြီး ဦးဇော်အောင် မခံချင်အောင် စလိုက်ခြင်း ဖြစ်၏။ ဦးဇော်အောင်က. . .

"အေးပေါ့ကွာ၊ မင်းက တစ်ကွက်ကျော်သွားတာပေါ့၊ တစ်ခုတော့ ရှိတယ် ဟော့ကောင်၊ ငါ့တပည့်တစ်ယောက် ကိုရီးယား သွားနေတယ်၊ ပြန်လာရင် ဆယ့်နှစ်နှစ် ဂျင်ဆင်းအရက် ဝယ်ခဲ့ဖို့ မှာထားတယ်၊ အဲဒီအခါကျမှ မင်း ငါ့ကို လာမဖားနဲ့"

"ခုကတည်းက ကြိုဖားထားလို့ မရဘူးလားကွာ၊ မင်း ဘာလိုချင်သလဲ ပြော"

"ငါ ဘာလိုချင်တယ်ဆိုတာ မင်းသိပါတယ်"

တကယ်တော့ သူတို့နှစ်ယောက်သည် မတွေ့တာကြာလို့ စားရင်း သောက်ရင်း စကားပြောချင်တာလည်း တကြောင်း၊ သားရေးသမီးရေးကိစ္စ ဆွေးနွေးချင်တာလည်း တကြောင်း ဖြစ်၏။

ယောကျ်ားတွေဆိုတော့ စကားစရမှာ နည်းနည်း မျက်နှာပူစရာရှိသည်။ နှစ်ခွက်သုံးခွက်လောက် ဝင်ပြီးသွားလျှင်တော့ အာသွက်လျှာသွက် ဖြစ်လာလိမ့်မည်ဟု ယူဆရသည်။ ခုကျတော့ တစ်ခွက်တောင် မကုန်သေး၊ ပြောရဲဆိုရဲ ရှိလာပြီဟု သူတို့ဘာသာ သတ်မှတ်လိုက်ကြပုံရလေသည်။

"ဒီကိစ္စကတော့ ဂျင်ဆင်းအရက် တိုက်မှ မဟုတ်ပါဘူးကွာ"

ဟု ဦးရွှေမောင်းက စကားလမ်းဖွင့်ပေးလိုက်သည်။ နောက်ထပ်တစ်ခွက်လောက် ကြာတဲ့အခါမှာတော့ နာမည်တွေပါ တပ်ပြီး ခပ်ပြောင်ပြောင်ပင် ပြောကြလေတော့သည်။

ဦးဇော်အောင်က. . .





"ခုတလောမှာ မောင်ဖိုး တစ်ကောင် အချိုးနည်းနည်း ပြောင်းနေတယ်ကွ"

"ဘာလဲ၊ မင်းနဲ့ ပြဿနာ တက်ပြန်ပြီလား"

"မဟုတ်ဘူး၊ ပြဿနာ မဖြစ်လို့ ပြောနေတာ၊ ခုရက်ပိုင်းမှာ ဒီကောင် သေသေဝပ်ဝပ် ဖြစ်နေတယ်၊ ဒါဟာ မှုမမှန်ဘူး၊ မသင်္ကာစရာပဲ"

"မင်းဟာကလဲ တမျိုးပဲ"

"ဟုတ်တယ်၊ ဒီကောင် ငါ မကြိုက်တာ တစ်ခုခု လုပ်ထားတဲ့အခါမှာဖြစ်ဖြစ်၊ ငါ့ဆီက တစ်ခုခု လိုချင်တဲ့အခါမျိုးမှာဖြစ်ဖြစ် ဒါမျိုး လုပ်တတ်တယ်"

"မင်းက ဘယ်လိုထင်သလဲ"

"တစ်ခုခု လိုချင်တာဆိုရင်တော့ ခုလောက်ဆို သူ့အမေကတဆင့် ငါ့ဆီ သတင်းရောက်လောက်ပြီ၊ ငါထင်တာတော့ ဒီကောင်ဟာ ငါ မသိစေချင်တာ လုပ်နေတယ်လို့ ထင်တယ်"

"မောင်ဖိုးဟာ မဟုတ်တာတော့ လုပ်မယ် မထင်ပါဘူး"

"ငါပြောတာက အချစ်နဲ့ ပတ်သက်တဲ့ ကိစ္စကို ဆိုလိုတာ"

"ဟာ. . . ဒါ ကောင်းတဲ့ကိစ္စပဲ၊ ဝမ်းတောင် သာရမှာ"

"မင်းကလဲ တုံးလိုက်တာ၊ ငါတို့ ဖြစ်စေချင်တဲ့ အချစ်ရေးမျိုးဆိုရင် လျှို့ဝှက်စရာ ဘာလိုသလဲ၊ လူကြီးတွေ မြန်မြန်သိလေ ပိုကောင်းလေပဲဟာ၊ အခုဟာက မဆိုင်တဲ့ တခြားတစ်ယောက်ယောက်နဲ့များ ဖြစ်နေမလားလို့ စိုးရိမ်ရတာ"

"အဲဒါဆိုရင်တော့ ဒုက္ခပဲ၊ အကုန်ရှုပ်ကုန်လိမ့်မယ်"

နောက်ထပ်တစ်ခွက် ငှဲ့ကြသည်။ ဦးဇော်အောင်က ဝီစကီတစ်ငုံငုံ၊ ပုဇွန်အစိမ်းသုတ် တစ်ဖတ်စားရင်း စဉ်းစားနေပြီးမှ. . .

"ငါ့သဘောကတော့ သူတို့နှစ်ယောက်ကို လူကြီးချင်း သဘောတူထားပြီးပြီ ဆိုတဲ့အကြောင်း ပြောပြလိုက်ရင် ကောင်းမယ် ထင်တယ်၊ အဲဒါဆို မောင်ဖိုးလဲ တခြားမှာ စိတ်ကစားနေတာမျိုး ရှိခဲ့ရင် ကိုယ်ရှိန်

www.burmeseclasssic.com



သတ်သွားလိမ့်မယ်"

"လူကြီးချင်း သဘောတူထားတယ်ဆိုတာ သူတို့လဲ ရိပ်မိပြီးသား ဖြစ်မှာပါ၊ ဒီလောက် လျင်တဲ့ ကလေးတွေပဲဟာ"

"တရားဝင် ပြောထားတော့ ပိုကောင်းတာပေါ့ကွ"

"တစ်ခုရှိတယ်၊ စောစောက မင်းပြောတာက စိတ်ထင်ပဲ ရှိသေးတာ၊ တကယ်ဟုတ်မဟုတ် သေချာသေးတာမှ မဟုတ်ဘဲ"

"ငါထင်ရင် လွဲခဲပါတယ်ကွာ"

"ဒါမျိုးဆိုတာ သူတို့ဆန္ဒနဲ့သူတို့ ဖြစ်သွားကြတာက ပိုကောင်းပါတယ်၊ လူကြီးတွေက အတင်းအကျပ် စီစဉ်တိုင်းလဲ ဖြစ်တာမှ မဟုတ်တာ၊ နည်းနည်း စောင့်ကြည့်ပါအုံး"

"ဘာပဲဖြစ်ဖြစ် ဒီကောင့်ကိုတော့ အလစ်ပေးလို့ မဖြစ်ဘူး၊ သတိထားပြီး ချက်လုပ်ရမယ်၊ ငါတော့ သိပ်စိတ်မရှည်ချင်တော့ဘူးကွ"

ဟု ဦးဇော်အောင်က ပြောပြီး ဖန်ခွက်ထဲမှ လက်ကျန်ကို အပြတ် ရှင်းလိုက်သည်။

◈ ◈ ◈

မေလသည် သူ့ကိုယ်သူ သံသယ ဖြစ်နေမိလေသည်၊

ဖိုးတန်အပေါ် ထားရှိခဲ့သော သူ၏ သဘောထားကို ပြန်လည်သုံးသပ် စီစစ်ဖို့ လိုအပ်လာ၏။ သူ့အနေဖြင့် ဖိုးတန်နှင့် ပတ်သက်ပြီး အမှတ်တမဲ့ပင် ရှိနေခဲ့သည်။ ဖိုးတန်က ယောကျ်ားလေး၊ သူက မိန်းကလေး ဆိုတာကို မေ့မေ့နေတတ်သည်။ တခါတလေကျတော့လည်း အမွှာမောင်နှမလို သဘောထားမိ၏။ ဖိုးတန်နှင့် နီးနီးကပ်ကပ် ဆက်ဆံနေရသော်လည်း စိတ်လှုပ်ရှားတာမျိုး၊ စိတ်ကစားမိတာမျိုး၊ ရင်ခုန်မိတာမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့၊ ချစ်မိဖို့ ဆိုတာ ဝေးရော။



ခုကျတော့ကော။

ဖိုးတန်နှင့် သဥ္ဇာအေးချစ်တို့၏ သတင်းကို ကြားရသောအခါ နှမြောသလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်ရသည်။ ဒါ. . . ဘာသဘောလဲ၊ ဟိုတခါ သူငယ်ချင်းတွေ ပြောသလို ပြိုင်ဘက်ပေါ်လာတော့မှ မသိစိတ်ထဲမှာ ငုပ်လျှိုးနေသော အချစ်က ခေါင်းပြူထွက်လာတာလား၊ သူ ဖိုးတန်ကို ချစ်နေခဲ့မိလေသလား။

မေလသည် အချိန်များစွာ ယူပြီး အထပ်ထပ် အခါခါ စဉ်းစားသည်။ ခက်နေတာကတော့ သူသည် နှလုံးသားနှင့် ပတ်သက်သော အတွေ့အကြုံ မရှိခဲ့ခြင်းပင် ဖြစ်၏။ ဒီတော့ အချစ်ဆိုတာ ဘယ်လိုဟာမျိုးလဲ သူ မခန့်မှန်းတတ်။

ရေနွေးတို့၊ လုံးတုံးတို့၊ ဆိတ်မတို့ကတော့ ဒီအတွေ့အကြုံမျိုး ရှိကြသည်။ သူတို့ကို တိုင်ပင်ကြည့်ရ ကောင်းမလား။ မဖြစ်သေး။ တော်ကြာ. . .

"ငါတို့ ပြောတုန်းကတော့ မချစ်မိလို့ မသေနိုင်ဘူးလေးဘာလေးနဲ့၊ အခု သူများနောက် ပါသွားမှ အဖြစ်သည်းနေရသလား"

ဟု ပြောချင်ပြောကြမည်။

ပြီးတော့ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ ပတ်သက်ပြီး တခြားလူကို အဓိပ္ပါယ်ကောက် ဆုံးဖြတ်ခိုင်းလျှင် မှန်နိုင်ပါ့မလား၊ မေလ ဆိုတာက လည်း ကိုယ့်ကိစ္စကို သူများအကြံဉာဏ် အကူအညီ ယူရတာမျိုး ထုံးစံ မရှိ။

ဒီတော့ သူ့ဘာသာ အပြန်ပြန် အလှန်လှန် စဉ်းစားသည်။

အချစ်နှင့် ပတ်သက်လာလျှင် ပြိုင်ဘက်ဖြစ်သူကို မုန်းတီးတာ၊ မနာလိုတာ ဖြစ်လေ့ရှိသည်ဟု ကြားဖူးသည်၊ ခုတော့ ဒါမျိုးမဖြစ်၊ သဥ္ဇာအေးချစ်ကို ခင်မင်သောစိတ်သာ ရှိသည်၊ ငဖိုးတစ်ကောင်ကို ထိန်းမှ ထိန်းနိုင်ပါ့မလားဟု ကရုဏာတောင် သက်မိသေးသည်။ ဖိုးတန်အပေါ်မှာလည်း နာကျည်းစိတ် မပေါ်လာမိ၊ ဒီတစ်ယောက်နဲ့ပဲ မြဲမြဲခြေငြိမ်နေပါစေလို့တောင် ဆုတောင်းပေးမိသေးသည်။

www.burmeseclassic.com

www.burmeseclasssic.com



ဒါ့ကြောင့်ဆို ဘာကြောင့် နေမထိ ထိုင်မသာ ဖြစ်နေရသတုန်း။ နောက်ဆုံးကျမှ အဖြေကို ရ၏။ အစ်ကိုဖြစ်သူ အိမ်ထောင်ပြုသွားသဖြင့် မိမိအပေါ် အချစ်လျော့သွားမှာကို စိုးရိမ်ပြီး အားငယ်မိသော နှမ တစ်ယောက်၏ ခံစားမှုမျိုးသာ ဖြစ်လေ၏။

ထိုအချက်ကို ဖိုးတန်ကလည်း ရိပ်မိလေသလား မသိ၊ သူတို့နှစ်ယောက်မှာ စိတ်ချင်း ဆက်သွယ်မှု ရှိဟန်တူသည်။ ဖိုးတန်သည် သဥ္ဇာအေးချစ်နှင့် တွဲနေပြီ ဖြစ်သည့်တိုင် မေလနှင့် အဆက်အသွယ် မပြတ်ခဲ့၊ ခါတိုင်းလိုပင် အိမ်ကို မကြာခဏ လာလေ့ရှိသည်၊ တစ်ပတ်လောက်ကြာအောင် မရောက်ဖြစ်ခဲ့လျှင်လည်း ဖုန်းလှမ်းဆက်ပြီး စကားပြောတတ်သည်။ ဟိုအရင်တုန်းကထက် နည်းနည်း ပိုပြီး ဂရုစိုက်လာသလားလို့တောင် ထင်ရသည်။

တခါတလေ အပြေးအလွှား ပေါက်ချလာပြီး. . .

"မေလရေ သဥ္ဇာကို လက်ဆောင်ပေးဖို့ ဝယ်ရင်းက နင့်အတွက်ပါ သတိရလို့ ဝယ်လာခဲ့တယ်"

ဆိုပြီး ဖန်စီ ပစ္စည်းလေးတွေ လာပေးတတ်သည်။ မကြာခဏဆိုသလို 'သဥ္ဇာနဲ့ ချိန်းထားတဲ့ဆီ သွားမလို့ နင်ပါ လိုက်ခဲ့' ဟု လာခေါ်တတ်သည်။ မေလက. . .

"နင့်ရည်းစားနဲ့ နင် ချိန်းတွေ့တာ ငါက ဘာဖြစ်လို့ ကန့်လန့်ကန့်လန့် ပါရမှာလဲ"

ပြောတော့. . .

"နင် မပါရင် ပျင်းခြောက်ခြောက်ကြီး ဖြစ်နေလို့ပေါ့ဟာ၊ သူက ဟာသဉာဏ် မရှိဘူး၊ တခါတလေ နင်ဆိုရင် ချက်ချင်း သဘောပေါက်နိုင်တဲ့ ရယ်စရာမျိုးကို သူက နားမလည်လို့ မရယ်ဘဲ နေတော့ ငါပဲ ကြောင်တောင်တောင် ဖြစ်သွားရတာပေါ့"

ဟု ပြောပြီး မရမက ဆွဲခေါ်သွားသည်။

စားသောက်ဆိုင်မှာ ထိုင်ကြတော့ မေလက သဥ္ဇာအေးချစ်၏ မျက်နှာချင်းဆိုင်မှာ ထိုင်သည်။ ဖိုးတန်က သဥ္ဇာဘေးမှာ ကပ်ထိုင်သင့်



သော်လည်း မထိုင်။ စားပွဲထိပ်မှာ ထိုင်သည်။ ဖိုခနောက်ဆိုင်ပုံစံ ဖြစ်၏။

အစားအသောက် မှာကြတော့ ဖိုးတန်နှင့် မေလတို့က အကြိုက်ချင်း တူတတ်သည်။ သဥ္ဇာက သီးခြားတမျိုး ဖြစ်နေတတ်၏။ ပြီးတော့ ဖိုးတန်တို့ မေလတို့က စားတဲ့သောက်တဲ့အခါ ထုံးစံအတိုင်း သွားမြိန်ရှားမြိန် သဥ္ဇာက အိနြေ္ဒရရ တို့ကနန်း ဆိတ်ကနန်း။

သဥ္ဇာက ဖိုးတန် ပြောလည်း ပြောစရာပဲ၊ ဟာသဉာဏ် တော်တော် နည်းရှာသည်။ ဖိုးတန်ဆိုတဲ့ကောင်ကလည်း နာရီဝက်လောက် ရယ်စရာ မပြောဘဲ နေရင် ငါးထောင်ပေးမယ် ဆိုတာတောင် ငွေကိုပဲ အဆုံးခံမယ့်သူမျိုးလေ။ မေလက မေးဖူးသည်။

"ငါ့ရှေ့မှာ နင် မရယ်ဘဲ ဆယ့်ငါးမိနစ်တိတိ နေနိုင်လား"

ဆိုတော့. . .

"သိပ်ဖြစ်တာပေါ့၊ ဟားဟား" . . . တဲ့။

ဒီတော့ သုံးယောက် ဆုံကြတဲ့အခါ ဖိုးတန်နဲ့ မေလတို့ကပဲ တဟီးဟီး တဟားဟား ဖြစ်နေပြီး သဥ္ဇာခမျာ မျက်လုံးလေး ကြောင်တောင်တောင်နဲ့ ဘာမှ နားမလည်ဘဲ ဘေးရောက်သလို ဖြစ်နေ၏။ ထိုအခါမျိုးတွင် သဥ္ဇာရဲ့မျက်နှာ ညှိုးသွားတတ်တာ မေလ သတိပြုမိသည်။

သဥ္ဇာကို အားနာသဖြင့် မေလက ဖိုးတန် လာခေါ်တဲ့အခါ အကြောင်းတစ်ခုခု ပြပြီး ငြင်းသည်။ ဒီအခါကျပြန်တော့ ဖိုးတန်က. . .

"နင် မလိုက်ရင် ငါလဲ မသွားတော့ဘူး"

ဟု အကျပ်ကိုင်ပြန်သည်။ ထို့ကြောင့် မေလက သဥ္ဇာ စိတ်ကွက်မသွားစေရန် သတိထားပြီး နေရသည်။ သဥ္ဇာကို 'ယောင်းမ' ဟု တမင်တကာ ခေါ်ခေါ်ပေးရသည်။ ဖိုးတန်ကတော့ ဘာကိုမှ ဂရုမစိုက်၊ သဥ္ဇာရှေ့မှာပေမယ့် မေလကို ထိပ်ပုတ် ခေါင်းပုတ် လုပ်ချင်လုပ်တတ်သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclasssic.com



ဦးဇော်အောင်သည် ဖိုးတန်ကို မသင်္ကာ ဖြစ်နေတာ ကြာပြီ၊ ဒီကောင့် လှုပ်ရှားမှုတွေက တစ်ခုခုကို လျှို့ဝှက်ထားသလို ထင်ရသည်။ ယောက်ျားချင်းဆိုတော့ အကဲခတ်လို့ ရသည်။ ဒီကောင့်မှာ ရည်းစားရှိနေတာ ဖြစ်ရမည်။

မေလကတော့ မဖြစ်နိုင်။ မေလဆိုလျှင် ဘာမှ ဖုံးကွယ်ထားစရာ အကြောင်းမရှိ။ အားလုံး ကျေနပ်သဘောတူပြီးသား၊ တစ်ခု ရှိတာက လူကြီးတွေ သိသွားလျှင် မြန်မြန်စေ့စပ်ပြီး အဆောတလျင် လက်ထပ်ပေးလိုက်မှာ စိုးလို့လား။ ချစ်သူဘဝနဲ့ပဲ အချိန်ကြာကြာလေး အားရအောင် နေချင်သေးလို့လား။

သို့ရာတွင် မေလနှင့် ဖိုးတန်တို့၏ ဆက်ဆံရေးသည် ဘာမှ ထူးထူးခြားခြား ပြောင်းလဲမှုမရှိ၊ ချစ်သူတွေ ဖြစ်နေကြပုံမျိုး ယူဆစရာမရှိဟု ဒေါ်ရင်ရင်က တဆင့် ဒေါ်ခင်ဖြူဝင်းဆီ အကြောင်းပြန်ကြားလာသည်။ ဒါဆိုလျှင်တော့ တခြားမိန်းကလေး တစ်ယောက်ယောက် ဖြစ်ရမည်။

ဖိုးတန် တစ်ခုခု လုပ်လျှင် အရင်ဆုံး သိနိုင်သူက မေလပဲ ဖြစ်၏။ ထို့ကြောင့် မိုးမိုးစံကို မေလဆီ လွှတ်ပြီး စနည်းနာခိုင်းသည်။ မေလက. . .

"မဖြစ်နိုင်တာ မမရယ်၊ ဒီလို ငပေါမျိုးကို ဘယ်မိန်းကလေးက ကြိုက်မှာလဲ၊ ဒီကောင်ကလဲ ဒါမျိုးတွေ စိတ်မဝင်စားပါဘူး၊ ကျွန်မ အသိဆုံးပါ"

ဟု ပြောလွှတ်လိုက်သည်။ ပြီးတော့မှ 'လူကြီးတွေကတော့ ချက်နေပြီ၊ သိုသိုသိပ်သိပ်နေ' ဟု ဖိုးတန်ကို သတိပေးထားလိုက်သည်။ သူ့အခန်းကို အလစ်မှာ ဝင်မွှေတာတို့၊ တယ်လီဖုန်း ပြောတာကို ခိုးနားထောင်တာတို့ လုပ်တော့မယ်ဆိုတာ သဘောပေါက်လိုက်သည်။

သဥ္စာအေးချစ်နှင့် ဖုန်းအဆက်အသွယ် လုပ်လျှင် အိမ်က ဖုန်းကို မသုံးတော့။ လမ်းထိပ်ရှိ ဆက်သွယ်ရေး ဖုန်းကိုသာ အားကိုးတော့သည်။ မေလဆီ ဖုန်းဆက်တဲ့အခါမှာတော့ အိမ်က ဖုန်းနဲ့ပဲ ဆက်သည်။



အိမ်က ခိုးနားထောင်မယ်ဆိုတာ သိသဖြင့် အတိုင်အဖောက်ညီညီ ပြောကြသည်။ မေလက. . .

"ဟဲ့. . . ငဖိုး၊ နင် ကောင်မလေး တစ်ယောက်နဲ့ ငြိနေတယ်လို့ သတင်းထွက်နေတယ်၊ ဟုတ်လား"

"ပေါက်ပေါက်ရှာရှာဟာ၊ ငါ ဒီလောက် မိုက်ပါ့မလား"

"နင် မှန်မှန်ပြောနော်"

"မေလရယ်၊ နင့်ကို ငါ ဘယ်တုန်းက ညာပြောဖူးလို့လဲ၊ နင် စဉ်းစားကြည့်လေ၊ သွေးမတော် သားမစပ်တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ် စားရမယ့်ထဲက ခွဲဝေ ကျွေးရလောက်အောင် ငါက မညံ့သေးပါဘူးဟ၊ ငါ တစ်ယောက်ထဲတောင် ရတဲ့မုန့်ဖိုးနဲ့ မလောက်လို့ မေမေ့ဆီက ပိုတောင်းမလားလို့ စဉ်းစားနေတဲ့ဟာ"

ဟု အခွင့်အရေး ရတုန်း သူ့အတွက်ပါ ထည့်ပြောလိုက်သေးသည်။ မေလက. . .

"ဒါဆိုလဲ ပြီးတာပဲ"

"ဘာလဲ၊ နင်က ကျွန်ရစ်ဖြစ်မှာကို စိုးရိမ်နေတာလား၊ စိတ်မပူပါနဲ့ဟာ၊ ငါက နင်ကလွဲရင် ဘယ်သူ့ကိုမှ မိန်းကလေးလို့ ထင်တာ မဟုတ်ဘူး"

"အမယ် ရှာရှာစစ၊ ငါကလဲ နင်ကလွဲရင် ဘယ်ခွေးမှ လူထင်တာ မဟုတ်ဘူး"

စသည်ဖြင့် အချီအချ ပြောနေကြတာကို ကြားသိရပြီးနောက် ဒေါ်ခင်ဖြူဝင်းနှင့် ဒေါ်ရင်ရင်တို့ စိတ်သက်သာရာ ရသွားကြသည်။ ဦးဇော်အောင်ကတော့ စိတ်မချသေး။ ဟိုနှစ်ကောင် ဉာဏ်များတတ်တာကို သိသည်။ ထို့ကြောင့် မိုးမိုးစံကို ဖိုးတန်၏ အခန်းထဲ ဝင်ပြီး ရှာဖွေရေး လုပ်ခိုင်းသည်။ ဒီမှာတွင်ပဲ ဖိုးတန် ထောင်ထားခဲ့သော 'အီးပုံး' နှင့် တိုးလေတော့သည်။

'အီးပုံး'ဆိုတာက ဖောက်လိုက်လျှင် အီးပုပ်နံ့နှင့် [illegible] ဆာလဖာ ဖြပ်ပေါင်းအငွေ့ ထွက်လာသည်။ ကလေးတွေ [illegible]တွေ တစ်

www.burmeseclassic.com

www.burmeseclasssic.com



ယောက်နဲ့ တစ်ယောက် နောက်ပြောင်ကျီစယ်ရာမှာ သုံးတတ်ကြသော စကားစရာ တစ်မျိုး ဖြစ်၏။ မိုးမိုးစံက အခန်းထဲ ဝင်ပြီး စာရေးစားပွဲ အံဆွဲကို ဖွင့်လိုက်သောအခါ ဖိုးတန် ဆင်ထားသော 'အီးဖုံး'က ပေါက်သွားသည်။ အပုပ်နံ့တွေ လှိုင်ပြီး ထွက်လာသဖြင့် မိုးမိုးစံမှာ နှာခေါင်းပိတ်ပြီး အခန်းထဲမှ ထွက်ပြေးရသည်။

"ဖေဖေ့သား တော်တော် ယုတ်မာတယ်"

ဟု ဦးဇော်အောင်ကို ပြန်တိုင်သည်။ ဒီအချက်ကလည်း မသင်္ကာစရာပဲ။ ဖိုးတန်က သူ့အခန်းထဲ မဝင်စေချင်တဲ့သဘော။ ဒါဟာ လျှို့ဝှက်စရာ ရှိနေလို့ပေါ့ဟု ဦးဇော်အောင် တွေးသည်။

ဖိုးတန်နှင့် အရင်းနှီးဆုံးဖြစ်ပြီး အကြောင်းအသိဆုံးလည်း ဖြစ်သူ နောက်တစ်ယောက်ကတော့ မြတ်သူစိုးပင် ဖြစ်၏။ ဒီကောင်ကတော့ ခပ်ရိုးရိုး ခပ်တုံးတုံး ဖြစ်သောကြောင့် အမှန်အတိုင်း ပြောလိမ့်မည်ဟု ယူဆသည်။

"ဟေ့ကောင် မင်း ငါမေးတာကို မှန်မှန်ဖြေစမ်း၊ ဖိုးတန်မှာ ရည်းစားရှိနေပြီ မဟုတ်လား"

ဟု ဦးဇော်အောင်က မေးတော့ မြတ်သူစိုးက. . .

"မဟုတ်ရပါဘူး ဦးဦးဇော်ရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ"

ဟု ဖြေသည်။ ခုလို ကျိန်တွယ်ပြီး အကြောက်အကန် ငြင်းတာကိုက မသင်္ကာစရာ ဖြစ်နေသည်။ ဦးဇော်အောင်သည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ခုလို ဝေ့ဝိုက်ပြီး စုံစမ်းနေရတာကို စိတ်မရှည်ချင်တော့။ ဖိုးတန်ကလည်း လူလည်ဆိုတော့ အရှောင်အတိမ်းက ကောင်းသည်။ ထို့ကြောင့် မထင်မှတ်သော တိုက်ကွက်ကို ဆင်နွှဲလိုက်လေသည်။

တစ်ရက်မှာ ဖိုးတန် အပြင်ထွက်ခါနီးမှာ ဦးဇော်အောင်က လှမ်းခေါ်ပြီး မေးလိုက်သည်။

"မောင်ဖိုး မင်းမှာ ရည်းစားရှိနေပြီ မဟုတ်လား"

သွယ်ဝိုက်မနေဘဲ ရုတ်တရက်ကြီး တိုက်ရိုက် မေးချလိုက်သဖြင့်





ဖိုးတန် ခဏမျှ တွေသွားသည်။ ပြီးတော့မှ. . .

"ဟုတ်တယ် ဖေဖေ"

ဒီတခါတော့ ဦးဇော်အောင် တွေသွားရသော အလှည့် ဖြစ်၏။ ဖိုးတန်က လှည့်ပတ်ရှောင်ပြီး ငြင်းလိမ့်မယ် တွက်ထားတာ၊ ခုလို တည့်တည့်ကြီး ဝန်ခံလိုက်တော့ ဦးဇော်အောင် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားရ၏။ သားအဖ နှစ်ယောက်မှာ မထင်မှတ်ဘဲ ဗျူဟာချင်း သွားတူနေသည်။ ဦးဇော်အောင်က စကားတစ်ကွက်ကျော်ပြီး ထပ်ခင်းလိုက်ပြန်သည်။

"ငါ သဘောမတူဘူးကွ"

"ဟင်. . . ဘယ်သူမှန်းတောင် မသိသေးဘဲနဲ့ ဖေဖေက"

"အေး. . . ဘယ်သူပဲဖြစ်ဖြစ် သဘောမတူဘူး"

ဖိုးတန်က ပြုံးလိုက်သည်။ ပြီးတော့. . .

"သားက မေလကို ကြိုက်နေတာ၊ အင်းလေ ဖေဖေ သဘောမတူဘူး ဆိုတော့လည်း မတတ်နိုင်ဘူးပေါ့၊ သား နောက်ပြန်ဆုတ်လိုက်ပါတော့မယ်"

ဦးဇော်အောင်မှာ 'ကောင်တာ' မိသွားသဖြင့် ကြောင်အအကြီး ဖြစ်နေသည်။ ခဏကြာမှ. . .

"မေလ မဟုတ်ဘူး၊ ငါသိတယ်"

"ဒါဆို ဘယ်သူလဲ"

"အောင်မာ မင်းက ပြန်မေးနေရသေးတယ်"

"ဖေဖေပဲ ငါသိတယ်ဆို"

"မေလ မဟုတ်မှန်း သိတယ်လို့ ပြောတာကွ"

"သူက လှပါတယ် ဖေဖေရာ"

"လှတာ ဘာလုပ်ရမှာလဲ"

"လှတာက ချက်စားလို့ မရဘူး၊ ဝတာက ဖက်ထားလို့ ရတယ်လို့ ဆိုလိုတာလား၊ သူက နည်းနည်းတော့ ပိန်တယ်"

ဒေါ်ခင်ဖြူဝင်းက ခပ်ဖိုင့်ဖိုင့် ဖြစ်သောကြောင့် ဖိုးတန်က တစ်



www.burmeseclassic.com

www.burmeseclasssic.com



ချက် ထုတ်လိုက်ခြင်း ဖြစ်၏။ ဦးဇော်အောင်က ဂရုမစိုက်ဘဲ. . .

"သူ့ဟာသူ ပိန်ပိန်ဝဝ၊ ပုပုရှည်ရှည်၊ ငါ စိတ်မဝင်စားဘူး၊ ဒီမှာ မင်းကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ မေလက လွဲရင် ဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး"

"သားမှ သူ့ကို မကြိုက်တာ"

"မကြိုက်လို့ မရဘူး၊ ကြိုက်ရမယ်"

"ဖေဖေကလဲ အမျိုးမျိုးပဲ"

"ဘာအမျိုးမျိုးလဲ"

"ဖေဖေပဲ ဟိုတစ်ခါတုန်းက ဦးဦးမောင်းကို ပြောဖူးတယ်လေ၊ ခုခေတ်မှာ သောက်ရတာ သိပ်ဟန်ကျတယ်၊ ရွေးစရာ ယမကာတံဆိပ်မျိုးစုံ ရှိတယ်၊ ဟိုခေတ်တုန်းကဆိုရင် မန္တလေးရမ်ရယ်၊ မော့ဝီစကီရယ်၊ ဘီအီးရယ်ပဲ ရှိတယ်၊ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ဒါပဲ သောက်ရတယ်၊ မနိုင်ဘူးလို့ ပြောခဲ့တယ်၊ မဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ ဖေဖေရဲ့ အရက်မှာတောင် ကိုယ်ကြိုက်တာ ရွေးသောက်ရမှ ကောင်းတယ်ဆိုတော့ အချစ်မှာဆိုရင် ပိုပြီးတော့တောင် ရွေးချယ်ခွင့် ပေးသင့်သေးတယ် မဟုတ်လား၊ ဖေဖေ စဉ်းစားကြည့်လေ၊ အရောင်၊ အနံ့၊ အရသာချင်း လုံးဝ တထပ်တည်း တူတဲ့ ရေသန့်ဗူးတောင်မှ တံဆိပ်အမျိုးမျိုး၊ ပုလင်းပုံစံအမျိုးမျိုးနဲ့ ထုတ်နေကြတဲ့ နှစ်ဆယ့်တစ် ရာစု ခေတ်ကြီးထဲမှာ ဒါပဲ ကြိုက်ရမယ်၊ ဒါပဲ ယူရမယ်၊ ငြင်းဆန်ခွင့်မရှိဘူး၊ ရွေးချယ်ခွင့် မရှိဘူးဆိုရင် တရားမျှတမှု ရှိပါတော့မလား"

"အပိုတွေ ပြောမနေနဲ့ကွာ၊ မင်းအနေနဲ့ မေလကိုပဲ ကြိုက်ရမယ်၊ မေလကိုပဲ ယူရမယ်၊ တခြားလူကို ယူရင် ငါ့အိမ်မှာ မနေနဲ့"

"ဒါဆိုလဲ မေမေ့အိမ်မှာ နေရမှာပေါ့"

"မင်းအမေနဲ့ ငါနဲ့ တူတူပဲ"

"ဘွားလှအိမ်မှာ နေမယ်ဆိုရင်ကော"

"ဒီမှာ၊ ဒီအိမ်မှာ ငါ အိမ်ထောင်ဦးစီးကွ၊ ငါ့ဆုံးဖြတ်ချက်ဟာ





အပြီးအပြတ် ဖြစ်ရမယ်"

ဖိုးတန်က ပြုံးလိုက်သည်။

"ဒီလိုဆိုတော့လဲ သူတို့အိမ်ပေါ်ပဲ တက်နေရတော့မှာပေါ့၊ သူတို့အိမ်က အကျယ်ကြီးပဲလို့တော့ ပြောတာပဲ"

ဟု ပြောပြီး ထွက်သွားမည် ပြုသည်။

"ဟေ့ကောင် နေအုံး"

ဦးဇော်အောင်က ဖိုးတန်နားသို့ ကပ်သွား၏။ လက်သီးလားနားရင်းလားဟု တွေးရင်း ရှောင်ဖို့ ချိန်ဆ တွက်ချက်နေစဉ် ဦးဇော်အောင်က ဖိုးတန်၏ ဘောင်းဘီ နောက်အိတ်ထဲက ကားသော့ကို ဆွဲထုတ်ယူလိုက်ပြီး. . .

"ဒီနေ့ကစပြီး မင်း ကားသုံးခွင့် မရှိတော့ဘူး၊ ငါ့ကားပေါ်မှာ တွေ့ကရာ မိန်းကလေးကို တင်ခေါ်ဖို့ ခွင့်မပြုနိုင်ဘူး၊ အေး. . သူတို့အိမ်မှာ ကားရှိရင်တော့ အဲဒီကားကိုပဲ ယူမောင်းပေါ့ကွာ"

ဖိုးတန်က တစ်ချက် ဖြတ်ကနဲ မော့ကြည့်သည်။ မထီတရီ ပြုံးလိုက်ပြီးနောက် ထွက်သွားလေသည်။

. . . [illegible] . . .



www.burmeseclassic.com

www.burmeseclasssic.com



ဖိုးတန်သည် ညကိုးနာရီခွဲအထိ အိမ်ပြန်ရောက်မလာခဲ့။ အရင်ကလည်း သူငယ်ချင်းတွေနဲ့ ဆုံနေလို့ နောက်ကျတာမျိုး ရှိသည်။ သို့ရာတွင် နောက်ကျမယ်ဆိုလျှင် သူ့အဖေ ဆူမှာစိုးသဖြင့် ဖုန်းဆက်ပြီး အကြောင်းကြားလေ့ ရှိ၏။ ဒီနေ့တော့ ဖုန်းအဆက်အသွယ်လည်း မလုပ်။

ဒီအရွယ် ယောကျ်ားလေးတယောက် အိမ်ပြန်နောက်ကျတာ သိပ်အထူးအဆန်းတော့ မဟုတ်၊ သို့ရာတွင် ဒီနေ့အဖို့တော့ ထူးခြားမှုက ရှိနေသည်။ နေ့လည်က ဦးဇော်အောင်က ဆူလိုက်သည်။ ဒါတွင်မက ကားသော့ကို ပြန်သိမ်းလိုက်တာက ဖိုးတန်၏စိတ်ကို ပိုထိသွားစေလိမ့်မည်။ ထို့ကြောင့် ဒေါ်ခင်မြူဝင်းသည် စိတ်ပူမိ၏။

"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့လို့ ရှင့်ကို အတန်တန် မှာထားရက်သားနဲ့"





ဟု ဦးဇော်အောင်ကို အပြစ်တင်သည်။

"ဟ တခြားမိန်းကလေးတယောက်နဲ့ ကြိုက်နေတဲ့ကိစ္စကို မတားလို့ ဖြစ်မလား၊ ငါတို့အစီအစဉ်တွေ ပျက်ကုန်မှာပေါ့"

"ဒါကိုတော့ ကျွန်မလဲ စိုးရိမ်တာပေါ့၊ ဒါပေမယ့် ဒီလိုကိစ္စဆိုတာ အကြမ်းပတမ်း လုပ်လို့ရတာ မဟုတ်ဘူး၊ ပြီးတော့ မောင်ဖိုးက အဲဒီကောင်မလေးနဲ့ ကြိုက်နေတယ် ဆိုတာကလဲ တကယ် လေးလေးနက်နက် ဟုတ်ချင်မှ ဟုတ်မယ်၊ ခုခေတ် လူငယ်သဘာဝ အပျော်သဘောတွဲတာ ဖြစ်ချင်ဖြစ်နေမှာ၊ ဒါကို ချော့ချော့မော့မော့နဲ့ ကိုယ့်ဘက် ပါအောင် စည်းရုံးဆွဲဆောင်ရမှာ၊ ခုတော့ ရှင် လုပ်ပုံက တစ်ဖက်ကို တွန်းပို့သလို ဖြစ်နေတယ်၊ ဒီကောင်က အခွဲ့တိုက်ပြီး လုပ်ချင်တာ လျှောက်လုပ်ရင် ခက်ကုန်မယ်"

"လုပ်ရဲ လုပ်ကြည့်ပါလား၊ ငါနဲ့ တွေ့သွားမှာပေါ့"

"ပြောရင်းဆိုရင်းနဲ့ လုပ်ပြန်ပြီ၊ ရှင့်ကြောင့် ခက်ကုန်တော့မယ်"

တိုင်ကပ်နာရီကို လှမ်းကြည့်ပြီး. . .

"ဆယ်နာရီတောင် ထိုးပြီ၊ အကြောင်းမကြား ဘာမကြားနဲ့ ဘယ်တွေ လျှောက်သွားနေလဲ မသိဘူး"

ဦးဇော်အောင်က တယ်လီဖုန်းဆီ လျှောက်သွားပြီး မြတ်သူစိုးတို့ အိမ်ကို ဆက်လိုက်သည်။ မြတ်သူစိုး ဖုန်းလာကိုင်တော့. . .

"မောင်မြတ်သူ မင်းတို့အိမ်မှာ မောင်ဖိုး ရောက်နေသလား"

"မရောက်ဘူး ခင်ဗျ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဦးဦးဇော်ရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ"

ဒီကောင် ကျိန်ပြန်ပြီ. . . ဒါဆိုဟု တွေးပြီး. . .

"ငါက ဆူမလို့ မဟုတ်ပါဘူးကွ၊ မင်းဆီ ရောက်နေရင်လဲ ပြီးရောလို့ ပြောမလို့ပါ"

"တကယ် မရှိတာပါ၊ ဘုရားစူးရပါစေရဲ့"

"ဒါဆို ပြီးရော၊ မင်းဆီ ရောက်လာရင်သာ ငါတို့ကို ဖုန်းဆက်၊



www.burmeseclassic.com

www.burmeseclasssic.com



ကြားလား"

ဆိုပြီး ဖုန်းချလိုက်သည်။

"ဘာတဲ့လဲ"

ဟု ဒေါ်ခင်မြဲဝင်းက မေးသည်။

"သူတို့အိမ်မှာ မရှိဘူးတဲ့"

"ဒုက္ခပါပဲ၊ မိန်းမများ ခိုးသွားပြီလား မသိဘူး၊ အဲဒါဆိုရင်တော့ ရှင်ပဲ တာဝန်ယူပြီး ရှင်းပေတော့"

ဦးဇော်အောင် နည်းနည်း ဖြူသွားသည်။ ဒီအတိုင်းသာ ဆိုရင်တော့ သူ့အပြစ် လုံးလုံးဖြစ်ပြီ၊ မိသားစု နှစ်စုကြားမှာ တရားခံအဖြစ် ခေါင်းမဖော်ရဲအောင် ဖြစ်ရတော့မည်။

ထိုစဉ်တွင် မိုးမိုးစံ အိမ်ရှေ့ခန်းဆီ ထွက်လာသည်။

"နင့်အဘွား အိပ်ပြီလား"

ဟု ဒေါ်ခင်မြဲဝင်းက မေးသည်။

"အိပ်သွားပြီ မေမေ"

"တော်သေးတယ်၊ နို့မို့ဆို စိတ်ပူပြီး မူးတယ်မောတယ် ဖြစ်နေအုံးမယ်"

"မောင်လေး ပြန်မလာသေးဘူးဆို၊ ဖုန်းတွေဘာတွေ မဆက်ဘူးလား"

"မဆက်လို့ပေါ့"

ဦးဇော်အောင်က တစ်ခု သွားသတိရသည်။

"ဟဲ့ သမီး၊ မောင်ဖိုးရဲ့ အခန်းထဲကို သွားကြည့်စမ်း၊ ဒီကောင်က ယုံရတာ မဟုတ်ဘူး၊ အိမ်က လူတွေ မသိအောင် တိတ်တိတ်ကလေး ပြန်လာပြီး ဝင်အိပ်ချင် အိပ်နေမှာ"

မိုးမိုးစံ တွန့်ကနဲ ဖြစ်သွားပြီး. . .

"သမီးတော့ မသွားရဲဘူး၊ မောင်ဖိုးက ထောင်ချောက်တွေ ဆင်ချင် ဆင်ထားမှာ"

ဦးဇော်အောင်က ဒေါ်ခင်မြဲဝင်းဘက် လှည့်ကြည့်သည်။ ဒေါ်ခင်မြဲဝင်းက မသိဟန် ဆောင်နေ၏။ ထို့ကြောင့် ဖိုးတန်၏အခန်းသို့ သူကိုယ်တိုင်ပဲ လာခဲ့ရသည်။

တံခါးလက်ကိုင်ကို လှည့်ကြည့်သည်။ သော့ခတ်ထားခြင်း မရှိ၊ တံခါးကို နည်းနည် ဟကြည့်သည်၊ ပြီးမှ နောက်သို့ ခြေနှစ်လှမ်းလောက် အလျှင်အမြန် ပြန်ဆုတ်လိုက်သည်။ အသက်ကိုလည်း အောင့်ထားရသေးသည်။ ထူးခြားမှု မရှိတာ သေချာတော့မှ အခန်းထဲကို အသာ လျှိုဝင်လိုက်သည်။ အထဲမှာ မှောင်နေ၏။ မီးခလုတ်ကို စမ်းပြီးဖွင့်သည်၊ ကုတင်ပေါ်မှာ ဖိုးတန် မရှိ၊ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာခဲ့သည်။

ထိုအချိန်တွင် တယ်လီဖုန်းခေါ်သံ မြည်လာသည်၊ ဒေါ်ခင်မြဲဝင်းက ဖုန်းကိုင်သည်။ ဒေါ်ရင်ရင် ဆက်ခြင်းဖြစ်၏။

"မောင်ဖိုး ဒီကို ရောက်နေတယ်"

ဟု ပြောသည်။ ဒေါ်ခင်မြဲဝင်းက. . .

"ဟုတ်လား၊ တော်ပါသေးရဲ့၊ မြဲက စိတ်ပူနေတာ"

ပြောပြီး ဦးဇော်အောင်ဘက် လှည့်၍ "ရင်ရင်တို့အိမ် ရောက်နေတယ်" ဟု လှမ်းပြောသည်။

"ဘာဖြစ်ကြတာလဲ"

ဟု ဒေါ်ရင်ရင်က မေးသဖြင့်. . .

"ဟိုဟာလေ"

ဟု စကားစလိုက်စဉ် ဦးဇော်အောင်က အကြောင်းရင်းကို မပြောနဲ့ ဆိုသောသဘောဖြင့် နှုတ်ခမ်းမှာ လက်ညှိုး ကပ်ပြသည်။ ဒေါ်ခင်မြဲဝင်းက သိပါတယ်ဟု ခေါင်းဆတ်၍ အချက်ပြလိုက်ပြီးမှ. . .

"ဟိုဒင်း သူ့အဖေက နည်းနည်းဆူလိုက်လို့ပါ၊ ကြီးကြီးကျယ်ကျယ် ဖြစ်တာမဟုတ်ပါဘူး၊ အဲ. . .နေအုံး ရင်ရင်ရေ၊ မောင်ဖိုးက အိမ်မပြန်ချင်ဘူး ဘာညာပြောရင် အတင်းပြန်မလွှတ်နဲ့၊ အဲဒီမှာပဲ သူနေချင်သလောက် နေပစေ၊ မြဲပြောတာ သဘောပေါက်တယ် မဟုတ်လား"

"အေး ကောင်းတယ်၊ ကောင်းတယ်၊ ဒါမှ. . ."



www.burmeseclassic.com

www.burmeseclasssic.com



ဟု ဒေါ်ရင်ရင်က ဆိုလိုရင်းကို နားလည်ဟန် လေသံဖြင့် ပြန်ပြောလိုက်သည်။

◈ ◈ ◈

ဖိုးတန်သည် ဦးစိန်မောင်း၊ မေလတို့နှင့်အတူ ရုပ်မြင်သံကြားမှ လာသော ဘောလုံးပွဲကို ကြည့်နေသည်။ ဒေါ်ရင်ရင်က အနားကို လျှောက်လာပြီး. . .

"မောင်ဖိုး၊ ငါ့သား အချိန်တောင် လင့်နေပြီ"

ဟု သတိပေးသည်။ ဖိုးတန်က ရပါတယ်ဟု ပြန်ပြောသည်။ ဦးစိန်မောင်းက. . .

"ဒီမှာ ပွဲက ကောင်းနေတယ်၊ ပြီးမှပဲ ပြန်ပေါ့၊ ကားပါတယ် မဟုတ်လား"

"မပါဘူး ဘိုးဘိုး၊ သူ့အဖေက ကားသော့ ပြန်သိမ်းလိုက်ပြီ"

"ဟေ. . . ဘယ်လို ဖြစ်လို့လဲ"

"ငါ့သား မှန်မှန်ပြောစမ်း၊ မင်းအဖေနဲ့ ဘာဖြစ်လာသလဲ"

ဒေါ်ရင်ရင်က မေးသဖြင့် . . .

"အလကားပါ ဒေါ်လေးရင်ရယ်၊ သားက မုန့်ဖိုးကုန်သွားလို့ ထပ်တောင်းတာကို အသုံးအဖြုန်း ကြီးတယ်၊ ပေါ်ကြော့ နေတယ် ဆိုပြီး ပွက်နေလို့ စိတ်ပေါက်ပေါက် ရှိတာနဲ့ ထွက်လာခဲ့တာ"

အရေးထဲမှာတောင် ကိုယ့်အတွက် ကျန်အောင် ခွင်ဆင်တတ်သော ဖိုးတန်ကို မေလစိတ်ထဲက ချီးကျူးလိုက်သည်။ မျက်နှာကိုတော့ ခပ်မဲ့မဲ့ လုပ်ပြလိုက်၏။

စည့်ခန်းမှာ ထိုင်ရင်း နားစွင့်နေသော ဒေါ်မြမေက ထလာပြီး

"ဘာရယ်ကွယ့်၊ ဖေဖ်အောင်က ဒီလိုပဲ ပြောသလား၊ ဒီသားလေး တစ်ယောက်ထဲ ရှိတာတောင် စိတ်ချမ်းသာအောင် မထားနိုင်ကြဘူး လား"



"ကိုယ့်အလုပ်ကိုယ် မလုပ်ဘူး"

ဟု ဦးစိန်မောင်းက ပြောလိုက်သဖြင့် ဒေါ်မြမေက. . .

"ရှင် ဘာပြောတာလဲ"

"ဟာ. . . မင်းကို ပြောတာ မဟုတ်ပါဘူး၊ ဘောလုံးပွဲထဲက ဂိုးသမား လေးမန်းကို ပြောတာပါ၊ ဘယ့်နှယ်ကွာ၊ ဂိုးသမားက ဧရိယာ အပြင်ထိ ထွက်ပြီး ဖျက်ရသလား"

ဒေါ်မြမေက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ဖိုးတန်ဘက် ပြန်လှည့်၍. . .

"ဟင်း. . . ကလေးကိုတော့ သုံးသလေး ဖြုန်းသလေးနဲ့ သူနဲ့ အိမ်က ရွှေမောင်းနဲ့ ကဖော်ဆိုင် ထိုင်ကြတာကျတော့ ဘာပြောမလဲ"

ဦးရွှေမောင်းပါ အဆစ်ပါသွားသဖြင့် ဒေါ်ရင်ရင် ပြုံးလိုက်မိ၏။

"ဒီလိုမှပေါ့ကွ"

ဦးစိန်မောင်း အသံထွက်လာပြန်သဖြင့် ဒေါ်မြမေ လှမ်းကြည့် သည်။

"ဘောလုံးကစားတယ်ဆိုတာ အဲဒီလို ပီပြင်မှ ကြိုက်တာ"

ဒေါ်မြမေ ဆက်ပြောသည်။

"ရင်ရင်. . . ဖော်အောင်တို့ မိဖြူတို့ဆီ ဖုန်းဆက်ပြီး ပြောလိုက် စမ်း၊ သူတို့ မကျွေးနိုင်ရင် ငါ တသက်လုံး အိမ်ပေါ် ခေါ်တင်ပြီး ကျွေးထားမယ်လို့"

"ဒါ အမှန်ပဲ"

ဒီတခါတော့ ဦးစိန်မောင်းက ဒေါ်မြမေ စကားကို အမှန်တ ကယ်ပဲ ထောက်ခံလိုက်ခြင်း ဖြစ်၏။ ထို့နောက်. . .

"ကဲ. . . မောင်ဖိုး၊ ဘောလုံးပွဲကိုသာ စိတ်ချလက်ချ ပြီးအောင် ကြည့်၊ ပြီးမှ ရွှေမောင်းကို နှိုးပြီး အိမ်က ကားနဲ့ လိုက်ပို့ခိုင်းမယ်"

"သား မပြန်ဘူး"

www.burmeseclassic.com

www.burmeseclasssic.com



ဟု ဖိုးတန်က ငြင်းလိုက်၏။ ဒေါ်မြမေက. . .

"ဟုတ်တယ်၊ ခုနေခါ ပြန်သွားရင် ဟို အာဋ္ဌဝက ဇော်အောင်က ကြိမ်းလားမောင်းလား လုပ်နေအုံးမယ်၊ နေပစေ၊ သူတို့ကို မှတ်လောက် သားလောက်အောင် လုပ်ရမယ်၊ ဘာမှ အားမငယ်နဲ့၊ ငါ့မြေး ဒီအိမ်မှာပဲ နေ၊ ကြိုက်သလောက် နေလို့ရတယ်၊ ဟဲ့. . . ရင်ရင်၊ ဘုရားခန်းမှာ မောင်ဖိုး အိပ်ဖို့ အိပ်ရာ အဆင်သင့် ပြင်ပေးထားစမ်း"

ဖိုးတန်က. . .

"ဟာ. . . သားတစ်ယောက်ထဲတော့ မအိပ်ရဲဘူး"

"ဒါဆိုရင်. . ."

"သား ဘွားမြနဲ့ တူတူအိပ်မယ်"

ဦးစိန်မောင်း ခေါင်းထောင်လာပြီး. . .

"ဘာကွ"

"ကဲပါ၊ အိပ်ရမယ် အိပ်ရမယ်၊ ကိုစိန်မောင်း ရှင် ဘုရားခန်းမှာ ထွက်အိပ်လိုက်"

ဒေါ်မြမေက အဆုံးအဖြတ် ပေးလိုက်သည်။

"အဲ. . . ဟုတ်ပါပြီဗျာ၊ ကောင်းပါပြီ"

ဒေါ်ရင်ရင်သည် သူ ဖြစ်စေချင်သော ခွင်အတိုင်း ဝင်လာသဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

နောက်တစ်နေ့ မနက်ကျတော့ ကော်ဖီသောက်ကြရင်း မေလက ပြောသည်။

"ငဖိုး၊ နင်ဟာ တော်တော် လျင်လှပြီလို့ ထင်နေတာ၊ ခုတော့ ကိုယ့်ထောင်ချောက်ကို ပြန်ဆင်တဲ့ကောင် ဖြစ်နေပါလား"

"ဘာဖြစ်လို့လဲ"

"နင် စဉ်းစားကြည့်လေ၊ ငါနဲ့ လက်မထပ်နိုင်ပါဘူးလို့ ပြောပြီး အိမ်ပေါ်က ဆင်းလာတဲ့လူက ငါ့အိမ်မှာ လာနေတယ်ဆိုတော့ မကြောင်လွန်းဘူးလား"

"အန္တရာယ် အရှိဆုံးနေရာဟာ အလုံခြုံဆုံးပဲ ဆိုတဲ့ စကားကို



ကြားဖူးတယ် မဟုတ်လား"

"ဘာပဲဖြစ်ဖြစ်၊ နင်က ဒီကို ရောက်နေတော့ လူကြီးတွေ အကြိုက် တွေ့သွားတာပေါ့"

"ငါက ဒီအိမ်မှာ နေရင်း နင်နဲ့ သံယောဇဉ် ပိုဖြစ်လာပြီး ငြိသွားကြလိမ့်မယ်လို့ စိတ်ကူးယဉ်နေကြပုံ ရတယ်"

"နင်ကတော ငါတို့အိမ်မှာ ဘယ်လောက်ကြာကြာ နေမှာလဲ"

"မနေပါဘူး၊ ခဏကြာရင် ငါ့အိမ် ငါပြန်မှာ၊ လူကြီးတွေ မျက်စိလည်သွားအောင် တမင်တကာ အိမ်မပြန်ဘူးလို့ ပြောတာ"

"နင်ကတော့ အမျိုးမျိုး ပညာပြနေတာပဲ၊ ဒါနဲ့ နင့်ကို မေးရအုံးမယ်၊ ညက ဘွားမြနဲ့ တူတူအိပ်တော့ နင် အိပ်လို့ ရရဲ့လား"

"ဒီလိုဟ၊ အိမ်မှာဆိုရင်လဲ တခါတလေ ဘွားလှနဲ့ သွားအိပ်တတ်တယ်၊ ဘွားလှက နံ့သာဖြူ လိမ်းပြီးမှ အိပ်တတ်တော့ မွှေးနေတာပဲ၊ ဘွားမြကျတော့ ဘာတွေ လိမ်းအိပ်မှန်း မသိပါဘူးဟာ၊ ဆေးစော်တွေကို နံ့ဟောင်နေတာပဲ"

"ကောင်းတယ်၊ အတတ်ဆန်းချင်တာကိုး"

"ဘိုးဘိုးလဲ ညတိုင်း အဲဒီအနံ့တွေ ရှူနေရမှာပေါ့နော်"

"မထူးပါဘူး၊ ဘိုးဘိုးကလဲ ဆေးစော်နံတယ်၊ ဘွားမြကလဲ ဆေးပြင်းလိပ်စော် နံတယ်နဲ့ အပြန်အလှန် စွပ်စွဲနေကြတာပဲ"

"အေးဟာ၊ ဘာပဲဖြစ်ဖြစ် ဘွားမြက ဘိုးဘိုး ရှိတော့ တော်သေးတယ်၊ ဘွားလှကတော့ တစ်ယောက်ထဲဆိုတော့ အထီးကျန် ဆန်မှာပဲ"

"ဒါဆိုလဲ နင်ပဲ ဘွားလှအတွက် ရှာပေးလိုက်လေ"

"မထူးပါဘူးဟာ၊ ဘိုးဘိုးကိုပဲ ဂျိမ်းစ်ဘွန်း လုပ်ခိုင်းလိုက်ရင် ကောင်းမယ်၊ ဘယ်တစ်ယောက် ညာတစ်ယောက်ပေါ့"

"အမယ် ငါ့အဘိုးကို အသက်ကြီးမှ ဒုက္ခမပေးပါနဲ့တော့ဟာ၊ ဘိုးဘိုးမှာ ဘွားမြတစ်ယောက်နဲ့တင် တော်တော် နားပူနေပါပြီ"

ဒေါ်မြမေ အခန်းထဲ ဝင်လာသဖြင့် စကားစ ပြတ်သွားသည်။ ဒေါ်မြမေက သူတို့နှစ်ယောက်ကို ကျေနပ်စွာ ပြုံးကြည့်ရင်း. . .

www.burmeseclasssic.com

www.burmeseclasssic.com



"အေး. . .အေး၊ ကောင်းတယ် ကောင်းတယ်"

ဟု ရေရွတ်သဖြင့် ကျိတ်ပြီး ရယ်ကြရသေးသည်။

◈ ◈ ◈

ဦးဇော်အောင် ရှုံးသွားပြီးချိန်လောက်ကျမှ ဖိုးတန် အိမ်ကို ပြန်သည်။

"မင်းကွယ်၊ ဘယ်လို လုပ်လိုက်တာလဲ၊ မေမေတို့မှာ ညက စိတ်ပူလိုက်ရတာ"

ဟု ဒေါ်ခင်ဖြူဝင်းက ဆီး၍ ပြောသည်။

"သား တောင်းပန်ပါတယ်၊ အခုလဲ မေမေတို့ စိတ်ပူနေမှာပဲ ဆိုတာ သိလို့ အမြန်ပြန်လာခဲ့တာပါ"

ဒေါ်ခင်ဖြူဝင်းတို့က ဟိုအိမ်မှာ ဆက်နေစေချင်မှန်း ရိပ်မိသဖြင့် တမင်တကာ ကလိလိုက်ခြင်း ဖြစ်၏။

"အေးပါကွယ်၊ မင်းအဖေကလဲ၊ ကောင်းစေချင်တဲ့ စေတနာနဲ့ ဆူတာပါ၊ ကဲကဲ. . . ဘွားလှကို သွားတွေ့လိုက်အုံး၊ အခန်းထဲမှာ လှဲနေတယ်"

"ဟင် ဘွားလှက ဘာဖြစ်လို့လဲ"

"ညတုန်းကတော့ အိပ်ပျော်နေလို့ မင်း ပြန်မလာတာ မသိလိုက်ဘူး၊ မနက်ကျမှ မိုးမိုးစံက လွှတ်ကနဲ ပြောလိုက်မိလို့ သိသွားတာ၊ အသေးစိတ်တော့ မသိပါဘူး၊ မင်းအဖေ ဆူလိုက်လို့ ဆိုတာလောက်ပဲ ပြောထားတာ၊ အဲဒါ စိတ်ပူပြီး သွေးတွေ တက်လာလို့၊ ဘွားအေကြီး စိတ်ချမ်းသာအောင်လဲ နေပေးပါကွယ်၊ ခုတလော သိပ်ချူချာတာပဲ"

ဖိုးတန်သည် ဒေါ်လှလှ၏ အခန်းထဲသို့ ဝင်လာခဲ့သည်။ ဒေါ်လှလှသည် အိပ်ရာပေါ်မှာ လှဲရင်း မှိန်းနေသည်။ မျက်နှာ အနေအထား





နှင့် အသားအရေကို ကြည့်ရတာကတော့ သိပ်ကြီးကြီးကျယ်ကျယ် နေမကောင်း ဖြစ်နေပုံမရ။

အဘွားကြီးတွေ ပေါင်းပြီး ဘာများ ကြံစည်နေပြန်ပြီလဲ မသိဘူး ဟု ဖိုးတန် တွေးရင်း ကုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်သည်။ ဒေါ်လှလှ၏ လက်ဖဝါးကို ဆုပ်ကိုင်ပြီး. . .

"ဘွားလှ"

ဟု ခေါ်လိုက်၏။ ဒေါ်လှလှသည် ဖိုးတန် ရောက်နေတာ သိပြီး ဖြစ်ဟန်တူ၏။ နှစ်ခါ မခေါ်ရဘဲ မျက်လုံးကို ခပ်မှေးမှေး ဖွင့်လိုက်ပြီး

"အော်. . . ဖိုးလေး ပြန်ရောက်ပြီလား၊ ဘွားလှ စိတ်ပူလိုက်ရတာကွယ်"

"ဘာပူစရာ ရှိလို့လဲ၊ မေလတို့ အိမ်မှာပဲဟာ"

"အဲဒါကြောင့် နည်းနည်း တော်သွားတာပေါ့ကွယ်၊ နို့မို့ဆို ဘုံးဘုံးလဲသွားနိုင်တယ်၊ ခုတလော ကျန်းမာရေးက မကောင်းဘူး၊ စိတ်ထိခိုက်စရာ တစ်ခုခု ကြုံလိုက်တာနဲ့ ထိတ်ကနဲ ဖြစ်ပြီး သွေးက ဆောင့်တိုးလာတာပဲ၊ ရင်ညွန့်ထဲကလဲ အောင့်အောင့်နေတယ်၊ ဘယ်ချက်မှာ အသက်ပါသွားမလဲ မသိဘူး"

"ဟာ မဟုတ်တာပဲ၊ ဘွားလှက အလတ်ကြီး ရှိပါသေးတယ်"

"ကိုယ့်ဟာကိုယ် သိတာပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ် ဘွားလှ မျက်စိမှိတ်မသွားခင်မှာ ဖိုးလေးအတွက် စိတ်ချသွားချင်တယ်"

အင်း ဇာတ်လမ်းတော့ စလာပြီဟု ဖိုးတန် တွေးသည်။ ဒေါ်လှလှက ဖိုးတန်၏လက်ကို ကိုင်၍ ရင်ဘတ်ပေါ် တင်လိုက်ပြီး. . .

"သားအဖေလဲ ပြောထားပြီးသားပဲလေ၊ ဘွားလှတို့ကတော့ သားကို မေလနဲ့ လက်ဆက်ပေးချင်တယ်ကွယ်"

"ဟာ. . . သားမှ သူ့ကို မကြိုက်တာ"

"ဘာဖြစ်လို့လဲ၊ မေလက ချောပါတယ်၊ မျက်နှာလေးကလဲ ကျက်သရေ ရှိတယ်၊ စိတ်သဘောထားလဲ ပြည့်ဝတယ်၊ ပြီးတော့ ဆွေကြီး ချင်းကလဲ နှစ်အိမ့်တစ်အိမ်လို ရင်းနှီးနေကြတာပဲ"



www.burmeseclassic.com

www.burmeseclasssic.com



"ဘွားလဲ့ မသိသေးဘူးနော်၊ သူက လုပေမယ့် သိပ်ညစ်ပတ်တယ်၊ ရေမှန်မှန် မချိုးဘူး"

"ဟုတ်ရဲ့လားကွယ်၊ ဘွားလု တွေ့တာတော့ သန့်သန့်လေးပါ"

"အပေါ်ယံကတော့ လိမ်းခြယ်ထားတော့ သန့်တယ် ထင်ရတာပေါ့၊ ဒါပေမယ့် သူ့ပေါင်မှာ ပွေးကွက်တွေ ရှိတယ်"

ဒေါ်လုလု မျက်လုံးပြူးသွား၏။

"ဟင်. . . ပေါင်မှာ ပွေးရှိတာ သားက ဘယ်လိုလုပ် သိတာလဲ"

"ငယ်ငယ်တုန်းက မြင်ဖူးတာ"

"အို. . . ငယ်ငယ်က ဖြစ်တာပဲဟာ"

"ခုလဲ ရှိချင်ရှိနေမှာ၊ တခါတလေကျရင် သူ့ပေါင်ကို ကုတ်ကုတ်နေတာ တွေ့ဖူးတယ်"

"ခုခေတ်မှာ ဆေးကောင်းဝါးကောင်းတွေ ဒီလောက် ပေါများနေတာပဲ၊ ပွေးလောက်ကတော့ ဘာအရေးလဲ"

"ခေါင်းမှာလဲ သန်းတွေ ထူပုံရတယ်၊ ခေါင်းကို အမြဲတမ်း ကုတ်ကုတ်နေတာပဲ"

"ဖောက်ထတာနဲ့ တူပါရဲ့ကွယ်၊ ဟိုတီဗီကြော်ငြာမှာ ပါတဲ့ ခေါင်းလျှော်ရည်တွေက ဖောက်ပျောက်တယ်ဆို"

"သားလဲ တခါတလေ သူ့ကို ကြိုက်ရကောင်းမလားလို့ စဉ်းစားကြည့်ပါသေးတယ်"

ဒေါ်လုလု မျက်လုံးများ တောက်ပြောင်လာသည်၊ အားတက်သရော လေသံဖြင့်. . .

"စဉ်းစားမနေပါနဲ့တော့၊ တခါထဲသာ"

ဖိုးတန်က ဖြတ်ပြောလိုက်သည်။

"ဒီလို စဉ်းစားလိုက်တဲ့အခါတိုင်း ငယ်ငယ်တုန်းက တွေ့ဖူးတဲ့ သူ့ပေါင်က ပွေးကွက်တွေကို မျက်စိထဲ မြင်ယောင်လာပြီး တခါတည်း ဖီလင်အောက်သွားတော့တာပဲ"

ဒေါ်လုလု သက်ပြင်းချလိုက်ပြီး. . .





"တကယ်တော့ ဒါတွေက အဓိကအချက် မဟုတ်ပါဘူးကွယ်၊ ဒီမှာ ငါ့သားကို ဘွားလု တစ်ခုပြောမယ်၊ သားတို့ နှစ်ယောက်သာ လက်ထပ်မယ်ဆိုရင် ဟော်တယ်မှာ အခမ်းအနား အကြီးအကျယ် လုပ်ပေးမယ်၊ ဘဏ်က ငွေစုစာအုပ်ထဲမှာလဲ ဘွားလု ပိုက်ဆံတွေ အများကြီးရှိတယ်၊ သားကို အကုန်လွှဲပေးမယ်၊ ပြီးတော့ ဟောဒီ စိန်နားကပ်၊ ဒါ တင် မကသေးဘူး၊ သားအမေကလဲ သူ့ရဲ့ မြဘယက်ကြီးဟာ မေလနဲ့ဆို သိပ်လိုက်မှာပဲတဲ့၊ ရင်ရင်ကလဲ သူတို့အိမ်က ကားကို မောင်ဖိုးက သဘောကျနေပုံ ရတယ်လို့ ပြောဖူးတယ်"

"ဘွားလုရယ်၊ အချစ်ကို ငွေတွေ ရွှေတွေ စိန်တွေနဲ့ လဲလို့မရပါဘူး၊ ပန္နည်းချင်းထပ်၊ ဂုဏ်ချင်းထပ်တော့ မြတ်တယ်ဆိုတာ ဟိုအရင် မြေရှင် ယာရှင် ခနရှင် ခေတ်ဆိုးတုန်းက အတွေးအခေါ်တွေပါ"

ဟု ဖိုးတန်က နယ်ကြိုက် ဗီဒီယို ဇာတ်ကားထဲက မင်းသား၏ လေသံမျိုး တမင်လုပ်၍ ပြောလိုက်သည်။ ဒေါ်လုလုကလည်း ရုတ်တရက် မောလာသလိုမျိုး စုပ်တသတ်သတ် လုပ်လိုက်ပြီး. . .

"အင်း ဆရာဝန်ကလဲ ဘွားလုရဲ့ ရောဂါဟာ စိတ်ချမ်းသာအောင် နေမှ ဖြစ်မယ်လို့ ညွှန်ကြားထားတယ်၊ အဲဒါကို ငဲ့ညှာ ထောက်ထားသောအားဖြင့် ဘွားလုရဲ့ ဆန္ဒကို လိုက်လျောပေးပါလား သားရယ်၊ သားနဲ့ မေလတို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို မြင်ခွင့်ရရင် ဘွားလု သေပျော်ပါပြီကွယ်"

ထိုစကားသည် ဖိုးတန်အတွက် ပြောစရာအကွက် ရသွားစေသည်။ ဖိုးတန်က ရုတ်တရက် ထရပ်လိုက်ပြီး စိုးရိမ်တကြီး လေသံဖြင့်. .

"ဟာ မဖြစ်ဘူး မဖြစ်ဘူး၊ ဘွားလု ပြောပုံအရဆိုရင် သားတို့ မင်္ဂလာဆောင်ပြီးတာနဲ့ တစ်ခုခု ဖြစ်မယ့်သဘောပဲ၊ ဘွားလုကိုတော့ အသေမခံနိုင်ဘူး၊ သားပဲ အနစ်နာ ခံလိုက်တော့မယ်၊ သားအနေနဲ့ ဒီတသက်မှာ အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

ဟု ပြောပြီး ထွက်သွားသည်။ ဒေါ်လုလုမှာ. . .

"ဟဲ့. . . ဟဲ့. . . ဘွားလု ပြောတာ အဲဒီလို မဟုတ်ဘူး၊ နေအုံး



www.burmeseclassic.com

www.burmeseclasssic.com



လေ"

ဟု တတွတ်တွတ် လှမ်းပြောရင်း ကျန်ခဲ့သည်။ ခုမှပဲ တကယ် မောလာလေ၏။

ဖိုးတန် အိမ်ရှေ့ခန်း ပြန်ထွက်လာသောအခါ ဒေါ်ခင်ဖြူဝင်းက ဆီး၍မေးသည်။

"မင်းအဘွားက ဘာတွေ ပြောလိုက်သေးလဲ"

"ဘာတွေမှန်း မသိပါဘူး၊ သားတော့ ဘွားလှကို သိပ်တောင် မသက်သာချင်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ပေါက်ကရ ကယောင်ချောက်ချားတွေ လျှောက်ပြောနေတယ်၊ ကြည့်ရတာ သူငယ်ပြန်နေပြီ ထင်တယ်"

"မဟုတ်တာဟယ်၊ တောက်တီးတောက်တဲ့၊ သူငယ်ပြန်နေတယ် ဆိုရင် မြဘယက်ကိစ္စ မှတ်မိပါ့မလား"

ပါးစပ်က လွှတ်ကနဲ ထွက်သွားသည်။ ဒီလို ပြောကတည်းက ဒေါ်ခင်ဖြူဝင်းသည် စောစောတုန်းက အခန်းအပြင်မှ ချောင်းနားထောင် နေခဲ့ကြောင်း ဝန်ခံလိုက်ရာ ကျသွားလေသည်။

ဖိုးတန်နှင့် သဥ္ဇာအေးချစ်တို့အကြောင်း ဒေါ်လှလှကို အသိ မပေးခဲ့။ ဒေါ်လှလှသာ သိသွားလို့ကတော့ တကယ်ပဲ ကိစ္စများသွားနိုင် သည်။ မေလတို့ဘက်က လူကြီးတွေကိုလည်း အသိမပေးရဲ၊ တော်ကြာ ဖိုးတန်ကို ရှုပ်တယ် ပွေတယ် ထင်သွားမှာ စိုးရသည်။ ဦးဇော်အောင်နှင့် ဒေါ်ခင်ဖြူဝင်းတို့သာ နှစ်ယောက်ထဲ ကျိတ်ပြီး စိတ်ပူနေကြရသည်။ မိုးမိုးစံကတော့ ရိပ်မိသော်လည်း မသိချင်ယောင် ဆောင်နေ၏။

◈ ◈ ◈



နောက်တစ်နေ့မနက် ငါးနာရီလောက်မှာ ဦးစိန်မောင်းက ဒေါ်လှလှဆီ ဖုန်းဆက်သည်။ ဖိုးတန်ကိစ္စ စုံစမ်းခြင်း ဖြစ်၏။

"ဘယ်လိုလဲ လှ၊ မောင်ဖိုးက ဘာတဲ့လဲ"

"မလွယ်ပါဘူး၊ သူက သိပ်လည်တာ၊ စကားနဲ့ အနိုင်ယူပြီး ရှောင်ထွက်သွားတယ်"

"ဒီလိုဖြစ်လိမ့်မယ်လို့ ကိုယ်လဲ ထင်သားပဲ၊ လူကြီးတွေရဲ့ ကျန်းမာရေးကို အကြောင်းပြပြီး ဆွဲဆောင် တိုက်တွန်းတာမျိုးက ရိုးနေပြီလေ၊ လှတို့ မြမေတို့ကသာ ဒီနည်းနဲ့ ရမယ် ထင်နေတာကိုး"

"ကျွန်မတော့ စိတ်ဓါတ်တောင် ကျတယ်၊ လက်လျှော့လိုက်ချင် စိတ်တောင် ပေါက်လာပြီ"

"ဟာ ကိုယ်တို့ နှစ်ဦးသဘောတူ သန္နိဋ္ဌာန် ချထားတဲ့ကိစ္စကို အပျက်ခံလို့ ဘယ်ဖြစ်မလဲ၊ စောင့်ကြည့်လိုက်ပါအုံးလေ၊ ကိုယ်လဲ အကြံထုတ်ကြည့်ပါအုံးမယ်"

ဟု ဦးစိန်မောင်းက အားပေး နှစ်သိမ့်လိုက်သည်။

နောက် နှစ်ရက်သုံးရက် ကြာသောအခါ မေလထံသို့ မိုးမိုးစံ ရောက်လာသည်။ ဘွားလှက ပေးခိုင်းတာဆိုပြီး ဒက်တော ဆပ်ပြာနှင့် တမာဆပ်ပြာတွေ လာပေးသည်။ မေလမှာ နားမလည်နိုင်ဘဲ အူကြောင်ကြောင် ဖြစ်နေသည်၊ နောက်မှ ဖိုးတန်ဆီ ဖုန်းဆက်မေးသည်။ ဖိုးတန်က ပွေးကိစ္စ ပြောလိုက်သောအခါ မေလက 'ခွေးစုတ်၊ ငဖိုးစုတ်' ဟု ဆဲဆိုလေသည်။

တစ်ရက်မှာတော့ ဖိုးတန်သည် ရောင်ထုံးပေါ်မှာ ပုဝါပါးကို ပေါင်းထားသော နှုတ်ခမ်းမွေးကားကားနှင့် အဘိုးကြီး တစ်ယောက်ကို အိမ်သို့ ခေါ်လာသည်။ အထက်လမ်းဆရာကြီးဟု ဆိုသည်။ ဘယ်က ဘယ်လို ရှာလာခဲ့မှန်းမသိ။ ဒေါ်လှလှမှာ အမှောင့်ပယောဂ ဝင်နေသည် ဟု ယူဆရသဖြင့် စစ်ဆေးကြည့်ဖို့ လိုသည်ဟု ဖိုးတန်က ပြောသည်။

ဒေါ်ခင်ဖြူဝင်းမှာ ဘာလုပ်ရမှန်း မသိဘဲ ပြူးပြူးပြာပြာ ဖြစ်နေ၏။ ဒေါ်လှလှနှင့် ပေးတွေ့လို့လဲ မဖြစ်။ ဆရာကြီးရဲ့ လက်သုံးမှာလည်း

www.burmeseclassic.com

www.burmeseclasssic.com



ဟသ်ာပြဒါး သုတ်ထားသော ကြိမ်လုံးကြီး တဝင့်ဝင့်နဲ့၊ နောက်တော့ ပိုးတွဲပုဆိုးတစ်ထည်နှင့် လမ်းစရိတ်ငွေ တန်တော့ပြီး ကြည့်ကောင်းအောင် တောင်းပန် ပြောဆိုလွှတ်လိုက်ရသည်။

ဖိုးတန်ဆိုတဲ့ကောင် တစ်ချက်မှလိုက်တာ ဒေါ်ခင်မြဝင်း အတော် ပြာသွားခဲ့လေသည်။

... [illegible] ...



အစကတော့ နောက်ပြောင်ခြင်း သက်သက်သာ ဖြစ်၏။ မြတ်သူစိုးသည် စလို့နောက်လို့ သိပ်ကောင်းသည်။ သူ ရှက်သွားပြီဆိုလျှင် (အသားမည်းသဖြင့်)မျက်နှာက နီမသွားဘဲ မရမ်းရောင် သမ်းသွားလေ့ ရှိသည်။ စိတ်လည်း မဆိုးတတ်။ တခါတရံ သူ ဒေါသဖြစ်တယ် ဆိုတာက တောင် ရယ်စရာ ကောင်းနေတတ်သည်။

မေလကို စိတ်ဝင်စားခဲ့မိရာမှ မဖြစ်နိုင်မှန်း သိသဖြင့် လက်လျှော့သွားသည်။ ထိုအခါ ဖိုးတန်က သူ့အစ်မ မိုးမိုးစံကို အစား ပြန်လျှော်ပေးမည်ဟု ဆိုသည်။ နောက်ရင်းပြောင်ရင်းက တကယ် သဘောတူမိသွားသည်။ သူတို့နှစ်ယောက်က လိုက်လဲ လိုက်ဖက်သည်။

"စိတ်ကူးမလွဲနဲ့ မြတ်သူ၊ မေလ လှသလောက်ကတော့ မမလဲ လှတာပဲ၊ မမကတောင် အရပ်နည်းနည်း ပိုရှည်သေးတယ်၊ မင်းကလဲ အရပ်ရှည်တော့ ရှေ့သွားနောက်လိုက် ညီတာပေါ့ကွ"

ဟု ဖိုးတန်က ဆွယ်သည်။ မြတ်သူစိုးမှာ သူ့ထုံးစံအတိုင်း

www.burmeseclasssic.com

www.burmeseclasssic.com



'ဟာကွာ၊ ဟာကွာ' ၊ 'မင်းကွာ၊ မင်းကွာ' ဆိုပြီး ကြောက်အကန် ငြင်းသော်လည်း ကြာတော့ စိတ်ပါလာသည်။ သူကိုယ်တိုင်က ဝန်ခံလာတာ မဟုတ်၊ ဖိုးတန်က အကဲခတ်ယူရခြင်း ဖြစ်၏။ မင်း တကယ် ကြိုက်နေပြီ မဟုတ်လားလို့ စစ်မေးတော့ မင်း ထင်ချင်သလိုသာ 'ထင်ပါတော့ကွာ ဆိုသော စကားကို အတည်ယူလိုက်ရခြင်းသာ ဖြစ်၏။

မိုးမိုးစံကို ဖွင့်ပြောဖို့ကျတော့လည်း သတ္တိမရှိ၊ ထို့ကြောင့် ဖိုးတန်ကပဲ ကြားက ဆောင်ရွက်ပေးရသည်။ မိုးမိုးစံကလည်း ဆူလိုက် ကြိမ်းလိုက် ငြင်းလိုက် လုပ်ရင်း နဲ့ဖန် များတော့ ယိုင်လာသည်၊ ဒီလိုနဲ့ မြတ်သူစိုးနဲ့ မိုးမိုးစံတို့ သမီးရည်းစား ဖြစ်သွားကြသည်။

သူတို့နှစ်ယောက်မှာ တကယ်လည်း လိုက်ဖက်ကြသည်၊ တွေ့ကြတဲ့အခါ သူများ သမီးရည်းစားတွေလို အချစ်အကြောင်း မပြောကြဘဲ နောက်ဆုံးပေါ် ကွန်ပျူတာ နည်းပညာများအကြောင်း၊ ဂျာနယ်ထဲက ဆောင်းပါးတွေအကြောင်း၊ မဂ္ဂဇင်းထဲက ဝတ္ထုတိုတွေအကြောင်း၊ ဂန္ထဝင်စာပေတွေအကြောင်း ပြောကြသည်။ သူတို့ ချိန်းတွေ့ကြတဲ့ နေရာတွေကလည်း အမျိုးသား စာကြည့်တိုက်၊ ဘီစီ စာကြည့်တိုက်၊ စာပေဗိမာန် စာတမ်းဖတ်ပွဲ၊ ပန်းချီပြပွဲ စသော နေရာများသာ ဖြစ်၏။

သူတို့မှာ ပိပိရိရိ မနေတတ်သလို ဟန်ဆောင်ကောင်းသူများလည်း မဟုတ်ကြသဖြင့် မကြာခင်မှာပင် လူကြီးတွေ သိသွားကြသည်၊ ဒေါ်ခင်မြဝင်းက. . .

"ဟင်၊ ကိုယ့်မောင်လေးအတွက် ခိုင်းတာကျတော့ အောင်မြင်အောင် မလုပ်နိုင်ဘူး၊ သူ့အတွက်တော့ ရအောင် ရှာတယ်"

ဟု ပြောသည်။ ဦးဇော်အောင်ကလည်း. . .

"ငါတို့မှာ ချွေးမ မရတဲ့အပြင် သမီးတောင် ပြန်ပေးရမယ့်ကိန်း ဆိုက်နေပါလား၊ ဒါ ဟိုကောင့်စနက်ပဲ ဖြစ်ရမယ်"

ဟု ပြောသည်။

သို့ရာတွင် မြတ်သူစိုးသည် ရိုးသားသူ၊ ပညာတော်သူလည်း ဖြစ်၊ မိဘတွေကလည်း ဂုဏ်သရေရှိ လူကြီးလူကောင်းများ ဖြစ်သဖြင့်





သဘောတူထားလိုက်ကြလေသည်။

(ဤဇာတ်လမ်းတွင် မြတ်သူစိုးနှင့် မိုးမိုးစံတို့မှာ ဇာတ်ပို့ဇာတ်ရံမျှသာ ဖြစ်သောကြောင့် သူတို့ စုံတွဲအကြောင်းကို အသေးစိတ် မဖော်ပြတော့ပါ။ အကျယ်ချဲ့နေလျှင် အိုင်သွားမည် စိုးရပါသည်၊ ထို့ပြင်တစ ဖိုးတန်နှင့် မေလတို့၏ ကိစ္စမှာလည်း အရေးကြီးသော အပိုင်းကို ရောက်ပြီ ဖြစ်သဖြင့် ဇာတ်ရှိန် မြင့်ရပါတော့မည်။ ဆက်လက် ရှုတော်မူ။)

◈ ◈ ◈

ဖိုးတန်၏ လက်ကိုင်ဖုန်းက အသံမြည်လာသည်၊ ခေါ်ဆိုသူနံပါတ်ကို ကြည့်၍. . .

"အဘိုးကြီး လှမ်းချက်တာ"

ဟု ပြောပြီး ဖုန်းဖွင့် နားထောင်လိုက်သည်။

"ဖေဖေလား"

"အေး. . .မင်း အခု ဘယ်ရောက်နေလဲ"

"မေလတို့ အိမ်မှာပါ ဖေဖေ"

"ဒါဆို မေလကို ဖုန်းပေးလိုက်စမ်း"

မေလက ဖိုးတန် ကမ်းပေးသောဖုန်းကို ကိုင်ပြီး ထူးလိုက်သည်၊

"ဟုတ်ကဲ့"

"သမီး မေလလား၊ မောင်ဖိုးနဲ့ သမီးနဲ့ အပြင်သွားစရာ ရှိတယ်ဆိုတာ ဟုတ်လား"

မေလက ဖိုးတန်ကို လှမ်းကြည့်သည်၊ ဖိုးတန်က စပ်ဖြီးဖြီး လုပ်ပြသည်၊ မေလသည် အခွင့်အရေး ရတုန်း ပညာပေးလိုက်မယ်ဟု စဉ်းစားပြီး. . .



www.burmeseclassic.com

www.burmeseclasssic.com



"ဟုတ်ပါတယ် ဦးဦးဇော်၊ ငဖိုးက သမီးကို ဆူရှီ အဝကျွေးမယ်ဆိုပြီး လာခေါ်တာပါ"

ဖိုးတန်က အံကြိတ်ပြသည်။

"အော်. . . ဟုတ်လား၊ ကောင်းတယ်၊ ကောင်းတယ်၊ သမီးတို့ သွားစရာရှိတာ အေးအေးဆေးဆေး သွားကြ၊ မောင်ဖိုးကိုလဲ ပြောလိုက်၊ အချိန်မရရင် ရုံးကို လာမကြိုနဲ့တော့၊ ဦးဦးဇော်ဘာသာ ရုံးက ကားတစ်စင်းကို လိုက်ပို့ခိုင်းမယ်လို့ ကြားလား"

"ဟုတ်ကဲ့ ဦးဦးဇော်"

မေလက ဖုန်းကို ဖိုးတန်ဆီ ပြန်ပေးလိုက်ပြီး. . .

"နင်တို့အဖေက တယ်သဘောကောင်းနေပါလား"

အပြင်မှာ ရပ်ထားသော ကားကို လှမ်းကြည့်ရင်း ဆက်ပြောသည်။

"ကားကိုလဲ ပြန်သုံးခွင့် ပေးလိုက်ပြီဆိုတော့၊ ဇကန္တ"

"ဟုတ်တယ်၊ နင်ထင်တဲ့အတိုင်းပဲ"

"ပြီးတော့ ဟန်းဖုန်းကကော"

ဖိုးတန်က လက်ကိုင်ဖုန်းကို ခါးမှာ ပြန်ချိတ်လိုက်ပြီး. . .

"သဥ္ဇာအေးချစ်နဲ့ အဆက်ဖြတ်ရင် ဟန်းဖုန်းဝယ်ပေးမယ်လို့ ဖေဖေက အပေးအယူလုပ် ကမ်းလှမ်းလာတယ်လေ"

"ဘာ ဒါနဲ့ပဲ နင်က၊ အကြံပက်စက်လှချည်လား၊ အသည်းနှလုံးကို ဆဲလ်ဖုန်းနဲ့ လဲတယ်ဆိုတာ နင့်လိုကောင်မျိုးပဲ၊ နင့်မှာ ဂုဏ်သိက္ခာဆိုတာ ရှိသေးရဲ့လား၊ နင့်ကို ငါ ကြောက်တောင် ကြောက်လာပြီ ငဖိုး၊ တကယ်လို့ ငါတို့အိမ်က ကားကို ရမယ်ဆိုရင်လဲ နင် ငါ့ကို ကြိစည်ချင် ကြံစည်မှာပေါ့၊ ဟုတ်လား၊ တော်ပြီ တော်ပြီ"

"ဟာ ဟာ၊ နေပါအုံးဟ၊ နင်ကလဲ ငါ့ကို နှိပ်ကွပ်ဖို့ဆိုရင် နည်းနည်းလေးတောင် မအောင့်နိုင် မစောင့်နိုင်ဘူးလား"

"ငါပြောတာ မဟုတ်လို့လား"

"ဒီလိုပါဟာ၊ ငါနဲ့ သဥ္ဇာနဲ့က ပြတ်သွားခဲ့ပြီးပါပြီ၊ အဲဒီအချိန်ကျ



မှ ဖေဖေက ပြောလာတာ၊ ဒါနဲ့ ငါလဲ ရတဲ့ အခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်ဘူးဆိုပြီး အဆက်ဖြတ်ပါမယ်လို့ ရောချလိုက်တာ၊ ဟန်းဖုန်းကြောင့် သူ့ကို ဖြတ်တာ မဟုတ်ပါဘူး"

"နင်နဲ့ သဥ္ဇာနဲ့က ဘယ်လိုဖြစ်ကြတာလဲဟာ"

"အဲဒါတွေ နင့်ကို ပြောပြချင်လို့ လာခေါ်တာ၊ ကဲပါ၊ နင် ဆူရှီ စားချင်တယ်ဆို သွားရအောင်၊ စားရင်းသောက်ရင်း ပြောကြတာပေါ့၊ ဖေဖေက သိပ်သဘောတွေ ကောင်းနေတယ်၊ မုန့်ဖိုးအပြင် ဘောနပ်စ်သဘောမျိုး ထပ်ပေးလိုက်သေးတယ်"

◈ ◈ ◈

ပန်းဂျုံခေါက်ဆွဲနှင့် ဆူရှီ မှာစားကြသည်။ မေလသည် ကားပေါ်မှာကတည်းက မေးချင်နေတာ၊ ဖိုးတန်က ကားတွေ ရှုပ်နေတယ်၊ မောင်းရင်း ပြောလို့ မကောင်းဘူး ဆိုသဖြင့် အောင့်ထားရ၏။ ဆိုင်ကို ရောက်မှပဲ စကားစ ပြန်ကောက်ရတော့သည်။

"ကဲ. . . ပြောလေဟာ၊ သဥ္ဇာနဲ့နင်နဲ့ ဘာဖြစ်လို့ လမ်းခွဲလိုက်ကြတာလဲ"

"နံပါတ်တစ်အချက်ကတော့ စရိုက်ချင်း မတူလို့၊ သဥ္ဇာက မပွင့်လင်းဘူး၊ မြူစေ့စေ့ လုပ်တတ်တယ်၊ ပိုဆိုးတာက ဟာသဉာဏ် မရှိတာပဲ၊ ငါကလဲ မနောက်ရ မပြောင်ရရင် မနေနိုင်ဘူးလေ၊ တခါတလေကျတော့ ငါက နောက်လိုက်တာကို သူက နောက်မှန်းမသိဘဲ တကယ် ထင်သွားတတ်တယ်၊ တကွက်ကျော် တွေးရတဲ့ ဟာသမျိုးကို နားမလည်ဘဲ ကြောင်တောင်တောင် လုပ်နေတတ်တယ်၊ အဲဒါတွေ နင်လဲ သိပါတယ်၊ နင်လဲ သူနဲ့ မကြာခဏ ဆုံဖူးတာပဲ၊ နင် စဉ်းစားကြည့်ဟာ၊ ကိုယ်က ရယ်ရော

www.burmeseclassic.com

www.burmeseclasssic.com



ပြောတာကို တစ်ဖက်လူက မရယ်ဘဲနေရင် ဘယ်လောက် အခံရ ခက်သလဲ"

မေလက ရယ်လိုက်ပြီး. . .

"နင့်ကို မှီအောင် ပေါနိုင်တဲ့လူကလဲ ခပ်ရှားရှားပဲကိုး"

"နင်က လွဲရင်ပေါ့လေ"

"ကဲ. . . နောက်တစ်ချက်က ဘာလဲ၊ ပြောပါအုံး"

"အဲဒါကတော့ သူ့ရုပ်ရည်နဲ့ ဆိုင်တယ်ဟ၊ သူက ပိန်တယ်လေ၊ ပြီးတော့ မျက်နှာကလဲ တော်တော်လေးကို သွယ်တာ၊ ဒီတော့ ရှေ့တည့်တည့်က ကြည့်ရင် မျက်နှာက ရှည်နေတယ်၊ ကြည့်မကောင်းဘူး၊ ဘေးတစောင်း ကြည့်မှ လှတာ၊ ဒါကြောင့် စားသောက်ဆိုင်မှာ ထိုင်ရင် ဘေးစောင်း အနေအထားနဲ့ ထိုင်တာပေါ့၊ နင် စဉ်းစားကြည့်ဟ၊ ကိုယ်နဲ့ တသက်လုံး တူတူနေရမယ့် မိန်းကလေး တစ်ယောက်ကို မျက်နှာချင်းမဆိုင်ဘဲ အမြဲတမ်း ဘေးစောင်းပဲ ကြည့်နေရမယ်ဆိုရင် ဇက်ညောင်းလို့ သေရချည်ရဲ့"

"ဒါဆို ငါကကော၊ ငါ့မျက်နှာက ရှေ့က ကြည့်ရင် လှသလား ဘေးတိုက်ကြည့်ရင် လှသလား"

"နင့်မျက်နှာကတော့ နောက်က ကြည့်မှ လှတာ၊ နင့်တကိုယ်လုံးမှာ နောက်စေ့က အလှဆုံးပဲ"

"ထားပါတော့၊ ခုန သဍ္ဍာနဲ့ ပတ်သက်တဲ့ နင့်ရဲ့ အကြောင်းပြချက်တွေဟာ မခိုင်လုံပါဘူး၊ ဆင်ကွက်ကြီးတွေပဲ"

"အဓိက တစ်ချက် ရှိသေးတယ်၊ အဲဒါက အရေးကြီးဆုံးပဲ၊ သူက သဝန်တိုတတ်တယ်"

"မိန်းကလေး အတော်များများက သဝန်တိုတတ်ကြတာပဲ၊ သိပ်ချစ်ရင် သဝန်တိုတတ်ကြတယ်လို့ ဆိုကြတယ် မဟုတ်လား"

"သူ့ သဝန်တိုတာက နင်နဲ့ ပတ်သက်နေတယ်၊ ငါက နင့်ကို ပိုပြီး ဦးစားပေးတယ်လို့ သူက ထင်နေတာ"

မေလက ခဏစဉ်းစားပြီးနောက်. .



"အင်း. . . သူ ထင်မယ်ဆိုလဲ ထင်ချင်စရာပဲ၊ နင်တို့ သွားကြလာကြတဲ့အခါ ငါ့ကို ကန့်လန့်ကန့်လန့်နဲ့ ခေါ်သွားတတ်တာကိုး၊ ပြီးတော့ နင်က ငါနဲ့ချည်း စကားတွေ ပြောနေတတ်တာလေ၊ သူပြောတာ မလွန်ဘူး ထင်တာပဲ"

"စကားပြောရတာကလဲ နင်နဲ့မှ အပေါက်အလမ်း တည့်တာကိုး၊ နေစမ်းပါအုံးဟ၊ ပြောစရာ ကျန်သေးတယ်၊ တစ်ရက်ကျတော့ ငါနဲ့သူနဲ့ စူပါမတ်ကက် သွားရင်းနဲ့ ဆိုင်တစ်ဆိုင်မှာ နာရီလှလှလေးတစ်လုံး တွေ့တယ်၊ ဒါနဲ့ ငါက သူ့ကို အဲဒီနာရီလေး ဘယ်လိုနေသလဲ မေးတော့ သူက သိပ်လှတာပဲတဲ့၊ ဒါနဲ့ ငါလဲ ဝယ်လိုက်တယ်၊ သူက သူ့အတွက်လို့ ထင်တာ၊ တကယ်က နင့်ကို ပေးဖို့ဝယ်တာ"

"ငါ့မွေးနေ့တုန်းက ပေးတဲ့နာရီလား"

"အေး ဟုတ်တယ်၊ သူက ငါ့ကို မေးတယ်၊ သူ့မွေးနေ့ကိုကော သိသလားတဲ့၊ အမှန်အတိုင်း ပြောရရင် ငါ မသိဘူး၊ မေးလဲ မေးမကြည့်ဖူးဘူး"

"နင်ကလဲဟယ်"

"အဲဒီမှာတင် ပေါက်ကွဲတော့တာပဲ၊ ငါက သူ့ကို နင့်လောက်ဂရုမစိုက်ဘူးပေါ့၊ ငါ့ရဲ့ မသိစိတ်ထဲက နင့်ကို ကြိုက်နေတယ်လို့လဲ စွပ်စွဲတယ်၊ ပြီးတော့ နင့်ကို အဆက်ဖြတ်မလား၊ သူ့ကို အဆက်ဖြတ်မလားလို့ ရာဇသံ ပေးတော့တာပဲ"

"အဲဒီတော့"

"ငါက နင့်ကိုပဲ အဆက်ဖြတ်မယ်လို့ ပြောလိုက်တယ်"

"အေး. . . ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဟိုက ချစ်သူပဲ၊ ဦးစားပေးသင့်တယ်လေ"

"ဟာ ငါပြောတာ အဲဒီလို မဟုတ်ဘူး၊ နင့်ကို ဖြတ်မယ်ဆိုတာက နင်လို့ အဲ. . မေလလို့ ဆိုလိုတာ မဟုတ်ဘူး၊ သူ့ကို ပြောခဲ့တဲ့ စကားလုံးအတိုင်း ပြန်ပြောပြတာ၊ နင့်ကို ဖြတ်မယ်ဆိုတာ သူ့ကို ဖြတ်မယ်လို့ ဆိုလိုတာ"

www.burmeseclassic.com

www.burmeseclasssic.com



"ဟယ်. . . ငါ့ကြောင့် ဒီလို ဖြစ်ရတာ ဘယ်ကောင်းမလဲ၊ သူ မသက်သာလို မဟုတ်ဘူး ဆိုတဲ့အကြောင်း ငါကိုယ်တိုင် လိုက်ပြီး ရှင်းပြပေးပါမယ်"

"ရှင်းမနေနဲ့တော့၊ မသိစိတ်ထဲက ကိစ္စကို ဘယ်လိုရှင်းမလဲ၊ မသိစိတ်ပါဆိုမှ ဘယ်လိုလုပ် သိမလဲဟ၊ ပြီးတော့ ဖေဖေ့ကိုလဲ သူနဲ့ ပြတ်သွားပြီဆိုတာ ပြောပြလိုက်ပြီ၊ ဟန်းဖုန်းလဲ ပြန်အသိမ်းမခံနိုင်တော့ဘူး၊ သူ့လိုပုံစံမျိုးကိုလဲ ငါမကြိုက်ဘူး"

"ဒါဆို နင်က ဘယ်လိုပုံစံမျိုးကို ကြိုက်တာလဲ"

"ငါလား၊ နင့်လိုပုံစံမျိုးကို ကြိုက်တယ်"

"ဘာ နင်က ငါ့ဘက် လှည့်လာတာလား၊ နင့်ကိုယ်နင် ဘာများ မှတ်နေသလဲ"

ဖိုးတန်က လက်ကာပြပြီး. . .

"ငါပြောတာက နင့်လို ပွင့်ပွင့်လင်းလင်း ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ တိုက်ပ်မျိုးကို ကြိုက်တယ်လို့ ပြောတာ၊ နင့်ကို ကြိုက်တယ်လို့ ပြောတာ မဟုတ်ဘူး၊ သိပ်မြောက်မသွားနဲ့အုံး"

"တော်ပါသေးရဲ့၊ ငါဖြင့် လန့်သွားတာပဲ"

"တော်ပြီဟာ၊ ဒီကိစ္စ ပြီးသွားပြီလို့ သဘောထားလိုက်၊ ငါက နင်နဲ့ တသက်လုံး ခုလိုမဲ နေသွားချင်တာ၊ နင်နဲ့ အဆက်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒီတော့ နောက်ကို ကောင်မလေး တစ်ယောက်ယောက်ကို ကြိုက်တော့မယ်ဆိုရင် နင်နဲ့ ပတ်သက်ပြီး သဝန်မတိုပါဘူးဆိုတဲ့ ကတိကို ရမှ ကြိုက်မယ်"

"လူပါးဝလှချည်လား၊ နင့်ကိုပဲ ကတိပြန်ပေးရအုံးမယ် ဟုတ်လား၊ အဲဒီလို သွားပြောလို့ကတော့ ပြန်မကြိုက်တဲ့အပြင် ပါးရိုက်မခံရရင် ကံကောင်း"

"မကြိုက်ရင်လဲ နေပစေ၊ တသက်လုံး မိန်းမ မရလဲ အရေးမကြီးဘူး၊ နင်နဲ့တော့ ခွဲခွာပြီး မနေနိုင်ဘူး၊ နင်ကော"

မေလက ခဏစဉ်းစားပြီးမှ. . .



"ငါလဲ အဲဒီလို ပြဿနာတွေ ဖြစ်မှာစိုးလို့ ရည်းစားမထားပဲ နေခဲ့မိတာ ထင်ပါရဲ့ဟာ"

ဟု ပြန်ပြောသည်။

◈ ◈ ◈

ကန်ရေပြင်သည် ငြိမ်သက်နေ၏။ ညနေခင်း၏ လေညင်းသည် ရေပြင်ပေါ်မှာ တို့ရုံထိရုံမျှ လျှပ်တိုက်ပြေးနေသည်၊ နေရောင်က ဖျော့တော့စွာ ကျနေသဖြင့် ရေက အစိမ်းရင့်ရောင် သမ်းလျက်ရှိ၏။ တစ်ဖက်ခြမ်းက ကျွန်းဆွယ်ညို့ညို့ကိုလည်း လှမ်းမြင်နေရသည်။ ကြည်နူးစရာ၊ စိတ်လှုပ်ရှားစရာ၊ ဝမ်းနည်းစရာ၊ ပျော်ရွှင်စရာ တစ်ခုခု ရှိခဲ့လျှင် မူလအခံထက် ပိုပြီး ခံစားစေနိုင်သော အခြေအနေမျိုး ဖြစ်ပေါ်လာတတ်သည့် မြင်ကွင်းမျိုး ဖြစ်၏။ ရှုခင်းက အလွန်လှသည်။

သူတို့သည် ကန်တော်ကြီးဘက်ကို မျက်နှာမူထားသော ခုံတန်းလျားကလေးမှာ ထိုင်နေကြခြင်းဖြစ်၏၊ စွယ်တော်ပင်၏ အရွက်များက အပေါ်မှ ဖြန့်ကျက် အုပ်မိုးပေးထားသည်။

"နင်က ဘာစိတ်ကူးနဲ့ ဒီနေရာမှာ လာထိုင်ချင်ရတာလဲ"

ဟု မေလက မေးလိုက်သည်။

"ပြောစရာရှိလို့"

"ပြောစရာရှိတာများ စောစောက စားသောက်ဆိုင်မှာတုန်းက တလက်စထဲ ပြောလိုက် ပြီးရော၊ ဒါမှမဟုတ် ကားပေါ်မှာ ပြော၊ အိမ်ရောက်မှ ပြောလဲ ရတာပဲဟာ"

"ဒီလိုနေရာမျိုးမှာ ပြောမှ ကောင်းမှာမို့လို့ပါ"

မေလက ဖိုးတန်ကို ဖြတ်ကနဲ ကြည့်လိုက်သည်။ ဖိုးတန်လဲ

www.burmeseclassic.com

www.burmeseclasssic.com



မျက်နှာထားသည် ထူးထူးခြားခြား တည်ငြိမ်နေ၏။ ကန်ရေပြင်ဘက်ကို ငေးကြည့်နေသည်။ ဖိုးတန် ခုလိုမျိုး လုပ်ပြီဆိုလျှင် ကြောက်ရသည်။ ပေါက်ကရတွေ ရုတ်တရက် ထလုပ်ချင် လုပ်တတ်သောကြောင့် ဖြစ်၏။

"ကဲ. . . ဒါဆိုလဲ ပြော"

"ဒီလိုဟ၊ သဠာက ပြောတယ်မဟုတ်လား၊ ငါဟာ နင့်ကို မသိစိတ်ထဲမှာ ကြိုက်နေတယ် ဆိုတာလေ၊ အဲဒါ ဟုတ်မဟုတ် ဖော်ထုတ်ကြည့်ချင်လို့"

"ဘယ်လို"

"နင့်ရဲ့ မသိစိတ်ထဲမှာလဲ ငါ့ကို ကျိတ်ပြီး စိတ်ဝင်စားနေတာမျိုးလဲ ရှိနိုင်တာပဲ"

"ဟဲ့ မသိစိတ်ထဲက ဟာကို ဖော်ထုတ်ဖို့ဆိုတာ စိတ်ပညာရှင်တွေမှ တတ်နိုင်တာလေ"

"ငါ စဉ်းစားတာက ဒီလိုဟ၊ လူတွေဟာ ပတ်ဝန်းကျင် အခြေအနေရဲ့ စေ့ဆော်မှုကြောင့် အတွင်းစိတ်ထဲက ခံစားချက်တွေ ထွက်ပေါ်လာတတ်တယ်လို့ ကြားဖူးတယ်၊ ကိုယ် ငယ်ငယ်က နေခဲ့တဲ့ ကျောင်းကလေးကို တွေ့တဲ့အခါ ကျောင်းသားဘဝကို ပြန်ရောက်သွားသလို ခံစားရတာမျိုးပေါ့၊ ဒီနေရာဟာ သမီးရည်းစားတွေ ထိုင်လေ့ ရှိတယ်လေ၊ အဲဒီအခါ ငါတို့ရဲ့ စိတ်ရင်းအမှန်များ ပေါ်လာမလားလို့"

"နင့်အိုင်ဒီယာက နည်းနည်းတော့ ဂေါက်တယ် ထင်တယ်"

"ဘာပဲဖြစ်ဖြစ် စမ်းကြည့်တာပေါ့ဟာ၊ ဟိုမှာကြည့် ရွှင်းက ဘယ်လောက် သာယာသလဲ၊ ဆွတ်ပျံ့ ကြည်နူးဖို့ ကောင်းတဲ့ မြင်ကွင်းဟာလဲ စိတ်ကို လှုံ့ဆော်ပေးတတ်တယ်၊ အခု နင့်ရင်ထဲမှာ ဘယ်လို ခံစားနေရသလဲ"

"အီလည်လည်ကြီး ဖြစ်နေတယ်"

"ဘာ"

"ဟုတ်တယ်၊ စောစောက ဆူရှီတွေရော ခေါက်ဆွဲတွေရော စားထားတာ များသွားလို့ ရင်ထဲမှာ ပြည့်ပြီး အီလည်လည်ကြီး ဖြစ်နေ





တယ်"

"အင်း. . . တော်တော် အားရစရာပဲ"

အတော်ကြာတဲ့အထိ ဘာစကားမှ ဆက်မပြောဖြစ်ကြ၊ ရေကန်ထဲဘက်ဆီသို့သာ ငေးကြည့်နေကြသည်။ နောက်တော့ မေလက. . .

"ငါ ပျင်းလာပြီဟာ"

ဟု ပြောလိုက်သည်။ ဖိုးတန်က. . .

"ဒီလိုလုပ်ကြည့်လေ၊ နင်နဲ့ငါနဲ့ ချစ်နေကြပြီလို့ စိတ်ထဲမှာ ထင်ယောင်ကြည့်လိုက်ပါလား"

"ဟာ ငါက ရုပ်ရှင်မင်းသမီးမှ မဟုတ်တာ၊ အငှားခံစားကြည့်လို့ ဘယ်ရမလဲ၊ ပြီးတော့ ငါက ရည်းစားထားတဲ့ အတွေ့အကြုံလဲ မရှိဖူးဘူး၊ ပြီးတော့လဲ နင့်ကို မြင်ရင် ဖီးလ်မဖြစ်ဘဲနဲ့ ရယ်ချင်လာတယ်"

"မလွယ်ပါလား၊ နေအုံး၊ တစ်ခုရှိတယ်၊ တစ်ယောက်ကို တစ်ယောက် စိတ်ဝင်စားနေကြတဲ့ လူနှစ်ယောက်ဟာ အသားချင်း ထိမိရင် ရှိန်းကနဲ ဖိန်းကနဲ ဖြစ်သွားတတ်တယ်၊ နင့်လက်ကို ငါ ကိုင်ထားကြည့်မယ်"

"အေး. . . ရော့ ကိုင်လေ"

မေလက လက်ကမ်းပေးသည်။ ဖိုးတန်က ဆုပ်ကိုင်ထားလိုက်၏။ ခဏကြာတော့ ဖိုးတန်က မေး၏။

"ဘယ်လိုနေသလဲ"

"နင့်လက်က အေးစက်စက်ကြီး၊ နင်ကော ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ဘူး"

"ဒါဆိုရင်တော့ မဟုတ်လောက်ဘူး ထင်ပါတယ်ဟာ"

ဖိုးတန်က မေလကို တစ်ချက် စေ့စေ့ကြည့်ပြီးနောက်. . .

"မေလ"

"ဟင်. . . ဘာလဲ"

"နင်ဟာ ယောက်ျားလျာများ ဖြစ်နေလား မသိဘူး"

"မဟုတ်တာဟယ်၊ ငါ့ဟာငါ သိတာပေါ့"



www.burmeseclassic.com

www.burmeseclasssic.com



"နင် ရည်းစားတွေ ဘာတွေ ထားဖို့ကော စိတ်မကူးကြည့်ဖူးဘူးလား"

"တခါတလေတော့ အပျင်းပြေ စဉ်းစားကြည့်ဖူးတယ်၊ ဒါပေမယ့် ရည်းစားထားရင် အစားရှောင်ရတယ်ဆိုတဲ့ အချက်တစ်ချက်ထဲနဲ့ပဲ စိတ်ကုန်သွားတာပဲ

"ဘာ အစားရှောင်ရတယ်၊ နင့်ကို ဘယ်သူပြောလဲ"

"ငါ့သူငယ်ချင်းတွေ ပြောတာ၊ ရည်းစားနဲ့ ချိန်းတွေ့ဖို့ သွားကာနီးရင် ဘယာကြော်သုပ်တို့ဘာတို့ မစားရဘူးတဲ့၊ မဆလာတို့ ကြက်သွန်တို့ ပါတော့ ပါးစပ်နံမှာ စိုးလို့တဲ့၊ ခေါက်ဆွဲသုပ်ဆိုရင်လဲ ကြက်သွန်ဖြူလေး ကိုက်ပြီး စားမှ ကောင်းတာဆိုတော့ ရှောင်ရတယ်တဲ့၊ ပဲကြီးလှော်လဲ စားမသွားရဘူးတဲ့၊ ဒီတော့ ငါနဲ့ ဖြစ်မယ် မထင်ပါဘူး၊ ငါက ဝက်သားနဲ့ မှျစ်ချဉ်ကို သိပ်ကြိုက်တာ၊ မစားဘဲ မနေနိုင်ဘူး၊ တကယ်လို့များ ကောင်လေး တစ်ယောက်ယောက်ကို ကြိုက်မိပြီဆိုရင် မှျစ်ချဉ်နဲ့ ခံနိုင်ရဲ့လားလို့ အရင်မေးပြီးမှ အဖြေပေးရမလို ဖြစ်နေပြီ"

ဖိုးတန်က ဟားတိုက် ရယ်လိုက်သည်။

"မေလရယ် နင့်ကိုတော့ လက်လန်တယ်၊ နင်က ငါဟာ အသည်းနှလုံးကို ဆဲလ်ဖုန်းနဲ့ လဲတဲ့ကောင်လို့ စွပ်စွဲခဲ့တယ်နော်၊ နင်ကတော့ အချစ်ပလ္လင်ကို မှျစ်ချဉ်လောက်တောင် တန်ဖိုးမထားတဲ့လူလို့ ပြောရမယ်"

"အမယ် ငဖိုး၊ နင်က ညာတာပါတေးနဲ့ ငါ့လက်ကို ကိုင်ထားတာ ကြာပြီ၊ ဖယ်စမ်း"

မေလက ဖိုးတန် ဆုပ်ကိုင်ထားသောလက်ကို ဆွဲရုန်းထွက်လိုက်သည်။

"ငါကလဲ ကိုင်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ယောင်ပြီး ဆက်ကိုင်ထားမိတာပါ၊ ပြီးတော့ နင့်လက်က ဘယ်ဘက်လက်ကြီးများ၊ ခွဲစရာကြီးပါ"

ဟု ဖိုးတန်က ပြောရင်း နှာခေါင်းရှုံ့ပြသည်။ မေလက. . .





"ငါ တစ်ခု စဉ်းစားမိတယ်၊ ရုပ်ရှင်တွေထဲမှာ ကြည့်ဖူးတယ် မဟုတ်လား၊ အောက်ပိုင်းသေနေတဲ့ လူတစ်ယောက်ဟာ ထိတ်လန့်စရာ တစ်ခုခုကို တွေ့တဲ့အခါ ယောင်ပြီး ထရပ်လိုက်မိရာကနေ ပြန်ကောင်းသွားတယ် ဆိုတာလေ၊ အဲဒီ သဘောမျိုးပဲ၊ စိုးရိမ် ကြောက်လန့်သွားတဲ့ အခါကျမှ မသိစိတ်ထဲမှာ ပုန်းနေတဲ့ အချစ်က ဘွားကနဲ ပေါ်ချင်ပေါ်လာမှာ"

"ဒီတော့ ဘာလုပ်ရမလဲ၊ ငါက နင့်ကို မြှုပ်ပြီး ခြောက်လှန့်ရမှာလား"

"မဟုတ်ဘူး၊ နင်က ရေထဲ ခုန်ချပြီး ရေနစ်အောင် လုပ်ချင်လုပ်၊ ဒါမှမဟုတ် ကားတိုက်ခံလိုက်၊ အဲဒီအခါ စိုးရိမ်စိတ်ကြောင့် ငါ့အချစ်က ပေါ်ချင်ပေါ်လာမှာ"

"တော်တော် စေတနာထားတယ်၊ ငါသေသွားမှ နင့်အချစ်က ပေါ်လာမယ်ဆိုရင်ကော ဘာသွားသုံးရမှာလဲ"

"အလကား ပြောတာပါဟာ၊ ငါကလဲ နင့်ကိုတော့ မသေစေချင်ပါဘူး"

"ဒီလိုတော့လဲ ငါ့အပေါ် ကြင်နာမှု ရှိသားပဲ"

"နင့်ကို ကြင်နာလို့ မဟုတ်ဘူး၊ နင် သေသွားပြီးရင် ငါ့ကို လာပြီး ခြောက်မှာစိုးလို့၊ အဲဒီအခါကျမှ လန့်ပြီး အချစ်စိတ် ပေါ်လာရင် ဘယ်လိုလုပ်မလဲ"

"ကဲပါဟာ၊ သိစိတ်တွေ မသိစိတ်တွေ ဦးနှောက် အခြောက်ခံပြီး စဉ်းစားမနေပါနဲ့တော့၊ အရင်လိုပဲ နေသွားကြတာပဲ ကောင်းပါတယ်၊ နောက်မှ အချစ်စိတ်တွေ ဘာတွေ ပေါ်လာရင်လဲ ကြည့်လုပ်ကြတာပေါ့"

. . . ပြီးပါပြီ . . .



www.burmeseclasssic.com

www.burmeseclasssic.com



မေလသည် အပ်ချုပ်ဆိုင်မှာ အင်္ကျီဝင်ရွေးပြီးနောက် စူပါမတ်ကက် ဝင်ပြီး အသုံးအဆောင် ပစ္စည်းလေးတွေ ဝယ်သည်။ အစားမက်တတ်တဲ့အတိုင်း အသင့်ကြော်စားနိုင်အောင် ပြုလုပ်ပေးထားသော ကော်ပြန့်လိပ်ကလေးတွေလည်း ဝယ်ဖြစ်သည်။

သူ အိမ်ပြန်ရောက်သောအခါ ဒေါ်ရင်ရင်က ဆီး၍ ပြောသည်။

"မောင်ဖိုးတောင် ရောက်လာသေးတယ်"

"ဟုတ်လား၊ ဘယ်မှာလဲ"

"စောစောကပဲ ဖေဖေနဲ့ ထိုင်စကားပြောနေသေးတယ်၊ ဘယ်ရောက်သွားပါလိမ့်"

"ဘွားမြရဲ့အခန်းထဲ ဝင်ပြီး ခွဲနေတာ ဖြစ်မယ်"

မေလက ကော်ပြန့်စိမ်းအထုပ်ကို ဒေါ်ရင်ရင်ကို ပေးခဲ့ပြီး အပေါ်ထပ်သို့ တက်လာခဲ့၏။ အိပ်ခန်းတံခါးကို ဖွင့်ဝင်လိုက်သောအခါ သူ အံ့ဩသွား၏။ ဖိုးတန်သည် မေလ၏ ကုတင်ပေါ်မှာ ကားယားကြီး



မှောက်ပြီး အိပ်နေသည်။

"အမယ်၊ ဟဲ့ ငဖိုး"

ဟု ပြောရင်း ကုတင်နား ကပ်သွားသည်။ ဖိုးတန်က သူ့ကို စချင်လို့ အိပ်ချင်ယောင် ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မည်။ ကိုင်လှုပ်နှိုးမည် ပြုပြီးမှ လက်ပြန်ရုပ်ပြီး ဟိုဒီကြည့်သည်။ စားပွဲပေါ်မှာ ကြက်မွေးတံမြက်စည်းတချောင်းကို တွေ့သည်၊ သွားယူပြီး ဖိုးတန်၏ ခြေသလုံးကို ခပ်စပ်စပ် ရိုက်လိုက်၏။

"ဟဲ့. . . အရှုး၊ ထစမ်း"

သုံးလေးချက် ရိုက်မှ 'အား' ဟု အော်ပြီး ဖိုးတန် လူးလဲထလာသည်။

"ဟင်. . . နင် ဘာလာလုပ်တာလဲ"

"အမယ်၊ သူကပဲ မေးရတယ် ရှိသေး"

ဒီတော့မှ ဖိုးတန်က ဟိုကြည့်ဒီကြည့် လုပ်ပြီး. . .

"ဟဲဟဲ၊ ငါလဲ နင့်ကို စောင့်ရင်း ပျင်းလာလို့ လှဲနေရင်း မေးကန်ဲ အိပ်ပျော်သွားတယ်"

"နင် အတင့်ရဲလှချည်လားဟင်"

"ဘာကိုလဲ"

"အပျိုလေး တစ်ယောက်ထဲ နေတဲ့အခန်းထဲကို ဝင်လာတာတောင် လွန်လှပြီ၊ အခုတော့ ကုတင်ပေါ်တောင် တက်အိပ်နေလိုက်သေးတယ်"

"အမယ် သူ့ကိုယ်သူများ အပျိုလေးတဲ့"

"အပျိုလေး မဟုတ်လို့ ငါက ဘာဖြစ်ရမှာလဲ"

"နင့်ကိုယ်နင် မိန်းကလေးဆိုတာ သတိရသေးသားပဲလို့ ပြောတာပါ၊ နေစမ်းပါအုံး နင့်ကုတင်မှာ ငါအိပ်တာ ဘာဖြစ်လဲ၊ ကလေးဘဝ တုန်းကဆို တူတူတောင် အိပ်ခဲ့သေးတာပဲ"

"ဘာဆိုင်လို့လဲ၊ အဲဒါက ငယ်ငယ်တုန်းကပဲ"

"ငါ့အဖို့တော့ အခုလဲ ကလေးလိုပဲ သဘောထားတယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclasssic.com



ထားစမ်းပါအုံး၊ နှင့်ခေါင်းအုံးစွပ်ကို လဲစမ်းပါအုံးဟာ၊ နံနေပြီ"

"အေး. . . နင် အုံးထားပြီးပြီဆိုတော့ လဲရုံမကဘူး၊ ရေနွေးနဲ့တောင် ပြုတ်လျှော်ရမှာ. . . အပိုတွေ ပြောမနေနဲ့၊ သွားတော့၊ အောက်ထပ်မှာ စောင့်နေ၊ ငါ အဝတ်အစား လဲပြီး လာခဲ့မယ်"

"ငါက မသွားဘူးဆိုရင်တော"

မေလက ခါးထောက်လိုက်ပြီး. . .

"ဒီမှာ ငဖိုး၊ ဒီနေရာဟာ ဘယ်သူ့ ပိုင်နက်နယ်မြေလဲ ဆိုတာကိုလဲ သတိထားစမ်းပါအုံး၊ ငါ အခုအချိန် အော်လိုက်လို့ လူကြီးတွေ ကြားသွားရင် နင် ငါ့ကို ယူရတော့မှာနော်၊ မအော်စေချင်ရင် ရေခဲမုန့် ဝယ်ကျွေးရမယ်၊ ဒါပဲ"

"ဟား၊ ငါက နင့်ကို ယူရသလို နင်လဲ ငါ့ကို ယူရမှာပဲ၊ အော်ရဲရင် အော်လိုက်လေ"

"ငါ မအော်ရဲဘူး ထင်လို့လား"

"အော်လေ၊ ဘာဖြစ်လဲ"

"မေမေရေ လာပါအုံး၊ ဟောဒီမှာ ငဖိုး သမီးကို"

မေလက နောက်ပြီး ခပ်အုပ်အုပ် အော်လိုက်ခြင်းသာ ဖြစ်၏။ သို့ရာတွင်. . .

"ဟဲ့. . . ဟဲ့. . . ဘာဖြစ်လို့လဲ"

အခန်းအပြင်က လှမ်းမေးသော ဒေါ်ရင်ရင့်အသံကို ကြားလိုက်ရသည်။ သူက ကော်ပြန့်လိပ်တွေ ကြော်ပေးရမလား မေးဖို့ မေလဆီ အလာ အခန်းတံခါးရှေ့ အရောက် မေလက အော်လိုက်သောအချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်. . .

"ဟိုက်. . . ပြဿနာပဲ"

မေလက ရေရွတ်လိုက်သည်။

"ဟဲ့. . . ဘာဖြစ်တာလဲ"

ဒေါ်ရင်ရင် အသံနှင့်အတူ တံခါးလက်ကိုင် ဖုကလေး လည်သွားတာ လှမ်းမြင်လိုက်ရသည်။



"နင် ကြည့်ပြောလိုက်"

ဟု ပြောပြီး ဖိုးတန်က ကုတင်အောက် ဝင်ပုန်းနေလိုက်သည်။ ဒေါ်ရင်ရင် အခန်းတံခါး ဖွင့်ပြီး ဝင်လာသည်။

"ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး မေမေ"

"စောစောက အော်သံလိုလို ကြားပါတယ်"

"ဟိုဒင်းပါ၊ အဲ၊ ကြွက် ကြွက်ဝင်လာလို့"

မေလက ပြောမိပြောရာ ပြောလိုက်သည်။ ဒါကိုက သူ့အမှား ဖြစ်သွား၏။ ဒေါ်ရင်ရင်က. . .

"ဘယ်မှာလဲ"

ဆိုပြီး ဟိုဒီကြည့်ရာမှ ကုတင်အောက်ကို ငုံ့ကြည့်မိသောအခါ ကုန်းကုန်းကွကွကြီး ဖြစ်နေသော ဖိုးတန်၏ နောက်ဖက်ပိုင်းကို တွေ့သွားလေသည်။

"အမလေး၊ ဘာကြီးလဲ"

ဟု အလန့်တကြား အော်လိုက်သည်။ ဖိုးတန်မှာ မတတ်သာတော့ဘဲ ကုတင်အောက်မှ လေးဘက်ထောက်ပြီး ထွက်လာခဲ့ရသည်။ သူက ထရပ်ရင်း အညောင်းဆန့်သည်။ ထို့နောက် သွားဖြီးပြလိုက်ပြီး. . .

"နေကောင်းတယ်နော် ဒေါ်လေးရင်"

ဒေါ်ရင်ရင်မှာ မျက်လုံးကြီး ပြူးပြီး ကြက်သေသေနေ၏။ သူ့မျက်နှာပေါ်မှာတော့ အဓိပ္ပါယ်အမျိုးမျိုး ဆောင်သော အရိပ်အယောင်တွေ ဖြတ်ပြေးနေသည်။ နောက်ဆုံးတော့ တစ်စုံတစ်ခုကို ဆုပ်ကိုင်လိုက်မိဟန်ဖြင့်. . .

"အော. . . မင်းတို့က ဒီအခြအနေတောင် ရောက်နေမှကိုး"

အပြစ်တင်သလို စကားဖြစ်သော်လည်း ကျေနပ်သော လေသံ ထွက်နေ၏။

"ဟာ. . . မဟုတ်ပါဘူး"

ဖိုးတန်က ပြူးပြူးပြာပြာ ပြောလိုက်သည်။ ဒေါ်ရင်ရင်က ဂရု

www.burmeseclassic.com

www.burmeseclasssic.com



မစိုက်ဘဲ ဆက်ပြော၏။

"ဟင် အစကတော့ မောင်နှမလိုပဲ ချစ်တာပါ ဘာညာနဲ့ ခုတော့ ကောင်းကြသေးရဲ့လားဟင်"

"မဟုတ်ပါဘူး မေမေ၊ သမီးတို့က"

"တော်တော့ ငြင်းမနေနဲ့တော့၊ လက်ပူးလက်ကြပ် မိနေတာကို"

ဟု ပြောပြီး အပြင်ဘက်သို့ အလျင်အမြန် ပြန်ထွက်သည်။ မေလက. . . နေပါအုံး မေမေ ဟု တားတာတောင် မရ၊

"ဖေဖေတို့ မေမေတို့ရေ၊ လူကြားလို့မှ ကောင်းသေးရဲ့လား၊ ဖေဖေတို့ရဲ့ မြေးမ အလိမ္မာလေးရဲ့ အဖြစ်ကို လာကြည့်ကြပါအုံး"

ဟု အော်ရင်း အောက်ထပ်ကို ပြေးဆင်းသွားသည်။ သူ့ပုံစံက ဖိုးတန်တို့ မေလတို့ လိပ်ပတ်လည်အောင် ရှင်းပြနေမှာစိုးလို့ နားမထောင်ဘဲ အတင်းထွက်ပြေးသလို ဖြစ်နေ၏။

မေလနှင့် ဖိုးတန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်သည်။

"ဘယ်လိုလုပ်ကြမလဲ"

"ငါတို့တော့ ကိုယ့်ထောင်ချောက်ကိုယ် ဆင်မိပြီ"

"တတ်နိုင်သလောက် ကြိုးစားပြီး ရှောင်ထွက်ရမှာပဲ၊ လွယ်တော့ မလွယ်ဘူး"

သူတို့အနေဖြင့် အခန်းထဲမှာ အကြာကြီး ဆက်အောင်းနေလို့ မဖြစ်။ တော်ကြာ ဦးစိန်မောင်းရော၊ ဒေါ်မြမေပါ လိုက်ဝင်လာကြလျှင် ပိုဆိုးမည်။ ထို့ကြောင့် အောက်ထပ်သို့ ဟန်မပျက် ဆင်းလာခဲ့ကြသည်။ ဧည့်ခန်းမှာတော့ ဦးရွှေမောင်းမှလွဲ၍ ဦးစိန်မောင်း၊ ဒေါ်မြမေနှင့် ဒေါ်ရင်ရင်တို့ အားလုံး ထိုင်နေကြသည်။ သူတို့သည် လှေကားမှ ဆင်းလာသော ဖိုးတန်နှင့် မေလတို့ကို စိမ်းစိမ်းကြီး တွေကြည့်နေကြ၏။

ဒေါ်မြမေက တစ်ခုခု ပြောဖို့ ပြင်လိုက်စဉ်မှာ ဖိုးတန်က အရင်ဦးအောင်. . .

"မေလကို စောင့်ရင်းနဲ့ မှေးကနဲ အိပ်ပျော်သွားတယ်၊ သူက ကြက်မွှေးနဲ့ လာရိုက်တော့မှ နိုးတာ၊ ပြီးတော့ ဒေါ်လေးရင်ကို နောက်ချင်



တာနဲ့ ပုန်းနေလိုက်တာ"

ပြောပြီး လူကြီးတွေ တစ်စုံတစ်ရာ မေးခွန်းမထုတ်နိုင်ခင်. . .

"သား အရေးကြီးတဲ့ကိစ္စ ရှိလို့ သွားအုံးမယ်နော်"

ဟု ဆိုရင်း ခပ်သွက်သွက် လစ်ထွက်လာခဲ့သည်။

မေလက လူကြီးတွေကို အကဲခတ်ကြည့်လိုက်သည်။ သူတို့ အားလုံး၏ မျက်နှာထားများအရ အရေးပေါ် ဆွေးနွေးညှိနှိုင်းပြီး ဆုံးဖြတ်ချက်တစ်ခုကို သဘောတူ ချမှတ်ထားပြီး ဖြစ်ကြောင်း မေလ ရိပ်မိလိုက်၏။

◈ ◈ ◈

"မဟုတ်ပါဘူးဆိုမှ မေမေရာ"

မေလက ထပ်ငြင်းလိုက်သည်။ ဒေါ်ရင်ရင်က. . .

"လက်ပူးလက်ကြပ် မိနေတာတောင် ငြင်းနေရသေးလား"

"ဟုတ်မှ မဟုတ်တာ"

"ဒါဆို မောင်ဖိုးက ဘာကြောင့် ကုတင်အောက်ထဲ ဝင်ပုန်းနေရသလဲ၊ ရိုးရိုးသားသားဆို ဒါမျိုး လုပ်မလား"

"မေမေ့ကို နောက်တာပါလို့ သူ ပြောသွားပြီးပြီပဲ"

"နောက်တာကလဲ မိန်းကလေး တစ်ယောက်ရဲ့ ကုတင်အောက်ထဲအထိ ဝင်နောက်ရသလား၊ နင်ကိုယ်တိုင်က အလိုတူ အလိုပါနဲ့ ဝှက်ပေးထားတာ မဟုတ်လား"

"ဘာမှမဆိုင်ပါဘူး၊ သမီး အပြင်သွားနေတုန်း သူ ရောက်လာတာပဲ၊ သိတောင် မသိဘူး၊ သူ့ဘာသာ ဝင်အိပ်နေတာ၊ သမီးဝင်သွားမှ တွေ့တာ၊ သမီး ရောက်ပြီး ငါးမိနစ်လောက် ကြာတော့ မေမေ ရောက်လာတာ မဟုတ်လား၊ ပြီးတော့ ငဖိုးက ဒီအိမ်မှာ သူ့အိမ်လို နေလာပါ၊

www.burmeseclassic.com

www.burmeseclasssic.com



ဘွားမြန့်တောင် တူတူအိပ်သေးတာပဲ"

"ဟဲ့ တူမလား၊ မေမေနဲ့ တူတူအိပ်တိုင်း နင်က ဟယ်. . . မပြောလိုက်ချင်ဘူး၊ နေအုံး နေအုံး၊ အခန်းဝကို ငါရောက်ခဲ့ဘာ့ အထဲက အော်သံကြားတယ်၊ ဒါဆို မောင်ဖိုးက နင့်ကို"

"ဟာ နောက်နေ ပြောင်နေကြတာပါဆို"

ဒေါ်မြမေက ဝင်ပြောပြန်သည်။

"ဟုတ်တယ်ဆိုလဲ ဖွားမြတို့က ဆူမလို့ မဟုတ်ပါဘူး၊ အားလုံး အဆင်ပြေအောင် လုပ်ပေးမှာပါ၊ ဒါ ရှက်စရာလဲ မဟုတ်ပါဘူး"

"ခက်တော့တာပဲ၊ သမီး ဘာဖြစ်လို့ ညာရမှာလဲ"

ဦးစိန်မောင်းသည် ဆေးပြင်းလိပ်ကို မီးညှိလိုက်သည်၊ ဒေါ်မြမေက မျက်စောင်းခဲလိုက်ပြီး. . .

"အရေးထဲမှာ ဆေးပြင်းလိပ်က သောက်နေရသေးတယ်"

တစ်ခုခု ဝင်ပြောဖို့ အချက်ပေးလိုက်ခြင်း ဖြစ်၏၊ ဦးစိန်မောင်းက နှစ်ဖွာသုံးဖွာ မှုတ်လိုက်ပြီးမှ. . .

"ကဲ. . .ကဲ၊ နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ကဲ. . .သွားသွား၊ သမီး မေလလဲ နားလိုက်အုံး"

မေလ ထထွက်သွားပြီးတော့မှ ဒေါ်မြမေက. . .

"ဘယ်နှယ့်၊ သူ့အကူအညီ တောင်းကာမှ လွှတ်လိုက်ရသလား"

ဦးစိန်မောင်းက ဆေးပြင်းလိပ် ခဲပြီး မေးစေ့ပွတ်ရင်း စဉ်းစားသလို လုပ်နေသည်၊ ဒေါ်မြမေက စိတ်မရှည်တော့ဘဲ. . .

"ကဲပါ အိုက်တင်လုပ်မနေပါနဲ့"

ဆိုတော့မှ. . .

"ဒီလိုရှိတယ်၊ ခုချိန်မှာ တရားခံ စစ်သလို အတင်းဝိုင်းမေးနေကြလို့ကတော့ အဖြေရမှာ မဟုတ်ဘူး၊ ပြီးမှ ရင်ရင်က နှစ်ယောက်ချင်း တိုးတိုးတိတ်တိတ် ဖျောင်းဖျပြီး မေးကြည့် ကြားလား"

တကယ်တော့ ဖိုးတန်နှင့် မေလတို့ ဘာမှ ဖြစ်ခဲ့ကြမှာ မဟုတ်ဘူး ဆိုတာ သူတို့အားလုံး သဘောပေါက်ပြီးသား ဖြစ်၏၊ သို့ရာတွင်





ရှားရှားပါးပါး အခွင့်အရေးလေး ရသခိုက်မှာ အမိအရ ဆုပ်ကိုင်နိုင်ဖို့ ကြိုးစားနေကြခြင်းသာ ဖြစ်၏၊ တနည်းအားဖြင့် ကြံမိကြံရာ လုပ်နေကြတာ။

ပြီးတော့ သူတို့၏ စွပ်စွဲချက်တွေက လုံးဝခိုင်လုံတယ်လို့ ပြောလို့မရ၊ ယိုပေါက်တွေ ဟာကွက်တွေ ရှိနေ၏၊ မေလ၏ ခုခံ ချေပချက်တွေကို မလွှမ်းမိုးနိုင်ဘဲ ဖြစ်သွားမှာ စိုးရသည်၊ ထို့ကြောင့် ဦးစိန်မောင်း စစ်ကြောမှုကို ရပ်တန့်ပြီး သွားခိုင်းလိုက်ခြင်း ဖြစ်၏၊ ဒေါ်ရင်ရင်က. . .

"ဘာပဲဖြစ်ဖြစ် ခုကိစ္စဟာ ကျွန်မတို့ မိသားစုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တာ အမှန်ပဲ၊ အိမ်က သမီးပျိုလေးရဲ့ ကုတင်အောက်မှာ တစိမ်းယောကျ်ားလေးတစ်ယောက် ဝင်ပုန်းနေတယ်ဆိုတာ ပတ်ဝန်းကျင်က သိရင် ဒီမျက်နှာတွေ ဘယ်နား သွားထားမလဲ"

ဒီကိစ္စကို စမြင်တာ ဒေါ်ရင်ရင် တယောက်ထဲသာ ဖြစ်၏၊ သူက ဘယ်သူ့မှ မပြောလျှင် ဘာမှမဖြစ်၊ ခုတောင်မှ သူတို့ မိသားတစ်စုလောက်ပဲ သိကြတာ၊ ပတ်ဝန်းကျင်က သိစရာ အကြောင်းမရှိ၊ သို့ရာတွင် သူတို့ကတော့ တော်တော် ရှက်နေကြတယ်ဆိုပဲ၊

"ဟုတ်တယ်၊ ဒီကိစ္စကို ဟိုဘက်က လူကြီးတွေဆီ တိုင်မှ ဖြစ်မယ်"

ဟု ဒေါ်မြမေက ပြောသောအခါ ဒေါ်ရင်ရင်က. . .

"မိဖြူဆီ ကျွန်မ ဖုန်းဆက်လိုက်မယ်"

ဦးစိန်မောင်းကတော့ ဝင်မစွက်တော့ဘဲ ခပ်မိန့်မိန့်သာ ပြုံးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclasssic.com



ဖိုးတန် အိမ်ပြန်ရောက်သောအခါ သတင်းက အရင် ရောက်နှင့်နေပြီ ဖြစ်ကြောင်း သိရသည်။ ဒေါ်ခင်မြုဝင်းက. . .

"ဖြစ်ရလေကွယ်၊ ငါ့သားဟာ ဒီလို ဟော့ဟော့ရမ်းရမ်း တစ်ခါမှ မလုပ်ဖူးပါဘူး အံ့ရော"

ဟု ဆီး၍ ပြောသည်။

"ဟာ. . . မေမေကလဲ၊ သူတို့ ပြောတိုင်း ယုံရသလား"

ဟု ငြင်းသော်လည်း ဒေါ်လှလှကပါ. . .

"ယောက်ျားကောင်းဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ အရှက်ကို အသက်နဲ့ လဲပြီးတော့တောင် ကာကွယ်ပေးရမို့ ထုံးစံရှိတယ် သားလေးရဲ့"

ဟု ဘေးတီးပေးလိုက်ပြန်သည်။

ဦးဇော်အောင် သိသွားသောအခါမှာတော့. . .

"မင်း တော်တော် မိုက်ရိုင်းတဲ့ ကောင်ပါလားဟင်၊ ရွှေမောင်းကို ငါ ဘယ်လို မျက်နှာချင်း ဆိုင်ရမလဲ"

"ဟုတ်တယ်၊ ရင်ရင် ဆိုရင်လဲ ရှက်လွန်းလို့ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲတော့ဘူး"

ဟု ဒေါ်ခင်မြုဝင်းက ဝင်ပြီးပင့်သည်။

(ဒေါ်ရင်ရင်သည် အိမ်ထဲက အိမ်ပြင် မထွက်ရဲသဖြင့် တယ်လီဖုန်းဖြင့်သာ တစ်နေ့ သုံးခါလောက် ဆက်သွယ်ရရှာသည်)

ဖိုးတန်က ရှုံးသလို ပေါသလို လုပ်ဖို့ ကြိုးစားသော်လည်း မရ။

"ငါတို့ဟာ တာဝန်မဲ့တဲ့ မိသားစုလို့တော့ အပြောမခံနိုင်ဘူး၊ တစ်ဖက်လူတွေရဲ့ ဂုဏ်သိက္ခာကိုလဲ လေးစားဖို့ ဝတ္တရားရှိတယ်၊ ဒီကိစ္စကို မင်း တာဝန်ယူရမယ်၊ ငြင်းဖို့ စိတ်မကူးနဲ့"

ဟု ဦးဇော်အောင်က ရာဇသံပေးသည်။

သူတို့အိမ်မှာ ဖိုးတန်ဘက်က ဆိုလို့ မိုးမိုးစံ တစ်ယောက်သာ ရှိ၏။ သူက. . .

"အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဆော့ဖ်ဝဲ ထည့်မထားတဲ့ ကွန်ပျူတာတစ်လုံးလို အခွံချည်းသက်သက် ဖြစ်နေမှာပေါ့"



ဟု ဆိုသည်။ ထိုစကားလုံးမှာ မြတ်သူစိုးဆီကတဆင့် ရရှိလာခြင်း ဖြစ်၏။ ခက်တာက အိမ်မှာ မိုးမိုးစံ၏အရေးပါမှုသည် သူ့အောက်မှာ အိမ်ဖော်မိန်းကလေးသာ ရှိတော့သော အနေအထား ဖြစ်နေ၏။

"နင် ဝင်ပြောစရာ မလိုဘူး"

ဟု ဦးဇော်အောင်က ဟောက်လိုက်သောအခါ တစ်ခွန်းမှ မဟရဲတော့။

◈ ◈ ◈

ဟိုဘက်အိမ်မှာကျတော့လည်း ဦးရွှေမောင်း တစ်ယောက်သာ နည်းနည်း တွေဝေမှု ရှိနေသည်။

"ကလေးတွေရဲ့ ဆန္ဒကိုလည်း ထည့်စဉ်းစားပါအုံး၊ ထိန်းထိန်းသိမ်းသိမ်း လုပ်ပါကွာ"

ဟု ပြောသောအခါ ဒေါ်ရင်ရင်က. . .

"ဒါဆိုလဲ ရှင်ကိုယ်တိုင် ဖေဖေ့ကို သွားပြောလေ"

ဟု ဆိုလိုက်ရာ ဦးရွှေမောင်း ငြိမ်ကုတ်သွားသည်။

ဦးစိန်မောင်းကတော့ ဒီကိစ္စမှာ သူ ဦးဆောင်တာ မဟုတ်သလိုလို ကြားနေသယောင်ယောင် ဟန်ဆောင်နေသည်။ သူ့အနေဖြင့် လိုအပ်တဲ့အခါ တချက်တလေ ဝင်ထောက်ပေးဖို့သာ လိုသည်။ ကျန်တဲ့လူတွေက မီးကုန်ယမ်းကုန် ကျဲကြတော့မယ် ဆိုတာ သိပြီးသား။

လူကြီးတွေက ဗျူဟာမျိုးစုံကို ခင်းကျင်းနေသည်။ တိုက်တွက်တွေက အပျော့သိုင်းရော အမာသိုင်းရော သုံးသည်။ ဒေါ်လှလှသည် မြကို အားနာလွန်းလို့၊ မေလလေးကို သနားလွန်းလို့ စိတ်ထိခိုက်ရမယ်

www.burmeseclassic.com

www.burmeseclasssic.com



ဆိုပြီး အိပ်ရာထဲ ခွေနေသည်။ ဒေါ်မြမေက သွေးတက်ပြီး မူးလဲသည် ဆို၏။

ဒေါ်ရင်ရင်က မေလကို ချော့တခါ ခြောက်တလှည့် လုပ်သည်။ ဦးရွှေမောင်းက ဘာမှ မပြောပါပဲနဲ့ သူ့သမီး အရှက်ရတဲ့အတွက် ဒေါသ အမျက်ချောင်းချောင်း ထွက်ပြီး ဓါးကြိမ်း ကြိမ်းနေကြောင်း၊ သူကိုယ်တိုင် လည်း ရှက်လွန်းလို့ အဆိပ်သောက် သေမိတော့မလို ဖြစ်နေကြောင်း သတင်းလွှင့်သည်။

ဒေါ်ခင်မြဝင်းက ဖိုးတန်ကို အမျိုးမျိုး ဖျောင်းဖျစည်းရုံး နားချ နေသည်။ ဦးဇော်အောင်က တဖက်မိသားစု တောင်းဆိုသမျှ ဘာမဆို လိုက်လျောမည်ဖြစ်ကြောင်း၊ ဖိုးတန်က ငြင်းဆန်လျှင် သေခန်းဖြတ်ပဲဟု ကြုံးဝါးနေသည်။

သူတို့သည် ဖိုးတန်နှင့် မေလတို့ တစ်စုံတစ်ခု ဖြစ်ခဲ့ခြင်း ရှိမရှိ ဆိုသော ကိစ္စကို ဘေးဖယ်ထားလိုက်ပြီး အရှက်တရား၊ ဂုဏ်သိက္ခာ၊ တာဝန်ယူမှု၊ လူမှုကျင့်ဝတ် စသော စကားလုံးကြီးများနှင့် ကိုင်ပေါက်ကြ သည်။ မျက်နှာတောင် မပြရဲဘူး၊ မျက်နှာချင်း ဆိုင်ဖို့တောင် ခက်နေပြီဟု ပြောပြီး ကွယ်ရာမှာတော့ စေ့စပ်ကြောင်း လမ်းဖို့ နေ့ကောင်းရက်သာကို တောင် ကျိတ်ပြီး ရွေးနေကြပြီ။

မေလနှင့် ဖိုးတန်တို့သည် အလူးအလဲ ခံနေရသည်။ သူတို့မှာ ချောင်ပိတ်မိနေကြပြီ။ အကျဉ်းအကျပ်ထဲ ကျရောက်နေသော အခြေ အနေ။

... ဇာတ်သိမ်း ...



အခန်းထဲသို့ ဖိုးတန် ဝင်လာသောအခါ ဒေါ်လှလှက တရားခွေ ဖွင့်ထားသော ကက်ဆက် ရီကော်ဒါကို ပိတ်လိုက်သည်။

ဒေါ်လှလှသည် ကုတင်ပေါ်မှာ ခေါင်းအုံးတွေကို ကျောမှာ ခုပြီး ခပ်မှိုမှို လှဲနေ၏။ ခုလို နေနေရတာ နည်းနည်းတောင် ငြီးငွေ့လာ ပြီ။ ကိုယ့်ဘာသာ လမ်းလျှောက်နိုင်ပါလျက် အိမ်ဖော် မိန်းကလေးကို တမင်တကာ တွဲခိုင်းနေရတာကိုလည်း စိတ်ပျက်နေပြီ။ သို့ရာတွင် နာ လန် ထလို့ မဖြစ်သေး၊ နည်းနည်းတော့ သည်းခံပြီး နေရဦးမည်။ ဖိုး တန် အိမ်မှာ မရှိတဲ့အချိန်ကျမှသာ သွားသွားလာလာ စားစားသောက် သောက် လုပ်ရ၏။

စောစောကတောင် အခန်းထဲမှာပဲ ခေါက်တုန့် ခေါက်ပြန် လျှောက်နေခဲ့သေးသည်။ အခန်းဝမှာ ကင်းချထားသော အိမ်ဖော် မိန်း ကလေးက 'ကိုမောင်ဖိုး လာနေပြီ' ဟု အချက်ပေးတော့မှ ကုတင်ပေါ် ပြန်တက်လှဲနေလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclasssic.com



ဖိုးတန်က 'နှင့်ကို မေမေ ခေါ်နေတယ်' ဟု ပြောလိုက်သဖြင့် အိမ်ဖော်မိန်းကလေး ထွက်သွားသည်။ ဖိုးတန်က အခန်းတံခါးကို ပိတ်လိုက်ပြီးနောက် ကုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်သည်။

"နေကောင်းရဲ့လား ဘွားလှ"

ဟု မေးသည်။ ဒေါ်လှလှက မောသံဖြင့်. . .

"စိတ်မရှင်တော့ လူမလန်းဘူးပေါ့ကွယ်"

"ဘွားလှလည်း အိပ်ရာပေါ်မှာချည်း လှဲနေရတာ ညောင်းမှာပဲ နေဉ်၊ သား နှိပ်ပေးမယ်"

ဟု ပြောပြီး ဖိုးတန်က ခြေထောက်တွေကို ဆုပ်နယ်ပေးသည်။

"မဆိုးပါဘူး၊ ခြေဖဝါးတွေကတော့ နွေးနေသားပဲ"

ဟု ပြောသေးသည်။ ဒေါ်လှလှသည် ဖိုးတန် တစ်စုံတစ်ခု ပေါက်ကရ ဆက်မပြောခင် ဦးအောင် လုပ်မှဟု တွေးပြီး. . .

"ဖိုးလေးရယ်၊ ဘွားလှတော့ ဒီတောင်ကို ကျော်နိုင်ပါ့မလား တောင် မသိတော့ဘူး"

ဟု လေပျော့လေးဖြင့် ပြောလိုက်သည်။

"ဟာ ဘာဖြစ်လို့ မကျော်နိုင်ရမှာလဲ၊ စိတ်ချ၊ ဘွားလှဟာ ဖုန်ဂမ်ရာဇီတောင်ကို ပထမဆုံး တက်နိုင်တဲ့ အသက်အကြီးဆုံး အဘွား အို ဖြစ်စေရမယ်"

"မင်း ဘာတွေ ပြောနေတာလဲ"

"ဘွားလှက ခြေလျင်နှင့် တောင်တက်အသင်း ဝင်ပြီး စံချိန်တင် မလို့ ကြိုးစားနေတာ မဟုတ်ဘူးလား"

"အရေးထဲမှာ နောက်နေရသေးလား သားရယ်"

ဒေါ်လှလှက ဖိုးတန်၏လက်ကို ဆုပ်ကိုင်လိုက်ပြီး. . .

"ကိုယ့်ရောဂါအခြေအနေ ကိုယ်သိတာပေါ့ကွယ်၊ ဘွားလှဟာ အချိန်မရွေး ခေါက်ကနဲ ဖြစ်သွားနိုင်တယ် သိရဲ့လား၊ အဲဒါ ဘွားလှ မျက်ကွယ်မပြုခင်မှာ ဖိုးလေးအတွက် စိတ်ချသွားချင်တယ်၊ ဘွားလှရဲ့ ဆန္ဒကို လိုက်လျောပေးပါလား သားလေးရယ်"



ဖိုးတန်က ဒေါ်လှလှ၏ လက်ဖဝါးကို တယုတယ ပွတ်သပ်ပေး ရင်း. . .

"သားလဲ ဘွားလှ ခုလို စိတ်မချမ်းမြေ့ ဖြစ်နေရတာကို မကြည့် ရက်ပါဘူး၊ ဒါကြောင့် ဘွားလှ ဖြစ်စေချင်တာကို အတတ်နိုင်ဆုံး ဖြည့် ဆည်းပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"ဟင်. . . ဟုတ်လား၊ ဒါဆို"

ဒေါ်လှလှသည် ဝေါက်ကနဲ ထထိုင်မည်ပြုသည်။ ပြီးမှ မသင့် တော်သေးဘူးဆိုတာ သတိရသဖြင့် ခေါင်းအုံးပေါ် အသာ ပြန်မှီနေလိုက် ရ၏။

ဖိုးတန်က. . .

"အဲဒီကိစ္စကို ပြီးတော့ အေးအေးဆေးဆေး ပြောတာပေါ့၊ အခု တော့ သား သိချင်တာလေးတစ်ခု မေးချင်လို့"

"မေး မေး၊ ဘာမေးမလဲ"

"အော်. . . ဘိုးဘိုး ဦးစိန်မောင်းရဲ့ သူငယ်ချင်းတစ်ယောက် ပြောတဲ့ကိစ္စဟာ တကယ်ပဲလား ဆိုတာ သိချင်လို့"

ဒေါ်လှလှ နည်းနည်း တွေသွားသည်။

"ဘာပြောလို့လဲ"

"ဘိုးဘိုး ဦးစိန်မောင်းဟာ ငယ်ငယ်တုန်းက ရည်းစားတွေ အ များကြီး ထားဖူးတယ်ဆို"

"အဲဒါ. . . သူ့ကို သွားမေးပါလား၊ ငါနဲ့ ဘာဆိုင်လို့လဲ"

ဒေါ်လှလှ ခြောက်ခြားစ ပြုလာသည်။ ဖိုးတန်က ဆက်ပြော သည်။

"နည်းနည်းတော့ ဆိုင်သလားလို့၊ ဘွားလှကလဲ သားတို့ ဘိုးဘိုးနဲ့ လက်မထပ်ခင်တုန်းက ချစ်ဦးသူ ရှိခဲ့တယ်တဲ့"

ဒေါ်လှလှ မျက်လုံးပြူးသွားပြီး ပြာပြာသလဲ ငြင်းသည်။

"အို. . . မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ အဲဒီ ကိုထွန်းဆိုင် ဆိုတဲ့လူ မူးမူးရူးရူးနဲ့ ပေါက်ကရ လျှောက်ပြောနေတာပါ"

www.burmeseclassic.com

www.burmeseclasssic.com



ဒေါ်လှလှ စကားမှားသွားပြီ။ ဖိုးတန် ပြောတုန်းက ဦးစိန်မောင်း၏ သူငယ်ချင်း တယောက်လို့သာ ဆိုသည်။ ဦးထွန်းဆိုင် ဆိုတဲ့ နာမည်မပါ။ ခု ဒေါ်လှလှက ထုတ်ပြောမိပြီ။ ဒေါ်လှလှ၏ ခံစစ်ကြောင်း အလဲလဲ အပြိုပြို ဖြစ်နေတာကို ရိပ်မိသွားသော ဖိုးတန်က နောက်တဆင့် တက်လိုက်သည်။

"သား အားလုံး သိပြီးပါပြီ။ ဟောဒါ ဘွားလှနဲ့ ဘိုးဘိုး ဦးစိန်မောင်းတို့ တယ်လီဖုန်း ပြောနေတာကို ကြားဖြတ် အသံသွင်းထားတဲ့ တိတ်ခွေပဲ"

ဟု ပြောရင်း အကျီအိတ်ထဲက ကက်ဆက်တိတ်ခွေ တစ်ခွေကို ထုတ်ပြီး ဒေါ်လှလှ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ခုမှ ဒေါ်လှလှသည် တကယ်ပဲ ဒေါက်တန် ထထိုင်သည်။ ရင်ထဲကလည်း တလှပ်လှပ် ဖြစ်လာ၏။ တိတ်ခွေကို ငေးစိုက်ကြည့်သည်။ တိတ်ခွေလေးသည် နောက်ဘက်သို့ ဖြေးညင်းစွာ ပြန်လည်နေသလို မြင်ယောင်လာသည်။ နှုတ်မှလည်း သူနှင့် ဦးစိန်မောင်းတို့၏ ငယ်စဉ်က ဆက်နွယ် ပတ်သက်ခဲ့မှုများ အကြောင်းကို တတွတ်တွတ် ဝန်ခံ ထွက်ဆိုနေမိလေသည်။

"အဲဒီလိုနဲ့ ကိုယ်ချင်း မပေါင်းရပေမယ့် သားသမီးချင်း ပေါင်းဖက်ရရင် ကျေနပ်ပါပြီဆိုပြီး ကြိုးစားခဲ့ကြရာက မြေးတွေ လက်ထက်အထိ ရောက်လာပြီး သားနဲ့ မေလကို လက်ဆက်ပေးဖို့ ကြံစည် စိတ်ကူးမိကြတာပါပဲကွယ်"

"ဘွားလှတို့ အဖြစ်ကို သား ကိုယ်ချင်းစာပါတယ်"

"တစ်ခုတော့ သားကို ပြောချင်တယ်၊ သားတို့အဘိုး ကိုထွန်းအောင်နဲ့ လက်ထပ်ပြီးတဲ့အချိန်ကစပြီး ဘွားလှနဲ့ ကိုစိန်မောင်းတို့ဟာ တကယ့် မောင်နှမ အရင်းတွေလို သန့်စင်သော မေတ္တာနဲ့ ခင်မင်ခဲ့ကြတာပါ ဆိုတဲ့အချက်ကိုတော့ ယုံကြည်စေချင်တယ်"

"သား အကြွင်းမဲ့ ယုံကြည်ပါတယ် ဘွားလှ"

"နောက်တစ်ခုကတော့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြန်



မပြောဘဲ နှုတ်လုံဖို့ သားကို တောင်းပန်ပါတယ်ကွယ်"

"ဟာ. . . ဟုတ်တာပေါ့၊ သူများတွေကို ပြန်ပြောလို့ ဘယ်ဖြစ်မလဲ၊ အထူးသဖြင့် ဘွားမြကို အသိပေးလို့ မဖြစ်ဘူး၊ ဘွားမြက သိပ်စိတ်နုတာ"

"အမလေး မြသာ သိသွားလို့ကတော့ ဘွားလှဖြင့် ရှက်တာနဲ့ပဲ ချက်ချင်း သေရပါလိမ့်မယ်"

"စိတ်ချပါ၊ ဘွားလှတို့ စိတ်ဆင်းရဲမယ့် ကိစ္စကို သား ဘယ်တော့မှ မလုပ်ပါဘူး၊ သား နှုတ်လုံပါ့မယ်လို့ ကတိပေးပါတယ်၊ ပြီးတော့ သားနဲ့ မေလတို့ဟာလဲ ဘိုးဘိုး ဦးစိန်မောင်းနဲ့ ဘွားလှတို့လို တသက်လုံး မောင်နှမ အရင်းတွေလိုပဲ ချစ်သွားချင်ပါတယ်"

ဖိုးတန်က ဒေါ်လှလှ၏ လက်ဖမိုးကို နမ်းလိုက်ပြီးနောက် အခန်းထဲက ထွက်သွားသည်။

ဒေါ်လှလှသည် တိတ်ခွေကို ခဏမျှ ငေးစိုက်ကြည့်နေသည်။ ထို့နောက် တိတ်ခွေကို ကက်ဆက်ထဲ ထည့်သည်။ တုန်ယင်နေသော လက်များဖြင့် ခလုတ်ကို နှိပ်လိုက်၏။

"ဗုဒ္ဓဘုရား ဟောကြားသော. . . ဗျာဒိပ်အတိုင်း. . . တည်ပါစေသော်ဝ်"

မန္တလေးသိန်းဇော်၏ အသံ ထွက်ပေါ်လာ၏။

ဒေါ်လှလှ ပိုက်ကနဲ ဖြစ်သွားသည်။ ဖိုးတန် လှလည်ကျသွားပြီ၊ သို့ရာတွင် ဘာမှ မတတ်နိုင်တော့။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclasssic.com



တကယ်တော့ သူတို့ကို မေလ အလွန်ကြိုက်နှစ်သက်သော မှုစ်ချဉ်က ကယ်လိုက်ခြင်းဖြစ်၏။

တရက်တွင် မေလတို့အိမ်မှာ မှုစ်ချဉ်ဟင်း ချက်သည်။ ငါးနှင့် ရောချက်ခြင်း ဖြစ်၏။ မေလက ဝက်သားနဲ့မှ ကောင်းတာ ဆိုပြီး ဝက်ဆီဖတ် တစ်ဆယ်သား ဝယ်၍ ရောသည်။ စားကောင်းကောင်းနဲ့ တဝကြီး စားလိုက်တာ နောက်နေ့ မနက် ငါးနာရီလောက်ကျတော့ ဗိုက်ထဲက ရစ်နာပြီး မနေနိုင် မထိုင်နိုင် ဖြစ်လာသည်။

အိမ်သာ သွားဖို့ အောက်ထပ်ကို ဆင်းအလာမှာ ဖုန်းပြောနေသော ဦးစိန်မောင်းကို လှမ်းတွေ့လိုက်ရ၏။ ဘယ့်နှယ် မနက် ဝေလီဝေလင်းကြီး ဘယ်သူနဲ့ ပြောနေတာပါလိမ့် ဆိုပြီး နားစွင့်ကြည့်တော့. . .

"ကိုယ်တို့ အကြံအစည် အောင်မြင်ဖို့ လက်တကမ်းပဲ လိုတော့တယ် လှရဲ့၊ သိလား"

ဆိုသော အသံကို ကြားရ၏။ အခေါ်အဝေါ်တွေက ထူးဆန်းနေသည်။ 'ကိုယ်'ဆိုတာလည်း ပါသည်။ 'လှ'ဆိုတာကတော့။

မေလ အိမ်သာက ပြန်ထွက်လာသောအခါ တယ်လီဖုန်းဆီ သွားပြီး နောက်ဆုံး ဆက်သွယ်ခဲ့သော ဖုန်းနံပါတ်ကို စစ်ဆေးကြည့်သည်။ ဒေါ်လှလှတို့အိမ်က ဖုန်းနံပါတ် ဖြစ်နေ၏။

ဒီကိစ္စ ဖိုးတန်ဆီ အကြောင်းကြားလိုက်သည်။ သူတို့နှစ်ယောက်မှာ လှစ်နေအောင် ပါးနပ်ကြသူများ ဖြစ်သောကြောင့် ဘာလဲဆိုတာ ခန့်မှန်းလို့တော့ ရသည်။ အချက်အလက် ပိုစုံအောင်လို့ ဖိုးတန်က ဦးစိန်မောင်း၏ သူငယ်ချင်းတွေဆီ ရွှေပတ် ဝီစကီတစ်လုံးစီ လက်ဆောင်ယူသွားပြီး စနည်းနာသည်။

"ဘိုးဘိုးဦးစိန်မောင်း ငယ်ငယ်က ရည်းစားတွေ များတယ်ဆို၊ ဘယ်သူတွေလဲ မှတ်မိလား"

မေးတော့ ဦးမြတ်ကျော်က. . .

"အချိန်တွေ ကြာလာတော့လဲ မမှတ်မိတော့ပါဘူးကွာ"

ဟု စကားပိတ်ပြောသည်။ ဦးထွန်းဆိုင်က ဘယ်သူတွေလဲဆိုတာ



နာမည်နဲ့တော့ မပြော။

"ဒီကိစ္စတွေ မမြမေကို ပြန်ပြောမှာစိုးလို့ ကိုစိန်မောင်းက ငါတို့ကို ခေါ်ခေါ်တိုက်ပြီး နှုတ်ပိတ်နေရတာပေါ့ကွ၊ ဟား ဟား"

ဟု ဖြောင့်ကွယ်ကွယ်သည်။

ဒီလောက်ဆို သူတို့ ထင်တာ ဖြစ်နိုင်ချေ များလာပြီ၊ ပိုပြီး စိတ်ချရအောင် တယ်လီဖုန်း ပြောတာ ကြားဖြတ် အသံသွင်းထားတဲ့ တိတ်ခွေ ရှိတယ်ဆိုသော လုပ်ကြံဇာတ်လမ်းကိုပါ ထပ်ဆင်ထားရခြင်း ဖြစ်၏။

ဦးစိန်မောင်းက အလွန်လျင်သည်။ စကားနှိုက်ဖို့ မလွယ်၊ ဒေါ်လှလှကတော့ ဖိုးတန်က တပတ်လှည့်လျှင် နှစ်ပတ်သုံးပတ်လောက် လည်သွားတတ်သူ ဖြစ်သဖြင့် သူ့ကို ပစ်မှတ်အဖြစ် ရွေးလိုက်ရသည်။ ထို့ကြောင့်လည်း ဖိုးတန်က တိတ်ခွေပြပြီး ဖမ်းရှိုးလိုက်တော့ အကုန်ပေါ်လာတာပေါ့။ 'ဆပ်ချင်းဖိုင်းယား' လုပ်ရုံ ရှိသေးတယ်၊ လက်နက်ချပါပြီ ဆိုတာမျိုးလေ။

ထိုသတင်းကို ဒေါ်လှလှဆီကတဆင့် သိရသောအခါ ဦးစိန်မောင်းမှာ အတော် မခံချိမခံသာ ဖြစ်သွားရ၏။ ဖိုးတန်တို့က တစ်ကွက်သာသွားပြီ၊ ခုကျမှတော့ ဘာမှမတတ်နိုင်။ ဖိုးတန်က ဒေါ်လှလှကို ပြောခဲ့သော စကားများမှာ လျှို့ဝှက်ချက်ကို တစ်စုံတစ်ခုနှင့် အလဲအလှယ် လုပ်လိုကြောင်း လိမ္မာပါးနပ်စွာ သတိပေးလိုက်သည့် သဘောပင် ဖြစ်၏။

မေလကတော့ ဘာမှမပြော။ ဟန်မပျက် နေနေသည်။ တစ်ခါတစ်ခါကျမှသာ ဦးစိန်မောင်းကို ပြုံးယောင်ယောင် ကြည့်တတ်သည်။ သူတို့ လိုလားချက်ကို လိုက်လျောဖို့သာ ရှိတော့ကြောင်း ဦးစိန်မောင်း သဘောပေါက်သည်။ ထို့ကြောင့်. . .

ဖိုးတန်နဲ့ မေလ စီမံကိန်းကို ရပ်တန်းက ရပ်ဖို့ အမိန့်ထုတ်လိုက်ရလေတော့သည်။ ဒေါ်မြမေက မကျေနပ်။ ဘာကြောင့်လဲ။

"မောင်ဖိုးမှာ အရင်က ရည်းစားရှိခဲ့တာကို မေလက သဘော

www.burmeseclassic.com

www.burmeseclasssic.com



မကျဘူး၊ ပြီးတော့ မောင်ဖိုးနဲ့ အတင်း လက်ထပ်ပေးရင် တသက်လုံး သီလရှင် ဝတ်လိုက်မယ်လို့ မေလက ပြောနေတယ်"

"ဟင်၊ ဒါဆို မောင်ဖိုးကတော့ ဘုန်းကြီးဝတ်မှာပဲတဲ့လား"

"မင်းကလဲကွာ၊ အရေးထဲမှာ"

ဒေါ်ရင်ရင်သည် ယောက္ခမ ဖြစ်သူ ဦးစိန်မောင်းကို မလွန်ဆန်နိုင်သောကြောင့် ဘာမှ စောဒက မတက်ဘဲ နေလိုက်ရသည်။ ဦးရွှေမောင်းကတော့ အစကတည်းက ကြားနေသမား ဖြစ်သောကြောင့် ကိစ္စမရှိ။

ဟိုဘက်အိမ်မှာကျတော့. . .

"တကယ်တော့ ငါတို့ဟာ ဆန္ဒတွေ လွန်ကဲနေကြတာပါ၊ ကလေးတွေက မောင်နှမ အရင်းလို သန့်သန့်ရှင်းရှင်း ချစ်ကြတာကို ဒို့လူကြီးတွေက ကီလေသာစိတ်တွေ ဖြစ်အောင် အတင်းတိုက်တွန်းသလို ဖြစ်နေတယ်၊ ငါတော့ ဝရဲအကြီးမခံနိုင်ဘူး"

ဟု ဒေါ်လှလှက ပြောသည်။ ထိုစကားကို မိုးမိုးစံက ထောက်ခံသည်။ အကြောင်းပြချက်က တရားနည်းလမ်းကျနေသဖြင့် မငြင်းသာ။ ဦးဇော်အောင်ကတော့ မကျေမချမ်း တက်တခေါက်ခေါက် ဖြစ်နေ၏။ သို့ရာတွင် မိန်းကလေးဘက်ကတောင် လက်လျှော့ နောက်ဆုတ်သွားပြီ ဖြစ်သောကြောင့် ဘာမှ မတတ်နိုင်တော့။

ဖိုးတန်၊ မေလ၊ မြတ်သူစိုးနှင့် မိုးမိုးစံတို့သည် အောင်ပွဲခံတဲ့ အနေနဲ့ ရွှေမြန်မာ စားသောက်ဆိုင်မှာ တပျော်ကြီး စားကြသောက်ကြလေသည်။ ဒီအတွက် ကုန်ကျစရိတ်ကို ဦးစိန်မောင်းနှင့် ဒေါ်လှလှတို့က စိုက်ထုတ် ကျခံပေးလိုက်ရတာကတော့ အသည်းနာစရာပါပဲ။

. . . [illegible] . . .



မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ စားသောက်ဆိုင်မှာ ထိုင်ရင်း ပြည်ပ လေယာဉ်ခရီးသည်များ အစစ်ဆေးခံရမည့် အချိန်ကို စောင့်နေကြသည်။

ဖိုးတန်က စင်္ကာပူ ပေါ်လီကျောင်းမှာ သွားတက်မည် ဖြစ်၏။ ထိုကိစ္စမှာ အရင်ကတည်းက စီစဉ်ထားတာ၊ လူကြီးတွေ စိတ်ကူးခဲ့တာကတော့ မသွားခင်မှာ မေလနှင့် စေ့စပ်သွားဖို့ပင် ဖြစ်၏။ ခုတော့ စေ့စပ်ဖို့ကိစ္စက ပျက်ပြယ်သွားခဲ့ပြီ။

ဖိုးတန်ကို ဒေါ်မြမြ၊ ဒေါ်ရင်ရင်၊ ဒေါ်လှလှ၊ ဒေါ်ခင်ဖြူဝင်းနှင့် မေလတို့က လိုက်ပို့ကြသည်။ မိုးမိုးစံက ဘွဲ့လွန် ဒီပလိုမာ စာမေးပွဲရှိနေသဖြင့် မလိုက်နိုင်။ ဦးရွှေမောင်းက ပွဲရုံအလုပ်တွေ မအားလို့ ဦးဇော်အောင်ကတော့ ဟိုကိစ္စ အလုပ်မဖြစ်တော့ကတည်းက ကန်တန်တန်လုပ်နေသည်။ ဒီနေ့လည်း အစည်းအဝေး ရှိတယ် အကြောင်းပြပြီး လိုက်မလာခဲ့၊ ဦးစိန်မောင်းကတော့ လိုက်ချင်သည်။ သို့ရာတွင် ဒေါ်မြ

www.burmeseclasssic.com



မေနှင့် ဒေါ်လှလှတို့ နှစ်ယောက်ကြားမှာ အနေရခက်မှာ စိုးတာက တကြောင်း၊ ကလေးတွေရှေ့မှာ ဒေါ်လှလှနဲ့ မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူတာ တကြောင်းကြောင့် အိမ်မှာ နေရစ်ခဲ့ရ၏။

ဖိုးတန်နှင့် မေလတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ကြစေရန် သီးခြားစားပွဲတစ်လုံးမှာ ထိုင်ခိုင်းပြီး လူကြီးတွေက တစ်ဖက်မှာ ထိုင်ရင်း အကဲခတ်နေကြသည်။

"ငါတို့နှစ်ယောက်ကလဲ တော်တော် ထူးဆန်းတယ်နော်၊ သမီးရည်းစားလိုလဲ မချစ်နိုင်ဘူး၊ မောင်နှမလိုလဲ မဟုတ်ဘူး၊ သူငယ်ချင်းအချစ်ထက်လဲ ပိုတယ်၊ ဘယ်ဟာနဲ့မှ မတူဘူး၊ ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ်အပြင် တခြားအချစ်တစ်မျိုးများ ရှိနေသေးသလား မသိပါဘူး"

"ငါတို့နှစ်ယောက်က စပြီး တီထွင်တာလို့ သဘောထားလိုက်ပေါ့"

လူကြီးတွေက သူတို့နှစ်ယောက်ကို တစေ့တစောင်း ကြည့်နေသည်။ စိတ်ထဲကတော့ သိပ်လိုက်ဖက်ညီတဲ့စုံတွဲပဲဟု တွေးရင်း နှမြောတသ ဖြစ်မိကြ၏။

"အေးဟာ တသက်လုံး တတွဲတွဲ နေလာခဲ့ပြီးမှ ခုလို ခွဲခွာရမယ်ဆိုတော့ စိတ်ထဲမှာ တမျိုးကြီးပဲ၊ ငါတော့ ဟိုရောက်ရင် နင့်ကို အရမ်းသတိရနေတော့မှာပဲ"

ဟု ဖိုးတန်က ပြောသည်။

"ငါကတော့ အခုကတည်းက သတိရနေပြီ"

မေလသည် ပြောရင်းက ရုတ်တရက် မျက်ရည်ဝဲလာသည်။ ဖိုးတန်သည် အရွယ်ရောက်ပြီးကတည်းက မေလ ငိုတာကို မမြင်ဖူးခဲ့သဖြင့် တအံ့တဩ ငေးကြည့်နေ၏။ ပြီးမှ. . .

"ဝမ်းမနည်းပါနဲ့ဟာ၊ ငါ ကြားဖူးတာလေးတခု ပြောပြမယ်၊ ခွဲခွာနေရတာဟာ ဆုံတွေ့နေရတာထက် ပိုကောင်းတယ်တဲ့၊ ဝေးနေရတော့ တနေ့နေ့ ပြန်လည် ဆုံတွေ့ရမှာပဲ ဆိုပြီး မျှော်လင့်နေလို့ ရတယ်၊



အတူတူ ရှိနေတာက ခွဲခွာခြင်းအဖြစ် အချိန်မရွေး ပြောင်းလဲသွားနိုင်တယ်တဲ့၊ ဒီလိုပါပဲ၊ မချစ်ဘဲ နေလိုက်တာက သက်သာခွင့် ရနိုင်သေးတယ်၊ ချစ်မိပြီဆိုရင်တော့ ဘယ်တော့များ မုန်းသွားလေမလဲလို့ တထိတ်ထိတ် စိုးရိမ်ပူပန်နေရတတ်တယ်တဲ့ မိမေလရဲ့"

ဖိုးတန်က ပြောရင်း တစ်ရှူးပေပါတစ်ခုကို ယူပြီး မျက်ရည်တစ်ပေါက် ကျအံ့ဆဲဆဲ ဖြစ်သော မေလ၏ မျက်လုံးထောင့်စွန်းများကို တယုတယ ငြင်သာစွာ တို့ပေးနေသည်။

"ဟော. . . မေလ ငိုနေပြီ"

ဟု ဒေါ်ရင်ရင်က အားတက်သရော ပြောသည်။ ဒေါ်ခင်မြဝင်းကလည်း. . .

"အင်းလေ၊ သံယောဇဉ်ဆိုတာ ဖုံးကွယ်ထားလို့ ရတာမျိုးမှ မဟုတ်ဘဲ၊ အချိန်တန်ရင် ဘွားကနဲ ပေါ်လာတတ်တာပဲ"

ထို့နောက် တကယ်လို့ ဖိုးတန်ကသာ စင်္ကာပူကို မသွားချင်တော့ပါဘူးဟု ဆိုလာလျှင်. . . အစချီပြီး ဇာသီးသီး စိတ်ကူးယဉ်ကြည့်နေကြသည်။

သို့ရာတွင် အချိန်တန်တော့ ဖိုးတန်က လေယာဉ်ပေါ် တက်ပြီး ထွက်ခွာသွား၏။ သူ့ကို လက်ပြနှုတ်ဆက်စဉ်မှာ မေလ တစ်ကြိမ် မျက်ရည် ဝဲမိသေးသည်။

လေဆိပ်က အပြန်ကျတော့လည်း မေလသည် စကားတစ်ခွန်းမှ မပြောဘဲ ကားပေါ်မှာ ငြိမ်သက်စွာ လိုက်ပါလာသည်။ မျက်နှာကလည်း နည်းနည်း ညှိုးနေသလိုပဲ။

"ငြိမ်လှချည်လား သမီးရဲ့၊ ဘာဖြစ်လို့လဲ"

ဟု ဒေါ်ရင်ရင် မေးတော့မှ. . .

"ရင်ထဲက ဟာနေတယ်"

ဟု ဖြေသည်။ ဒေါ်ရင်ရင်က နှစ်သိမ့်သော လေသံဖြင့်. . .

"ဝမ်းနည်းမနေပါနဲ့ သမီးရယ်၊ ကျောင်းပြီးသွားရင် ပြန်လာမှာပါ၊ သတိရရင်လဲ ဖုန်းဆက်လို့ ရသားပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclasssic.com



မေလက ခေါင်းခါလိုက်ပြီး. . .

"အဲဒါကြောင့် မဟုတ်ပါဘူး ရင်ထဲက ဟာနေတယ် ဆိုတာက ဗိုက်ဆာလို့ပါ မေမေရဲ့"

လူကြီးများ၏ သက်ပြင်းတို့သည် ကားအိတ်ဇောမှတဆင့် အမြင်ကို ထွက်ပြီး လေထဲသို့ လွင့်ပြယ် ပျောက်ကွယ်သွားကြလေတော့သည်။

◈ ◈ ◈

ရွှေဘုန်းပွင့် စေတီတော်မှ ဆွဲလဲသံများသည် ဆူညံနေသော ကားသံတွေ ကြားမှပင် တချက်တချက် ထိုးဖောက်ထွက်လာသည်။ ဟိုအရင်ကဆိုလျှင် တခါတရံ ဖြတ်သွားသော မြင်းရထားသံနှင့် မြင်းလှည်းသံများမှလွဲ၍ အလွန်တိတ်ဆိတ် အေးချမ်းသောနေရာ။

ဘုရားပရဝုဏ်ကတော့ သိပ်ပြောင်းလဲမှု မရှိသေးဟု ထင်သည်။ ပတ်ဝန်းကျင်ကတော့ ဘယ်လိုမှ မမှတ်မိနိုင်လောက်အောင် ပြောင်းလဲသွားပြီ၊ အေးလေ ငါတို့လဲ အသက်တွေ ကြီးလှပေါ့ဟု ဦးစိန်မောင်း တွေးသည်။

ခပ်လှမ်းလှမ်းမှာတော့ ဂျင်းဘောင်းဘီ ဝတ်ထားသော ကောင်လေး တစ်ယောက်နှင့် အကျီလက်ပြတ် ဝတ်ထားသော ကောင်မလေး တစ်ယောက်တို့ အတူတွဲထိုင်ပြီး ဘုရားရှိခိုးနေကြသည်။ သူတို့ကို ကြည်နူးစွာ ကြည့်ရင်း ဖိုးတန်နှင့် မေလတို့ကို သတိရလိုက်မိ၏။

ဦးစိန်မောင်းသည် ဟိုအရင်တုန်းကလိုပင် ဗုဒ္ဓဟူးနံ ထောင့်နားမှာ စောင့်နေသည်။ ဒေါ်လှလှကလည်း ဟိုအရင်တုန်းကလိုပင် ဆယ့်ငါးမိနစ်လောက် နောက်ကျပြီး ရောက်လာသည်၊ ဟိုအရင်တုန်းကလိုပင် လက်ထဲမှာ ပန်းစည်းနှစ်စည်း ကိုင်လာသည်၊ ဟိုအရင်တုန်းကလိုပင်. .



"စောင့်နေတာ ကြာပြီလား"

ဟု မေးသည်၊ ဦးစိန်မောင်းက. . .

"သိပ်မကြာသေးပါဘူး"

ဟုသာ ပြန်ဖြေလိုက်သည်၊ ဟိုအရင်တုန်းကလို 'ဟုတ်တယ်၊ စောင့်နေခဲ့ရတာ ဘဝပေါင်း ငါးရာလောက် ရှိပြီ' လို့တော့ မပြောဖြစ်၊ ဒေါ်လှလှက ဒီနေရာကို ဘာကြောင့် ချိန်းဆိုလိုက်တာလဲ ဆိုတာကိုလည်း မမေးတော့။

"ဘုရားရှိခိုးရအောင်"

ဟု ဒေါ်လှလှက ပြောပြီး ပန်းစည်းတစ်စည်းကို ပေးသည်၊ ဦးစိန်မောင်းနှင့် ယှဉ်လျက် တစ်ပေလောက် နောက်ဆုတ်ပြီး ထိုင်သည်၊ ထို့နောက် ဘုရားရှိခိုးကြသည်။

ဦးစိန်မောင်းက အရင်ပြီးသည်၊ ဒေါ်လှလှဘက်ကို စောင်းငဲ့ကြည့်သည်၊ ဒေါ်လှလှသည် မျက်စိကို မှိတ်ပြီး အာရုံပြု ရှိခိုးနေဆဲဖြစ်၏၊ ဘာတွေ ဆုတောင်းနေသလဲတော့ မဆိုနိုင်။ ဦးစိန်မောင်းသည် ဒီနေ့ မျက်မှန်တပ်လာခဲ့သည်၊ ထို့ကြောင့် ဒေါ်လှလှ၏ မျက်နှာပေါ်မှ အရေးအကြောင်းတွေကိုရော၊ ညာဘက် ပါးပြင်ပေါ်က မှဲ့နီလေးကိုပါ ထင်ရှားစွာ မြင်ရ၏။

"နိဗ္ဗာန်ဆိုတာ နှစ်ယောက်အတူတူ စုံတွဲသွားလို့ရတဲ့နေရာ မဟုတ်ဘူး"

ဆိုသော စကားကို သတိရလိုက်မိ၏။

ဒေါ်လှလှ ဘုရားရှိခိုးပြီးသွားသည်၊ လက်တစ်ဖက်ကို အားပြု၍ ထောက်ရင်း ထဖို့ ကြိုးစားသည်၊ ချက်ချင်း မရ၊ ဦးစိန်မောင်းက သွားတွဲထူမည် ပြုပြီးမှ ငြိမ်နေလိုက်သည်။

ဒေါ်လှလှ သူ့ဘာသာ ထရပ်လို့ ရသွားသည်၊ ဦးစိန်မောင်း လက်ထဲက ပန်းစည်းကို လှမ်းယူသည်၊ သူ့လက်ထဲက ပန်းစည်းနှင့်ပေါင်းပြီး စုကိုင်လိုက်သည်၊ ထို့နောက် ဘုရားပန်းအိုးထဲမှာ အတူတူ ထိုးစိုက်လိုက်သည်၊ စိတ်ထဲမှာတော့. . .

www.burmeseclassic.com

www.burmeseclasssic.com



"ဒီဘဝ ဒီမျှနဲ့ပဲ ကျေနပ်ပါတော့ ကိုစိန်မောင်းရယ်"
ဟု ရေရွတ်နေမိလေသည်။

...ပြီးပါပြီ...

BURMESE CLASSIC .com





(ဤဇာတ်လမ်းကို အောက်ပါအတိုင်း ဇာတ်သိမ်းမည်ဟု စိတ်ကူးထားပါသည်။)

နှစ်အနည်းငယ် ကြာသောအခါ ဦးစိန်မောင်းသည် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ နောက်လ အနည်းငယ် အကြာမှာပင် ဒေါ်လှလှသည်လည်း နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့ပြန်သည်။ ဖိုးတန်သည် စက်ဘုပမှာ တွေ့ခဲ့သော မိန်းကလေးနှင့် (မေလ၏ သဘောတူ ခွင့်ပြုချက်အရ) လက်ထပ်လိုက်သည်။ မေလသည်လည်း ဖိုးတန်၏ သူငယ်ချင်းတစ်ယောက်နှင့် လက်ထပ်ဖြစ်သွား၏။ မေလက သားယောက်ျားလေး မွေးသည်။ ထိုကလေး ကိုယ်ဝန်ရှိခါနီးအချိန်တွင် ဘိုးဘိုးဦးစိန်မောင်းက သူတို့အိမ်မှာ လာနေသည်ဟု အိပ်မက်မက်သည်။ ဖိုးတန်တို့ လင်မယားကတော့ သမီးမိန်းကလေး မွေးသည်။ ထိုကလေးသည်လည်း ဘွားဘွား ဒေါ်လှလှကဲ့သို့ပင် ညာဘက်ပါးပြင်ပေါ်မှာ မှဲ့နီလေး တစ်လုံး ပါရှိလာခဲ့လေသည်။

မင်းလူ

[၁၈. ၅. ၂၀၀၆]



www.burmeseclassic.com